
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# တက္ကသိုလ်တင်မြင့်

## မှုတ်ဝါးကော်ပင်မြင့်ပြီသော

စာမူခွင့်ပြုချက်အမှတ် ၅၀၀၅၁၉၀၅၀၄

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၆၈၀၅၀၆

၂၀၀၇ ခုနှစ်၊ မေလ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလှ်စာပေ
အမှတ်-၄၃/က၊မလိခလမ်း၊၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်း၊

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

BURMESE CLASSIC

## ဒို့တာဝန်အရေးသုံးပါး

ထောင်စု မပြိုကွဲရေး ဒို့အရေး
ိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
ချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား န့်ကျင်ကြ။
- ိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com




# တက္ကသိုလ် တင်မြင့်

# မျက်စိထဲ ထင်ထင် မြင်မိသော

စီစဉ်သူ
မောင်ကျော်ကိုင် (မေဃနာစာပေ)

www.burmeseclassic.com

www.burmeseclassic.com





## ၁

### “ဘဇရာ–ချွန်”

ဤမှာဘက်တွင် ရဲရင့်ရုံ။ ဝဇီရာရုံတို့ ရှိသည်။

အလယ်တွင် မိုလ်ချုပ်လမ်းမကြီးသည် ကန့်လန့်ဖြတ် ကျယ်ဝန်းရှည်လျားစွာ တည်ရှိနေသည်။ မိုလ်ချုပ်လမ်းကြီး၏ ယာဉ်ကြောကို မီးပွိုင့်မှ မီးနီပြထားသည့်မို့ လူတွေသည် မျဉ်းဝါကျားကြီးကို ဟိုဘက်ဖြတ်ကူးသူ ဤဘက်ဖြတ်ကူးသူတွေဖြင့် ပျားပန်းခတ် ရှိနေသည်။

ဤမှာဘက် ရဲရင့်ရုံနှင့် ဝဇီရာရုံရှိရာ ပလက်ဖောင်းပေါ်တွင် အမျိုးသမီးတစ်ဦးသည် လူအများ ဖြတ်ကူးသလို မျဉ်းဝါကျားကို ဖြတ်မကူးဘဲ ရပ်ပြီး ကြောင်ကြောင်ငေးငေး အကြည့်ဖြင့် ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်ရုံနှင့်ပင် လှပသော အမျိုးသမီးတစ်ဦးမှန်း သိသာသည်။ ဆင်ယင်ထုံးဖွဲ့မှုကလည်း ယဉ်ယဉ်လေးဖြစ်သည်။ ဘလောက်(စ်)အင်္ကျီတွေ အမျိုးမျိုး ခေတ်စားနေချိန်၊ ဒိုင်ယာနာ၊ သရီးစတက် ဆံပင်ပုံတွေ ခေတ်စားနေချိန် စသည်မျိုးမှာပင် ယခု အမျိုးသမီး၏ ဆံပင်ပုံက နဖူးပြင်မှ နောက်လှန်အပိဖိဖြင့် နောက်တွဲထုံး ဖြစ်နေသည်။ နောက်တွဲထုံးကြီးကိုသာ ဖြီချလိုက်လျှင် အမျိုးသမီး၏ ဆံကေသာ အရှည်သည် အုံကောင်းစွာဖြင့် တင်ပါးဖုံး ဖားလျားကျအံ့သည်။

အင်္ကျီမှာ ဖော့ရှန်ရင်ဖုံးလက်ရှည် ဖြစ်သည်။ ထဘီမှာ အပြာရင့်ဖြောင်။ မီးခိုးရောင်နှင့် အပြာရင့်ရောင် တွဲဖက်ထားသည်မှာ လိုက်ဖက်သော အတွဲအရောင်လား ဘာလားတော့ မသိ။ ယခု လူပြိန်းအမြင်နှင့်တော့ အမျိုးသမီးငယ်၏ ဖြူပြီးဝင်းသော အသားနှင့် ဝတ်ဆင်ထားသော ထဘီအင်္ကျီရောင်တို့မှာ လွန်စွာ လိုက်ဖက်ပနာတင့်လှပါ၏။

ယင်းအခိုက်မှာပင် ...

ဝဇီရာရုံဘက်မှ ရုပ်ရှင်အပြီး လူတွေအထွက်လာကြသည့်အထဲတွင် အောင်ကျော်ဟိန်းလည်း တစ်ယောက်အပါအဝင် ဖြစ်တော့သည်။

အောင်ကျော်ဟိန်းသည် ငါးရှဉ့်သွေးရောင် စပို့ရှပ်လက်တို ဝတ်ထားပြီး ချောကလက်နုရောင် ဘောင်းဘီရှည်ဝတ်ထားသည်။ သူ့ကိုယ်လုံးကိုယ်ပေါက် ခန္ဓာကိုယ်တည်ဆောက်ပုံ၊ သူ့ခြေတံလက်တံ ကျဆင်းမှု၊ သူ့အရပ်အမောင်း တည်ရှိနေပုံတို့မှာ သူ့နေရာနှင့်သူ အချိုးကျ ပြေပြစ်လှသည်မို့ အလွန်ကြည့်ကောင်းသော လူရွယ်တစ်ဦး ဖြစ်ပါ၏။



အောင်ကျော်ဟိန်းသည် ဝဇီရာရုံမှ သူကြည့်ခဲ့သော ချိမ်း(စ်)ဘွန်းကားအား တော်တော်သဘောကျလာသည်။ မျက်နှာတွင် ပြုံးရိပ်သမ်းကာ သူ့လက်ညှိုးတွင် ကွင်းစွတ်ထားသော ကားကီးချိန်းသော့ကို ချာလပတ် ဝေ့ယမ်းရင်း မျဉ်းဝါကျားရှိရာသို့ လျှောက်လာသည်။

လျှောက်လာရင်း သူ၏ အကြည့်သည် ရပ်ပြီးစေးခြောင်နေသော အမျိုးသမီးချောကို ကြည့်မိသည်နှင့် ဝေ့ယမ်းလည်ပတ်နေသော ကားသော့ကီးချိန်းလေးကို ရပ်လိုက်သည်။

ထိုစဉ်မှာပင် မီးပွိုင့်မှ နီနေသောမီးသည် မီးစိမ်းသို့ ပြောင်းလိုက်သဖြင့် ရပ်ထားသောကားများ ဘီးလိမ့်ပေတော့သည်။

✕

www.burmeseclassic.com



## ၂

"ဟား ... ဟား ... ဟေ့ ..."

"အို"

အာမေဋိတ်သံနှစ်ခု ပြိုင်တူထွက်လာသည်။

မီးဖို့ဆိုင်မှ မီးစိမ်းပြလေသဖြင့် ဒလဟော မောင်းထွက်သော ကားတန်းကြီးမှ ဟီးနိုးကားကြီးရှေ့သို့ စွတ်ဖြတ်ဝင်လိုက်သည့် အမျိုးသမီးငယ်အား စောစောတည်းက ကြည့်မိသောကြောင့် အောင်ကျော်ဟိန်း နှုတ်မှ ဟားဟားဟေ့ဟု အော်ရင်း အမျိုးသမီးချော၏ လက်မောင်းတစ်ဖက်ကို အချိန်မီဖမ်းကိုင် ဖမ်းဆုပ်ထားလိုက်နိုင်သဖြင့် အမျိုးသမီးနှုတ်မှ "အို"ဟု ထွက်လာခြင်း ဖြစ်ပေတော့သည်။

အောင်ကျော်ဟိန်း အလွန်လျင်မြန်သွက်လက်စွာ အချိန်မီ ဖမ်းဆွဲ ဖမ်းဆုပ်ထားနိုင်သောကြောင့် အမျိုးသမီးမှာ ဟီးနိုးကြီး၏ ကားစာမဖြစ်ပဲ သေဘေးမှ တဒင်္ဂအတွင်း လွတ်မြောက်သွားပါလေ၏။



အမျိုးသမီးချောသည် အောင်ကျော်ဟိန်းက အချိန်မီ ဆွဲနိုင်သောကြောင့် သေဘေးမှ သီသီလေး လွတ်မြောက်ပြီးနောက် သူမ၏ မျက်ဝန်းအိမ်မှ မျက်ရည်တို့သည် သူမ၏ပါးပြင်ဆီသို့ စီးကျလာပေသည်ကို အောင်ကျော်ဟိန်းက သတိထားမြင်တွေ့ရသည်။

အမျိုးသမီးသည် အောင်ကျော်ဟိန်း ဆွဲထားသည်ကို ရုန်းနေသည်။ ငိုနေရင်း ရုန်းခြင်း ဖြစ်ပါ၏။

ပတ်ဝန်းကျင် လူအများ၏ အမြင်တွင်၊ အမျိုးသမီးချောသည် အမှတ်တမဲ့ ဂရုမစိုက်၊ လမ်းကို ဖြတ်ကူးရာ ဟီးနိုးကားကြီးနှင့် တိုက်မိမည်စိုး၍ အောင်ကျော်ဟိန်းက ဆွဲယူကာယ်တင်လိုက်ခြင်းဟု မြင်ကြမည်။ ရန်ကုန်တွင် ယင်းသို့ မတော်တဆကားတိုက်မှုများ ဖြစ်လေ့ရှိသောကြောင့် ဘေးအမြင်တွင် သာမန်ကာလျှံကာ သဘောသာ ဖြစ်ပါ၏။

အောင်ကျော်ဟိန်းကတော့ ဒီအမျိုးသမီးချောသည် တမင်တကာပင် သူ့ကိုယ်သူ ကားတိုက်ခံသောကြောင်း ကြံစည်လိုက်ကြောင်း ရိပ်မိသည်။

သို့သော် လူအများကြားတွင် ဘာမျှမမေးမမြန်းပဲ ဆိတ်ဆိတ်နေကာ အမျိုးသမီး လက်မောင်းကို မလွှတ်ဘဲ ကိုင်မြဲကိုင်ထားသည်။

မီးပွိုင့်ပြန်နီမှ လူတွေ မျဉ်းဝါကျားကို ဖြတ်ကူးကြသည့်အတိုင်း ...

www.burmeseclassic.com

www.burmeseclassic.com



"လာ … တို့နဲ့ ခဏလိုက်ခဲ့၊ ဂျစ်ကန်ကန်မလုပ်နဲ့၊ လူတွေဝိုင်းလာပြီး မေးလားမြန်းလားလုပ်ရင် တို့က ဘာမှရှင်းပြမနေဘူး၊ ဒီအမျိုးသမီး သူ့ကိုယ်သူ သေကြောင်းကြံစည်တာလို့ ပြောပြီး ယာဉ်ထိန်းရဲလက်ကို အပ်လိုက်မှာ"

အမျိုးသမီးချောသည် အောင်ကျော်ဟိန်းကို တစ်ချက်မော့ကြည့်ပြီး ဘာမျှမပြောပဲ အောင်ကျော်ဟိန်း ဆွဲခေါ်သည့်အတိုင်း လိုက်ပါလာသည်။

တစ်ဖက်တွင် ရပ်ထားသော "ည"အက္ခရာအဝါပုပ်ရောင် လင်ဆာကားသစ်ကြီး၏ ရှေ့တံခါးသော့ပေါက်ကို အောင်ကျော်ဟိန်းက လက်တစ်ဖက်တည်းဖြင့် ဖွင့်ရင်း အမျိုးသမီးချောကိုလည်း မလွှတ်ပဲ ကိုင်ထားသည်။

"ကဲ … လောလောဆယ် တို့ကားထဲမှာ ဝင်ထိုင်၊ တို့ကိုမယုံ၊ မင်းသွားချင်တဲ့ဆီ တန်းတန်းမတ်မတ် တို့လိုက်ပို့ပေးမယ်၊ လမ်းပေါ်မှာ ခုတ်ပြီးထွက်ပြေးဖို့ စိတ်မကူးနဲ့၊ ရုတ်ရုတ်သဲသဲ ဖြစ်သွားရင် ရဲတွေဘာတွေနဲ့ အမှုရှုပ်ကုန်မယ်၊ မင်းပဲ အရှက်ရမယ်"

ပြောပြောဆိုဆို အမျိုးသမီးကို ကားတံခါးဖွင့်ပေးပြီး ကားထဲတွင် ထိုင်စေသည်။

တွန့်တွန့်ထိုးထိုးလေး ထိုင်ခိုင်းသဖြင့် အမျိုးသမီးကားထဲ ဖိုင်လျက်သား ရောက်သွားသည်။

အောင်ကျော်ဟိန်းက ကားတံခါး ပြန်ပိတ်ပြီး သူလည်း မောင်းသူနေရာတွင် ဝင်ထိုင်ကာ စတင်မောင်းထွက်သည်။



"ဆို … မင်းကို ဘယ်လိုက်ပို့ပေးရမလဲ"

အဖြေပေးသံ ထွက်မလာ၊ အမျိုးသမီးထံမှ ငိုရှိုက်သံသာ ထွက်လာသောကြောင့် အောင်ကျော်ဟိန်းက လှည့်ကြည့်သည်။ လက်ဝါးနှစ်ဖက် မျက်နှာအုပ်ကာ တအားငိုနေသည်ကို တွေ့မြင်ရပါ၏။ သူမ၏ ကျောပြင်လေး သိမ့်သိမ့်ခါနေသည်။

အောင်ကျော်ဟိန်းသည် သူ နဂိုက စိတ်ကူးထားသည့်အတိုင်း ကန်တော်ကြီးဘက်သို့ မောင်းတက်လာခဲ့သည်။

ကန်တော်ကြီးလမ်းပေါ်သို့ အရောက်တွင် အမျိုးသမီး၏ ငိုရှိုက်ခြင်းမှာ အရှိန်လျော့ပါးသွားသည်ကို သတိထားမိသည်။

"မင်းအကြောင်း တို့မမေးဘူး၊ တို့အကြောင်း မင်းကိုပြောပြမယ်၊ တို့ဟာ ငွေတော်တော်ချမ်းသာတဲ့လူပဲ၊ ဒါပေမဲ့ အစွမ်းအစနဲ့ ချမ်းသာလာတာတော့ မဟုတ်ဘူး၊ တို့မိဘက သိပ်ချမ်းသာတာကို တို့က တစ်ဦးတည်းသောသားအနေနဲ့ အမွေတွေ ရလိုက်လို့ပဲ၊ တို့မိဘတွေ ဆုံးသွားတော့ မိဘလုပ်ငန်းတွေကို တို့ ဆက်လုပ်တယ်၊ တို့ဉာဏ်စွမ်းရှိသမျှနဲ့ ဝီရိယစိုက်ပြီး လုပ်ခဲ့တာ အောင်မြင်ပြီး မိဘအမွေတွေမလျော့သွားတဲ့အပြင် ပိုပြီးတိုးပွားလာခဲ့တယ်။ တို့အသက်အရွယ်ကတော့ မြင်တဲ့အတိုင်းပဲ၊ တို့ခုချိန်ထိအိမ်ထောင်မပြုသေးဘူး၊ တို့ အကျင့်စာရိတ္တက ခြေဘိပ်ကင်း သဲလဲစင်တော့ မဟုတ်ဘူး၊ ဒါပေမဲ့ စိတ်ချ၊ တို့ဟာဘယ်အမျိုးသမီး တစ်ယောက်ကိုမှ အနိုင်မကျင့်ခဲ့သေးဘူး"

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးသည် အောင်ကျော်ဟိန်းအား လုံးဝ မကြည့်၊ ငိုရှိုက်ခြင်းတော့ တန့်သွားသည်။ အောင်ကျော်ဟိန်းက သူ့အကြောင်းတွေ ပြောပြရာတွင် နားစွင့်ပြီး အာရုံပြောင်းသွားသည်မို့ အငိုတိတ်သွားခြင်း ဖြစ်ကောင်းဖြစ်ပေမည်။

"တို့နာမည်က အောင်ကျော်ဟိန်းတဲ့"

မော်တော်ကားသည် ကုန်းအတက်ကို တက်နေသည်။ ကုန်းထိပ်ရောက်ပြီး လက်ဝဲဘက် ချိုးကွေ့လျှင် တိရစ္ဆာန်ဥယျာဉ် ရောက်မည်။

လက်ယာဘက် ကွေ့ချိုးလျှင် "ကရဝိတ်ဟိုတယ်" ဘက်သို့ ရောက်မည်။

"တို့ ရုပ်ရှင်ရုံထဲမှာကတည်းက တော်တော်ရေဆာလာနေတာ၊ ရေခဲစိမ်ဘီယာလေး ဘာလေးလဲ သိပ်သောက်ချင်နေတယ်။ အခု မင်းကို တို့က ဘယ်ကိုပို့ပေးရမလဲ၊ မင်း အိမ်ကိုပြန်ဖို့ သိပ်အရင်စလို မရှိသေးရင် ကရဝိတ်မှာဝင်ပြီး တို့ ဘီယာသောက်ချင်တယ်။ မင်းလိုက်မလား၊ ကရဝိတ်ဟိုတယ်ဟာ အမျိုးသမီးလိုက်ထိုင်ပေမဲ့ သိက္ခာကျသွားတဲ့ ဟိုတယ်မျိုး မဟုတ်ဘူး၊ ဘယ့်နှယ်လဲ"

"ဟုတ်ကဲ့ ... ရပါတယ် ဦးအောင်ကျော်ဟိန်း"

အမျိုးသမီးသည် သူမရင်ထဲတွင် တစ်ခုခု ဆုံးဖြတ်လိုက်ပြီးသည့်အလား၊ အငိုတိတ်သွားရုံမက တည်ငြိမ်သောအသွင် ပါ ဆောင်နေပါ၏။



"တို့က ဦးအောင်ကျော်ဟိန်းတဲ့လား။ ဟဲ ... ဟဲ ... အင်း ပေါ့လေ၊ အသက်သုံးဆယ်ထဲ ဝင်စပြုပြီဆိုတော့လည်း 'ဦး' တပ်ခေါ်ရမဲ့ အရွယ်ပေါ့၊ ခုခေတ် အသက်ဆယ့်ရှစ်ဆယ့်ကိုးနှစ်ဆယ် အရွယ်လေးတွေ အိမ်ထောင်သည်ဖြစ်နေကြတော့ တို့အရွယ်ဟာ 'ဦး' တပ်ခေါ်ရမဲ့ အဘိုးအိုပေါက်စ ဖြစ်နေပြီပေါ့၊ ဟဲ ... ဟဲ ..."

"အဲဒီသဘောနဲ့ 'ဦး' တပ်ခေါ်တာ မဟုတ်ပါဘူး၊ လေးစားကြည်ညိုသွားတဲ့စိတ်နဲ့ 'ဦး' တပ်ခေါ်မိတာပါ"

"အိမ်း ... ဒါဆို တော်သေးတာပေါ့"

အောင်ကျော်ဟိန်းသည် သူ့ဟာသူပြောပြီး သူ့ဟာသူပင် ရယ်မောသည်။ သို့သော် အမျိုးသမီးဘက်သို့ လှည့်ကြည့်ခြင်းမျိုး မျက်နှာချိုသွေးခြင်းမျိုး မရှိပေ။

အမျိုးသမီးသည် ငိုထား၍ မို့နေသော မျက်ဝန်းစုံနှင့် အောင်ကျော်ဟိန်းအား မသိမသာ စောင်းငဲ့ကြည့်သည်။

တည်ကြည်ခန့်ညားသော ရုပ်အသွင် ရှိနေသည့်ကြားကပင် ဟောလားဝါးလားဖြင့် ပျော်သလို နေတတ်သူတစ်ဦးဖြစ်ပေမည်။

ကရဝိတ်ဟိုတယ်သို့ ရောက်လာခဲ့ကြသည်။

ညနေစောင်းရန် အတော်လိုသေးသဖြင့် ကရဝိတ် ဟိုတယ်တွင် လူအတော်အတန် ရှင်းနေပါသေး၏။

ဘေးဘက်ကျသော စားပွဲတစ်လုံးတွင် အောင်ကျော်ဟိန်း နေရာယူလိုက်သည်။ ထိုစားပွဲတွင် တာဝန်ကျဟန်တူသော

www.burmeseclassic.com

www.burmeseclassic.com



အဝတ်ဖြူ ယူနီဖောင်းဖြင့် စားပွဲထိုးက ချက်ချင်း အောင်ကျော်ဟိန်းနှင့် အမျိုးသမီးထိုင်ရာ စားပွဲသို့ ရောက်လာသည်။

နဂိုအပင် သိကျွမ်းပြီးသားဖြစ်သော စားပွဲထိုးက အောင်ကျော်ဟိန်းကို နှုတ်ဆက်ပါ၏။

"ဘယ်လိုလဲ ဆရာ၊ ဘေးမှာ ကောလာဟလသတင်းတွေနဲ့ လူပြောများနေတာက ဆရာရဲ့ 'ထင်းရှူးမြိုင်' က ကျွန်တော်တို့ ကရဝိတ်ထက်တောင် သာနေတယ်လို့ ဆိုကြပါလား၊ ဒါနဲ့တောင် ဆရာက ကျွန်တော်တို့ ကရဝိတ်ကို လာပြီး အားပေးတာဟာ နိုင်ငံတော်ရဲ့ ဘတ်ဂျက်အပေါ်မှာ စေတနာတွေ သိပ်ထားလို့လား ဆရာ"

စားပွဲထိုး၏ စကားကို အောင်ကျော်ဟိန်းက ရယ်လိုက်ပါ၏။

"ဒီမှာကိုယ့်လူ၊ ကိုယ် မြို့ထဲက ရုပ်ရှင်ဆယ့်တစ်နာရီပွဲ ကြည့်ခဲ့တယ်။ ရုပ်ရှင်ပြီးလို့ ထွက်လာတော့ ရေငတ်တယ်။ ဘီယာအေး သောက်ချင်တယ်၊ ကိုယ် ခြောက်မိုင်ခွဲအထိ ပြန်ရောက်တဲ့အထိ ရေငတ်မခံချင်ဘူး၊ ဒါကြောင့် အနီးဆုံးနဲ့ အကောင်းဆုံး မောင်ရင်တို့ရဲ့ ကရဝိတ်ကို ဝင်လာတာ။ ကျောက်ဆူးဘီယာပေးပါ၊ ကြက်သားလုံးကြော် ပေးပါ"

"ရတယ် ဆရာ၊ အေးမြနေတဲ့ ကျောက်ဆူးဘီယာသံဘူး ယူခဲ့ပါမယ်။ ဪ ... ဒါထက် ... ဟို ..."

စားပွဲထိုးက "ဟို" ဟုပြောရင်း အမျိုးသမီးဘက်သို့ မေးဆတ်ပြသည်။



"အေး ... သူ့အတွက် လော်လော်ဆယ် စပတ်ကလင် တစ်ပုလင်း ယူလာပေး"

စားပွဲထိုး ပြန်ထွက်သွားသည်။

အမျိုးသမီးနှင့် မျက်နှာချင်းဆိုင် ထိုင်သည့်မို့ တစ်ယောက်ကိုတစ်ယောက် မကြည့်လည်း မြင်နေရသည်။

ငိုထားသော အရှိန်ကြောင့် အမျိုးသမီး၏ မျက်ခွံလေးတွေမို့နေသည်။ နှာသီးထိပ် နီနေသည်။ နှုတ်ခမ်းစုံ ထူအမ်းနေသည်။

ပင်ကိုယ်ချော ပင်ကိုယ်လှသော အမျိုးသမီးတို့ ငိုရှိုက်ပြီးလျှင် ပို၍ပင် ချောလာ လှလာသလားဟု အောင်ကျော်ဟိန်း သူမ၏မျက်နှာကို ကြည့်မိရင်း အတွေးပေါက်ရသည်။

အောင်ကျော်ဟိန်းကပင် စကားစ,သည်။

"ခါတိုင်း တို့အနေနဲ့ ကရဝိတ်ကိုပဲလာလာ၊ အင်းယားလိတ်နဲ့ သမတဟိုတယ်ကိုပဲ လာလာ အဖော်ပါလာလေ့ရှိတယ်။ စားပွဲထိုင်မိကြရင် မှာထားတဲ့ စားသောက်ဖွယ်တွေ မလာခင် အဖော်နဲ့ တို့ စကားပြောကြလေ့ရှိတယ်။ အခု မင်းနဲ့ လာတာက တကယ့်ကို ငွေငေါင်ငေါင်ကြီး နိုင်လှတယ် မိန်းကလေး"

"နောင်းငယ်က ဘာစကားပြောရမှာလဲ ဦးအောင်ကျော်ဟိန်း နောက်ပြီး အခုလောလောဆယ်မှာ နောင်းငယ် အရမ်းစိတ်ညစ်နေလို့ပါ"

"နာမည်က နောင်းငယ်တဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"နာမည်အရှည်ကတော့ နှောင်းငယ်ငယ်ပါ။ ဒါပေမဲ့ သူငယ်ချင်းတွေကရော ရင်းနှီးတဲ့ သူတွေကရော နှောင်းငယ် လို့ပဲ ခေါ်လေ့ရှိကြတယ်"

"ကောင်းတယ် ... မဆိုးဘူး၊ နှောင်းငယ်ငယ် ဆိုတဲ့နာမည် က ချစ်စရာပဲ။ မြန်မာဆန်ရုံ မကဘူး၊ ကရုဏာသက်ချင် စရာကောင်းတဲ့ နာမည်မျိုးလေးပဲ။ အဲဒီနာမည်ကို ဘယ်သူ က ပေးတာလဲ"

"ရှင်"

အမျိုးသမီးက အောင်ကျော်ဟိန်း၏ အမေးကို ရုတ်တရက် "ရှင်"ဟုသာ ပြန်ပြောမိသည်။

နာမည်ဆိုသည်မှာ မွေးလာပြီး တစ်လနှစ်လအတွင်း မှာပင် မိဘက သားသမီးလေးကို နာမည်ပေးကြစမြဲ။

ထို့ကြောင့် ဤနာမည်ကို ဘယ်သူက ပေးတာလဲ ဟူသော အောင်ကျော်ဟိန်း၏ မေးမြန်းချက်ကို အမျိုးသမီးချော မဖြေတတ် ဖြစ်သွားသည်။

"တို့မေးတာကို အံ့သြသွားတာလား။ ဒီလိုလေ ... တို့နာမည် အောင်ကျော်ဟိန်း ဆိုတာ တို့အဖေနဲ့ အမေက မှည့်တာ မဟုတ်ဘူး။ တို့အမေနဲ့အဖေကတော့ သူ့သားလေးကို ခေတ်ဆန်ဆန်နာမည်မျိုး မှည့်ချင်တာပေါ့။ သုံးလုံးတွဲ၊ လေးလုံးတွဲ နာမည်မျိုး ပေးချင်တာပေါ့။ ဒါပေမဲ့ တို့အဘိုး က ငါ့မြေးနာမည် ငါမှည့်မယ်ဆိုပြီး မဟာဘုတ်တိုင်ထု တယ်၊ တနင်္ဂနွေသားမို့ ဗေဒင်တွက် နေ့သင့်နံသင့် 'အောင်ကျော်' လို့မှည့်လိုက်တ ယ်၊ အဘိုးဆိုတော့ ဘယ်သူ



မှ မပြောရပဲ တို့နာမည် 'အောင်ကျော်'လို့ပဲ အမှည့်ခံရ တယ်လေ။ သိပ်ရိုးတဲ့ နာမည်ပေါ့"

"ဒါပေမဲ့ ... အခုနာမည်က အောင်ကျော်ဟိန်းဆို"

"အေးလေ ... မှန်တယ်လေ၊ တို့အဖေရဲ့ နာမည်က 'ဦးဗဟိန်း'။ တို့ ဆယ်တန်းစာမေးပွဲဖြေဖို့ ဖောင်ဖြည့်တော့ သူများတွေလို ခေတ်မီတဲ့နာမည်လည်း ရအောင် အဖေ့ နာမည် တစ်လုံးလည်းပါအောင် "အောင်ကျော်ဟိန်း"လို့ ထည့်လိုက်တာ၊ အခု တောက်လျှောက်ပဲ တို့နာမည် 'အောင်ကျော်ဟိန်း' ဖြစ်သွားတာပေါ့"

"အဲဒီလို ဟိန်းတစ်လုံး နာမည်မှာ ပိုထည့်လိုက်တာကို နဂိုနာမည်ပေးခဲ့တဲ့ အဘိုးက မကန့်ကွက်ဘူးလား"

အမျိုးသမီးချော ပြန်၍မေးသည်ကို အောင်ကျော်ဟိန်း က အမျိုးသမီးချော၏ မျက်နှာကိုပင် ပြန်မကြည့်ဘဲ၊ ဒီကောင်မ လေး စကားပြန်ပြောလာပြီကောဟုသာ မှတ်ချက်ပြုရင်း ဆက်၍ ပြောပေသည်။

"အဲဒီအချိန်မှာ တို့အဘိုးက ကွယ်လွန်သွားပြီလေ၊ တို့အဘိုး စုတေစိတ်ကျသွားတာတောင် နှစ်တွေကြာသွားမှ တို့ဆယ် တန်းဖြေတာ"

"သြော် ... သြော် ..."

"မသြော်သြော်နဲ့ နှောင်းငယ်၊ ဒါကြောင့် နှောင်းငယ်နာမည် ကို ဘယ်သူမှည့်တာလဲလို့ တို့က မေးတာ၊ တချို့ကဗေဒင် ဆရာက ပေးတဲ့နာမည်၊ တချို့က ရွာဦးဘုန်းကြီးက ပေး တဲ့နာမည်မျိုးတွေ ရှိတတ်ကြလို့"

www.burmeseclassic.com

www.burmeseclassic.com



နှောင်းငယ်ငယ် ပြုံးဖော်ရလာသည်။

“နှောင်းငယ်ဟာ လူ့ပြည်ကို အင်မတန် နောက်ကျပြီးမှ ရောက်လာရလို့ မိဘတွေက ‘နှောင်းငယ်’လို့ အမည်မှည့်ကြတာပါ။ နှောင်း ဆိုတဲ့ အဓိပ္ပာယ်က သိပ်နောက်ကျတယ်ဆိုတဲ့ အဓိပ္ပာယ်လေ”

“အဆန်းလေးပါလား။ လူ့ပြည်ကို အင်မတန်နောက်ကျပြီးမှ ရောက်လာရလို့ဆိုတဲ့ စကားက ...”

“ဟုတ်ပါတယ် ဦးအောင်ကျော်ဟိန်း၊ နှောင်းငယ်ရဲ့အဖေနဲ့ အမေဟာ အသက်ကြီးမှ အိမ်ထောင်ပြုကြတာတဲ့။ အိမ်ထောင်ပြုပြီးတဲ့နောက် အဖေက အသက်ငါးဆယ်၊ အမေက အသက်လေးဆယ်ထဲ ဝင်တဲ့အထိ သားသမီး တစ်ယောက်မှ မထွန်းကားဘူးတဲ့။ ယေဘုယျအားဖြင့် အမျိုးသမီးတွေဟာ အသက်လေးဆယ်ဆိုရင် သွေးဆုံးတတ်တာမို့ သားသမီး မရနိုင်တော့ဘူး မဟုတ်လား”

“သွေးဆုံးတယ် ဆိုတာ ဘာလဲ နှောင်းငယ်”

“အာ”

အောင်ကျော်ဟိန်းသည် တကယ်ပင် မသိနားမလည်သောကြောင့်ပေလား၊ သို့မဟုတ် တမင်တကာ နှောင်းငယ် ပျော်သွားအောင် မေးလိုက်ခြင်းပေလားတော့ မသိ။ အောင်ကျော်ဟိန်း၏ အမေးကြောင့် နှောင်းငယ်မှာ “အာ”ခနဲ အသံထွက်ကာ မျက်နှာလေး ရှက်သွေးဖျန်းသွားပါ၏။

စားပွဲထိုး ပြန်ရောက်လာသည်။ လင်ပန်းထဲတွင် ကျောက်ဆူးရေစိမ်ဘီယာသဘူး (၃)ဘူး၊ ပေတ်ကလင်ပုလင်း



ကျူရိုးတပ်၊ ကြက်သားလုံးကြော်များ ထည့်ယူလာပြီး စားပွဲတွင် ချပေးသည်။

“သောက် ... နှောင်းငယ်၊ အေးတုန်းသောက်မှ ရင်အေးတာ၊ ကြက်သားလုံးကြော်လည်း စား၊ ကဲ ... စားရင်း သောက်ရင်း စကားဆက်ပါဦး”

“ကတ်သီးကတ်သတ်ပဲ ဆိုပါတော့၊ နှောင်းငယ် အမေဟာ အသက်လေးဆယ်ထဲဝင်မှ ကံပေါ်တယ် ပြောရမလားပဲ၊ ကိုယ်ဝန်ရတယ်။ အဲဒီ ကိုယ်ဝန်ဟာ မွေးဖွားလာတော့ ‘နှောင်းငယ်’ပဲပေါ့ ဦးအောင်ကျော်ဟိန်း၊ ဒါကြောင့် နှောင်းမှရတဲ့ သမီးမိန်းကလေးမို့ ‘နှောင်းငယ်’လို့ နှောင်းငယ်ကို အမည်မှည့်ခဲ့တာတဲ့”

“အင်း ... နာမည်လေးကတင် ကရုဏာသက်စရာ မကဘူး၊ လူ့ပြည်ကို မရောက်ချင် ရောက်ချင်နဲ့ ရောက်လာပုံလေးကလည်း ကရုဏာပဲ”

ပြောပြောဆိုဆို ဘီယာကို သံဘူးဖောက်၊ ဘူးလိုက် မော့ပေးသည်။

နှောင်းငယ်က ကျူရိုးတပ် စပတ်ကလင်ကို အေးဆေးစွာ စုပ်ယူသောက်နေပါ၏။ အောင်ကျော်ဟိန်းက ဘီယာဘူးကို ခဏပြန်ချပြီး ကြက်သားလုံးကြော်ကို ခက်ရင်းနှင့် ထိုးစားသည်။

“ဦးအောင်ကျော်ဟိန်းကို နှောင်းငယ် တစ်ခုမေးချင်တယ်”

“မေးစေဗျာ ... တစ်ခုမဟုတ်ဘူး၊ ဆယ်ခု ဆယ့်ငါးခုမေးလည်း ရတယ်။ ကဲ ... မေး”

www.burmeseclassic.com

www.burmeseclassic.com



"ဒီစားပွဲမှာ တာဝန်ကျတဲ့ စားပွဲထိုးဟာ နောင်းငယ်ကို ကြည့်ပုံက တစ်မျိုးပဲ။ အဲဒါ မေးချင်လို့"

"နောင်းငယ်က မိန်းမချော မိန်းမလှပဲဟာ ဘယ်ယောကျ်ားသားမဆို ကြည့်မိကြမှာပေါ့"

"အဲဒီလို မဟုတ်ဘူး ထင်တယ်။ ရုပ်ချော ရုပ်လှလို့ အကြည့်ခံရတာမျိုး နောင်းငယ် အကြိမ်ကြိမ် အကြည့်ခံရဖူးနေတာပဲ။ အဲဒီလိုကြည့်တဲ့ မျက်လုံးတွေကို နောင်းငယ် ယဉ်ပါးနေပြီးသားပါ၊ အခု စားပွဲထိုးကြည့်တာက တစ်မျိုးကြီး အကြည့်ပဲလေ"

"အဲဒါကို တို့လည်း သတိထားလိုက်မိသားပဲ"

"ဒါဆိုရင် ..."

"ဒါဆိုရင် သူ့စိတ်ထဲမှာ အံ့သြပြီး ဘယ်လိုတွေဖြစ်ပါလိမ့်ဆိုတဲ့ ပဟေဠိ ဖြစ်နေလို့ နေမှာပေါ့ နောင်းငယ်"

"ပဟေဠိ ... ဟုတ်လား"

"တို့ ပြောမယ်။ တို့က မကြာခဏ မိန်းကလေးအဖော်တစ်ယောက်နဲ့ဖြစ်ဖြစ်၊ ဒါမှမဟုတ် အဖော်မိန်းကလေးတစ်ပြုံကြီးနဲ့ဖြစ်ဖြစ် ဒီ ကရဝိတ်၊ အင်းယားလိပ်၊ သမ္မတာ၊ ကန်တော်ကြီး စတဲ့ ဟိုတယ်တွေမှာ အလျင်းသင့်သလိုသွားသွားပြီး စားကြသောက်ကြ နေလေ့ရှိတယ် နောင်းငယ်။ သူတို့စားပွဲထိုးတွေကလည်း ခဏခဏ တို့ပုံစံနဲ့ လာတဲ့လူကို မှတ်မိနေတဲ့ သဘောရှိတယ်။ ခါတိုင်း တို့လာရင် တို့နဲ့အတူ ပါလာတဲ့ အမျိုးသမီး အဖော်တွေက နောင်းငယ်ရဲ့ အခုပုံစံမျိုး မဟုတ်ဘူး၊ ဆံပင်ပုံစံဆိုလည်း မိုလ်ချုပ်ဈေး ဆံပင်အလှပြင်ဆိုင်တွေက ဖန်တီးပေးလိုက်တဲ့ ဆံပင်ပုံစံတွေ၊ မျက်နှာမှာလည်း မိတ်ကပ်တွေ၊ မျက်တောင်တုတွေ၊ အိုင်းရှဲဒိုးတွေနဲ့ သေချာအလှပြင်ထားတဲ့ ရုပ်တွေ၊ အဝတ်အစား ဆိုလည်း ဘလောက်(စ်)အဆန်းတွေ၊ လက်တို လည်ဟိုက် အမျိုးစား အကောင်းစား အဝတ်အစားတွေလေ ...

"အခု နောင်းငယ်ကျတော့ ဆံပင်ကအစ မျက်နှာအခြယ်အသ မရှိတာရော၊ လက်ရှည်ရင်ဖုံးအကျႌ ပြောင်ထဘီနဲ့ ရိုးရိုးယဉ်ယဉ် ဖြစ်နေတာတွေ့တော့၊ တို့ကို သေချာသိနေတဲ့ စားပွဲထိုးက အရင်တုန်းက အမျိုးသမီးပုံစံတွေနဲ့ မတူပါလားဆိုတဲ့ ပဟေဠိ သူ့ခေါင်းထဲ ရောက်သွားတာနေမှာပေါ့။ နောက်တစ်ချက်က ခါတိုင်းပါလာတဲ့ အမျိုးသမီးတွေက ရယ်လိုက် မောလိုက် စကားတွေ ဖောင်ဖောင်ကြဲလိုက်တွေ။ ပုတ်ဟယ် ခတ်ဟယ် လုပ်တတ်တာတွေကို မြင်နေကျမှာ အခု နောင်းငယ် ကျတော့ မျက်နှာကငိုထားတဲ့ မျက်နှာမှန်း သိသာနေတယ်၊ စကားလည်းနည်းတယ်၊ အရယ်အမောနဲ့ အပုတ်အခတ်လည်း မရှိဘူး၊ အဲဒါကိုလည်း စားပွဲထိုး စိတ်ထဲမှာ အထူးအဆန်း ဖြစ်နေမှာပေါ့ နောင်းငယ်။ ဘယ်လိုတွေ ဖြစ်လာပါလိမ့်လို့ သူ့စိတ်ထဲ တွေးချင်လည်း တွေးမှာပေါ့"

"ဟင် ... ဘယ်လိုတွေ ဖြစ်လာပါလိမ့် ... ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



နှောင်းငယ် ပျာပျာသလဲ ပြန်မေးမိသည်။ တစ်ပါးသူ၏ အမြင်တွင် ဘယ်လိုတွေ ဖြစ်လာပါလိမ့် ဆိုသော အမြင်မှာ နက်ရှိုင်းနေသည်။ ဦးအောင်ကျော်ဟိန်း ကိုယ်တိုင်ကလည်း သူသည် အမျိုးသမီးတွေနှင့် အဖော်ပြု ယဉ်ပါးတတ်သူဟု ပြောထားသည်။ စားပွဲထိုး၏ အတွေးနှင့် အမြင်တွင် ဦးအောင်ကျော်ဟိန်းနှင့်အတူ ငိုရှပ်နှင့်ပါ လိုက်ပါလာသော မိမိအား အဘယ်မျှလောက်အထိ ခေါင်သောအတွေးမျိုးနှင့် အမြင်မျိုး ရှိသွားပေသနည်း။

နှောင်းငယ်က အောင်ကျော်ဟိန်း မျက်နှာကိုကြည့်လိုက်သည်။ အောင်ကျော်ဟိန်းသည် သူမကိုကြည့်မနေပဲ တခြားသို့ကြည့်ကာ တစ်ခုခု အတွေးနက်နေသလား မပြောတတ်။

နှောင်းငယ် သက်ပြင်းချမိတော့သည်။

ဦးအောင်ကျော်ဟိန်းသည် မိမိအား အသက်ဘေးမှ ကယ်တင်လာသူ ဖြစ်သည်။

ကိုယ့်ဟာကိုယ် စိတ်လိုက်မာန်ပါ မှန်ထူပြီး ဖြုန်းခနဲ ရူးစိတ် မိုက်စိတ်ဖြင့် ကြံစည်တုန်းကတော့ ကြံစည်လိုက်သည်။

သို့သော် ... ယခု အားရအောင် ငိုပြီးနောက် ရင်ထဲမှအလုံး ကျဆင်းသွားသလို ရှိကာမှ ခေါင်းအေးအေးဖြင့် စဉ်းစားသောအခါ မိမိဘာသာ သေကြောင်းကြံစည်လိုက်ခြင်းမှာ ရူးမိုက်ခြင်း သက်သက်ပါလား။ သိစိတ်က ပြန်လွှမ်းမိုးလာသည်။

ကဲ ... မိမိက ကားကြိတ်ပြီး အသေခံလိုက်တော့ကော ကိုကိုအောင်က ပြန်လည်အသက်ရှင်လာလေမည်တဲ့လား။



အကယ်၍သာ ဦးအောင်ကျော်ဟိန်းက အချိန်မီ ဖမ်းမဆွဲထားပဲ မိမိကို ကားကြိတ်ပြီ ဆိုပါတော့၊ တစ်ချိန်တည်း သေသွားလျှင် အရေးမကြီး။ မသေပဲ ရုပ်ပျက်ဆင်းပျက် ကျိုးကန်းသွားသည် ဆိုပါက မိမိဘဝကို ရှေ့ဆက်ပြီး ဘယ်လိုခရီးသွားမည်နည်း။

ထို့ကြောင့် စားပွဲထိုးက ဘယ်လိုထင်ထင် နှောင်းငယ်သည် ဂရုမစိုက် အလေးအနက်မထားတော့ပဲ မိမိအား အသက်ကယ်လိုက်သော ဦးအောင်ကျော်ဟိန်းကိုသာ ကျေးဇူးတင်ရကောင်းမှန်း သဘောပေါက်လာတော့သည်။

ပြီး ... ဦးအောင်ကျော်ဟိန်းသည် မိမိကို ကယ်တင်ပြီးနောက် ဘယ်လိုက်ပို့ပေးရမလဲဟု မေးသည်။ ယခုအချိန်ထိ မိမိကို မြူဆွယ်စကား ဖြားယောင်းစကား တစ်ခွန်းမျှမဆို၊ သူသည် ခြောက်ပစ်ကင်း သဲလဲစင် မဟုတ်သူတစ်ယောက်ဟုလည်း ဖွင့်ပြောသည်။

ယင်းအချက်များကို ထောက်ရှု ကြည့်မြင်လျှင် ဦးအောင်ကျော်ဟိန်းသည် မိမိအား သွေးရိုးသားရိုး သဘောထားရှိကြောင်း ထင်ရှားသည်။

"အား ... ဒီယာတစ်ဘူးတော့ ကုန်သွားပြီ။ သောက်လို့တော့ မဝသေးဘူး။ ကဲ ... ပြော၊ နှောင်းငယ်ကို ဘယ်ပြန်ပို့ပေးရမလဲ၊ တို့ ရေငတ်ပြေသွားပြီ၊ နှောင်းငယ်ကို လိုက်ပို့ပေးပြီးမှ တို့ ပြန်လာပြီး ဆက်သောက်မယ်"

"နှောင်းငယ် ဘိုလေးဈေးလမ်းက ဝိုင်ဒဗလျူစီအေမှာ နေပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဩ … နှောင်းငယ်က နယ်ကလား"

"ညောင်ဦး ဘက်ကပါ။ ညောင်ဦး ဆိုတောင် မြို့ပေါ်က မဟုတ်ပါဘူး၊ ကျေးလက်ရွာတစ်ရွာကပါ"

"သြော် … သြော် … ဒါကြောင့် ရိုးရိုးယဉ်ယဉ်လေး ဖြစ်နေတာကိုး။ ဒါကြောင့်လည်း နှောင်းငယ်ရဲ့နာမည်က အညာသံပါနေတာ၊ ဒါထက် ရန်ကုန်က ဝိုင်ဒဗလျူစီအေကို နှောင်းငယ် ဘယ်လိုရောက်လာတာလဲ"

နှောင်းငယ် ချက်ချင်းမဖြေပေ။ ကရဝိတ်ဟိုတယ် အဆောက်အအုံ၏ တိုင်လုံးကြီးတွေတွင် ထွင်းဖော်ထားသော နဂါးလိမ်ခြူးအိမ်တွေကို ငေးကြည့်နေမိသည်။

"ဆောရီးပဲ နှောင်းငယ်၊ တို့အနေနဲ့ နှောင်းငယ်ရဲ့ ကိုယ်ရေးတွေကို အစ်အောက်မေးသလို ဖြစ်သွားတယ်။ တကယ်တော့ နှောင်းငယ်ရဲ့ ကိုယ်ရေးတွေကို တို့ သိဖို့မှ မလိုတာ၊ အခုပဲ နှောင်းငယ် သွားချင်တဲ့နေရာကို လိုက်ပို့ပေးတော့မှာ၊ အဲဒီနောက် တို့နဲ့ နှောင်းငယ် လမ်းခွဲပြီလေ၊ ကဲ … နှောင်းငယ် ပြန်ချင်ရင် အခုပဲ လိုက်ပို့ပေးမယ်"

နှောင်းငယ်က ပြုံးလိုက်သည်။

"ဦးအောင်ကျော်ဟိန်း ဆက်သောက်ဖို့ စားပွဲပေါ်မှာ ဘီယာနှစ်ဘူးတောင် ကျန်သေးတာပဲ"

"ရတယ်လေ … စားပွဲထိုးကို အခုပဲ ပြန်လာခဲ့မယ်လို့ ပြောပြီး နှောင်းငယ်ရဲ့ ဝိုင်ဒဗလျူစီအေကို လိုက်ပို့ပေးမယ်။ ပြီးမှ ပြန်လာသောက်မှာပေါ့"



"ဦးအောင်ကျော်ဟိန်း အာသာပြေတဲ့အထိ ဆက်သောက်ပါ၊ နှောင်းငယ် မပြန်ချင်သေးပါဘူး၊ နောက်ပြီး ဦးအောင်ကျော်ဟိန်းကို နှောင်းငယ် ရင်ဖွင့်ပြောချင်နေမိတယ်။ ကိုယ့်ဟာကိုယ် ကျိတ်ပြီး ရင်မြှိုထားမဲ့အစား ရင်ဖွင့်ချလိုက်ရင် သက်သာမလားလို့၊ နောက်ပြီး ဦးအောင်ကျော်ဟိန်းက နှောင်းငယ် ကိုယ့်ဟာကိုယ် သတ်သေဖို့ကြံစည်မှန်း သိတဲ့သူမို့ နှောင်းငယ် ဦးအောင်ကျော်ဟိန်းကို ရင်ဖွင့်ပြီး မျိုသိပ်ထားရတာကို ပြောချင်တာပါ"

"ကောင်းတယ် … ဘီယာကို အာသာပြေတဲ့အထိသောက်ရင်း မိန်းမချောလေး တစ်ယောက်ရဲ့ ရင်ဖွင့်တာကို နားထောင်ရတာ အရသာတစ်မျိုးပဲ၊ တို့ နို့စို့အရွယ်က အမေက နို့တိုက်ရင်း ပုံပြောသလို နားထောင်ရတာပေါ့"

ပြောပြောဆိုဆို အောင်ကျော်ဟိန်း ဘီယာ နောက်ထပ်တစ်ဘူး ဖောက်သည်။

"ကဲ … ပြောတော့ နှောင်းငယ်"

"နှောင်းငယ်ရဲ့အဘက နှောင်းငယ် ဆယ်နှစ်သမီးအရွယ်မှာပဲ ဆုံးသွားတယ်"

"အဘ ဆိုတာက"

"အဘ ဆိုတာက နှောင်းငယ်ရဲ့ အဖေကို ပြောတာပါ။ နှောင်းငယ်တို့ ကျေးလက်မှာတော့ အဖေကို အဘလို့ခေါ်ပြီး အမေကို အစ်မလို့ ခေါ်ကြတယ်။ နှောင်းငယ် ဆယ်တန်းကို 'က'အဆင့်နဲ့အောင်တဲ့နှစ်မှာပဲ အစ်မ … အလေ … အမေက ဆုံးသွားပြန်ရော"

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ရလေ နှောင်းငယ်ရယ်"

"ကံပေါ့ ဦးအောင်ကျော်ဟိန်း၊ နှောင်းငယ် လူ့ပြည်ရောက်လာတာကိုက ဖအေနဲ့ မအေ အသက်ကြီးမှမွေးတဲ့ သမီးပေကိုး။ အဘနဲ့ အစ်မ ကျန်ခဲ့တဲ့ ဝိုင်းနဲ့ခြံကို နှောင်းငယ် ရောင်းတယ်၊ နှောင်းငယ် ဆယ်တန်းအောင်ခဲ့တဲ့ကျောင်းက ကျောင်းအုပ်ဆရာကြီးက နှောင်းငယ်ကို သနားလို့ ရန်ကုန်က သူ့အဆက်အသွယ်တွေနဲ့ အလုပ်တစ်ခု ရှာပေးတယ်။ ရန်ကုန်မှာပဲ စာပေးစာယူသင်တန်းနဲ့ စာမေးပွဲတွေ ဆက်ဖြေနိုင်ဖို့ စီစဉ်ပေးတယ်။ ဒါကြောင့် နှောင်းငယ်ဟာ အငယ်တန်းစာရေးဘဝနဲ့ ဘိုကလေးဈေးလမ်းက ဝိုင်ဒဗလျူစီအေမှာ နေလာခဲ့တာ သုံးနှစ်ကျော်သွားပါပြီ ဦးအောင်ကျော်ဟိန်း"

"အင်း ... အသက်ငယ်ငယ်လေးနဲ့ ကိုယ့်ဘဝကိုယ် ကျောင်းလာရတဲ့ ဘဝပါလား။ နို့ ... နှောင်းငယ်ရဲ့ မိဘတွေဆုံးသွားပြီးတဲ့နောက် ဆွေမျိုးအရင်းအချာတွေ မရှိဘူးလားကွာ"

"ရွာမှာတော့ အဘဘက်ကရော အစ်မဘက်ကရော ဘကြီးတွေ ဦးလေးတွေ အဒေါ်တွေ ဝမ်းကွဲမောင်နှမတွေ ရှိပါတယ်။ ဒါပေမဲ့ အားလုံးဟာ ကျေးလက်ဘဝ လုပ်ကိုင်စားသောက်တဲ့ လက်လုပ်လက်စားတွေ၊ နှောင်းငယ်က ဆယ်တန်းအောင်လိုက်တော့ တက္ကသိုလ်ဘွဲ့လည်း ထပ်လိုချင်တယ်၊ နောက်ပြီး မှန်တဲ့အတိုင်း ပြောရရင် ဆယ်တန်းအောင်ပြီးမှတော့ ရွာက အလုပ်မျိုးတွေနဲ့ နှောင်းငယ်



ရဲ့ဘဝကို မြှုပ်နှံမထားချင်ဘူး၊ ဒါကြောင့် စွန့်ပြီး ရန်ကုန်ကို ဆင်းလာခဲ့တာ"

"ဒါဆို ... အခု နှောင်းငယ်ရဲ့အသက် ဘယ်လောက်ရှိပြီလဲ၊ စာပေးစာယူနဲ့ ဖြေလာတာကကော ဘယ်အဆင့်အထိရောက်နေပြီလဲ"

"နှောင်းငယ် အသက် နှစ်ဆယ်ထဲမှာပါ၊ အတိအကျဆိုရင်တော့ ဆယ့်ကိုးနှစ်နဲ့ ဆယ်လပါ၊ အခု နှောင်းငယ် တတိယနှစ်ဝိဇ္ဇာတန်း ရောက်နေပါပြီ ဦးအောင်ကျော်ဟိန်း"

"နှောင်းငယ် သိပ်တော်တာပဲ။ အခုအတိုင်းဆိုရင် နှောင်းငယ် အသက်ဆယ့်ခြောက်နှစ်က ဆယ်တန်းအောင်ပြီး ရန်ကုန်ရောက်လာတာပဲ။ ရန်ကုန် ရောက်ကတည်းက ကိုယ့်ဘဝကိုယ်ကျောင်းရတယ်ပေါ့၊ ဟုတ်လား"

နှောင်းငယ် ခေါင်းညိတ်ပြပါ၏။

"အေးလေ ... အင်မတန် စိတ်ကစားပြီး ပျက်စီးသွားနိုင်တဲ့ ဆယ်ကျော်သက် အရွယ်မှာ နှောင်းငယ်ဟာ ကိုယ့်ဘဝကိုယ် ရုန်းကန်ပြီး တက်လမ်းကို ကြိုးစားရင်း မတိမ်းမစောင်းနေလာတာကို တို့ ဘယ်လိုချီးကျူးရမယ်မှန်းတောင် မသိတော့ဘူး"

"နှောင်းငယ်ကို သိပ်လည်း မချီးမွမ်းနဲ့ ဦးအောင်ကျော်ဟိန်း၊ နှောင်းငယ် ဒီအရွယ်အထိ မတိမ်းမစောင်းအောင် ထိန်းသိမ်းဆုံးမပေးနေဆဲ၊ မမမြင့်နဲ့ မမသူဇာတို့ရဲ့ ကျေးဇူးတွေကြောင့် နှောင်းငယ်မှာ အမှားအယွင်း မရှိခဲ့တာ"

www.burmeseclassic.com

www.burmeseclassic.com



"မမမြင့် ဆိုတာက ဘယ်သူတဲ့လဲကွာ"

"မမမြင့်က ဝိုင်ဒဗလျူစီအေမှာ နှောင်းငယ်နဲ့ အတူတူနေတဲ့ အခန်းဖော် အပျိုကြီးပါ။ ပန်းဘဲတန်းအထက်မှာ ကျောင်းဆရာမ လုပ်နေတာ၊ အဲဒီ မမမြင့်က နှောင်းငယ်ကို ဘာမဆို ဆုံးမတယ်"

"မမသူဇာ ဆိုတာကကော ..."

"မမသူဇာကတော့ နှောင်းငယ် အလုပ်လုပ်တဲ့ ဌာနက ဘီစီပါ။ မမသူဇာမှာတော့ အိမ်ထောင်ရှိတယ်။ ရုံးမှာဆိုလည်း မမသူဇာက နှောင်းငယ်ကို အမြဲဆုံးမရုံ မကဘူး၊ ညီမလေးတစ်ယောက်လို ချစ်ရှာတယ်။ ပထမ နှောင်းငယ် အလုပ်စဝင်တော့ နေ့စားနဲ့ဝင်ရတာ၊ တစ်နှစ်အတွင်းမှာပဲ မမသူဇာရဲ့ ထောက်ခံမှုနဲ့ အမြဲတမ်း အငယ်တန်းစာရေး ဖြစ်ရတာပါ"

"နို့ ... နှောင်းငယ်ရဲ့ရုံးကရော ဘယ်မှာလဲ"

"ဆူးလေဘုရားလမ်းမကြီးပေါ်မှာပါ။ ရုံးဆိုပေမဲ့ အစိုးရ စာအုပ်ဆိုင်ပါ။ နိုင်ငံခြားစာအုပ်တွေလည်း ရောင်းတယ်။ အထူးသဖြင့်တော့ နယူး(ခ)ဝိတို့၊ တိုင်း(မ်)တို့၊ လိုက်(ဖ်)တို့ ဂျာနယ်တွေ ဖြန့်ချိရောင်းချပေးတဲ့ ဆိုင်ပါ"

"သိတယ် ... သိတယ်၊ ဂုဏ်ရှပ်ရှင်ရုံနဲ့ တစ်ဆက်တည်း ဘက်က အတန်းပဲ။ တို့ကတော့ အဲဒီအဆင့်မြင့်ဂျာနယ်တွေ ဘာတွေကို စိတ်မဝင်စားပါဘူး၊ ဖတ်တဲ့အကျင့်လည်း မရှိဘူး၊ ဒါပေမဲ့ အဲဒီဘက် အတန်းကိုတော့ ခဏခဏ



ရောက်လေ့ရှိတယ်၊ နိုင်ငံခြားစီးကရက်တွေနဲ့ တခြားနိုင်ငံခြားပစ္စည်းမျိုးစုံတွေက အဲဒီဘက်တန်းတလျှောက်မှာ အများဆုံးရောင်းတော့၊ နိုင်ငံခြားစီးကရက်ဝယ်ရင်းတို့ရောက်လေ့ရှိတာပါ၊ ကဲပါလေ ... တို့ သိချင်တာပဲ မေးတော့မယ်"

"အခုလို ကိုယ့်ဘဝလေး အတည်တကျလို ဖြစ်လာနေမှ နှောင်းငယ်က ဘာလို့ ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ ကြိုးစားတာလဲ"

"နှောင်းငယ် ရုတ်တရက် ဖြုန်းစားကြီး ဒက်စပရိတ်ဖြစ်သွားစေတဲ့ အကြောင်းတစ်ခု ဖြစ်လာလို့ပါ"

အောင်ကျော်ဟိန်းသည် နှောင်းငယ် ပြောလိုက်သော အင်္ဂလိပ်စကား ဒက်စပရိတ်ကို ရင်ထဲတွင် သူ့ဟာသူ ဘာသာပြန်ကြည့်သည်။

ဒက်စပရိတ်သည် သာမန်အားဖြင့် မြန်မာလို ဘာသာပြန်ရလျှင် စိတ်ဓာတ်ကျဆင်းခြင်းဟု အဓိပ္ပာယ် သက်ရောက်သည်။ လူသားတစ်ယောက်အတွက် မိမိအဓိကထား အားထားနေရာမှ ထိုလုပ်ငန်း မအောင်မြင်သောအခါ စိတ်ကျတတ်သည်။ မျှော်လင့်ချက် ဆုံးရှုံးသွားသောအခါ စိတ်ဓာတ်ကျသည်။ ယင်းသို့စိတ်ဓာတ်ကျသွားသူ တစ်ဦးသည် မျက်စိစုံမှိတ်ပြီး စွန့်စားခြင်း၊ မိမိကိုယ်ကို သတ်သေခြင်းမျိုး ပြုတတ်ကြောင်း အောင်ကျော်ဟိန်းသဘော ပေါက်ရပါ၏။

"ဘာအကြောင်းကြောင့် နှောင်းငယ်က ရုတ်တရက်ကြီး ဒက်စပရိတ် ဖြစ်သွားတာလဲ။ တကယ်တော့ နှောင်းငယ်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘဝလေးဟာ တည်ငြိမ်လာပြီပဲဟာ။ လက်ရှိဝင်ငွေအလုပ် ရှိတယ်၊ မကြာခင် ဘွဲ့ရတော့မယ်။ ရှေ့လျှောက် တက်လမ်းတွေ ရှိနေတာပဲ"

"အချစ်ကြောင့်ပါ ဦးအောင်ကျော်ဟိန်း"

"ဟေ"

နှောင်းငယ်၏ အဖြေကြောင့် အောင်ကျော်ဟိန်း "ဟေ" ဖြစ်သွားသည်။

"နှောင်းငယ်မှာ ချစ်သူတွေ ဘာတွေ ရှိနေပြီကိုး"

"ဒီလောကကြီးမှာတော့ အမြီးမပေါက်ရင် ဘာမျောက်မို့လဲ ဦးအောင်ကျော်ဟိန်း၊ နှောင်းငယ်လည်း နှလုံးသားရှိတာပဲဟာ၊ ကိုယ့်ဘဝကို ကိုယ်ထိန်းထိန်းသိမ်းသိမ်းလေးနေတဲ့ကြားကပဲ တကယ်တမ်း ကိုယ့်ကိုလက်ထပ်ယူမဲ့ ချစ်သူမျိုးတွေ့တော့ ချစ်လိုက်တယ်။ ကိုကိုအောင်ဟာ နှောင်းငယ်ကို တကယ်ချစ်တာပါ၊ တကယ်ကြင်နာတာပါ။ ဒီနှစ်ကုန်ရင် နှစ်ယောက်သား လက်ထပ်ကြဖို့တောင် အစီအစဉ်တွေအားလုံးချမှတ်ထားကြတာပါ ဦးအောင်ကျော်ဟိန်း"

"ကိုကိုအောင် တဲ့လား"

"နာမည်အရှည်ကတော့ ကိုဇာနီအောင်ပါ"

"ဩော် ... ဩော် ... ဒါဆို နှောင်းငယ်က သူ့ကိုချစ်သူမို့ ချစ်စနိုး 'ကိုကိုအောင်'လို့ ခေါ်တာပေါ့။ ဟဲ ... ဟဲ အဲဒီလို တကယ့်ချစ်သူတွေအကြောင်း နားထောင်ရတာကြည်နူးဖို့ သိပ်ကောင်းတယ်။ တို့မှာက တစ်သက်နဲ့တစ်



ကိုယ် ချစ်သူဆိုတာမျိုး မရှိခဲ့သေးဘူးလေ၊ ဒီတော့ သူများချစ်သူအကြောင်း နားထောင်ရရင် သိပ်ကြည်နူးတယ်၊ ကဲ ... ဆက်ပြော နှောင်းငယ်"

နှောင်းငယ် ဆက်မပြောသေးမီ ဦးအောင်ကျော်ဟိန်း မယုံကြည်နိုင်သော အကြည့်လေးမျိုးဖြင့် ကြည့်နေမိသည်။

"ဟုတ်နိုင်ပ့ါမလား ဦးအောင်ကျော်ဟိန်း၊ အခုဦးအောင်ကျော်ဟိန်းရဲ့ လက်ရှိဘဝဟာ မိန်းမချောလေးတွေ ဝိုင်းဝိုင်းလည်တာပဲ မဟုတ်လား။ ဦးအောင်ကျော်ဟိန်း ကိုယ်တိုင်ကလည်း မိန်းမချော မိန်းမလှတွေနဲ့ တွဲနေတာပဲ မဟုတ်လား၊ ဒီအထဲမှာ တစ်ရာထဲကတစ်ယောက်၊ တစ်ထောင်ထဲက တစ်ယောက် ဆိုသလို ဦးအောင်ကျော်ဟိန်း မချစ်ပဲနေနေမိရောတဲ့လား"

အောင်ကျော်ဟိန်းက ပခုံးတွန့်ပြပါ၏။

အမိပွာယ်မှာ ဤကိစ္စအတွက် သူကိုယ်တိုင် အဖြေမပေးတတ်ပါဟု သက်ရောက်ပေသည်။

"တို့ကိစ္စထားပါ။ နှောင်းငယ်နဲ့ နှောင်းငယ်ရဲ့ချစ်သူအကြောင်းကိုသာ ဆက်ပြောပါ"

"ဆက်ပြောရရင် ကြည်နူးစရာ မကောင်းတော့ဘူး ဦးအောင်ကျော်ဟိန်း။ ကိုကိုအောင်ဟာ ပုသိမ်ကို ပြန်သွားတယ်။ ပြန်သွားတာကလည်း သူ့မိဘတွေကို ဖွင့်ပြောပြီး ရန်ကုန်ကို ပြန်လာတာနဲ့ နှောင်းငယ်နဲ့ လက်ထပ်ကြဖို့ပါ။ ပုသိမ်မှာ သူ့မိဘတွေက ဆန်စက်နှစ်လုံးပိုင်တယ်၊ ချမ်းသာတဲ့

www.burmeseclassic.com

www.burmeseclassic.com



မိဘလို့ ပြောပါတော့လေ၊ ကိုကိုအောင် ပုသိမ်ကို ပြန်သွားတဲ့သဘောက မိဘတွေကို ဖွင့်ပြောလို့ သဘောတူ ပေးစားချင်ပေးစား၊ မပေးစားဘူးဆိုလည်း နှောင်းငယ်နဲ့ လက်ထပ်ပြီး ရန်ကုန်မှာ အလုပ်တစ်ခုခု ဝင်လုပ်မယ်၊ သူ့လခနဲ့ နှောင်းငယ်ရဲ့လခ နှစ်ယောက်ပေါင်းဆိုရင် အသင့်အကင့် အိမ်ထောင်လေးတစ်ခုတော့ တည်ဆောက်နိုင်မယ်လို့ တွက်ထားကြတာ”

နှောင်းငယ်သည် သူမ၏ ကိုကိုအောင် အကြောင်း ပြောရင်း မျက်ရည်များ ပါးပြင်သို့ စီးကျလာပြန်သည်။ အသံလေးများလည်း တုန်လာသည်။ သို့သော် မော်တော်ကားပေါ်မှာတုန်းကလို သိမ့်သိမ့်ခါအောင် ငိုရှိုက်ခြင်းမျိုး မဟုတ်တော့ပေ။

“အဲဒီ ဖာနီအောင်က နှောင်းငယ်နဲ့ မေတ္တာရှိတဲ့အချိန်အထိ အလုပ်မရှိသေးဘူးလား”

“ဟင့်အင်း … ကိုကိုအောင်က စက်မှုတက္ကသိုလ်ကျောင်းသားပါ။ ဖိုင်နယ်ဖြေပြီးတာနဲ့ နှောင်းငယ်နဲ့ လက်ထပ်ကြဖို့ ရည်ရွယ်ထားတာ။ ဒါကြောင့် ဖိုင်နယ်ဖြေပြီးတာနဲ့ ပုသိမ်ကို ခဏပြန်သွားတာပါ ဦးအောင်ကျော်ဟိန်း။ ပြီးခဲ့တဲ့လေးရက်က သူ ပုသိမ်ကနေပြီး နှောင်းငယ် ဆီကို ဖုန်းဆက်တယ်။ အဲဒီဖုန်းဆက်တဲ့နေ့ရဲ့ ညနေဘက်ထွက်တဲ့ သင်္ဘောနဲ့ပဲ၊ သူ ရန်ကုန်ကို ပြန်လာမယ်တဲ့။ သူ့မိဘတွေက နှောင်းငယ်နဲ့ လက်ထပ်ဖို့ သဘောတူသည်မဟုတ်တဲ့တိုင်အောင် မကန့်ကွက်ဘူးတဲ့။ လက်ထပ်ပြီးတဲ့နောက်၊ ပုသိမ်မှာပဲနေပြီး မိဘရဲ့ဆန်စက်လုပ်ငန်းတွေမှာ ဝင်ရောက်ပြီး ဦးစီးလုပ်ကိုင်ပေးရမယ်တဲ့”



“အဲဒါ မဆိုးဘူးပဲ”

“အဲဒါက မဆိုးပါဘူး ဦးအောင်ကျော်ဟိန်း တကယ်တမ်းဆိုးသွားတာက အဲဒီညနေက ကိုကိုအောင် စီးလိုက်လာတဲ့ သင်္ဘောဟာ မုန်တိုင်းမိပြီး သင်္ဘောတစ်စီးလုံး နစ်သွားတာက အရှုံးဆိုးသွားတာပါပဲ”

“ဟာ … အဲဒါ တကယ်ဆိုးတာပေါ့”

“ဟုတ်တယ် … နှောင်းငယ် ဘဝပျက်တဲ့အထိ ဆိုးတာ။ တကယ်လို့ အစီးရသင်္ဘောနဲ့သာလာရင် ဒီလိုဖြစ်မှာမဟုတ်ဘူး၊ အခုတော့ နှောင်းငယ်နဲ့ မြန်မြန်ပြန်တွေ့ပြီး နှောင်းငယ် အလုပ်ထွက်ဖို့ကိစ္စရော၊ လက်ထပ်ဖို့ ကိစ္စတွေရော၊ ရန်ကုန်မှာ စီစဉ်စရာတွေ စီစဉ်ပြီး မြန်မြန်လက်ထပ်ချင်တဲ့ဇောနဲ့ အချိန်လုပြီး မီရာပုဂ္ဂလိကသင်္ဘောနဲ့ လိုက်လိုက်လာလို့ သင်္ဘောနစ်တာပါပဲ ဦးအောင်ကျော်ဟိန်း၊ အဲဒီသင်္ဘော မုန်တိုင်းမိ နစ်သွားတဲ့အကြောင်း သတင်းစာမှာတော့ ပါလာတယ်၊ ဦးအောင်ကျော်ဟိန်း ဖတ်မိမှာပေါ့”

အောင်ကျော်ဟိန်းက ခေါင်းခါပြသည်။

“တို့က သတင်းစာကို မှန်မှန်ဖတ်လေ့ မရှိဘူး၊ အဲသင်္ဘောနစ်ပြီး အသေအပျောက်စာရင်းမှာ အဲဒီက ဖာနီအောင် ပါသလား”

www.burmeseclassic.com



နှောင်းငယ် မျက်နှာ လက်ဝါးအုပ် ငိုပြန်သည်။ နှောင်းငယ် ငိုသည်ကိုကြည့်ပြီး အောင်ကျော်ဟိန်း စိတ်မကောင်း ဖြစ်ရသည်။ နှောင်းငယ်ကို သိပ်သနားသွားသည်။

"ပတ်ဝန်းကျင် ရှိတယ် နှောင်းငယ်။ သူတို့က နှောင်းငယ် ငိုနေတာကို ကြည့်ပြီး ဘယ်လိုထင်ကြမလဲ။ တို့ကနဂို ကတည်းက မိန်းကလေးတွေနဲ့ တွဲလေ့ရှိတဲ့လူ ဆိုတော့ အခု နှောင်းငယ် ငိုတာဟာ တို့ကြောင့် ငိုတယ်ထင်မှာ ပေါ့။ ဒီလို ထင်သွားတာ တို့အတွက် အရေးမကြီးပါဘူး၊ ယောကျ်ားသားပဲ။ နောက်ပြီး တို့အကျင့်ဆိုးတာကိုလည်း နီးစပ်တဲ့လူတွေက သိပြီးသား။ သူတို့ တစ်မျိုးထင်ကြရင် နှောင်းငယ်ပဲ နစ်နာမယ်။ ကဲ ... ကဲ ... ဆက်ပြောပါဦး၊ ကိုဇာနီအောင် သေသွားပြီဆိုတာ သေချာရဲ့လား"

နှောင်းငယ်က သူ့စိတ်ကို ဖွတ်တင်းပြီး အငိုရပ် လိုက်သည်။

"ကိုကိုအောင် ရေမကူးတတ်ဘူး"

"ဟုတ်ပါ့မလား၊ စက်မှုတက္ကသိုလ်ကျောင်းသားလည်း ဖြစ် တယ်၊ ပုသိမ်သားလည်း ဖြစ်နေတာ ရေမကူးတတ်ပဲနေ ပါ့မလား"

"ကိုကိုအောင်က လူတစ်မျိုးပါ ဦးအောင်ကျော်ဟိန်း ကိုကိုအောင်ဟာ ဘာမဆို သူ့ဟာသူ အေးအေးဆေးဆေး နေတတ်တယ်။ တက္ကသိုလ်က ရေလှော်သင်းတွေ၊ ရေကူး သင်းတွေမှာလည်း သူ မပါဘူး။ အားကစားတွေ ဘာဖြ



လဲ ဝါသနာမပါဘူး။ ရုပ်ရှင်တို့ ဘာတို့လဲ ကြည့်လေ့မရှိဘူး၊ ကျောင်းစာကိုပဲ အဓိကထားပြီး ကြိုးစားတယ်။ ပြင်ပစာပေ ဆိုလည်း လစဉ်ထုတ် ရှုမဝမဂ္ဂဇင်း၊ သွေးသောက်မဂ္ဂဇင်း တွေတောင် သူ ဖတ်လေ့မရှိဘူး"

"အာယိုယို ... ဒီလောက်တောင်ပဲလား"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ သတင်းစာတော့ ဖတ်တယ်။ မြန်မာသတင်းစာတောင် မဟုတ်ဘူး၊ အင်္ဂလိပ်သတင်းစာ ကို ဖတ်တာ။ နောက်ပြီး နိုင်ငံခြားဂျာနယ်တွေဖြစ်တဲ့ တိုင်း(မ်)တို့ နယူး(စ်)ဝိတို့ကျတော့ တစ်နှစ်စာ ငွေကြိုသွင်း ထားပြီး ဖတ်လေ့ရှိတယ်။ အဲဒီဂျာနယ်တွေ အမြဲလာထုတ် ရင်း နှောင်းငယ်နဲ့ အသိအကျွမ်း ဖြစ်ရာက ချစ်သူဘဝထိ ရောက်သွားကြတာ"

"ဒါဆို နှောင်းငယ်ရဲ့ ကိုကိုအောင်ဟာ စာဂျပိုးပေါ့၊ တို့ တက္ကသိုလ်မှာ တက်ခဲ့တုန်းကလည်း အဲဒီလို စာဂျပိုးတွေ ကို တွေ့ဖူးတယ်။ အဲဒီလိုလူမျိုးနဲ့ တို့နဲ့ မိတ်ဆွေသူငယ် ချင်းတော့ ဖြစ်ခဲ့လေ့ မရှိဘူး။ တို့နဲ့ လိုင်းထခြားတာပဲ"

"ကိုကိုအောင် အစွဲအလမ်းကြီးတဲ့ တစ်စိုက်မတ်မတ်သမား ပါ ဦးအောင်ကျော်ဟိန်း၊ ကျောင်းမှာနေတုန်း ကျောင်းစာ သာ အဓိကတဲ့။ ဘွဲ့ရဖို့ လာနေတာမို့ စာကိုသာကြိုးစား ရမယ်တဲ့၊ ကျောင်းနေပြီး စာမကြိုးစားချင်ရင် နဂိုကတည်းက တက္ကသိုလ်မတက်နဲ့ အိမ်မှာနေတဲ့၊ နောက်ပြီး နှောင်းငယ်နဲ့ ချစ်သွားကြပြန်တော့လည်း မိဘက အမြဲပြော်ချင်ဖြတ်

www.burmeseclassic.com

www.burmeseclassic.com



ချစ်မှာပဲ လက်ထပ်မှာပဲတဲ့။ အရေးကြီးတဲ့ အလုပ်ကလွဲရင် တခြားအပိုအလုပ် ဘာမှမလုပ်ဘူးတဲ့”

“အင်း … တစ်မျိုးကြီးပါလား၊ ဒါကယ်လို့သာ သူနဲ့ နောင်ငယ် လက်ထပ်ဖြစ်သွားရင် နောင်ငယ်ရဲ့ဘဝဟာ သိပ်ကျဉ်းမြောင်းသွားမှာပေါ့။ နောင်ငယ် အပြောနဲ့ပဲ ဇာနီအောင်ဟာ ဘယ်လိုလူစားမျိုးဆိုတာ တို့မျက်စိထဲ ခန့်မှန်းပြီး မြင်လို့ရပါတယ်။ လက်ထပ်ဖြစ်ကြရင် ဇာနီ အောင်က နောင်ငယ်ကို သိပ်ချစ်မှာတော့ အမှန်ပဲ။ ဒါပေမဲ့ နောင်ငယ်အဖို့တော့ ခေါင်းမြီးခြုံကုလားမယားလို ပြင်ပလောကနဲ့ အဆက်အသွယ် အပြတ်ခံရမှာ သေချာ တယ်”

“အဲဒါကိုလည်း နောင်ငယ် ထည့်တွက်ပါတယ်၊ ဒါပေမဲ့ နောင်ငယ် ကိုယ်တိုင်က ကိုကိုအောင့်ကို ချစ်တယ်လေ ဒါကြောင့် လက်ထပ်ပြီးတဲ့နောက် ကိုကိုအောင် တားသလို နောင်ငယ် နေမယ်လို့လည်း ဆုံးဖြတ်ထားပြီးသားပါ”

“သိပ်ကိုလိမ္မာတဲ့ နောင်ငယ်ပဲ။ သိုးငယ်လေးတစ်ကောင် လို နောင်ငယ်မှာ အဆိပ်အတောက် ကင်းတယ်၊ ကဲ … သဘောနစ်သွားပြီးတဲ့နောက် ဘာတွေသတင်းရသလဲ၊ ဘာ တွေဖြစ်သလဲဆိုတာ ဆက်ပြောပါ ဦးနောင်ငယ်”

“ဆက်ဆိုင်ရာ ကယ်ဆယ်ရေးအဖွဲ့တွေမှာ နောင်ငယ် စုံစမ်းပါတယ်။ အသက်ရှင်လျက်သား ပြန်ကယ်လို့ရ သူတွေ စာရင်းထဲမှာ ကိုကိုအောင် မပါဘူး။ ပြန်ဆယ်လို



ရတဲ့ အလောင်းတွေ စာရင်းထဲမှာလည်း ကိုကိုအောင် မပါဘူး”

“ဟင် … ဒါဆို နောင်ငယ်ရဲ့ ကိုကိုအောင်က ဘယ်စာရင်း ထဲမှာ ပါနေလဲ”

“ကယ်ဆယ်ရေးအဖွဲ့ရဲ့ တာဝန်ခံခေါင်းဆောင်က ပြော တယ်။ သင်္ဘောလက်မှတ်ရောင်းထားတဲ့ စာရင်းအရ လူဦးရေအရ မှတည်ပြီး အသက်ရှင် ပြန်ရတဲ့ လူစာရင်း၊ သေသူအလောင်း ပြန်ရစာရင်းတွေ ပေါင်းကြည့်တော့ လူနှစ်ဆယ်လောက် စာရင်းပျောက်နေတယ်တဲ့၊ အဲဒီစာရင်း ထဲမှာ ကိုကိုအောင် ပါတယ်တဲ့လေ၊ ကယ်ဆယ်ရေးအဖွဲ့က အဲဒီသင်္ဘောနစ် ကယ်ဆယ်ရေးလုပ်ငန်းကို ပိတ်လိုက်ပြီ တဲ့။ အဲဒီစာရင်းပျောက် လူနှစ်ဆယ်ဟာ သေဆုံးပြီး ဒီရေ အတက်အကျနဲ့ ပင်လယ်ထဲ ရောက်သွားတာမို့ အလောင်း ပြန်မရနိုင်တော့လို့ ဆုံးဖြတ်လိုက်တယ်တဲ့”

“ဩော် … ဩော် …”

“ဒီနေ့ထုတ် သတင်းစာမှာ ပုသိမ်က ကိုကိုအောင်ရဲ့မိဘ တွေက နာရေးကြော်ငြာ ထည့်တယ်၊ ခုနစ်ရက်လည်တဲ့ နေ့မှာ ကိုကိုအောင် အတွက် ဆွမ်းသွတ်အမျှဝေမှာမို့ ဆွေမျိုးမိတ်သင်္ဂဟတွေကို ဖိတ်ကြားကြောင်းလေ၊ အဲဒီ နာရေးကြော်ငြာဖတ်ပြီး၊ နောင်ငယ် စိတ်ထဲမှာ သူ့မိဘ တွေတောင် ဆွမ်းသွတ်အမျှဝေမှတော့ ကိုကိုအောင် တကယ် သေရှာပြီကောလို့ မျှော်လင့်ချက် မရှိတော့တဲ့စိတ်နဲ့ ဒက်စ

www.burmeseclassic.com

www.burmeseclassic.com



ပရိတ်ဖြစ်ပြီး ထွက်မိထွက်ရာ ထွက်လာပြီး ကြံမိကြံရာ ကြံစည်လိုက်မိတာပါပဲ ဦးအောင်ကျော်ဟိန်း"

အောင်ကျော်ဟိန်းသည် ဘီယာကို လက်စသတ်လိုက်သည်။

"ကဲ ... နောင်းငယ် ဘယ်သွားချင်သေးလဲ၊ တို့ ဘီယာသောက်လို့ အာသာပြေသွားပြီ၊ နောင်းငယ်ရဲ့ အင်မတန်ကြေကွဲစရာ ဇာတ်လမ်းကိုလည်း နားထောင်ပြီးသွားပြီလေ"

"ဘော်ဒါဆောင်ကိုပဲ နောင်းငယ် ပြန်မယ်"

စားပွဲထိုးအား အောင်ကျော်ဟိန်းက ခေါင်းညိတ်ပြလိုက်သည်။ သူ့အိတ်ထဲမှ တစ်ရာတန်တစ်ရွက်ထုတ်ပြီး လင်ပန်းပေါ်တွင် ထားလိုက်သည်။

"ပိုတဲ့ပိုက်ဆံ ပြန်မအမ်းနဲ့တော့၊ မောင်ရင်ပဲယူလိုက်၊ အဲ ... ကိုယ် တစ်ခုပြောဦးမယ်၊ ဟောဒီ အမျိုးသမီးရဲ့ ချစ်သူဟာ လွန်ခဲ့တဲ့ လေးငါးရက်က ပုသိမ်–ရန်ကုန်သင်္ဘော နစ်ရာမှာ ပါသွားပြီး သေဆုံးသွားရှာတယ်၊ ဒါကြောင့် သူ့ခမျာ သိပ်စိတ်ဒုက္ခရောက် ပူဆွေးပြီး ငိုတာ။ ဒီမိန်းကလေးဟာ ခါတိုင်း ကိုယ်နဲ့တွဲလာတဲ့ တခြားအမျိုးသမီးတွေနဲ့ မတူဘူး၊ အဲဒါ မောင်ရင် ဒီမိန်းကလေးကို ကွက်ကြည့် ကွက်ကြည့်နဲ့ အထင်မမှားနဲ့"

အောင်ကျော်ဟိန်းသည် နောင်းငယ်၏ဂုဏ်သိက္ခာကို မထိခိုက်စေရန် စားပွဲထိုးအား ရှင်းပြပြီး ရှေ့မှထွက်သွားသည်။ နောင်းငယ်သည် နောက်မှလိုက်ပါသွားပါ၏။



မော်တော်ကား မောင်းထွက်လာပြီး နောင်းငယ်၏ ဘော်ဒါဆောင်အထိ အောင်ကျော်ဟိန်း စကားတစ်ခွန်းမျှ မပြောတော့ပေ။

နောင်းငယ် ရင်ထဲတွင် ဦးအောင်ကျော်ဟိန်းသည် အမြဲရွှင်ပြုံးနေပါလျက် ယခု မိမိကို လိုက်ပို့ရာတွင် အဘယ်ကြောင့် စကားတစ်ခွန်းမျှ မပြောပဲ တည်တည်ကြီး ဖြစ်သွားပါလိမ့်ဟု တွေးမိသည်။

ဘော်ဒါဆောင်ရှေ့ ရောက်ပြီး ကားရပ်ပေးသည်။

"သွားမယ် ဦးအောင်ကျော်ဟိန်း၊ နောင်းငယ် ဦးအောင်ကျော်ဟိန်းကို သိပ်ကျေးဇူးတင်ပါတယ်"

"နောင်းငယ် နက်ဖြန် အလုပ်ပြန်ဆင်းမလား"

"ဒီနေ့ သောကြာနေ့ဆိုတော့ နက်ဖြန် စနေနဲ့ သန်ဘက်ခါ တနင်္ဂနွေ ခံနေတာမို့ တနင်္လာနေ့ကျမှ အလုပ်ပြန်ဆင်းမယ် ဦးအောင်ကျော်ဟိန်း"

အောင်ကျော်ဟိန်း ခေါင်းညိတ်ပြီး နှုတ်ဆက်စကားပင် မဆိုတော့ပဲ သူ၏လင်ဆာကားသစ်ကြီးကို မောင်းထွက်သွားပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



### ၃

ထင်းရှူးမြိုင်ဟိုတယ် ခြံကြီးထဲသို့ အဝါပုပ်ရောင် လင်ဆာကားကြီး ဝင်လာသည်နှင့် ဝင်ပေါက်တံခါးကြီးတွင် ကုလားထိုင်တစ်လုံးဖြင့် ထိုင်နေသော ဦးဘာဘူက အသင့်ပင် မတ်တတ်ရပ်ထားသည်။

အောင်ကျော်ဟိန်း ကားရပ်လိုက်သည်နှင့် ဦးဘာဘူ မျာမျာသလဲ ကားတံခါး ဖွင့်ပေးသည်။

"ကားကို ဂိုဒေါင်ထဲမှာပဲ သွင်းထားလိုက်ပါတော့ ဦးဘာဘူ၊ ကျွန်တော် ဘယ်မှမသွားတော့ဘူး"

"ဟုတ်ပါ့မလား အောင်အောင်၊ နန်းနွယ်နီ ဆိုတဲ့ မိန်းကလေးက အောင်အောင်ရဲ့ အပြန်ကို စောင့်နေတာ နှစ်နာရီလောက်ရှိပြီ အောင်အောင်ရဲ့၊ ရုံးခန်းထဲမှာ ရှိနေလေရဲ့။ ဒီည အောင်အောင်နဲ့အတူ ပါတီပွဲတစ်ခု သွားစရာရှိတယ်လို့ ပြောတာပဲ"



ဦးဘာဘူ ပြောမှပင် နန်းနွယ်နီနှင့် ယနေ့ညဘက် အတူသွားဖို့ ချိန်းထားသည်ကို အောင်ကျော်ဟိန်း ပြန်သတိရမိသည်။ သို့သော် ကိစ္စမရှိ။ ဒီနေ့အဖို့တော့ အောင်ကျော်ဟိန်း ဘယ်ကိုမှ ထပ်မသွားချင်တော့၊ ဘယ်အမျိုးသမီးနှင့်မှလဲ အတူတွဲပြီး မကြည်နူးချင်တော့။

ထို့ပြင် မိမိက ပါတီပွဲတွင် သောက်ဟယ်စားဟယ် အမျိုးသမီးတွေနှင့် တွဲက,ပြီး ကြည်နူးဟယ် ရှိနေချိန်ဝယ်၊ ဒရိုင်ဘာမှ ကား;ပေါ်တွင် တပိန်ပိန် တလိမ်လိမ် ကားရှင်ကိုစောင့်စားနေရသည်မျိုးကိုလည်း အောင်ကျော်ဟိန်း မလိုလား။

အထူးသဖြင့် ယာဉ်မောင်း ဦးဘာဘူမှာ သက်ကြီးရွယ်အိုလ်မျိုးအား မိမိအတွက် အိပ်ရေးပျက် အညောင်းမိတာမျိုး ခံဖြစ်စေလိုသော စေတနာမျိုး အောင်ကျော်ဟိန်း ထားတတ်သည်။

အောင်ကျော်ဟိန်းသည် သူ၏ ထင်းရှူးမြိုင်ဟိုတယ် အတွင်းသို့ လှမ်းကြည့်လိုက်သည်။ သီးသန့်ခန်းတွေမှာရော အပြင်စားပွဲတွေမှာရော စားသောက်သူတွေ ပြည့်နေပေပြီ။

ဖက်ဖူးရောင်ဝတ်စုံ ဝတ်ထားသော အမျိုးသမီးစားပွဲထိုးမလေးများသည် မနားမနေ စားပွဲထိုးပေးနေပေသည်။

ဤထင်းရှူးမြိုင်ဟိုတယ်ကြီး စည်ကားသိုက်မြိုက်နေခြင်းမှာ ဤစားပွဲထိုးမလေးများ၏ ဆက်ဆံရေးကောင်းမှု၊ စိတ်ရှည်မှု၊ သည်းခံမှုကြောင့်လည်း အကြောင်းတစ်ချက် အပါအဝင်ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပိုင်ကားစီးနိုင်ပြီး မိဘချမ်းသာသော ပျိုပျိုရွယ်ရွယ် ယောက်ျားသား လူငယ်လူရွယ်ပိုင်းကလည်း ဘာရယ်မဟုတ်၊ ဤစားပွဲထိုးမလေးတွေနှင့် ထိကပါး ရိကပါး လုပ်ရသည်ကို ကြည်နူးပြီး လာကြခြင်းလည်း ဖြစ်သည်။

လူလတ်ပိုင်းနှင့် လူကြီးပိုင်း ပုရိသတွေကလည်း ကိုယ့်အိမ်တွင် ကိုယ့်ဇနီး ပြုစုသည်ကို ရိုးသွားပြီး ထင်းရှူးမြိုင်ဟိုတယ်မှ ချောချောလှလှ ငယ်ငယ်ရွယ်ရွယ် စားပွဲထိုးမလေးများ ပြုစုသည်ကို ခံယူချင်၍လည်း ဤဟိုတယ်သို့လာခြင်းတစ်ကြောင်း ဖြစ်သည်။

သို့သော် ...

အောင်ကျော်ဟိန်းက စားပွဲထိုးမလေးများ အခါ တွင် တင်းကျပ်သောအမိန့် ပေးထားသည်။ ဧည့်သည်များကို ဆက်ဆံရာတွင် မျက်နှာချိုခြင်း၊ သည်းခံခြင်း စသည်များ ပြုပေးေ ကာမှ ကိုယ်ထိလက်ရောက် ဖြစ်လာလျှင် ချက်ချင်းရှောင်လာခဲ့ ပြီး မိမိကို တိုင်ကြားရသည်။ ဧည့်သည်၏ လက်ရောက်ကျူးလွန် ခြင်းကို လုံးဝလက်မခံရ။

ထိုသို့ လက်ရဲဇက်ရဲမျိုးနှင့် တွေ့ပါက အောင်ကျော် ဟိန်းအား လာရောက်အကြောင်းကြားသည်နှင့် အောင်ကျော်ဟိန်း ကိုယ်တိုင် ထွက်လာကာ ထိုဧည့်သည်နှင့် ရင်ဆိုင်လိုက်သည်။

ထင်းရှူးမြိုင် ဟိုတယ်သည် စားဖွယ်သောက်ဖွယ် များ အရသာကောင်းသည်သာမက နေရာထိုင်ခင်း အဆင့်မြင့် သက်သောင့်သက်သာ ရှိခြင်းများကြောင့်လည်း လူကြိုက်များခြင်း ဖြစ်စေသည်။



အစားကောင်း ကြိုက်နှစ်သက်သော အမျိုးသမီးများ ဝင် လာရောက်သုံးဆောင်ပေသည်။

ချောချောလှလှ အရွယ်ပျိုပျိုမြစ်မြစ် စားပွဲထိုးမလေး များ ထားရှိခြင်းမှာ ဟိုတယ်၏ ပသာဒဖြစ်စေဖို့သာ ဖြစ်ပါလေ ၏။

ထင်းရှူးမြိုင်ဟိုတယ်၏ အစားအသောက်နှင့် ပတ် သက်၍ စားဖိုခန်းတွင်လည်း အောင်ကျော်ဟိန်းက ထိပ်တန်း စားဖိုမှူးတွေကိုသာ ခန့်ထားသည်။ ကော်မရှင်နှုန်းနှင့်ကြိုက်ကြိုက် လိုချင်သည့်လခကို တောင်းတောင်း၊ ကြိုက်သလိုပေးပြီး စားဖိုမှူး တွေ ခန့်ထားခြင်း ဖြစ်ပါ၏။

ဒီတော့လည်း ထင်းရှူးမြိုင်ဟိုတယ်သည် လူငယ် ကြိုက် လူကြီးကြိုက် ဖြစ်လာရသည်။

ဟိုတယ်ဝန်းကျင် မြင်ကွင်းတွင် ထင်းရှူးပင်တွေ ကို စီစီတန်းတန်း ပသာဒမြင်ကွင်း စိုက်ပျိုးထားသည်။ ထင်းရှူး ပင်ပေါက်များကို ရှမ်းပြည်နယ်ဘက်မှ လော်ရီကားကြီးများဖြင့် တင်ယူလာပြီး စနစ်တကျ ငွေကြေးအများကြီး အကုန်ခံကာ ခြံ ကြီးပတ်လယ်တွင် စိုက်ခဲ့ခြင်း ဖြစ်ပေသည်။

ရန်ကုန်တွင် ရှားပါးလှသော ထင်းရှူးပင်သည် ထင်းရှူးမြိုင်ဟိုတယ်၏ ဝေဆာလန်းဆန်း စိမ်းစိုလျက် ရှိနေသည် ကပင် ဧည့်သည်များအား ဆွဲဆောင်မှု ရှိစေခဲ့ပါ၏။

ထို့ကြောင့်လည်း နေ့ခင်းက ကရဝိက်ဟိုတယ်မှ စားပွဲထိုးက အောင်ကျော်ဟိန်းအား ...

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ ဆရာ ... ဆရာ့ရဲ့ထင်းရှူးမြိုင်ဟိုတယ်က ကျွန်တော်တို့ ကရိတ်ထက် မညံ့ဘူးလို့ ပြောသံတွေ ထွက်နေပါလား"ဟု ခနဲ့သော စကားမျိုးပင် ဆိုလေခြင်း ဖြစ်မှာ၏။

အောင်ကျော်ဟိန်းသည် ပြည့်လျှံနေသော ထင်းရှူးမြိုင်ဟိုတယ်၏ ဖောက်သည်များ ပြုံးရွှင်စွာ စားသောက်နေသည်ကို ကျေနပ်စွာ လှမ်းကြည့်ပြီးနောက် နန်းနွယ်နီ ထိုင်စောင့်နေပါသည်ဆိုသည့် မိမိ၏ အောက်ထပ်အလုပ်ခန်းသို့ မသွားတော့ဘဲ၊ အပေါ်ထပ်ရှိ သူ၏သီးသန့်အိပ်ခန်းဆီသို့သာ တက်ရောက်လာခဲ့သည်။

သူ၏အိပ်ခန်းတံခါးကို သော့ဖွင့်ဝင်လိုက်သည်နှင့် မျက်နှာချင်း တည့်တည့်တွင် အလျား(၃)ပေ အနံ(၂)ပေရှိသော ပန်းချီကားချပ်တစ်ခုကို သုံးချောင်းထောက်စင်ဖြင့် ထောင်ထားသည်ကို ဝင်ဝင်ချင်း တွေ့မြင်ရသည်။

ချောမောလှပသော အမျိုးသမီးတစ်ဦး၏ ပန်းချီကား ဖြစ်ပေသည်။ ခါးအထိ ဆွဲထားသော ကိုယ်တစ်ပိုင်းပုံဖြစ်ပါ၏။

ထိုပန်းချီကား၏ ထူးခြားချက်မှာ ...

ပန်းချီပုံ အမျိုးသမီးချော၏ မျက်နှာအလှသည် ပကတိအတိုင်း ရှိနေစေကာမူ ခါးအထက် ရင်ညွန့်ပိုင်း၏ လက်ဝဲရင်ညွန့်တွင် ခြောက်လက်မဒိုင်ယာမီကာ အကျယ်အဝန်းဖြင့် နီတျာတျာ နှလုံးသားပုံကို သေချာရေးဆွဲ ဖော်ပြထားသည်။



ထိုနီတျာတျာ နှလုံးသားပုံပေါ်တွင် ချွန်ထက်ပါးလျားသော တကယ့်ဓားမြှောင်အစစ်နှစ်ချောင်းက စိုက်ဝင်နေပေသည်။

ဖြန်းခနဲ တွေ့မြင်ရသူအဖို့ ဤလှပချောမောသော အမျိုးသမီး၏ပုံတွင် အဘယ်ကြောင့် နှလုံးသားပုံ၌ တကယ့်ဓားမြှောင် စိုက်ဝင်နေပါသနည်းဟု အံ့ဩသွားမည်မှာ မုချ။

ဓားမြှောက်စိုက်ဝင်နေပါသနည်းဟု မေးခွန်း၏အဖြေကို ယခုပင် အောင်ကျော်ဟိန်းက လက်တွေ့ အဖြေပြုလိုက်သည်။

အိပ်ခန်းထဲသို့ ဝင်သည်နှင့် အောင်ကျော်ဟိန်းသည် မိန်းမချောပန်းချီပုံတူကို စိုက်ကြည့်လိုက်သည်။

ပြီး ... တံခါးဘေးတွင် ထားရှိသော ခြေတံရှည်စားပွဲဆီသို့ အောင်ကျော်ဟိန်း လက်လှမ်းလိုက်သည်။

ခြေတံရှည်စားပွဲ မျက်နှာပြင်ကို နီရဲသော ကတ္တီပါအခင်း ထားရှိပြီး ထိုကတ္တီပါပေါ်တွင် ဓားမြှောင်လေး(၃)ချောင်း ရှိနေသေးသည့်အနက်မှ တစ်ချောင်းကိုယူကာ အောင်ကျော်ဟိန်းသည် ပန်းချီကားချပ်သို့ ပစ်ပေါက်လိုက်သည်။

"ဝှီး ... ဒေါက်"

ဓားမြှောင်လေးသည် ချာလပတ်လည်သွားသော အရှိန်နှင့် မိန်းမချောပန်းချီပုံ၏ နီတျာတျာနှလုံးသားတွင် ဒေါက်ခနဲ ဝင်စိုက်သွားပါ၏။

www.burmeseclassic.com

www.burmeseclassic.com



စားမြှောင် စိုက်ဝင်သွားသည်ကို အောင်ကျော်ဟိန်းက ကျေနပ်စွာ ပြုံးကြည့်ပြီးမှ အိပ်ခန်းထဲသို့ ဆက်လျှောက်ဝင်ခဲ့သည်။

ဘာကြောင့်မှန်းတော့ ဘယ်သူမှမသိ။

အောင်ကျော်ဟိန်းသည် စားမြှောင်ငါးချောင်းကို ကဒ္ဒုပါအုပ် စားပွဲတွင် တင်ထားကာ အပြင်ထွက်ရာမှ ပြန်လာပြီး အိပ်ခန်းထဲဝင်တိုင်း တံခါးပေါက်မှ ပန်းချီပုံမိန်းမချော၏ နှလုံးသားကို စားမြှောင်တစ်ချောင်း စိုက်ဝင်စေသည်။

ပစ်ပေါက်သော စားမြှောင်ငါးချောင်းစလုံး ပန်းချီပုံတွင် စိုက်ပြီးပါက ထိုစိုက်နေသော စားမြှောင်အားလုံးကို ပြန်နုတ်ယူကာ ဝင်ပေါက်ရှိ ကတ္တီပါအုပ်စားပွဲတွင် ပြန်တင်ထားပြီး၊ ဒီနောက် ... ဤနည်းတိုင်း ဆက်၍ပေါက်ပြန်သည်။

အောင်ကျော်ဟိန်းသည် စားမြှောင်ပစ်ပေါက်ပြီးမှ သူ၏ အိပ်ရာခုတင်ဘေးရှိ စာကြည့်စားပွဲမှ ဆုံလည်ကုလားထိုင်တွင် ဝင်ရောက်ထိုင်လိုက်သည်။

စားပွဲပေါ်တွင် အသင့်ရှိနေသော မာ(လ်)ဘိုရိုစီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ထုတ်ယူ၊ မီးညှိရှူဖွာကာ ဆုံလည်ကုလားထိုင်၏ နောက်မှီကို ခေါင်းတင်ပြီး မှီချလိုက်သည်။

စီးကရက်သောက်ရင်း ဆုံလည်ကုလားထိုင်ကို ပန်းချီကားချပ်ဆီသို့ မျက်နှာချင်းဆိုင် လှည့်လိုက်ပြီး ပန်းချီပုံတူအမျိုးသမီးကို စိုက်ကြည့်ရင်း အောင်ကျော်ဟိန်း နှုတ်မှ အသံထွက်လာသည်။



"ဒီနေ့ မင်းနဲ့တော်တော်တူတဲ့ မိန်းမချောလေးတစ်ယောက်ကို ဒီကောင် တွေ့ပြန်ပြီလေ မြတ်။ မျက်လုံး၊ မျက်ခုံး၊ နှာတံ နှုတ်ခမ်းတွေနဲ့ မျက်နှာကျပုံခြင်း မင်းနဲ့တော်တော်ကြီးကို တူတယ်၊ အဲဒီကောင်မလေးနာမည်က "နှောင်းငယ်'တဲ့၊ ဒါပေမဲ့ သူနဲ့ ခင်မင်ရင်းနှီးသူတွေက သူ့ကို 'နှောင်းငယ်'လို့ပဲ နှစ်လုံးတည်း ခေါ်ကြတယ်ဆိုလို့ ငါကလည်း အဲဒီမင်းနဲ့တူတဲ့ ကောင်မလေးကို ရင်းနှီးတဲ့သဘောနဲ့ 'နှောင်းငယ်'လို့ပဲ ခေါ်ခဲ့တယ် မြတ် ...

"အေး ... မင်းနဲ့ နှောင်းငယ်ဟာ ရုပ်ချင်းတော်တော်တူပေမဲ့၊ တခြားမတူတာတွေကလည်း ရှိတာပေါ့ကွာ၊ ပထမဆုံး မတူတာကတော့ မင်းထက်ပိုပြီး ရှစ်နှစ်ကိုးနှစ်လောက် ငယ်မှာတယ်။ ဒါကြောင့် နုပျိုခြင်း၊ အစို့အပို့ အတင်းအမာတွေဟာ မင်းထက် သာတယ်ပေါ့ မြတ် ...

"ထားပါတော့ကွာ ... ဒါက မင်းနဲ့ နှောင်းငယ် ဒြပ်ခြားမှုသာပေါ့။ ဒြပ်ဆိုတာက အသက်ရဲ့ အရင့်အနုအရင့်အရ ကွာခြားတာလို့ပဲ"

"ဒါပေမဲ့ ... မင်းနဲ့ နှောင်းငယ် အဓိကကွာခြားတာကတော့ စိတ်ပဲပေါ့ မြတ်၊ မင်းစိတ်ဓာတ်နဲ့ နှောင်းငယ်ရဲ့စိတ်ဓာတ်ဟာ အကြီးအကျယ် ကွာခြားတယ် ...

"မင်းက ချောင်းကိုပစ်ပြီး မြစ်ကိုရှာတယ်လေ၊ ငါးကင်ကိုပစ်ချပြီး ငါးစိမ်းနောက်ကို လိုက်သွားတယ်လေ မြတ် ...

www.burmeseclassic.com

www.burmeseclassic.com



"ဟား ... အဲဒီနေရာမှာတော့ နှောင်းငယ်က အဲဒီလို လားလားမှ မဟုတ်ဘူး၊ သူ့ချစ်သူ သေသွားလို့ သူ့ကိုယ်သူ သတ်သေဖို့အထိ လုပ်ခဲ့တယ် ...

"ကြည့်စမ်းပါဦး မြတ်၊ နှောင်းငယ်ရဲ့ မေတ္တာနှလုံးသားလေးဟာ ဘယ်လောက်များ သစ္စာတရားနဲ့ မေတ္တာတရား ကိုးကွယ်လိုက်သလဲလို့ ...

ဒါပါပဲ မြတ်ရေ ... ဒီကောင် မြတ်ကို ပြောချင်တာကတော့ အဲဒါပါပဲ"

✕



၄

"နှောင်းငယ်ငယ် ... ညွှန်သည်"

"ဘယ်သူတဲ့လဲ ဒေါ်စိန်"

"မောင်အောင်ကျော်ဟိန်း တဲ့"

နှောင်းငယ်ငယ်နှင့် မမမြင့် အတူနေသော အခန်းဝသို့ တံခါးကိုတ်စောင့် ဒေါ်စိန်က လာရောက်အကြောင်းကြားခြင်း ဖြစ်သည်။

ယနေ့ တနင်္ဂနွေနေ့မို့ မမမြင့်လည်း ကျောင်းပိတ်ထားသည်။ နှောင်းငယ်ငယ်က အဆောင်ပြန်ရောက်ခဲ့သည်နှင့် သူမနှင့် အောင်ကျော်ဟိန်း ဆုံစည်းခဲ့ပုံကို အားလုံး ပြောပြထားပြီးသား ဖြစ်ပါ၏။

မမမြင့်က မိုက်ရူးရဲ ပြုမူလိုက်သော နှောင်းငယ်ငယ်အား အပြစ်တင်ပြီး အောင်ကျော်ဟိန်းသည် ကျေးဇူးတင်စရာကောင်းလှသည်ဟု မှတ်ချက်ချခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ တနင်္ဂနွေနေ့တွင် အောင်ကျော်ဟိန်း နှောင်းငယ်ငယ် ဆီသို့ လာပါသည်ဟု ဒေါ်စိန် လာပြောခြင်းကို နှောင်းငယ်ငယ် အံ့သြသွားသည်။

အကြောင်းမူ အောင်ကျော်ဟိန်းက ပြောခဲ့သည်။ မိမိကို အဆောင်သို့ ပြန်ပို့ပြီးသည်နှင့် တစ်ဦးနှင့်တစ်ဦး ထပ်မံတွေ့ဆုံစရာ မရှိဟူ၍။

သို့သော် ...

ယနေ့ တနင်္ဂနွေနေ့တွင် မိမိထံသို့ အောင်ကျော်ဟိန်း လိုက်လာသည် ဆိုခြင်းကို နှောင်းငယ်ငယ် အံ့သြသွားစေလေသည်။

နှောင်းငယ်ငယ်က မမမြင့်ကို ကြည့်လိုက်သည်။ မမမြင့်က ပြုံးပြီး ခေါင်းညိတ်ပြပါ၏။

"နှောင်းငယ် သူ့ကို မတွေ့ချင်တော့ဘူး"

"ဘာလို့"

"ထပ်တွေ့ရင် ရှုပ်လှုပ်ထွေပြားတွေ ဆက်ဖြစ်လာမှာစိုးလို့"

မမမြင့်က ညင်သာစွာ နှောင်းငယ်ငယ်ကို ဖက်သိုင်းလိုက်သည်။

"ဆန်းသလား နှောင်းငယ်။ နှောင်းငယ်ကို တစ်ခါမြင်ရုံနဲ့ တော်တော်များများ ယောကျ်ားတွေဟာ မိတ်ဆွေဖြစ်ဖို့ ကြိုးစားတာ နှောင်းငယ့်အတွက် အဆန်းမှ မဟုတ်တော့တာ"



"နှောင်းငယ်မှာ ကိုကိုအောင် အတွက် စိတ်သောက ဖြစ်နေဆဲမို့ပါ မမမြင့်"

"ဒါတော့ ဒါပေါ့လေ။ ဒါပေမဲ့ အောင်ကျော်ဟိန်းဟာ တခြား ခါတိုင်းလာပြီး မိတ်ဖွဲ့ချင်တဲ့သူတွေနဲ့ တစ်ပြေးတည်းထားလို့တော့ မဖြစ်ဘူးထင်တယ်၊ နှောင်းငယ်။ သူက နှောင်းငယ်ရဲ့အသက်ကို လက်မတင်လေး ကယ်ခဲ့တဲ့ ကယ်တင်ရှင် ဖြစ်နေတယ် မဟုတ်လား၊ အောင်ကျော်ဟိန်းနဲ့ ဆက်ပြီး ရှုပ်လှုပ်ထွေပြား မဖြစ်ချင်လည်း တဖြည်းဖြည်းမှ အလိမ္မာနဲ့ ပ,ထုတ်ပစ်သင့်တာပေါ့။ ကဲပါကွယ် ... ဆင်းတွေ့လိုက်ပါ၊ မမမြင့်လည်း ဟိုနေ့က နှောင်းငယ် ဖြစ်ခဲ့တာတွေ ကြားပြီးကတည်းက အောင်ကျော်ဟိန်း ဆိုတဲ့လူကို မြင်ဖူးချင်နေတာ"

နှောင်းငယ်ငယ်သည် မမမြင့်၏ မှန်ကန်သောအကျိုးအကြောင်း ပြောပြချက်များကြောင့် အောက်ထပ်ဧည့်ခန်းဆောင်သို့ ဆင်းလာခဲ့ပါ၏။

မျက်နှာကို ပေါင်ဒါလေးပင် မတို့ပဲ အကျီအတိုင်း ကပိုကယို နွမ်းလျလျပုံစံနှင့်ပင် ဆင်းလာခဲ့ခြင်း ဖြစ်ပါ၏။

"အား ... နှောင်းငယ်"

"ဦးအောင်ကျော်ဟိန်း ဘယ်ကလှည့်လာတာလဲဟင်"

ဧည့်ခန်းတွင် ထိုင်နေသော အောင်ကျော်ဟိန်းသည် နှောင်းငယ်ကို တွေ့သည်နှင့် အားရပါးရကြီး နှုတ်ဆက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နှောင်းငယ်ငယ်က တမင်တကာပင် ဘယ်ကလှည့်လာတာလဲ ဟူသော စကားဖြင့် မိမိအား အောင်ကျော်ဟိန်းက အလေးအနက် မထားစေချင်သောသဘော သက်ဝင်သည့် ပြန်လှန်ပြောဆို နှုတ်ဆက်ပုံမျိုး ပြောလိုက်သည်။

"လှည့်လာတာဆိုလည်း ဟုတ်ရဲ့။ တမင်တကာ လာတာဆိုလည်း ဟုတ်ရဲ့ဆိုပါတော့ နှောင်းငယ်၊ တို့က မိုးလင်းအိပ်ရာက ထတာနဲ့ ဘယ်သွားရကောင်းမလဲလို့ စဉ်းစားတဲ့လူ မဟုတ်လား၊ ထုံးစံအတိုင်း ဘာရယ်မဟုတ်ပဲ ထွက်လာခဲ့တာ ရုပ်ရှင်တွေကလည်း ကြည့်ပြီးသားတွေ၊ ဒီတော့ အပေါင်းအသင်း တစ်ယောက်ယောက်ဆီ သွားမလားလို့ စဉ်းစားလိုက်တာ၊ တို့မျက်စိထဲ ဖျတ်ခနဲ နှောင်းငယ်ကို မြင်လာတယ်။ ဒါကြောင့် ဒီကိုရောက်လာတာ"

"ဟုတ်လား ... နှောင်းငယ်ကတော့ ဦးအောင်ကျော်ဟိန်း ထပ်လာမယ်လို့ မျှော်လင့်မထားဘူးလေ။ ဟိုနေ့က ဦးအောင်ကျော်ဟိန်းက နှောင်းငယ် ပြန်ချင်တဲ့ဆီ လိုက်ပို့ပေးပြီးရင် နောက်ထပ် တွေ့စရာမလိုတော့ဘူးလို့ ပြောခဲ့သလားလို့ပါ"

"ဟဲ ... ဟဲ ... ဟဲ"

အောင်ကျော်ဟိန်း ရယ်လိုက်သည်။ ထုံးစံအတိုင်း အောင်ကျော်ဟိန်း မျက်နှာတွင် ပေါးလားဝါးလား အရယ်အမောသဏ္ဌာန်ပင် ဖြစ်ပါ၏။



နှောင်းငယ် အမိကထား ပြောသည်မှာ မသိမသာ အောင်ကျော်ဟိန်းအား သူမထံသို့ မလာစေချင်သော ပ,ထုတ်စကားဖြစ်စေကာမူ အောင်ကျော်ဟိန်းက နှောင်းငယ်၏ ရည်ညွှန်းချက်စကားကို အတွင်းနက်နက် တွေးမိဟန်မတူပဲ သူပြောခဲ့သော စကားသည် လက်တွေ့နှင့် မကိုက်ညီပဲ ဒီကိုလာမိသည်ကိုပင် သူ့ဟာသူ ရယ်မောမိသလို ရယ်မောသည့်ပုံစံ ထွက်နေပါ၏။

"လူ့စိတ်ဆိုတာ မျောက်စိတ်နဲ့ တူတယ်လို့ ပြောစမှတ်ရှိကြသားပဲ နှောင်းငယ်၊ ဆိုလိုတာကတော့ ဂနာမငြိမ်ဘူးပေါ့ကွာ၊ ဒီသစ်ကိုင်းပေါ် ထိုင်နေရာက ဟိုနွယ်ကြိုးကြီးလှမ်းဆွဲပြီး လွှဲချင်လိုက်တာမျိုး မဟုတ်လား၊ ဟဲ ... ဟဲ ... ဟဲ ..."

တဟဲဟဲ ရယ်မောနေသော အောင်ကျော်ဟိန်းအား ဆေးကြည့်ရင်း နှောင်းငယ် ကိုယ်တိုင် ပြုံးမိတော့သည်။ ရယ်မောခြင်းသည် တစ်ပါးသူကို ကူးစက်တတ်သည် ဆိုသကဲ့သို့ပင်။

အောင်ကျော်ဟိန်း ပြောလိုက်သော ဥပမာပေးစကား မျောက်တစ်ကောင်၏ ဒီမှာထိုင်နေရာက ဟိုနွယ်ကြိုးကို လှမ်းဆွဲပြီး လွှဲသည်ဆိုသည့် စကားကလည်း ဟာသဆန်နေသည် မဟုတ်လား။

ထို့ထက်မှာမူ ...

အောင်ကျော်ဟိန်း၏ အရယ်အမောကို ယခုမှပင် နှောင်းငယ်ငယ်သည် သေချာသူ့ကို ဂရုထား ကြည့်မိသည်။ ဟိုနေ့က သွေးသိပ်ဆူနေသောကြောင့် တစ်ကြောင်း ကရုဓိတ်

www.burmeseclassic.com



ဟိုတယ်ထဲရှိ စားပွဲထိုးတွေက မိမိကို ကြည့်နေကြသည်ကို ဂျက်သည်တစ်ကြောင်းနှင့် အခြားသော အကြောင်းတွေများကြောင့် စားပွဲတွင် အောင်ကျော်ဟိန်းနှင့် မျက်နှာချင်းဆိုင် ထိုင်ခဲ့စေကာမူ အောင်ကျော်ဟိန်းအား ကြည့်မိသည်ဆိုရုံ မြင်မိသည် ဆိုရုံမျှသာ ဖြစ်သည်။

ယခုတော့ သွေးအေးစ ပြုလာပြီဖြစ်ပြန်၊ နေရာအသေက မိမိနေထိုင်သော အဆောင်၊ မိမိပိုင်နက်ထဲ ရောက်နေပြန်မို့ ပကတိကြည့်သော အကြည့်ဖြင့် အောင်ကျော်ဟိန်းအား ကြည့်လိုက်ခြင်းပင်။

အားပါးပါး ...

ဦးအောင်ကျော်ဟိန်း၏ အပြုံးနှင့် အရယ်အမောတို့သည် ဆွဲဆောင်မှု ရှိလှပါပေ၏။ သူ၏ ထူထည်းသော နှုတ်ခမ်းစုံတို့သည် ပိတ်စေထားသောအခါ ငုံနေသောပန်းနှင့် တူသည်။

ဦးအောင်ကျော်ဟိန်း နှုတ်ခမ်းစုံဖွင့် ရယ်မောလေသောအခါတွင်မူကား ငုံရာမှ ပွင့်လာသော ပန်းပွင့်ကြီးကဲ့သို့ပါပေ။

ပုလဲစီသွားဖြူတန်းသည် စီစီရီရီ တစ်ပြေးညီ ရှိနေရာမှ ထောင့်တစ်ဖက်စီဝယ် သွားစွယ်လေးနှစ်ချောင်းက ဘောင်ကွတ်ပေးထားသလို ရှိနေသည်။ အောက်ဘက်သွားဖြူတန်းကလည်း ပုလဲလုံး စီထားသလို ဖြူဖွေးတန်းစီနေပေသည်။

ဤသို့သော ဆွဲဆောင်မှုနှင့်ပင် ဦးအောင်ကျော်ဟိန်းသည် အမျိုးသမီးတွေကို ဟောတစ်ယောက် ဟောတစ်ယောက်



အဆွေခင်ပွန်း ဖြစ်စေပြီး တစ်ယောက်ပြီးတစ်ယောက် တွဲနိုင်ခြင်းပေလား။

နှောင်းငယ်ငယ်က သူ့အား ငေးစိုက်ကြည့်နေခြင်းကို သတိထားမိသည်နှင့် အောင်ကျော်ဟိန်းသည် ရယ်မောရာမှ အတည်အတံ့အသွင် ကူးပြောင်းသွားသည်။

"တို့က စေတနာပါ နှောင်းငယ်၊ ဘယ်သူပဲဖြစ်ဖြစ် ကိုယ်ခင်တွယ်ချစ်ခင် မြတ်နိုးတဲ့သူ ဆုံးပါးသွားရင် ပူဆွေးကြစမြဲပေါ့၊ ဒီသောကမျိုးက အက်စပိုရီ အက်စပ္ပရင်သောက်ပြီး ကုစားလို့ ပျောက်တဲ့ဝေဒနာမျိုးမှ မဟုတ်တာ၊ အိုကွာ... ဆရာဝန်ကုသလို့ရတဲ့ ဝေဒနာမျိုး မဟုတ်ဘူးလို့ တို့ပြောချင်တာပါ"

နှောင်းငယ်ငယ် ပြုံးမိပြန်သည်။ သေဆုံးသူတစ်ဦးကြောင့် ပူဆွေးနေသည်ကို ဘေးမှ တရားပြ ဖြေသိမ့်သည်မှာ အဆန်းတော့ မဟုတ်။

သို့သော် ဦးအောင်ကျော်ဟိန်း ဖြေသိမ့်ပုံမှာ ပြုံးစရာ ရယ်စရာ ကောင်းနေသည်ဟု နှောင်းငယ်ငယ် ထင်မိသဖြင့်ကြောင့် ပြုံးမိပါ၏။

"ဒီသောကဝေဒနာကို ကုစားတဲ့နည်းဟာ အာရုံကိုပြောင်းပစ်ရတယ် နှောင်းငယ်၊ အိပ်ခန်းထဲမှာ လှဲနေပြီး ဒါကိုပဲ ထပ်တလဲလဲ တသသ ဖြစ်ဖြစ်နေလေ ဝေဒနာကြီးလေပေါ့။ အဲဒီတော့ မေ့မေ့ပျောက်ပျောက် ဖြစ်အောင် အခြင်းကိုများများထွက်ပေးရတယ်။ ရုပ်ရှင်တွေ ဘာတွေ ကြည့်ပစ်ရ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ယောက်ျားလေးတွေကျတော့ ဒါမျိုး ဖြစ်လာရင် အရက်သောက်ကြတယ်”

“အရက်ဖိသောက်တော့ ဒီဝေဒနာ ပျောက်ရောတဲ့လား ဦးအောင်ကျော်ဟိန်း”

“အရက်သောက်လို့ ဝေဒနာ ပျောက်သွားတယ်တော့လည်း ဘယ်ဟုတ်မလဲ၊ ဒါပေမဲ့ သောက်ရင် မူးတယ်၊ မူးတော့ အိပ်ပျော်သွားတယ်၊ အိပ်ပျော်နေခိုက် ဒီဝေဒနာ မခံစားရဘူး၊ ဒါကြောင့် အရက်သောက်တာ”

“သြော် ... သြော် ... ဦးအောင်ကျော်သိန်းက ချစ်သူနဲ့ ကွေကွင်းတဲ့အခါ ကုစားနည်းတွေကို တော်တော်သိတာပဲ၊ ဦးအောင်ကျော်ဟိန်း ကိုယ်တိုင် ဒီဝေဒနာမျိုး ခံစားဖူးလားဟင်”

“ရေရေလည်လည်ပေါ့ ... ဟဲ ... ဟဲ ...”

“ရှင်”

နှောင်းငယ်ငယ်က ဘာရယ်မဟုတ် တမင်ရွဲ့ပြီး မေးလိုက်ခြင်းသာ ဖြစ်သည်။ ယခုလို ဦးအောင်ကျော်ဟိန်းက ပြုံးကြီးနဲ့ ဖြေလိုက်သောအခါ ဝန်ခံလိုက်သောအခါ နှောင်းငယ်က ပြန်၍ပင် အံ့သြသွားပါ၏။

“နှောင်းငယ် ပြောခဲ့တဲ့ စကားလိုပေါ့ကွာ၊ ဒီလောကကြီးမှ အပြီးမပေါက်ရင် ဘာမျောက်မို့လဲပေါ့။ ငယ်ငယ်ကာလ နှစ်ဆယ်ဘဝက ဆိုပါတော့ကွာ၊ တို့က ရိုးရိုးဝိဇ္ဇာ/သိပ္ပံသာ ရခဲ့တဲ့လူပဲ။ အဲဒီအချိန်က အဖေရော အမေရော မသေကြ



သေးဘူး၊ အမွေဆိုတာက မိဘကွယ်လွန်မှ ခံစားရတာလေ၊ တို့က မိဘချမ်းသာလို့ သုံးနိုင်စွဲနိုင်ပေမဲ့ တကယ့် တို့ အရည်အချင်းက အလုပ်လျှောက်တောင် အောက်တန်းစာရေးရဖို့ မလွယ်ဘူး မဟုတ်လား၊ ဒီတော့ ကျောင်းသူကျောင်းသား ဘဝကတည်းက ချစ်လာတဲ့ မရွှေချောက တို့လိုကောင်ဟာ အစွမ်းအစ မရှိဘူး၊ မိဘသေမှ အမွေရမဲ့ကောင်၊ ဆရာဝန်ဆိုတာက လက်ဖျားငွေသီးတဲ့သူ၊ ရာသက်ပန် ပိုက်ဆံရှာနိုင်တဲ့သူ ဆိုပြီး တို့ကို ကန်သွားတယ်လေ၊ ဆရာဝန်တစ်ယောက်နဲ့ လက်ထပ်သွားပါလေရော နှောင်းငယ်”

“တကယ်”

“သြော် ... နှောင်းငယ်ရယ်၊ ကျားကိုက်တယ် ဆိုမှတော့ အပေါက်ကလေးနဲ့ပေါ့။ ဟဲ ... ဟဲ ...”

“ချစ်သူက ဒီလိုကန်သွားတာတောင် ဦးအောင်ကျော်ဟိန်းက အရယ်မပျက်ပဲ တဟဲဟဲပဲနော်”

“ဘာဟုတ်လိမ့်မလဲ ... အဲဒီတုန်းကတော့ ရေရေလည်လည်ကြီး ခံလိုက်ရတာပေါ့။ လူသတ်ချင်တဲ့စိတ်တောင် ပေါက်မိရဲ့။ နှောင်းငယ်ကျတော့ ချစ်သူဆုံးရှုံးသွားလို့ ကိုယ့်ဟာကိုယ် သတ်သေချင်တယ်၊ တို့ကျတော့ တို့ချစ်သူကိုရော တို့ချစ်သူကို ယူသွားတဲ့ သူကိုရော နှစ်ယောက်လုံးကို သတ်ချင်တာ၊ တို့အဖြစ်က နှောင်းငယ်ထက် ပိုဆိုးသေးတယ် လေကွာ၊ နှောင်းငယ် အဖို့က မလွဲမရှောင်သာ သေကွဲ

www.burmeseclassic.com



မဟုတ်လား၊ တို့မှာက အရှင်လတ်လတ်ကြီး ရှင်ကွဲလေ"

"ဒါနဲ့တောင် အခု ဦးအောင်ကျော်ဟိန်းမှာ အလွမ်းတွေ အဆွေးတွေ လုံးဝမရှိဘူးနော်"

"အဲဒါကိုပဲ တို့ ပြောတာပေါ့ နှောင်းငယ်၊ ဒီဝေဒနာမျိုးဆိုတာ ဆရာဝန်သမားတော်ကြီးဖြစ်ဖြစ် ဗိန္ဒောသမားတော်ကြီးပဲဖြစ်ဖြစ် ကုသပေးလို့ မရဘူးလေ။ ကိုယ့်စိတ်ကို ကိုယ်ကပဲ ပြန်ကုပေးရတယ်၊ အာရုံတွေ ပြောင်းပစ်ရတယ်၊ ပျော်ရွှင်နေတဲ့ လူအုပ်ကြီးထဲ ကိုယ်လည်းရောဝင်ပစ်ရတယ်၊ ရုပ်ရှင်ကြည့်ရတယ်၊ အပေါင်းအသင်းတွေနဲ့ ဂိုင်းဖွဲ့ရတယ်၊ ခရီးထွက်ပစ်ရတယ် စတဲ့ကုထုံးတွေပေါ့လေ။ အေး ... ဘာပဲပြောပြော ဒီဝေဒနာဟာ အချိန်ကာလနဲ့ ကုစားရင် ကြာတော့လည်း မေ့မေ့ပျောက်ပျောက်နဲ့ နဂိုအတိုင်း ပြန်ဖြစ်သွားစေတာပဲ နှောင်းငယ်"

"အဲဒါ မှန်တယ် နှောင်းငယ်၊ ကိုအောင်ကျော်ဟိန်း ပြောသမျှဟာ လက်တွေ့ကျကျ မှန်တာတွေပဲ"

ကြားဝင် ပြောလိုက်သော အသံကြောင့် နှောင်းငယ် မော့ကြည့်လိုက်ရာ မမမြင့် ရောက်လာသည်ကို တွေ့ရသည်။

"ကြော် ... မမမြင့် ထိုင်ပါ၊ ဟောဒီ ဦးအောင်ကျော်ဟိန်းနဲ့ မမမြင့်ကို နှောင်းငယ် မိတ်ဆက်ပေးချင်လို့"

နှောင်းငယ်က မိတ်ဆက်ပေးလိုက်သည်။ မမမြင့်နှင့် အောင်ကျော်ဟိန်းသည် မိတ်ဆက်မပေးခင်ကတည်းက နှောင်းငယ်က အောင်ကျော်ဟိန်း အကြောင်းကိုလည်းကောင်း၊ ကာရစီတ်တိုတယ် သွားသည့်နေ့က အောင်ကျော်ဟိန်းကို ကျောင်းဆရာမ မမမြင့် အကြောင်းကိုလည်းကောင်း ပြောထားပြီးသားမို့ မိတ်ဆက်ပေးရာ၌ လွယ်ကူပါ၏။ တွေ့ရတာ ဝမ်းသာပါတယ် ဆိုကြရုံနှင့် သိကျွမ်းသွားကြသည်။



"ကျွန်တော်က နှောင်းငယ်ကို ပြောနေပါတယ် ဆရာမ၊ ကိုယ့်အိပ်ရာ ကိုယ့်အခန်းမှာပဲနေလေ တစိမ့်စိမ့် ဝေဒနာ ခံစားရလေလို့"

"ဒီတော့ နှောင်းငယ်ကို ကိုအောင်ကျော်ဟိန်းက အပြင်ဘက် အလည်ခေါ်ချင်နေတာလား ကိုအောင်ကျော်ဟိန်း"

ယင်းသို့ ဆရာမမြင့်က ပြန်မေးရင်း အောင်ကျော်ဟိန်း၏ မျက်နှာအမူအရာကို ကျကျနနကြီး အကဲခတ်လိုက်လေသည်။

အောင်ကျော်ဟိန်းကလည်း အာဂလူ၊ ဆရာမ ဒေါ်မြင့်မြင့်ကို ပြန်လည်ကာ စူးစိုက်ကြည့်သည်။

"ဆရာမရဲ့ အကြည့်က ကျွန်တော့်ကို စူးစမ်းတဲ့အကြည့်ပဲ၊ အထက်တန်းပြဆရာမဆိုတော့ အရွယ်ရောက်နေတဲ့ ကျောင်းသားကျောင်းသူတွေကို ထိန်းသိမ်းသင်ပြရုံ မကဘူး၊ စူးစမ်းတဲ့ အလေ့အကျင့် ပါနေပုံရတယ်။ ဟဲ ... ဟဲ ... စိတ်ချ ဆရာမ၊ နှောင်းငယ်ကို ကျွန်တော် အပြင်ကိုခေါ်တာ ကျွန်တော့်ကိုယ်ကျိုး လုံးဝမရည်ရွယ်ဘူး၊ ကုန်ကုန်ပြောရရင် ရုပ်ရှင်အတူတွဲကြည့်တောင် နှောင်းငယ်ရဲ့ပခုံး

www.burmeseclassic.com

www.burmeseclassic.com



ကို ကျွန်တော့်ရဲ့ပခုံးက မတော်တဆ အဖြစ်နဲ့တောင် တစ်ချက် မထိစေရဘူး၊ အခုခေါ်တာ နှောင်းငယ် စိတ်ပြေလက်ပြေ ဖြစ်စေချင်တဲ့ စေတနာသက်သက်ပဲ ဆရာမ"

"ယုံကြည်ပါတယ်၊ အပျေးမြင် အပင်သိပေါ့လေ၊ ကျွန်မ မေးမြန်းမိ၊ စူးစမ်းမိတာကိုပဲ အားနာသွားပါပြီ"

"မေးသင့်ပါတယ်၊ စူးစမ်းသင့်ပါတယ်၊ ကျွန်တော်ကိုယ်တိုင်က မိန်းကလေးမျိုးစုံကို တွဲတဲ့အကျင့်ရှိမှန်း နှောင်းငယ်က ဆရာမကို ပြောပြပြီးရောပေါ့၊ ဒါပေမဲ့ တခြားစီပါ ဆရာမ၊ ဟိုအမျိုးသမီးတွေက ဟိုအမျိုးသမီးတွေပဲ၊ နှောင်းငယ်က နှောင်းငယ်ပဲဆိုတာ ကျွန်တော် ခွဲခြားပြီး နားလည်ပြီးသားပါ ဆရာမ"

သို့ဖြင့်ပင် ဘာမှန်းညာမှန်း တိတိပပ မစဉ်းစားရသေးမီ နှောင်းငယ်မှာ အောင်ကျော်ဟိန်းနှင့်အတူ အပြင်ထွက်လည်ဖို့ ဖြစ်မြောက်သွားပါ၏။ နဂိုက ဦးအောင်ကျော်ဟိန်းကို မိမိထံမှ ပ၊ ဇာတ်ပစ်ရန် ရည်ရွယ်ချက် ထားလျက်ကပင် ယခု အတူလိုက်ပါခဲ့ခြင်းမျိုး ဖြစ်သွားသည်။

အဓိကမှာ မမြင့် ကိုယ်တိုင်က နှောင်းငယ်တဆွေးသသနှင့် အိပ်ရာထဲ တခွေခွေ ဖြစ်နေသည်ကို မလိုလားသောကြောင့် ဦးအောင်ကျော်ဟိန်းကို အကဲသေချာခတ်ပြီး အတူလိုက်သွားရန် မမြင့် ကိုယ်တိုင်က တိုက်တွန်းသောကြောင့်ပါပေတည်း။



၅

အလုပ်ခွင်သို့ နှောင်းငယ် ပြန်ဆင်းပေပြီ။

နှစ်ရက်ခြားလောက်တစ်ခါ သို့မဟုတ် တစ်ရက်ခြားလောက်တစ်ခါ အောင်ကျော်ဟိန်းသည် နှောင်းငယ် တာဝန်ကျရာ စာအုပ်ဆိုင်သို့ ရောက်လာတတ်သည်။

ပထမဆုံး စာအုပ်ဆိုင်သို့ လာစဉ်က ဦးအောင်ကျော်ဟိန်း လက်တွင် အမေရိကန်လုပ် ကုလားအုပ်တံဆိပ် စီးကရက်နှစ်ကာတွန်းကိုင်ရင်း ရောက်လာခြင်း ဖြစ်သည်။'

"တို့ ဟောဒီစီးကရက် လာဝယ်ရင်း ခရီးကြုံလမ်းကြုံ နှောင်းငယ်ဆီ ဝင်လာတာပါနော်"

နှောင်းငယ်က အပြုံးနှင့် ပြန်ပြောမိသည်။

"စီးကရက် လာဝယ်ရင်း ဝင်လာတာမျိုး မဟုတ်ဘဲ တမင်သက်သက် ဝင်လာလည်း ရပါတယ် ဦးအောင်ကျော်ဟိန်း၊ နှောင်းငယ်တို့ဆိုင်က အများပြည်သူ ဝင်ရိုင်ထွက်နိုင်တဲ့ ပြည်သူ့ဆိုင်ပဲဟာ"

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်သို့ အဝင်အထွက် ရှိလာသည်မို့ မမသူဇာနှင့် ဦးအောင်ကျော်ဟိန်းကို နှောင်းငယ်ငယ်က မိတ်ဆက်ပေးရပြန်ပေသည်။

ဤမှာဘက်တွင် ဦးအောင်ကျော်ဟိန်းသည် အံ့ဩဘွယ်ကောင်းလှသည်ဟု နှောင်းငယ် ရင်ထဲတွင် မှတ်ချက်ချရတော့သည်။

အကြောင်းမူ မမသူဇာကလည်း မမြင့်ကဲ့သို့ပင် ဦးအောင်ကျော်ဟိန်းအား အကဲခတ်လေ့လာပြီးနောက် နှောင်းငယ်အား ဦးအောင်ကျော်ဟိန်းနှင့် တွဲသည်ကို အပစ်တင်ခြင်း ကန့်ကွက်ခြင်း မရှိရုံမက ...

"မမသူဇာ ... ဦးအောင်ကျော်ဟိန်းက ရွှေလမင်းဆိုင်မှာ နန်းကြီးသုပ် စားဖို့ခေါ်နေလို့"

"သွားလေ နှောင်းငယ်။ သွား ... သွား ... မန်နေဂျာဆေးရင် မမသူဇာ ကြည့်ပြောထားမယ်"

စသဖြင့် သဘောတူ တိုက်တွန်းသော ဆန္ဒမျိုးဖြင့် မမသူဇာက ဖော်ထုတ်ပြသေးသည်။

သို့ဖြင့်ပင် ...

နှောင်းငယ်သည် စိတ်ပြေလက်ပျောက် သဘောထားဖြင့် ရုံးပိတ်ရက်တွင် ဦးအောင် လာခေါ်ရာသို့ လိုက်ပါသွားသည်။ ရုပ်ရှင်ကြည့်သည့်အခါ ကြည့်သည်၊ တီရှော့နဉ်ယျာဉ်သို့လည်း ရောက်သည်။



ထို့အပြင် ကိုကိုအောင်နှင့် ချစ်ခဲ့ကြစဉ်က တစ်ကြိမ်တစ်ခါမျှ ကိုကိုအောင် လိုက်မပို့ဖူးသော နေရာ၊ နှောင်းငယ်ကိုယ်တိုင်လည်း ရှိမှန်းပင် မသိသော မယ်လမုဘုရား၊ ကျိုက္ကလို့ထိုက္ကလဲ့၊ ကျိုက္ကဆံဘုရားတွေကိုလည်းကောင်း၊ ရုပ်ရှင်ရုံအမျိုးမျိုးသို့လည်းကောင်း ဦးအောင်ကျော်ဟိန်းက တစ်မျိုးပြီးတစ်မျိုး လိုက်ပို့ပေးသည်။

နောက်တစ်ချက် ရှိသေးသည်ကား ...

ကိုကိုအောင်နှင့် အတူသွားကြပြီဆိုလျှင် ကိုကိုအောင်သည် လူပြတ်ပြီး ချောင်ကျသော အင်းလျားကန်လို နေရာမျိုး၊ ဆွယ်ဝန်းပြီး တောကောင်းသော ကမ္ဘာအေးစေတီ၏ တစ်နေရာမျိုးသွားကာ လူလစ်သည်နှင့် အမွှေ့အပိုက် အနမ်းတွေပြုဖို့ အားသန်သည်။

အဆုံးစွန်သော ဘဝကိုပင် နှောင်းငယ်က အကြောက်အကန် ငြင်းဆန်ပြီး လက်ထပ်ပြီးမှ ကိုကိုအောင့် သဘောပါဟု နှုတ်ပြောသဖြင့် ကိုကိုအောင်က ချမ်းသာပေးခဲ့ခြင်း ဖြစ်သည်။

တစ်ခုတော့ ပြောနိုင်ပါ၏။

ကိုကိုအောင်နှင့် မိမိက သူချစ် ကိုယ်ချစ် ချစ်သူတွေပေကိုးဟူ၍ပင်။

ပြောလို့သာ ပြောရသည် ယခု ဦးအောင်ကျော်ဟိန်းသည် မိမိရင်ထဲမှအပူ ငြိမ်းအေးစေရန် ဂရုတစိုက် ရှိမှုမက အယုတယ အပြုအမူတွေရော၊ မိမိကို တစ်ခါတစ်ရံ ငေးကြည့်နေတတ်သော မျက်လုံးအကြည့်တွေရောသည် မိမိရင်ထဲမှအပူ

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းအေးသွားလျှင် ချစ်ရေးဆိုပေတော့မည်ဟု နှောင်းငယ် အကဲခတ်မိထားသည်။

မိမိ အကဲခတ် မမှားပါပေ။

မှတ်မှတ်ရရ ပြောရလျှင် ကိုကိုအောင် ဆုံးသွားပြီးနောက် တစ်လပြည့်ရန် နှစ်ရက်အလိုနေ့သည် တနင်္ဂနွေရုံးပိတ်ရက်လည်း ဖြစ်နေသောကြောင့် ထုံးစံအတိုင်း ဦးအောင်ကျော်ဟိန်းသည် နှောင်းငယ်၏ ဘော်ဒါဆောင်သို့ သူ၏လင်ဆာကားသစ်ကြီးနှင့် ရောက်လာသည်။

နှောင်းငယ် အနေနှင့်ကလည်း အမှန်ကို ဝန်ခံရလျှင် တနင်္ဂနွေနေ့ ဆိုပါက ဘော်ဒါဆောင်အခန်းမှပင် နားတွင်ကျက်မှတ်နေပြီဖြစ်သော လင်ဆာကား၏ ဟွန်းသံကို နားစွင့်မိတတ်သည်။

ဒီထက်ရှင်းရှင်း ဆိုရသော် တနင်္ဂနွေနေ့တိုင်း လာနေကျ ဦးအောင်ကျော်ဟိန်းအား နှောင်းငယ် မျှော်မိသလိုဖြစ်နေချေပြီ။

စိတ်အပြောင်းအလဲ မြန်လွန်းသည်မျိုးတော့မဟုတ်။

ချစ်လှစွာသော ကွယ်လွန်သူ ကိုကိုအောင်အား တသသ ဖြစ်နေသည်ကို သက်သာ ပျောက်စေရန် ဦးအောင်ကျော်ဟိန်းနှင့် တစ်တွဲတွဲ ဖြစ်ရာမှ ယင်းသို့တွဲရသည်ကိုပင် စိတ်သာယာစေသည့် သဘောသာလျှင် ဖြစ်ပေသည်။

ယခုအပတ် တနင်္ဂနွေတွင် ဦးအောင်ကျော်ဟိန်းသည် နှောင်းငယ်အား ရုပ်ရှင်ကြည့်မလားဟု မမေး၊ ဟိုဘုရား ဒီဘုရား



တွေ သွားကြမလားဟုလည်း မမေး၊ သူ၏ လင်ဆာကားကို ဖြည်းဖြည်းချင်းလိမ့်ကာ ကန်တော်ကြီးကို ပတ်နေသည်။

နှောင်းငယ်ကိုလည်း ခါတိုင်လို ဟာသတွေမပြော၊ အဟဲဟဲမရယ်ပဲ အာရုံတစ်ခုခု အပေါ်တွင် စူးစိုက်နေသော သဘောရှိနေပေသည်။

"ဒါက ဘယ်လိုဖြစ်နေတာလဲ ဦးအောင်ကျော်ဟိန်း၊ တေမိဇာတ် ခင်းပြနေတာလား"

"တေမိဇာတ် မခင်းပါဘူး နှောင်းငယ်၊ သေမြေကြီး ရှင်ရွှေထီးဇာတ်ကို ခင်းလိုက်ရ ကောင်းမလားလို့ စဉ်းစားနေတာပါ"

"ရှင်"

"ကဲပါလေ ... ဖွင့်ပြောလိုက်တော့မယ်၊ နှောင်းငယ်ကိုတို့ ရင်ထဲက ချစ်နေပြီ"

"ဩော် ... ဩော် ..."

"နှောင်းငယ် အံ့သြသွားတာလား"

"ဟင့်အင်း ... အံ့သြမသွားပါဘူး၊ တစ်နေ့နေ့ကျရင် ဦးအောင်ကျော်ဟိန်း ဆီက ဒီအသံ ဒီစကား ထွက်လာလိမ့်လို့ နှောင်းငယ် တင်ကြိုတွက်ထားပြီးသားပဲဟာ"

"တယ်တော်ပါလား။ ဘာဖြစ်လို့ နှောင်းငယ်က အဲဒီလိုတင်ကြိုတွက်ထားနိုင်တာလဲ"

"အတွေ့အကြုံအရ ဆိုပါတော့၊ တော်တော်များများ ယောကျ်ားတွေဟာ ဒီလိုပဲ နှောင်းငယ်ကို မိတ်ဆွေဖွဲ့ကြ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ မိတ်ဆွေဘဝမှာပဲ သူတို့ရဲ့ အပြုအမူနဲ့ အကြည့်တွေကို နှောင်းငယ် အကဲခတ်ပြီး၊ အင်း ... မကြာတော့ဘူးထင်ပါရဲ့လို့ စိတ်ထဲက ထင်လိုက်တယ်။ ထင်တဲ့အတိုင်းပဲ မကြာခင်မှာပဲ နှောင်းငယ်ကို ချစ်မိပြီဆိုတဲ့ လေသံစကားသံ ထွက်လာလေ့ရှိကြတာပဲ"

နှောင်းငယ်၏ စကားအဆုံးတွင် အောင်ကျော်ဟိန်းသည် ကားကို လမ်းဘေးတွင် ကပ်နိုင်သမျှ ကပ်ပြီးရပ်လိုက်ပါ၏။

ပြီး ... ကားသော့ကို ပိတ်ကာ စက်ရပ်လိုက်လေသည်။

ထို့နောက် သူ၏ကိုယ်ကို တစောင်းလှည့်ကာ နှောင်းငယ်ကို သေချာကြည့်ရင်း ပြောလိုက်သည်။

"တို့ကိုလည်း နှောင်းငယ် တွေ့နေကျ ယောကျ်ားသားလူစားမျိုးလို့ပဲ နှောင်းငယ်က ယေဘုယျထဲ ရောထည့်လိုက်တာပေါ့ ... ဟုတ်လား"

နှောင်းငယ် ဘာပြန်ပြောရမှန်း မသိ။

"တို့ကို နှောင်းငယ်က ပွဲလန့်တုန်း ဖျာခင်းတဲ့လူလို့ ထင်နေသလား"

"အဲဒီလိုတော့ မထင်ပါဘူး၊ တကယ်တော့ ဦးအောင်ကျော်ဟိန်းလိုလူဟာ ပွဲလန့်မှ ဖျာခင်းစရာမှ မလိုတာ။ ဆိုင်ဝိုင်းနောက်က နေရာကို ယူမလား၊ ဇာတ်စင်ရှေ့တည့်တည့်က နေရာကို ယူမလား၊ ဦးအောင်ကျော်ဟိန်းက ဘာ



လောက်ပေးရပေးရ ဖျာနေရာကောင်းကို ဝယ်ယူနိုင်တဲ့လူပဲ။ နုပေ့ ပျိုပေ့ ညွန့်ပေ့ ဆိုတဲ့ မိန်းကလေးတော်တော်များများထဲက စိတ်ကြိုက်ကို ရွေးနိုင်နေတာပဲ"

"စကားကို ဘာလို့ ဝေ့နေမလဲ နှောင်းငယ်၊ တို့အနေနဲ့ ဘယ်သူတွေနဲ့တွဲတွဲ၊ အခုလက်ရှိမှာ နှောင်းငယ်ကို တို့ချစ်မိပြီဆိုတာနဲ့ သက်ဆိုင်တဲ့ အကြောင်းအရာကိုသာ ပြောသင့်တယ်၊ တို့ရဲ့အပြစ်တွေကို သွယ်ဝိုက်ပြီး ဖော်ပြနေတာလားနှောင်းငယ်။ တို့ ဥပမာတစ်ခု ပြောမယ်။ ဇာတ်ပွဲမှာ နှစ်ပါးသွား ထွက်ပြီဆိုရင် မင်းသားကတော့ တစ်လက်တည်းပဲ၊ မင်းသမီးတွေကတော့ လေးငါးခြောက်လက်မဟုတ်လား။ အဲဒီလို မင်းသမီးတွေ တစ်ပြိုကြီးနဲ့ တွဲက, တိုင်း အဲဒီမင်းသားက မင်းသမီးတွေကို ချစ်သွားရောတဲ့လား။ ဘယ်ဟုတ်မလဲ နှောင်းငယ်၊ နှစ်ပါးသွားလည်းပြီးရော မင်းသားဟာ သူ့ချစ်သူ၊ သူ့ဇနီးဆီကိုသာ တန်းသွားတာပဲ၊ တို့ ဆိုလိုတာက တွဲတိုင်း ချစ်သူ မဟုတ်ဘူးလို့ ဆိုလိုတာပဲ၊ တို့ မိန်းကလေးတွေ အများကြီး တွဲခဲ့သားပဲ။ ဒါပေမဲ့ တစ်ယောက်ကိုမှ ချစ်လည်းမချစ်ခဲ့ဘူး၊ ချစ်ပါတယ်လို့လည်း ဖွင့်ဟမပြောခဲ့ဘူး။ နှောင်းငယ်ကျမှ ရင်ထဲက တကယ်ချစ်မိတာ၊ ချစ်မိလို့လည်း ဖွင့်ပြောတာ"

"ဟုတ်ပါတယ်၊ နှောင်းငယ်က ဆင်းရဲပါတယ်နော်"

"အဲဒါ တို့စဉ်းစားတဲ့ အထဲမှာ ပါသားပဲ"

"နှောင်းငယ်ဟာ တစ်ကောင်ကြွက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအတွက် ကရုဏာစိတ် ပိုပြီးကြီးမားတာလည်း ချစ်ရတဲ့ အကြောင်းထဲမှာ ပါပြီးသားပါ"

"အခုက အချက်ကတော့ ဦးအောင်ကျော်ဟိန်းနဲ့ နှောင်းငယ် အခြေအနေခြင်း ကွာဟလွန်းနေတယ်၊ နှောင်းငယ်က ဦးအောင်ကျော်ဟိန်းဆီက အယူသက်သက်ဖြစ်ပြီး ဦးအောင်ကျော်ဟိန်းက နှောင်းငယ်ကို အပေးသက်သက် ဖြစ်လာမယ်"

"မှန်တယ်၊ လက်ရှိအချစ်ရေးမှာကိုက တို့ကသာ နှောင်းငယ်ကို ချစ်လာပြီး၊ နှောင်းငယ်က တို့ကို ချစ်မလာသေးဘူးဆိုတာလည်း တို့ ထည့်တွက်တယ်။ ကိစ္စရှိဘူး၊ တို့ပေးတဲ့အချစ်ကို နှောင်းငယ် ယူတယ်ဆိုရင်ပဲ လတ်တလော တို့ ကျေနပ်တယ်၊ နှောင်းငယ်ဆီက အချစ်ကတော့ တို့ကိုပြန်ပေးချင်တဲ့အချိန်ကျမှပေးပါ၊ ကဲ ... တို့ ပြတ်ပြတ်သားသားပြောမယ်၊ ချစ်တယ်လို့ ပြောတဲ့နေရာမှာ ယောကျ်ားတိုင်းဟာ လွယ်လွယ်လေး ပြောလို့ရတယ်၊ ဒါပေမဲ့ လက်ထပ်မလားဆိုတဲ့ အပိုင်းကျတော့ ယောကျ်ားလေးဘက်က အဆင်မပြေတာတို့ အင်တင်တင် ဖြစ်တာတို့ ရှိတတ်ကြတယ်။ တကယ်ချစ်တာကို သက်သေထူရင် တကယ်လက်ထပ်ရဲရမယ်။ တို့ ပြောမယ်၊ နှောင်းငယ်ကို တို့ တရားသူကြီးရှေ့မှောက် တ-ဉ-ရုံးမှာ လက်ထပ်မယ်၊ ဒါဟာ တို့ရဲ့အချစ်ကို သက်သေထူပြတာပဲ။ ဘယ့်နှယ်လဲ နှောင်းငယ်"



နှောင်းငယ်ငယ် မဖြေတတ်။ ဘာပြန်ပြောရမှန်းသေိ။

"လက်ထပ်တာမှ အခုလာမဲ့ သီတင်းပတ်ထဲမှာပဲ လက်ထပ်မယ် နှောင်းငယ်။ တို့မှာ နောက်သီတင်းပတ်ထဲမှာပဲ တောင်ကြီးကို မသွားရင်မဖြစ်တဲ့ ကိစ္စရှိတယ်။ တောင်ကြီးက ထင်းရှူးမြိုင်ဟိုတယ်ကို ကိုယ်တိုင်သွားပြီး စီစဉ်စရာတွေ ရှိနေတယ်"

"တောင်ကြီးက ထင်းရှူးမြိုင်ဟိုတယ် ဟုတ်လား"

"တို့က မြို့ကြီးတွေအနှံ့မှာ ထင်းရှူးမြိုင်ဆိုတဲ့ နာမည်နဲ့ပဲ ဖွင့်ထားဆဲ ဟိုတယ်တွေ ရှိတယ်။ မော်လမြိုင်မှာလည်း ရှိတယ်၊ ပြည်မှာလည်း ရှိတယ်၊ မန္တလေးမှာတော့ မရှိသေးဘူး၊ အခု တောင်ကြီးသွားမဲ့ကိစ္စကလည်း တောင်ကြီးထင်းရှူးမြိုင်ဟိုတယ်ကနေပြီး ဆင့်ပွား မန္တလေးမှာ ထပ်ပြီး ထင်းရှူးမြိုင်ဟိုတယ် ဖွင့်နိုင်ဖို့ စီစဉ်မှာ"

"အရမ်းကို ချမ်းသာတာပဲနော်"

"ဘဝအထိုထိုက ကံရဲ့အကျိုးပေး ဆိုတာပေါ့လေ။ ကဲပါ အဲဒါတွေ ထားလိုက်ပါ၊ နှောင်းငယ် သဘောတူတယ်ဆိုရင် အခုလာမဲ့အပတ်မှာပဲ နှောင်းငယ်နဲ့ လက်ထပ်ပြီး တောင်ကြီးကို ပျားရည်ဆမ်း ဟန်းနီးမွန်းထွက်မယ်၊ အဲဒါ ဘယ့်နှယ်လဲ နှောင်းငယ်"

နှောင်းငယ် ဘာပြန်ပြောမည်နည်း။

အချစ်ကို သက်သေထူရာတွင် ဤမျှပြတ်သားသော ယောကျ်ားမျိုး အဘယ်မှာ ရှိခြိမ့်မည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ချက် တို့ ရဲရဲကြီး သစ္စာစကား ထပ်ပြောဦး မယ်၊ တို့တစ်သက်မှာ ဘယ်အမျိုးသမီး တစ်ယောက်နဲ့မှ လက်ထပ်ဖူးတာ မရှိသေးဘူး၊ နှောင်းငယ်ဟာ တို့တစ်သက် မှာ ဒုတိယချစ်သူ ဆိုတာတော့ မှန်တယ်၊ ဒါပေမဲ့ တို့ရဲ့ ပထမဆုံး လက်ထပ်သူဟာ နှောင်းငယ် တစ်ယောက်တည်း ပါ နှောင်းငယ်"

"အို... ဒါတွေ နှောင်းငယ် ထည့်မတွက်ပါဘူး။ နှောင်းငယ် ဟာ ဒုတိယချစ်သူမကလို့ နဝမ ဒသမတွေ ဖြစ်ကော ဘာအရေးလဲ၊ ချစ်တာဟာ ချစ်တာပဲပေါ့"

"အဲဒီစကား သိပ်မှန်တာပေါ့၊ အချစ်ကို တိုင်းတာပေး ပြဒါးတိုင် မရှိဘူး၊ ချိန်ခွင် မရှိဘူး၊ နှလုံးသားထဲ ထွက်လာရင် အချစ်ဟာ အချစ်ပဲ။ နှောင်းငယ်ဟာ တို့ ဒုတိယချစ်သူ ဆိုပေမဲ့ တို့ရင်ထဲမှာ ပထမတုန်းက မေ ချောကို ချစ်မိခဲ့တဲ့အချစ်ထက် ပိုပြီး မလျော့နည်းဘူး ထင်တာပဲ။ ဒီလိုအချစ်မျိုးဆိုတာက မပေါ်ချင်ရင် ပေ အဝီစိအထိ ငုတ်နေပြီး ပေါ်လာပြီဟော့ ဆိုရင် တာဝ သာအထိ တက်သွားတာမျိုးလား မပြောတတ်ဘူး၊ အ တာဝတိံသာအထိတက်မဲ့ အချစ်မျိုးနဲ့ နှောင်းငယ်ကို ချစ်တာပါ၊ ယုံရဲ့လား နှောင်းငယ်"

နှောင်းငယ် အဖြေမပြုသေးပဲ ငေးနေသည်။ ပြီး သူမ ရင်ထဲတွင် ဖြစ်ပေါ်လာသည့်အတိုင်း ပြောချလိုက်သည်



"နှောင်းငယ် ဦးအောင်ကျော်ဟိန်းကို လက်ထပ်ရမှာ အပြစ်တစ်ခုကို ကျူးလွန်ရာ ရောက်သွားတယ်လို့ ရင်ထဲ မှာ ခံစားနေရတယ်။ ဦးအောင်ကျော်ဟိန်းကိုသာ မဟုတ် ပါဘူး၊ တခြား ဘယ်သူတစ်ယောက်ကိုပဲဖြစ်ဖြစ် အခုနေ လက်ထပ်လိုက်ရင် ဒီလိုပဲ ခံစားရမှာပါ"

"ဆိုပါဦး၊ အဲဒီလို ဘာကြောင့် ခံစားရသလဲလို့"

"သေသွားတာ တစ်လပဲ ကြာသေးတဲ့ ကိုကိုအောင့်ကို သစ္စာဖောက်သွားရာ ရောက်သွားတဲ့ အပြစ်ကြီးပဲ ဦးအောင် ကျော်ဟိန်း"

ယခုတစ်ချီ ငိုင်သွားသူမှာ အောင်ကျော်ဟိန်းပင် ဖြစ်ရတော့သည်။

သေသွားတဲ့ ကိုကိုအောင်ကို မေ့ပစ်လိုက်ပြီး တို့ကို လက်ထပ်ပါဟု ပြောလိုက်လျှင် မိမိသည် လူဆန်ပါဦးမည်တဲ့လား။

အောင်ကျော်ဟိန်းသည် ဘာမျှ ပြန်မပြောသေးပဲ သူ၏ကားကို စက်ပြန်နှိုးလိုက်သည်။

ကတ္တရာလမ်းပေါ်သို့ ပြန်တက်မောင်းခဲ့သည်။ ပြီးနောက် တစ်ခွန်းချင်းဆက်၍ ပြောသည်။

"သေသွားတဲ့ချစ်သူရဲ့ လက်ထဲက အတင်းဖွတ်ယူလိုတဲ့ စကားမျိုးတော့ တို့လည်း ထပ်မပြောချင်ဘူး နှောင်းငယ်။ တို့ကို လက်ထပ်လိုက်တာနဲ့ သေဆုံးသွားတဲ့ ချစ်သူကို သစ္စာဖောက်ရာ ကျတယ်၊ သစ္စာဖောက်ရာ မကျဘူးဆိုတာ ကိုတော့ တို့ မဝေဖန်လိုဘူး။ နှောင်းငယ်ကို အခု ဘော်ဒါ

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ကို ပြန်ပို့ပေးမယ်။ ဒီနေ့ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါနေ့အထိ နှောင်းငယ် တို့ကို လက်ထပ်နိုင်မလားဆိုတာ စဉ်းစားဆုံးဖြတ်ပါ၊ ဗုဒ္ဓဟူးနေ့ကျရင် နှောင်းငယ်ရဲ့စာအုပ်ဆိုင်ကို တို့လာခဲ့မယ်။ ဗုဒ္ဓဟူးနေ့မှာ တို့ကို အဖြေပေးပါ။ အိုကေတယ်ဆိုရင် ကြာသပတေးနေ့မှာ တရားဝင်လက်ထပ်ဖို့ တို့ အားလုံးစီစဉ်မယ်။ ကြာသပတေးနေ့ လက်ထပ်ပြီးတာနဲ့ သောကြာနေ့မနက် အစောကြီးမှာ တစ်ခါတည်း တောင်ကြီးကို ဟန်းနီးမွန်း ထွက်ကြမယ်။ အဲ ... ဗုဒ္ဓဟူးနေ့ နှောင်းငယ်ရဲ့ အဖြေဟာ 'နိုး'ဆိုရင် အဲဒီဗုဒ္ဓဟူးနေ့ဟာ နှောင်းငယ်နဲ့ တို့ရဲ့ တွေ့ဆုံခြင်းဟာ နောက်ဆုံးနေ့လို့ဘဲ သတ်မှတ်လိုက်ပေတော့၊ ဒါကြောင့် ဒီစကား တို့ /ဖွင့်ပြောတာဟာ တို့အတွက် သေမြေကြီးရှင်ရွှေထီးလို့ ပဏာမခံပြောတာ"

နှောင်းငယ် ရင်ထဲတွင် တစ်မျိုးကြီးသော လှိုက်လှဲမှုခံစားလိုက်ပါ၏။ ဦးအောင်ကျော်ဟိန်းက ဗုဒ္ဓဟူးနေ့တွင် မိမိ "နိုး"ဆိုသည့် အဖြေပေးပါက ၎င်းဗုဒ္ဓဟူးနေ့သည် သူနှင့်မိမိတို့၏ နောက်ဆုံးနေ့ဟု ဆိုလိုက်ခြင်းသည် နှောင်းငယ် ရင်ဆို့သွားပါလေတော့သည်



## ၆

"မှတ်ထား နှောင်းငယ်"

မမမြင့်က နှောင်းငယ်၏ အကျိုးအတွက် အလေးအနက် စကားတွေ ပြောပါ၏။

"ဇနက္ကမင်းသား ကျောက်ဖျာပေါ်ရောက်ပြီး ဖုတ်သွင်းရထားဆိုက်၊ ရှင်ဘုရင်ဖြစ်လာဖို့အတွက် သမုဒ္ဒရာထဲမှာ သင်္ဘောပျက်ပေးရတယ်။ တကယ်လို့သာ ဇနက္ကမင်းသားဟာ ကုန်ကူးသွားရင်း သင်္ဘောမပျက်ဘူးဆိုရင် ဇနက္ကမင်းသားဟာ ကုန်ရောင်းကုန်ဝယ် ကုန်သည်ဘဝမှာပဲ ရှိသွားမယ်။ မေခလာနတ်သမီးနဲ့လည်း တွေ့စရာမရှိဘူး၊ ရှင်ဘုရင် ဖြစ်လာစရာလည်း မရှိဘူး၊ ကိုအောင်ကျော်ဟိန်းဟာ နှောင်းငယ်ရဲ့ မေခလာပါ၊ အခု မမမြင့် ပြောပြနေတာတွေဟာ အစ်မအရင်း တစ်ယောက်က ကိုယ့်ညီမအရင်းလေး ကောင်းစားတာ မြင်ချင်လို့ဆိုတဲ့ စေတနာလို့ နှောင်းငယ် ယုံရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"သိပ်ကို ယုံပါတယ် မမမြင့်"

"ယောက်ျားလေး တစ်ယောက်က ချစ်စရာသိပ်ကောင်းနေတဲ့ မိန်းကလေးတစ်ယောက်ကို ချစ်တယ်လို့ ဖွင့်ပြောတာဟာ သူတို့အတွက် ထမင်းစား ရေသောက် အလွယ်ပြောတာလို့ မှတ်ယူနိုင်တယ်။ အဲ ... တရားဝင် လက်ထပ်ကြပါစို့လို့ ဖွင့်ပြောပြီ ဆိုရင်တော့ သူဟာ တကယ်စွန့်စားပြီလို့ မှတ်ယူရမယ်၊ ကောင်းပြီ ... အဲဒီဖွင့်ပြောတဲ့ယောက်ျားကို ကိုယ့်ဘက်က ရာသက်ပန်အတွက် စဉ်းစားရတော့မယ် ...

"ကဲ ... ကိုအောင်ကျော်ဟိန်းကို ကြည့် ...

"ရုပ်ချောသလားပဲ၊ ရုပ်ချောရုံ မကဘူး၊ ယောက်ျားဆန်တယ်၊ ယောက်ျားပီသတယ်။ စိတ်နေသဘောထားကို ကြည့်ဦး၊ စိတ်သဘောထား မြင့်မားကောင်းမွန်တယ်၊ တစ်ပါးသူ အပေါ်မှာ အကြင်နာနဲ့ ကရုဏာစိတ်မျိုးရှိတယ်၊ နောင်ငယ် အပေါ်မှာ ကရုဏာနဲ့ စေတနာလွန်ကဲရာက နှလုံးသားထဲက ချစ်သွားတဲ့သဘောရှိတယ်၊ ပညာအရည်အချင်းက ဘွဲ့ရပြီးသား။ ဥစ္စာပစ္စည်းနဲ့ ငွေကြေးချမ်းသာမှုမှာလည်း သူ့မှာ ညီအစ်ကိုမောင်နှမ ဦးလေး အဒေါ်မရှိ ဖိုဘမရှိတော့တဲ့ ဥတစ်လုံးသမား အနှောင်အဖွဲ့ ဘာမှမရှိတဲ့သူ။ သူ့ကို လက်ထပ်တဲ့ ဇနီးမယားအတွက် ဘယ်လောက်ကောင်းတဲ့ အခွင့်အရေးလဲ ...



"အဲ ... ကိုအောင်ကျော်ဟိန်းမှာ နောင်ငယ်အတွက် ပြောစရာနှစ်ခုတော့ ရှိလေရဲ့။ ပထမတစ်ခုက သူဟာ အမျိုးသမီးမျိုးစုံနဲ့ တွဲတတ်တယ်။ ဒါကျတော့ မမမြင့် ထင်တယ်လေ၊ သူ့မှာ တိတိပပ ချစ်သူလည်းမရှိ၊ ဇနီးလည်း မရှိတဲ့အခိုက်မှာ လူက လူပျိုလူရွယ်လည်း ဖြစ်နေပြန်တော့ ဒီလောက်တော့ သူ ရောက်ရှိနေတဲ့ အခြေအနေနဲ့ ရှိမှာပဲ။ တွဲပုံတွဲနည်းကလည်း အမျိုးသမီး အမျိုးမျိုးကို ခိုးချောင်ခိုးဝှက် တွဲတာမျိုး မဟုတ်ဘူး၊ ပြောင်တွဲတာ။ အဲဒါကိုက တွဲရုံတွဲတာ၊ ဒီထက်ပိုပြီး မလေးနက်ဘူးလို့ ယူဆနိုင်နေတယ်။ တကယ်လို့ သူ့မှာ ရင်ထဲက တကယ်ချစ်သူက ဖြစ်စေ၊ သူ့ရဲ့ လက်ထပ်ဇနီး ရတဲ့အခါဖြစ်စေ ဖျောင်းဖျ မှုံကိုင်လိုက်ရင် ဒီအကျင့် ပျောက်သွားနိုင်လောက်တာပဲ။ သူ အရက်တော့ သောက်တယ်၊ ဒါပေမဲ့ အလွန်အကျွံ မသောက်ဘူး၊ ဖျောင်းဖျနားချလို့ ရတဲ့အခြေအနေမှာ ရှိနေတယ်။ လောင်းကစား လုံးဝမရှိဘူး ...

"ဒုတိယအချက်က သူဟာ နောင်ငယ်ထက် အသက်က ဆယ်နှစ်လောက် ပိုပြီးကြီးနေတယ်။ ဒါကိုလည်း မိန်းကလေးဘက်က အမိက မထားသင့်ဘူး၊ ကိုယ့်ခင်ပွန်းဟာ ကိုယ့်ထက် အသက်ပိုကြီးတာဟာ အိမ်ထောင်မှာ ခံညားနေစေတယ်၊ ဆိုတာက မိန်းမက အသက်ကြီးပြီး ယောက်ျားက ငယ်နေရင်သာ အဆင်မပြေတာ၊ အဲ ... မမမြင့်တို့ မြန်မာစကားပုံတောင် ရှိတယ် မဟုတ်လား၊

www.burmeseclassic.com



ယောက်ျားမောင်ပဥ္စင်း၊ မိန်းမ ပုခက်တွင်းတဲ့လေ။ ဆိုလိုတဲ့ သဘောအဓိပ္ပာယ်က ပဥ္စင်းခံတယ်ဆိုတာ ယောက်ျားသား အသက်နှစ်ဆယ်ပြည့်မှ ပဥ္စင်းခံခွင့်ရှိတယ်။ ပုခက်တွင်း ဆိုတာက နို့စို့ကလေးအရွယ်ကို ညွှန်းတာ။ အဲဒီတော့ မိန်းကလေးနဲ့ ယောက်ျားလေးဟာ အသက်နှစ်ဆယ် ကွာ စေဦးတော့ အရွယ်ရောက်လာတဲ့အခါ ညီတူဖြစ်သွားနိုင် တယ်လို့ ဆိုလိုတာပဲ။ နောက်တစ်ချက် ရှိသေးတာက မမြင့်တို့ နှောင်းငယ်တို့ မိန်းမသား ဆိုတာက အိမ်ထောင် ပြုတာနဲ့ မကြာခင် သန္ဓေဆောင်ရမယ်။ သားသမီးမွေးဖွား ရမယ်၊ ပဋိသန္ဓေဆောင် သားမွေးလိုက်တာနဲ့ မိန်းမသား မှာ လျော့ရဲသွားတတ်ကြတာမဲ့။

အဲဒီအချိန်ကျရင် ကိုယ့်ထက် အသက်ပိုကြီးတဲ့ လင်သားနဲ့ အတွဲညီသွားတယ်။ ဒီတော့ နှောင်းငယ်ထက် ကိုအောင်ကျော်ဟိန်းက အသက် ကိုးနှစ် ဆယ်နှစ် ပိုကြီး တာ ဘာအရေးလဲ။

အေးလေ ... အခုပြောမှသာ ပြောရတာပါ၊ အခု လက်ရှိအမြင်မှာကိုပဲ နှောင်းငယ်နဲ့ ကိုအောင်ကျော်ဟိန်းဟာ အတွဲညီနေသားပဲ။ သူက နုပျိုပြီး လူချောတစ်ယောက်ပဲဟာ၊ အတွဲညီပြီးသားပါ။ နှောင်းငယ်နဲ့ အတူတွဲသွားလို့ ဘေး အမြင်က သား အဖလား၊ တူဝရီးလားလို့ ထင်ရလောက် အောင် ကွာခြားနေတာမှ မဟုတ်တာ၊ မသကာ နှောင်းငယ် ရဲ့ အစ်ကိုလားလို့လောက်သာ ထင်စရာပါ"



မမြင့်က စိတ်ရှည်လက်ရှည် စကားတွေ ပြောပြ ရှင်းပြသည်ကို နှောင်းငယ်သည် ဂရုတစိုက် အလေးအနက်ထား ပြီး နားထောင်နေပါ၏။ မမြင့် စကားတစ်ထောက် နားလေမှ နှောင်းငယ်က သူ့ရင်ထဲ ရှိနေသည်ကို ဖွင့်ပြောလိုက်မိသည်။

"အခု မမြင့် ပြောသမျှအားလုံးဟာ အိမ်ထောင်ရေး၊ အဆင်ပြေရေး သက်သက်တွေချည်းပဲနော်"

"ဪ ... နှောင်းငယ်ရယ်"

မမြင့်က ညည်းညည်းတွားတွားလေး ရွတ်ဆိုလိုက် ပါ၏။

"ဘာလဲ ... နှောင်းငယ် ဆိုလိုချင်တာက ကိုအောင်ကျော် ဟိန်းဟာ နှောင်းငယ် အတွက် အိမ်ထောင်ဖက် အနေနဲ့ အဆင်ပြေမှာမို့ သူ့ကို နှောင်းငယ် မချစ်ဘူးလို့ ဆိုလိုတာ လား။ ကဲ ... မမြင့်က မေးမယ်။ အခု ကိုအောင်ကျော် ဟိန်းနဲ့ နှောင်းငယ် တွဲနေတာ တစ်လလောက်ရှိပြီ၊ နှောင်းငယ်ရဲ့ ရင်ထဲမှာ ကိုအောင်ကျော်ဟိန်းကို နည်း နည်းလေးမှ မချစ်မိဘူးလား။ အမှန်အတိုင်း ဖြေနော်"

"ချစ်တယ်လည်း မဟုတ်ဘူး၊ မချစ်ဘူးလည်း မဟုတ်ဘူး မမြင့်ရယ်"

"ဟာ ... နှောင်းငယ်ဟာက မပြတ်သားလိုက်တာ"

"တကယ်လို့သာ နှောင်းငယ်ရဲ့ ရင်ထဲမှာ ဗလာသက်သက် ဖြစ်နေရင်တော့ ဦးအောင်ကျော်ဟိန်းကို နှောင်းငယ် လက် ထပ်ဖို့ လွယ်လွယ်လေး ခေါင်းညိတ်မိမှာပါ။ အခုတော့

www.burmeseclassic.com

www.burmeseclassic.com



နှောင်းငယ်ရဲ့ ရင်ထဲမှာ ကိုကိုအောင် ရှိနေသေးတယ် မမမြင့်၊ ဦးအောင်ကျော်ဟိန်းကို လက်ထပ်လိုက်ခြင်းဟာ ကိုကိုအောင့်ကို သစ္စာဖောက်ရာ ရောက်သွားတယ်လို့ နှောင်းငယ်ရဲ့ ..."

"သေသွားပြီပဲ နှောင်းငယ်။ နှောင်းငယ်ကို မမမြင့် ထပ်မေးမယ်၊ နှောင်းငယ် ဗုဒ္ဓဘာသာကို ယုံကြည်သလား၊ ဗုဒ္ဓရဲ့ အဟောတရား၊ သုံးဆယ့်တစ်ဘုံ ဆိုတာကိုကော ယုံကြည်သလား"

"လေးလေးစားစားနဲ့ လေးလေးနက်နက်ကြီးကို ယုံကြည်ပါတယ် မမမြင့်"

"ဒါဆို သေတာဟာ ဘာလဲ၊ သေတာဟာ ဘဝတစ်ပါးကို ကူးပြောင်းသွားတာပဲ မဟုတ်လား၊ ဘဝတစ်ပါးကို ပြောင်းသွားတယ် ဆိုတာနဲ့ ဇာနီအောင်ဟာ သုံးဆယ့်တစ်ဘုံက တစ်ဘုံဘုံကို ရောက်သွားတာပဲ။ နောက်တစ်ဘဝကို ရောက်သွားတာပဲ။ ဒီဘဝက အကြောင်းတွေကို မောင်ဇာနီအောင် ဘာမှမသိတော့ဘူး၊ နှောင်းငယ် ဆိုတာလည်း သူ့အဖို့မရှိတော့ဘူး၊ ဒီဘဝက သူ့မိဘတွေလည်း သူ့အတွက် မရှိတော့ဘူး"

နှောင်းငယ် ဖြည်းလေးစွာ ခေါင်းညိတ်ပြသည်။

"ရှင်ကွဲ ကွဲကြတဲ့ အဲခြေအနေမှာ ကိုယ့်ချစ်သူအပေါ် သစ္စာမဖောက်ချင်ဘူး ဆိုတာ အဓိပ္ပာယ်ရှိတယ်ဆို ရှိသင့်သလောက် ရှိတယ်။ ဥပမာ ... မောင်ဇာနီအောင်ဟာ



သေသွားတာ မဟုတ်ဘဲ တခြားမိန်းကလေးတစ်ယောက်ကို လက်ထပ်ယူသွားတာဆိုပါတော့၊ နှောင်းငယ်ကတော့ သူ့အပေါ် ချစ်တဲ့စိတ်ကြောင့် သစ္စာမဖောက်ဘူးဆိုပြီး နောက်အိမ်ထောင် ဘယ်သူ့ကိုမှ နှောင်းငယ် လက်မထပ်ဘူးဆိုပါတော့၊ အဲဒါက အဓိပ္ပာယ်ရှိသင့်သလောက် ရှိတယ်၊ နှောင်းငယ် သစ္စာရှိသလောက် မောင်ဇာနီအောင်က တစ်နေရာရာကနေပြီး သိနိုင်တယ်။ ဪ ... နှောင်းငယ် ငါ့အပေါ် သစ္စာရှိလိုက်တာလို့ တသသ ခံစားခွင့်ရှိတယ်။ အဲဒါ ဘာလို့လဲ၊ မောင်ဇာနီအောင်က အသက်ရှင်လျက် ရှိနေတာကိုး။ မမမြင့် ပြောတာ သဘောပေါက်ရဲ့လား နှောင်းငယ်"

နှောင်းငယ် ခေါင်းညိတ်ပြပြန်သည်။

"အမှန်တော့ နှောင်းငယ်ရယ်၊ ပစ္စုပ္ပန်နဲ့ အနာဂတ်ကာလချင်း ကွာခြားတာကလွဲပြီး နှောင်းငယ်ဟာ ဒီလုပ်ရပ်ကို လုပ်ရမှာပါ"

"ရှင် ... အဲဒါ ဘာကိုဆိုလိုတာလဲ မမမြင့်၊ အဲဒီ မမမြင့် ပြောတဲ့ စကားကို နှောင်းငယ် နားမလည်ဘူး"

"နားထောင်၊ မမမြင့် ရှင်းအောင်မေးမယ်။ မောင်ဇာနီအောင် အပေါ် ချစ်တဲ့စိတ်ကြောင့် တစ်သက်လုံး သေသည်အထိ နှောင်းငယ် အိမ်ထောင်မပြုတော့ပဲ နေမှာလား"

နှောင်းငယ် တွေဝေသွားပါ၏။ ပြီးမှ ဦးခေါင်းကို ဖြည်းလေးစွာ ခါယမ်းပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါပဲပေါ့ နှောင်းငယ်။ နှောင်းငယ်ရဲ့ ရင်ထဲမှာ နောက်ထပ် တစ်နှစ်ကြာချင် ကြာမယ်၊ ဒါမှမဟုတ် နှစ်နှစ် သုံးနှစ် ကြာချင်ကြာမယ်၊ အဲဒီနောက်မှာတော့ ကိုကိုအောင်ဆိုတာ မှေးမှိန်သွားမယ်၊ နောက်ဆုံး ပျောက်ကွယ်သွားမယ်၊ သေသောသူ ကြာရင်မေ့ဆိုတာ အလွန်မှန်ကန်တဲ့ စကားတစ်ခုပဲဟာ။ အဲဒီအခါကျရင် နှောင်းငယ်ဟာ တစ်ဦးတစ်ယောက်ကို လက်ထပ်ရတော့မှာပဲ။ ထပ်ပြီးချစ်လာတဲ့ ချစ်သူကို တွေ့လာမှာပဲ။ အေး ... ကိုယ်က ချစ်လို့ပဲဖြစ်ဖြစ် အားကိုးအားထား ပြုချင်လို့ပဲဖြစ်ဖြစ် လက်ထပ်ပါတော့မယ်ဆိုတဲ့ အချိန်မှာ ကိုအောင်ကျော်ဟိန်းလို လူမျိုးကို ရနိုင်ပါဦးမလား။ နှောင်းငယ် စဉ်းစားပေါ့ကွယ်၊ စဉ်းစားပေါ့၊ ထွန်ချတဲ့ နေရာမှာ မိုးမလွန်စေနဲ့၊ လသာတုန်းမှာ ဗိုင်းငင်သင့်သလား၊ မသင့်ဘူးလား ဆိုတာ သေချာစဉ်းစားပြီး ကိုယ့်ဟာကိုယ် ဆုံးဖြတ်။ နှောင်းငယ်နဲ့ မောင်ဇာနီအောင် ခွဲခွာရတာဟာ အပျိုလူပျိုဘဝနဲ့ သေကွဲကွဲတာပါ။ တချို့သားသမီးတွေ ကျန်ခဲ့ပြီး သေကွဲကွဲတာတောင် နောက်အိမ်ထောင် ပြုကြတာပဲလေ၊ နှောင်းငယ် အလေးအနက် စဉ်းစားပြီးမှ ဆုံးဖြတ်ပေါ့"

မမမြင့်က ယင်းကဲ့သို့ နှောင်းငယ် အပေါ်ကျင် စေတနာသက်သက်ထားပြီး စကားတွေဆိုသလို ရုံးမှ မမသူဇာကလည်း နှောင်းငယ်အပေါ် စေတနာစကားတွေ ပြောပြပါသေးသည်။



"အေး ... မမသူဇာ တစ်ခါတုန်းက ဖတ်ဖူးတာလား၊ ဒါမှမဟုတ် တစ်ယောက်ယောက် ပြောတာကို ကြားဖူးတာလား ဆိုတာတော့ မမှတ်မိတော့ဘူး၊ အဲဒီဥပမာလေးနဲ့ အခု နှောင်းငယ်ရဲ့အဖြစ်က တိုက်ဆိုင်နေသလားလို့ မမသူဇာ မှတ်မိသလောက် အဲဒီ ဥပမာလေးကို ပြောပြမယ် ...

"တစ်ရံရောအခါက ဆိုပါတော့ကွယ်၊ အမယ်အိုတစ်ယောက်ဟာ နေပူပူမှာ အမဲခြောက်အမြှောင်းတွေ ဖျာခင်းပြီး နေလှမ်းတယ်။ အဲဒီမှာ ခွေးတစ်ကောင်က အမဲခြောက် နေလှမ်းထဲက တစ်မြှောင်းကို ကိုက်ချီပြေးတယ်။ အမယ်အိုက သူ့အမဲခြောက် ပြန်ရလိုမှုနဲ့ ခွေးနောက်ကို လိုက်တယ်။ ခွေးက တောထဲဝင်ပြေးတာကို အမယ်အို ဆက်ပြီးမလိုက်နိုင်တော့လို့ ... ရှိပါစေတော့၊ ငါ့အမဲခြောက် ဒီခွေးကို လှူလိုက်တယ်လို့ပဲ ထားလိုက်ပါတော့ဆိုပြီး ပြန်လာခဲ့သတဲ့ ...

"အမဲခြောက်ချီသွားတဲ့ခွေးဟာ တောထဲမှာ အထိတ်တလန့် တစ်ခုနဲ့ တွေ့ရပြန်လို့ ကိုက်ချီထားတဲ့ အမဲခြောက်ကိုချပြီး ကိုယ်လွတ်ရုန်း ထွက်ပြေးသွားပြန်ရောတဲ့။ အဲဒီ အဖြစ်အပျက်တွေ အားလုံးကို တောထဲမှာသီတင်းသုံးနေတဲ့ သူတော်စင်တစ်ပါးက အားလုံး မြင်တွေ့တယ်ဆိုပဲ။ ဒီတော့ သူတော်စင်က ဆင်ခြင်သုံးသပ်တော်မူတယ်။ အမယ်အိုကလည်း ရှိစေတော့ဆိုပြီး အမဲခြောက်ကို စွန့်လွှတ်လိုက်ပြီး ခွေးကလည်း ကိုက်ချီထားတဲ့ အမဲခြောက်

www.burmeseclassic.com

www.burmeseclassic.com



ကို ချထားခဲ့ပြီး ဓေးရာသို့ ပြေးသွားပြီ။ ဒါကြောင့် ဒီ အမဲခြောက်ဟာ ပိုင်ရှင်မရှိ ပုံသကူ ဖြစ်သွားပေပြီ၊ သူတော်စင် အနေနှင့် ဘုဉ်းပေးသော်လည်း တစ်စုံတစ်ရာ အပြစ်မရှိတော့ပြီ ဆိုပြီး အမဲခြောက်ကိုကောက်ယူ မီးကင် ဘုဉ်းပေးတော်မူသတဲ့ ...

"အဲဒီဥပမာအတိုင်း ဆိုရင် နောင်းငယ်ဟာ ပုံသကူ ပိုင်ရှင်မဲ့ ဖြစ်နေပြီပဲ။ ကိုအောင်ကျော်ဟိန်းကို လက်ထပ် တာ နောင်းငယ်မှာ အပြစ်မရှိပါဘူးကွယ်"

နောင်းငယ် ဘာဆက်ပြောပေမည်နည်း။

မမမြင့်နှင့် မမသူဇာသည် ယခုလက်ရှိ အခြေအနေ ဝယ် နောင်းငယ်၏ မီးခင်း ဖခင်တွေ ဖြစ်သည်။

သူတို့နှစ်ဦးစလုံးကပင် နောင်းငယ် ကောင်းစားရေး အတွက် မေတ္တာစေတနာ သက်သက်ဖြင့် ကိုအောင်ကျော်ဟိန်း နှင့် လက်ထပ်စေချင်နေကြသည်။

ပြီး ... ကိုကိုအောင်ကလည်း သေသွားလေပြီ မဟုတ် လား။

ဦးအောင်ကျော်ဟိန်းကလည်း မိမိအသက်ကို ကယ် တင်သူ ဖြစ်နေသည်။

နောင်းငယ်ငယ် ဦးအောင်ကျော်ဟိန်းကို လက်ထပ် ရန် ဆုံးဖြတ်လိုက်တော့သည်။



၇

ကာသပတေားနေ့တွင် ...

ဒံပေါက်အိုးကြီး ဖင်ပေါက်သည်။

ဖာလူဒါဖန်ခွက်တွေလည်း ဖင်ပေါက်သည်။

ထို့နောက်မှာတော့ နောင်းငယ်နှင့် အောင်ကျော်ဟိန်း တို့ နှစ်ယောက်မှာ တရားဝင်လက်ထပ်ပြီးလေမှ မဟာပထဝီ မြေကြီးသည် အိုးထိန်းစက်သဖွယ် ချာချာလည်သွားပါလေတော့ သတည်း။

ဗုဒ္ဓဟူးနေ့က ပေါက်ချလာသော အောင်ကျော်ဟိန်း အား နောင်းငယ်က "အိုကေ"ပါဟု ခေါင်းညိတ်ပြပြီး အလံစိမ်း ပြလိုက်သည်နှင့် အောင်ကျော်ဟိန်းသည် မျက်နှာကြီးတစ်ခုလုံး ဖြာ၍ သူ၏ လင်ဆွာကားကို မနားမနေ ဘီးလိမ့်စေပြီး လက် ထပ်ရေး အစီအစဉ်တွေ အားလုံး ကျုံး၍ ကုန်း၍ လုပ်ပေတော့ သည်။

www.burmeseclassic.com

www.burmeseclassic.com



ကြာသပတေးနေ့နံနက် ရုံးဖွင့်ချိန်တွင် တရားသူကြီး ရုံး၌ တရားသူကြီး ရှေ့မှောက်တွင် လက်ထပ်စာချုပ်တွင် လက်မှတ်ထိုးကြသည်။ အသိသက်သေအဖြစ် အောင်ကျော်ဟိန်းက သူ့ဘက်မှ သက်သေပင် မခေါ်။ နှောင်းငယ်ငယ်၏ မမမြင့်နှင့် မမသူဇာကို သက်သေပြုစေသည်။

တရားသူကြီးနှင့်တကွ တရားရုံးဝန်ထမ်းအားလုံး မင်းစေပါမကျန် ...

နှောင်းငယ်ငယ်၏ အစိုးရစာအုပ်ဆိုင်မှ မမမြင့်နှင့် မမသူဇာ အမှူးပြုပြီး မန်နေဂျာမှ မင်းစေအထိ ရုံးဝန်ထမ်း အားလုံး ...

နှောင်းငယ်ငယ် ဖိတ်ကြားသူအားလုံး၊ စသည်တို့ကို ဒံပေါက်အကန့်အသတ်မရှိ၊ ဖာလူဒါ အကန့်အသတ်မရှိ ကြိုက်သလောက် ဝက်ဝက်ကွဲ သုံးဆောင်ပါလေ။

အောင်ကျော်ဟိန်း စိတ်ကူးသည်မှာ ကျော်လာသည် ရုံးတက်လက်မှတ်ထိုး အထိမ်းအမှတ်မျှသာ ဖြစ်သည်။

တောင်ကြီးတွင် သူ သွားရောက်ဆောင်ရွက်ရမည့် လုပ်ငန်း ပြီးသည့်နောက် နှောင်းငယ်ငယ်နှင့် မိမိတို့၏ မင်္ဂလာ ဧည့်ခံပွဲကြီးကို ကြီးကျယ်ခမ်းနားစွာ အင်းလျားကန်ဟိုတယ်တွင် လူကြီးလူကောင်းများနှင့် နှစ်ဖက်မိတ်ဆွေတွေ အားလုံးကို တစ်ကြီး၍ လုပ်သော မင်္ဂလာဖိတ်စာနှင့် ဖိတ်ကြားပြီး ကျင်းပဦးမည် ဖြစ်ပါလေသည်။



တရားရုံးတော်ပေါ်မှ လက်မှတ်ထိုး လက်ထပ်ပြီး ဆင်းလာသောအခါ အောင်ကျော်ဟိန်း၏ အပေါင်းအသင်းတွေ တစ်ပြုံကြီး ပါရှိလာပေသည်။

"နှောင်းငယ် ကြောက်နေသလားဟင်၊ နှောင်းငယ်ရဲ့ မျက်နှာလေးက ရှက်လို့ ပန်းနုရောင် ပြေးလာလိုက်၊ ကြောက်လို့ ဖြူရော်ရော်လေး ဖြစ်သွားလိုက်နဲ့"

"ရင်ထဲမှာ တလှုပ်လှုပ်နဲ့ တစ်မျိုးကြီး ခံစားနေရတယ် ဦးအောင်ကျော်ဟိန်း"

"အခုထိ 'ဦး'အောင်ကျော်ဟိန်းလို့ ခေါ်တုန်းပဲလား။ အဲဒီလိုကြီး မခေါ်ပါနဲ့တော့၊ နှောင်းငယ်နဲ့ တို့ဟာ အကြင် လင်မယား ဖြစ်လာပြီပဲလေ"

"အို"

အကြင်လင်မယားဟု ပြောလိုက်သော စကားကို နှောင်းငယ်က "အို"ဟု ရေရွတ်မိသည်။

အောင်ကျော်ဟိန်းနှင့် နှောင်းငယ်က လင်ဆာကား မှင်း။

မမမြင့်၊ မမသူဇာတို့အတွက် အခြားကားတစ်စီး စီစဉ်ပေးသည်။ ကြာသပတေးနေ့ ဖြစ်သောကြောင့် ရုံးမပိတ်ပေ။ ထို့ကြောင့် မမမြင့် မမသူဇာတို့ ကားနှင့်ရုံးပြန်သွားနိုင်စေဖို့ ဖြစ်သည်။

အောင်ကျော်ဟိန်း၏ ရင်းနှီးသော အပေါင်းအသင်း တွေမှာ ကိုယ်ပိုင်ကားနှင့်ချည်း ဖြစ်ကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... အကြွင်လင်မယား ဖြစ်သွားပြီဆိုတဲ့ စကား

လုံးက နှောင်းငယ်ရဲ့ နားထဲမှာ ဖြန်းခနဲကြီးမို့ ရင်နေ

သလား။ နောက်နှစ်ရက် သုံးရက် ကြာရင် အဲဒီစကားလုံးဟာ

နှောင်းငယ်ရဲ့ နားထဲမှာ ယဉ်ပါးသွားမှာပါ၊ ဒီတော့ အခု

အချိန်ကစပြီး ကိုကို "ဦး" ကြီးတပ်ပြီး ဦးအောင်ကျော်ဟိန်း

လို့ မခေါ်ပါနဲ့တော့၊ သူစိမ်းဆန်နေလွန်းလို့ပါ နှောင်းငယ်"

"ဒါဖြင့် နှောင်းငယ်က ဘယ်လိုခေါ်ရမလဲ"

"အဖေကြီးလို့ ခေါ်လေ"

ရွှတ်နောက်နောက် နောက်ပြောင်ပြီး အောင်ကျော်

ဟိန်းသည် သူ့ဟာသူပြော သူ့ဟာသူပင် ရယ်မောလိုက်ပါ၏။

အောင်ကျော်ဟိန်းကို ကြည့်ရသည်မှာ နှောင်းငယ်ကို လက်ထပ်

လိုက်ရသည့်အတွက် အလွန်တရာ ကျေနပ်ကြည်နူးနေပုံ ရသ

သည်။ အဖေကြီးဟု ခေါ်လေဟု ပြောလိုက်သည်ကလည်း ချစ်

ပြီး အရွှတ်အနောက်လေး ပြောလိုက်ခြင်း ဖြစ်ပေသည်။

ကားမောင်းလျှက်ကပင် နှောင်းငယ်၏ လက်ဖဝါး

လေးကို သူ့လက်ဖဝါးဖြင့် ဆုပ်ကိုင်ထားသည်။

နှောင်းငယ်က မရုန်းပါလေ။

တစ်လုလောက်အထိ နှောင်းငယ်နှင့် အတူသွား

အတူလာနေခဲ့စေကာမူ နှောင်းငယ်အား လက်ဖျားနှင့်ပင် မတို့ခဲ့

ရုပ်ရှင်ကြည့်ရာတွင် ပခုံးချင်း မထိမိစေရန်အထိ၊ သူ့စကားနှင့်

သူ အောင်ကျော်ဟိန်း ထိန်းသိမ်းခဲ့ပါ၏။



ယခု လက်ထပ်ပြီးနောက် ပထမဆုံး နှောင်းငယ်၏

လက်ဖဝါးလေးကို ဆုပ်ကိုင်ခြင်း ဖြစ်ပေသည်။ ယနေ့ယခုအချိန်မှ

စပြီး ရှေ့လျှောက် ဒီထက်မက လှုခြင်းထိတွေ့ ရင်နှီးရတော့မည်

ပါလားဟူ၍ နှောင်းငယ်ကလည်း မရုန်းတော့ခြင်း ဖြစ်ပေသည်။

"ကိုကို နှောင်းငယ်ထက် အသက်ပိုကြီးတာ မှန်ပေမဲ့

နှောင်းငယ်ရဲ့ အစ်ကိုအရွယ်လောက်လို့ ပြောလို့ရပါတယ်။

ဒီတော့ နှောင်းငယ်က ကိုကို "အစ်ကို" လို့ ခေါ်ပေါ့။

အစ်ကိုလို့ခေါ်တာ မကလက်ပါဘူး။ အားလုံးရဲ့နားမှာလည်း

ကြားလို့တင့်တယ်ပါတယ်၊ မဟုတ်ဘူးလား နှောင်းငယ်"

"အင်း"

"ဒါဆို အခု အစ်ကိုလို့ ခေါ်လေ"

"အာ ... နောက်မှပေါ့"

"မလိုဘူးကွာ၊ အခုပဲ နှောင်းငယ် ခေါ်တာကို ကိုကြား

ချင်တယ်။ လက်ထပ်ပြီးစ မှုပူနွေးနွေးမှာမို့ ခေါ်စမ်းပါ

နှောင်းငယ်"

"ကဲ ... အစ်ကို"

"ဗျာ ... ဗျာ ... ဗျာ"

ဗျာတွေ ဆက်တိုက်ထူးရင်း နှောင်းငယ်၏လက်

ဖဝါးလေးကို ပိုမိုညှစ်ပြီး ဆုပ်ကိုင်လိုက်ပြန်ပေသည်။

နှောင်းငယ်၏ ရင်ထဲတွင် အစ်ကိုအောင်ကျော်ဟိန်း

၏ အပြောအဆိုနှင့် မိမိလက်ကို ဆုပ်ကိုင်ဖျစ်ညှစ်ခြင်းအတွက်

ကြည်နူးမှု ခံစားရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က ပြန်ချစ်သည်၊ မချစ်သည်ကို အပထား၊ ကိုယ့်အပေါ် ယခုလို အစ်ကိုအောင်ကျော်ဟိန်းက ချစ်ချစ်ခင်ခင် မြတ်မြတ်နိုးနိုး ထားရှိသည်ကပင် နှောင်းငယ် ကြည်နူးရခြင်း ဖြစ်ပေသည်။

"နှောင်းငယ်"

"အစ်ကို"

"အဲ ... ဟုတ်သွားပြီ၊ ဒါဆို တို့ အစီအစဉ်ကို ဆက်ပြောမယ်၊ တို့အစီအစဉ်က တရားရုံးမှာ လက်ထပ်ပြီးတာနဲ့ ခြောက်မိုင်ခွဲက ထင်းရှူးမြိုင်ဟိုတယ်မှာရှိတဲ့ တို့ရဲ့သီးသန့် အိပ်ခန်းကို သွားမယ်။ အဲဒီမှာ ညအိပ်ပြီး နက်ဖြန်မနက် သောကြာနေ့ အစောကြီး ဒီလင်ဆာကားနဲ့ပဲ နှောင်းငယ် တို့ လင်မယား တောင်ကြီးကိုတက်မဲ့ အစီအစဉ်ဝဲ"

"အစ်ကို့ သဘောလေ။ အခုကိစ္စတွေ အားလုံး အစ်ကိုပဲစီစဉ် တာ၊ နှောင်းငယ်က ဘာတစ်ခုမှ စီစဉ်တာမှ မဟုတ်တာ"

"ဟုတ်တယ်လေ၊ ဒါပေမဲ့ အခု တို့နောက်ကို တို့သူငယ် ချင်းတွေ တစ်ပြုံကြီး စီတန်းလိုက်လာကြတယ်။ သူတို့ အားလုံးဟာ ရန်ကုန်မှာ အစ်ကိုနဲ့ အရင်းနှီးဆုံး သူငယ် ချင်းတွေ"

"အဲဒီတော့ ဘာဖြစ်လဲ အစ်ကို"

"ထုံးစံလို ဖြစ်နေတဲ့ အစဉ်အလာက အစ်ကို့ကို စိတ်ပျက် စရာကြီး လာဖြစ်နေတယ်ပေါ့ နှောင်းငယ်ရာ။ လက်ထပ် တဲ့နေ့မှာ ဘက်ချလာဒေး၊ ဒါမှမဟုတ် ဘက်ချလာနိုက်



ဆိုပြီး ကိုယ်နဲ့ သိပ်ရင်းနှီးတဲ့ သူငယ်ချင်းတွေကို သတို့ သားက ဝိုင်းတစ်ဝိုင်း ပေးရတယ်လေ။ သူငယ်ချင်းတွေ အတွက် သီးသန့်စားဝိုင်းသောက်ဝိုင်း ဆိုပါတော့၊ အစ်ကို့ တကယ့်ဆန္ဒက လက်ထပ်ပြီးတာနဲ့ နှောင်းငယ်နဲ့အတူတူ ကိုယ့်သီးသန့်ခန်းကို တန်းသွားချင်တာ၊ ဒါပေမဲ့ သူတို့ကို ရှောင်လို့မရဘူး၊ အစ်ကို့နောက်က ရှင်လောင်းလှည့်သလို တန်းစီပြီး လိုက်လာနေကြတယ်"

"အဲဒီထုံးစံကို နှောင်းငယ် သိသားပဲ၊ အစ်ကိုကျွေးခဲ့တဲ့ ဒံပေါက်နဲ့ ဖာလူဒါတွေ နည်းတာမှ မဟုတ်တာ"

"အံမာမင်း... ဒီကောင်တွေက ဒံပေါက် ဖာလူဒါနဲ့ မကျေ နပ်ဘူးတဲ့၊ ဒံပေါက် ဖာလူဒါဟာ လုပ်ရိုးလုပ်စဉ် အများ ကို ကျွေးမွေးတာတဲ့၊ သူတို့အတွက် သီးသန့်ဝိုင်းပေးမှ ကျေနပ်နိုင်မယ်တဲ့၊ နို့မို့ရင် အစ်ကိုနဲ့ နှောင်းငယ်ရဲ့ သီးသန့်ခန်းထဲ မဝင်နိုင်အောင် အိပ်ခန်းဝကို ပိတ်ဆို့ပြီး အုံရုပ်နေမှာတဲ့လေ"

"ဒီတော့ အစ်ကိုက ဘာလုပ်ချင်လို့လဲ"

"အစ်ကို ထင်းရှူးမြိုင်ဟိုတယ် အစ်ကို့သီးသန့်ခန်းထဲမှာ နှောင်းငယ်ကို တစ်ယောက်တည်း ထားခဲ့ပြီး အစ်ကို သူတို့နောက် လိုက်သွားရမှာ နှောင်းငယ်ကို နောက်ဆုံး တင်းတယ်လေ။ နှောင်းငယ်နဲ့ သိပ်စိမ်းသေးတဲ့နေရာ မဟုတ်လား၊ တို့ မရှိတုန်း နှောင်းငယ်တစ်ယောက်တည်း တောင်တွေးမြောက်တွေးနဲ့ အားငယ်နေမှာ စိုးရိမ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ရှားယော်လေ အစ်ကို၊ နောင်ငယ် စာအုပ်ဆိုင်မှာပဲ ကျန်ခဲ့မယ်။ အစ်ကိုတို့ဘာသာ ဝိုင်းပြီးမှ နောင်ငယ်ကို လာခေါ်ပေါ့"

"အဲဒီလိုကြီးလည်း နောင်ငယ်ကို မထားချင်ခဲ့ဘူးကွာ၊ ပထမတော့ အစ်ကိုတို့ဝိုင်းကို နောင်ငယ်ကိုပါ ခေါ်သွားချင်တာ၊ ဒါပေမဲ့ ဝိုင်းက ယမကာတွေ အရက်တွေပါတဲ့ ဝိုင်းဆိုတော့ အရက်အုပ်စုဝိုင်းထဲမှာ နောင်ငယ် စိတ်ညစ်မှာရော နောင်ငယ် သိက္ခာကျမှာကိုရော အစ်ကို စိုးရိမ်ပြန်တယ်"

"ကဲပါ အစ်ကိုရာ၊ နောင်ငယ်ကို စာအုပ်ဆိုင်မှာသာ ထားခဲ့ပါ။ နက်ဖြန်မနက် အစောကြီး တောင်ကြီးကို အစ်ကိုနဲ့အတူ နောင်ငယ် ခရီးထွက်တော့မှာဆိုတော့ ဆိုင်က မမသူဇာတို့၊ မမမြင့်တို့နဲ့အတူ နှုတ်ဆက်ရင်း အစ်ကို့ကို စောင့်ပါ့မယ်။ ဆိုင်မပိတ်ခင်သာ အစ်ကို နောင်ငယ်ဆီ လာခေါ်ပေးပါ"

"အင်းနော် ... အဲဒီလိုပဲ လုပ်ကြစို့၊ အစ်ကို သူတို့ကို ဝိုင်းစုပေးခဲ့မယ်၊ ကျသလောက်ငွေကို ကောင်တာမှာ တိုက်တိုက်ရှင်းခဲ့ပြီး အစ်ကို သူတို့မူးနေတုန်း ပြန်လစ်လာခဲ့မယ်။ သိပ်မကြာစေရဘူး။ အစ်ကို တကယ့်ဆန္ဒက လုံးဝကို သူတို့ဆီ မသွားချင်တာ၊ လက်ထပ်ပြီးစ ပူပူနွေးနွေး နောင်ငယ်နဲ့သာ အတူနေချင်တာပေါ့"



နောင်ငယ်၏ အခြားလက်ဖဝါးသည် အစ်ကို အောင်ကျော်ဟိန်း ဆုပ်ကိုင်ထားသော လက်ဖမိုးပေါ်သို့ ထပ်ပြီး နောင်ငယ် အုပ်ကိုင်မိပေတော့သည်။

ပြီး ... တစ်ဦးကိုတစ်ဦး ဈက်လုံးချင်း ဆုံကြည့်ကြပါ၏။

မင်္ဂလာဦးသတို့သားနှင့် သတို့သမီးတို့၏ မျက်လုံးအစုံ ကိုယ်စီဝယ် လှပသော အရောင်လေးများ တောက်ပလင်းလက်နေပါ၏။

✂

www.burmeseclassic.com

www.burmeseclassic.com



မဟာဗပထစီမြေကြီးသည် အိုးထိန်းစက်နှယ် လည်သွားပေတော့သည်။

ဆူးလေဘုရားလမ်းရှိ စာအုပ်ဆိုင်တွင် နောင်းငယ် ကျန်ခဲ့သည်။ ရယ်မောကြည်နူးဖွယ်လေးတွေ တွေ့ကြုံရပါ၏။ ရှက်စရာလေးတွေလည်း ဖြစ်ရပါ၏။

လက်ထပ်ပြီးစ ပူပူနွေးနွေး သတို့သမီးဆိုတော့လည်း ရှုံ့သူရှုံ့သား ရောင်းရင်းတွေ အားလုံးက အရေးတယူလေးတွေ ရှိကြသည်။ နောက်ပြောင်မှုလေးတွေလည်း ရှိကြသည်။

"ဟဲ့ ... နောင်းငယ်၊ အခုမှ လက်ထပ်ကြတယ်၊ အခုပဲ နှင့်သတို့သားက ဘယ်ထွက်သွားတာလဲ"

"ဘက်(ချ်)လာဒေးမို့ သူ့သူငယ်ချင်းတွေ ပြုစုဖို့ ခေါ်ရာနောက်ကို လိုက်သွားတယ်လေ"



"သိပ်အလိုက်ကန်းဆိုး မသိတဲ့ သူငယ်ချင်းတွေပါလား။ လက်ထပ်ပြီးစ အချိန်ဟာ စက္ကန့်တိုင်း မိနစ်တိုင်း တန်ဖိုးရှိနေတယ် မဟုတ်လား နောင်းငယ်"

"အာ ... ဆရာကလည်း ..."

နောင်းငယ် ရှက်သွားသည်။ အသားညိုညို အရပ်ထောင်ထောင်မောင်းမောင်းနှင့် ကပ္ပလီရုပ် ပေါက်နေသော ဆရာဆိုင်ထိုင်မန်နေဂျာက ခပ်တည်တည်ကြီး နောက်ပြောင်သည်ကို နောင်းငယ် ရှက်သွေးဖြာရသည်။

"နောင်းငယ်"

"ရှင်"

"ကိုအောင်ကျော်ဟိန်းက ချောတယ်နော်"

"သိဘူးလေ၊ မမသင်းတို့ အမြင်ပဲဟာ"

"အေး ... ခုခေတ်မှာ ရုပ်ချောတဲ့ ယောက်ျားတွေ ပေါပါတယ်။ ဒါပေမဲ့ ကိုအောင်ကျော်ဟိန်းလို မာဆယ်လက်မောင်းသားတွေ ဖုထစ်ပြီး ရင်အုပ်ကြီးမို့နေတဲ့ ယောက်ျားဆန်တဲ့ ယောက်ျားမျိုးတော့ အရှားသား"

နောင်းငယ် ငြိမ်နေလိုက်သည်။ မမသင်း ဆိုသည်မှာ မမသင်းသင်းမှုသည် စကားပြောရင်း တစ်ခုခုကို ကြက်သီးထသွားသလို ကိုယ်လေးတွန့်၍ ပြောသည်။

"တို့တော့ နောင်းငယ် အစား အသည်းယားတယ်၊ ကြက်သီးထတယ်ဟယ်၊ နောင်းငယ် ကိုယ်လုံးလေးက စလင်းဘော်ဒီလေး၊ ကိုအောင်ကျော်ဟိန်းရဲ့ လက်မောင်းကြီးတွေ

www.burmeseclassic.com

www.burmeseclassic.com



က နွားကိုတောင် ရစ်ပတ်ပြီး မျိုနိုင်တဲ့ စပါးကြီးမြွေ လောက် ရှိနေတော့ အံမာမင် ...”

“အို ... မမသင်းက ဘာမှန်းလဲမသိဘူး၊ အကောင်းမှတ်လို့ နားထောင်နေတာ”

ဤနယ် ... ဤနယ် ...

ယင်းသို့ ... ယင်းသို့ ... တစ်ယောက်တစ်ပေါက် နောင်းငယ်ကို ဝိုင်းစ,လိုက်၊ ရယ်မောလိုက် ဖြစ်နေချိန်မှာပင် မမသူဇာက ကလင်လင် မြည်လာသောဖုန်းကို ကောက်ယူနားထောင်ပြီးနောက် နောင်းငယ်ကို လှမ်းခေါ်လိုက်သည်။

“နောင်းငယ်ရေ ... ညီမအတွက် ဖုန်းလာတယ်။ အမျိုးသားရဲ့အသံပဲ။ နောင်းငယ်နဲ့ ပြောချင်လို့တဲ့၊ ကေနှ ကိုအောင်ကျော်ဟိန်းက သူတို့ဝိုင်းကထပြီး နောင်းငယ်ကို ချော့တဲ့စကား ပြောချင်တာလားမသိဘူး။ ရော့ ... ရော့ ... ဖုန်း”

နောင်းငယ်က ဝိုင်းစ,နောက်ပြောင်နေခြင်း ခံရသည့်ကြားမှပင် ဣန္ဒြေရရလေး လျှောက်သွား၊ မမသူဇာ ကမ်းပေးနေသောဖုန်းကိုယူ၍ နားထောင် အသံပြန်ပေးလိုက်သည်။

“ပြောပါရှင် ... နောင်းငယ်ပါ”

“ဟင် ... ကိုကိုအောင်”

မမသူဇာက နောင်းငယ်ကို မော့ကြည့်လိုက်သည်။ နောင်းငယ်၏ မျက်နှာလေးမှာ တယ်လီဖုန်း နားထောင်ပြောဆိုရင်း အံ့သြလှသော အသွင်ကိုလည်း ဆောင်နေသည်။ ဝမ်းသာဝမ်းနည်း မျက်နှာအမူအရာမျိုးလေးလည်း ဖြစ်နေသည်။



ဒီနောက် နောင်းငယ် ပြန်ပြောသံ ထွက်မလာပဲ တစ်ဖက်မှ ပြောနေသည်ကိုသာ ဆက်တိုက် နားထောင်နေရပုံ သည်။

ငါးမိနစ်ခန့် ပြောပြီးနောက် နောင်းငယ်သည် တယ်လီဖုန်းကို ပြန်ချထားလိုက်ပြီး မမသူဇာကို လှမ်းကြည့်ကာ ပြောပြလိုက်သည်။

“အားလုံး ခက်ကုန်ပြီ မမသူဇာ”

“ဘာလို့”

“ကိုကိုအောင်လေ ... ကိုကိုအောင် မသေဘူး၊ အခု နောင်းငယ်ဆီကို ကိုကိုအောင် ဆက်တာ”

“ဟုတ်မှ ဟုတ်ရဲ့လား နောင်းငယ်ရယ်”

“သိပ်ဟုတ်နေတယ် မမသူဇာ၊ သင်္ဘောနစ်တုန်းက သူဟာ ရေစုန်မျောသွားပြီး ဦးခေါင်းနဲ့ မျက်နှာမှာ ဒဏ်ရာ ရခဲ့တယ်တဲ့။ သူ့ကို တံငါလှေတစ်စင်းကကယ်ပြီး သူတို့ တံငါရွာလေးကို ခေါ်သွားတယ်တဲ့။ အဲဒီမှာ သုံးလေးရက် သူ သတိမေ့နေတယ်တဲ့။ အဲဒီရွာမှာရှိတဲ့ မြန်မာဆေးဆရာ တစ်ယောက်က ကုသပေးလို့ သူ အသက်မသေပဲ ပြန်ရှင် လာတာတဲ့။ ဆယ်ရက်လောက်အထိ သူ့ကို ကုသပေးရ တယ်တဲ့၊ သူ တော်တော်သက်သာပြီး အားရှိလာမှ လမ်း တွေဘာတွေ လျှောက်နိုင်ပြီမို့ သူ့ဂုသိမ်က အိမ်အထိ အဲဒီ တံငါသမားတွေကပဲ လိုက်ပို့ပေးတယ်တဲ့။ ပုသိမ် ရောက်မှ ဆေးရုံတက်ပြီး ဆက်ကုရတယ်တဲ့ လွန်ခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



သုံးလေးရက်ကမှ ဆေးရုံကဆင်းပြီး အိမ်မှာ တစ်ရက် နှစ်ရက် အနားယူပြီး နှောင်းငယ် ရှိတဲ့ ရန်ကုန်ကို လိုက်လာတာတဲ့။ သူ့မျက်နှာက ရရှိတဲ့ ဒဏ်ရာဟာ အမာရွတ်တွေနဲ့ ရုပ်ဆိုးနာမ်ဆိုး ကြည့်မကောင်း မြင်မကောင်း ရှိနေတာကို ရှက်လို့၊ ဒီစာအုပ်ဆိုင် နှောင်းငယ်ဆီကို မလာပဲ နှောင်းငယ်ကို ဖုန်းဆက်ခေါ်ရတာတဲ့ မမသူဇာ။ အခုချက်ချင်း နှောင်းငယ် သူ့ဆီကို လာပါတဲ့။ အဲဒါ နှောင်းငယ် ဘာလုပ်ရမလဲဟင် မမသူဇာ"

မမသူဇာက အေးဆေးတည်ငြိမ်စွာပင် ပြန်၍မေးလိုက်သည်။

"နှောင်းငယ်ရဲ့ စိတ်ထဲကကော ဘာလုပ်ချင်သလဲတဲ့ ကွယ်"

"အို ... မမသူဇာရယ်၊ ဥစ္စာရှင် ပြန်ပေါ်လာပြီ ဆိုမှတော့ နှောင်းငယ်ဟာ ပုံသကူ မဟုတ်တော့ဘူးလေ"

"ဘာလဲ ... နှောင်းငယ်၊ ဇာနီအောင်ဆီကို ပြန်သွားမယ်လို့ ဆိုလိုတာလား"

"အစကတည်းက ကိုကိုအောင်သာ အသက်ရှင်နေရင် အစ်ကိုအောင်ကျော်ဟိန်းနဲ့ နှောင်းငယ် လက်ထပ်စရာ အကြောင်းမှ မရှိတာ"

မမသူဇာ ငိုင်သွားသည်။ နှောင်းငယ်ကို အကဲခတ်ရသည်မှာ ဇာနီအောင်၏ဘက်သို့ အလေးသာနေသည်ကို မြင်တွေ့နေရသည်။



ဒါတော့လည်း မဆန်း။ နှောင်းငယ် ရင်ထဲမှ အကျယ်နှလုံးသားနှင့် ချစ်သူသည် ဇာနီအောင်သာလျှင် ဖြစ်နေသည်။ အောင်ကျော်ဟိန်းကို လက်ထပ်လိုက်သည်မှာ ဇာနီအောင် ပြန်လာစရာ မရှိတော့ဟု အဆုံးစွန်ကိုတွက်ပြီး လက်ထပ်ခဲ့ခြင်းသာ ဖြစ်ပါ၏။ ယခုမူ ယင်းသို့မဟုတ်တော့ပြီ။

ဇာနီအောင် ပြန်လာလေပြီ။

"ဒါဆို အခု ကိုအောင်ကျော်ဟိန်းနဲ့ တရားဝင်လက်ထပ်ပြီးထားတာ ဘယ့်နှယ်လုပ်မလဲ နှောင်းငယ်"

"အို ... လက်ထပ်ပေမဲ့ နှောင်းငယ်မှာ မှဲ့တစ်ပေါက်စွန်းသေးတာမှ မဟုတ်တာ၊ အဲဒီအကျိုးအကြောင်း အားလုံး ကိုကိုအောင့်ကို အမှန်အတိုင်း ရှင်းပြပြောရမှာပေါ့"

မမသူဇာသည် နှလုံးကျဉ်းကျပ်စွာ ကြားထဲက စိတ်မောပြီး သက်ပြင်းကြီးချသည်။

"စဉ်းစားပါ နှောင်းငယ်၊ နှောင်းငယ် အဖို့ လှေနံတစ်ဖက်ကိုတော့ နင်းရတော့မှာပဲ၊ အဲဒီလို တစ်ဖက်ကို နင်းလိုက်ပုံ၊ မှန်ကန်ဖို့ သိပ်လိုတယ်၊ အနင်းမမှန်ရင် လှေမှောက်မယ်၊ နှောင်းငယ် နစ်သွားမယ်"

"ကိုကိုအောင် သေပြီဆိုလို့သာ လှေနံနှစ်ဖက်နင်းကိစ္စ ဖြစ်လာတာပဲ မမသူဇာ၊ ကိုကိုအောင်သာ မသေဘူးဆိုရင် နှောင်းငယ်မှာ လှေနံနှစ်ဖက် ဖြစ်စရာမှ မရှိတာ"

မသူဇာ ဘာမျှပြန်၍မပြောတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



နှောင်းငယ်က မမသူဇာ စားပွဲမှာပင်ထိုင်ကာ ဒ

တစ်စောင် ကောက်ရေးတော့သည်။

အစ်ကို ...

ကံမနိုင် သံတိုင်အိမ်စောက်ကိန်း ကြုံလာပြီ အစ်ကို၊ ကိုကိုအောင်

မသေသွားလေ၊ အစုံ သူ ရန်ကုန်မြို့ရောက်နေကြောင်း နှောင်းငယ်

ကြားလာတယ်။

နှောင်းငယ် ကိုကိုအောင် ဆီကို သွားပါပြီ အစ်ကို၊ နှောင်းငယ်

ခွင့်လွှတ်ပါ။

သံတိုင်ကို အိမ်စောက်သော်လည်း ကံမှောက်ပြီး ကျိုးတယ်

သဘောထားပါတော့ အစ်ကို။

နှောင်းငယ်

"အဲဒီစာကို အစ်ကို ကိုအောင်ကျော်ဟိန်း လ

ပေးပေးပါ မမသူဇာ" ဟု နှောင်းငယ်က စာကို မမသူဇာ ယ

သို့ ပေးအပ်လိုက်ပါ၏။

"ပေးပေးပါဆိုလည်း ပေးပေးရမှာပေါ့လေ၊ ဒါပေမဲ့

စောကပဲ ကိုအောင်ကျော်ဟိန်းနဲ့ နှောင်းငယ်ရဲ့ လက်

စာချုပ်မှာ မမသူဇာ လက်မှတ်ထိုးပေးရတာ

သလောက်၊ အခု ဒီစာကို ကိုအောင်ကျော်ဟိန်းကို

ပေးဖို့ ဝန်လေးတယ် နှောင်းငယ်။ နှောင်းငယ်ရဲ့ အ

သိပ်ကျတဲ့ ကိုယ်ရေးကိုယ်တာပိုင်းမှာ ကြားဝင်ပြီး ပြော

မပြောသာလို့သာ မြို့နေရတာ၊ ပြောသာတယ် ဆိုရင်



နှောင်းငယ်ရဲ့ ဆုံးဖြတ်ချက်ဟာ မှားနေပြီလို့ ပြောချင်သလားပဲ"

မမသူဇာက လေးလေးတွဲ့တွဲ့ကြီး ပြောသည်ကို နှောင်းငယ် စိတ်မကောင်း ဖြစ်မိသော်လည်း သူမ၏ ဆုံးဖြတ်ချက်ကို မပြင်ဘဲ စာအုပ်ဆိုင်မှ ထွက်လာခဲ့ပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ၉

နှောင်းငယ် အတွက် "မှန်းချက်နှင့် နှမ်းထွက်" ကွာခြားလွန်းသွားပေပြီ။

နှောင်းငယ်က သူမ၏ချစ်သူ ကိုဇာနီအောင်အား ယနေ့နံနက် ယခုပူပူနွေးနွေးမှာပင် အောင်ကျော်ဟိန်းနှင့် ထုရားဝင် လက်ထပ်လိုက်ကြောင်း ပြောပြသည်။ မြို့ထား ဝှက်ထားရှိ လည်း ရကောင်းသောကိစ္စ မဟုတ်၊ ထို့ကြောင့် ဖြစ်ခဲ့သမျှ အလုံးစုံကို အမှန်အတိုင်း ရှင်းပြပြောပြလိုက်ပါ၏။

"ဘာ"

ပေါက်ကွဲထွက်လာသော ဇာနီအောင်၏ "ဘာ"ကြီးသည် နှောင်းငယ် စကားအဆုံး၌ အာခေါင်သံကြီးဖြင့် တစ်ခန်းလုံး ဟိန်းသွားစေသည်။

"အို ... ကိုကိုအောင်ရယ်၊ မျက်နှာထားကြီး တင်းလိုက်တာ၊ နှောင်းငယ်ဘက်ကလည်း ထည့်စဉ်းစားပါဦး"



"စဉ်းစားပါဦး ဟုတ်လား၊ ကျုပ်အဖို့ ဘာတွေထည့်စဉ်းစားရမှာလဲ မိနှောင်းငယ်"

"သေဆုံးသွားပြီ ဆိုတာဟာ နောက်ထပ် ဘယ်လိုမှ မျှော်မှန်းလို့ မရတာ မဟုတ်လား ကိုကိုအောင်"

"ကျုပ် သေသွားတယ်ပဲထားဦး၊ ဒီလောက် တစ်လအချိန်အတွင်းမှာ မင်းက ကောက်ကာငင်ကာ လက်ထပ်လိုက်ရောတဲ့လား၊ ကျုပ်ကို တမ်းတမှုဆွေးတဲ့ အချိန်လေးတောင် မင်းမှာ မထားရှိတော့ဘူးတဲ့လား"

နှောင်းငယ် ဘာပြန်ပြောရမည်မှန်း မသိ၊ ကိုကိုအောင်၏ မျက်နှာထားကြီးကလည်း ကြောက်စရာသိပ်ကောင်းနေပါ၏။ မျက်နှာတွင် အမာရွတ်တွေ ရှိနေသေးသဖြင့် ခက်ထန်သေး၊ ကြောက်စရာကောင်းလေမှုံသွင် ထွက်နေသည်။

ဒီအထဲ သူ့အကြောင်းနှင့်သူ မပြေးသော် ကာန်ရာရှိသေဘာဖြင့် တစ်လအကြာ လက်ထပ်လိုက်မိသည်ကိုလည်း အမှန်အတိုင်း ပြောပြခြင်းကလွဲပြီး နှောင်းငယ် ဘာမှမပြောတတ်။ စိုးနိလည်ချောမွေ့သွားအောင် ဒီထက်ပို၍ နှောင်းငယ် မရှင်းပြတတ်။

ဟုတ်သင့်သလောက်လည်း ကိုကိုအောင့် ဘက်ကကြည့်လျှင် ဟုတ်နေသည်။ လေးငါးခြောက်လ ကြာမြီးမှ လက်ထပ်သည်မျိုး ဆိုပါက ကိုကိုအောင် ဤမျှ ဒေါပွလေမည်မဟုတ်။

"ဒီမယ် ကိုကိုအောင်၊ ကိုကိုအောင် သေပြီမို့ နှောင်းငယ် လက်ထပ်လိုက်တာဟာ နှောင်းငယ်ရဲ့ ဘဝကိစ္စ၊ နှောင်းငယ်

www.burmeseclassic.com

www.burmeseclassic.com



ရဲ့စိတ်နဲ့ ပတ်သက်တဲ့ကိစ္စနဲ့ ပတ်ဝန်းကျင်ရဲ့ လှုံ့ဆော်မှုတွေ ရောထွေးနေတာမို့ နှောင်းငယ် လက်ထပ်မိတာကို ဒီထက်ပိုပြီး ရှင်းမပြတတ်ဘူး"

"အံမာ ... တတ်လိုက်တဲ့စကား၊ ဘဝကိစ္စ စိတ်ကိစ္စနဲ့ ပတ်ဝန်းကျင်ရဲ့ လှုံ့ဆော်မှုတွေတဲ့။ ဟင်း ... ကြီးကြီးကျယ်ကျယ်တွေ တော်တော် ပြောတတ်နေပါလား မိနှောင်းငယ်"

"ကိုကိုအောင် စိတ်ဆိုးချင်သလောက် ဆိုးပါ၊ လက်မှပ်မိတာဟာ နှောင်းငယ်ရဲ့ အပြစ်လို့ပဲ သတ်မှတ်ပြီး နှောင်းငယ် ကိုကိုအောင့်ကို ခြေသလုံးဖက် တောင်းပန်နေတာပါ။ ဒါပေမဲ့ နှောင်းငယ် ရဲရဲကြီးနဲ့ သစ္စာဆို ပြောပါ့မယ်၊ နှောင်းငယ် ပုပ္ပုန္နေးနေး အခု လက်ထပ်လိုက်ပေမဲ့ နှောင်းငယ် အပျိုရည်မပျက်သေးဘူး၊ အချိန်မီ ကိုကိုအောင် နှောင်းငယ်ဆီ ပြေးလာခဲ့တာပါ"

"ဟား ... ဟား ... ဟား"

စာနီအောင်က ဟားတိုက်ရယ်ပြလိုက်သည်။

"ခြော် ... ခြော် ... အပျိုရည်မပျက်သေးဘူး ဟုတ်လား ... ဒါဆို မေးပါရစေ၊ အဲဒီလူနဲ့ နှောင်းငယ်က ဒီ... ဒီနေ့ လက်ထပ်လိုက်တာလား"

"ပြောခဲ့ပြီပဲ ကိုကိုအောင်၊ နှောင်းငယ် ကိုကိုအောင် သေဘာနစ်သေဆုံးသွားပြီလို့ ကြားလိုက်တာနဲ့ စိတ်... ကယောက်ကယက်ဖြစ်ပြီး ဟီးနီးကားအောက်ဝင် ... ကြောင်းကြံစည်တာကို အချိန်မီ သူက ဝင်ကယ်လိုက်ရ...



မိတ်ဆွေဖြစ်သွားတာ။ တစ်လလောက် နှောင်းငယ်နဲ့အတူ သွား အတူလာ ရှိခဲ့ရာက ပြီးခဲ့တဲ့ တနင်္ဂနွေနေ့ကမှ သူက နှောင်းငယ်ကို လက်ထပ်ပါရစေလို့ ဖွင့်ပြောတာ။ အဲဒါကို မမမြင့်တို့ မမသူဇာတို့နဲ့ တိုင်ပင်ပြီး ဒီနေ့ ကြာသပတေးနေ့မှာ လက်ထပ်လိုက်တာပါလို့။ ဒါတွေအားလုံး ကိုကိုအောင့်ကို နှောင်းငယ် ပြောပြီးသားပဲဟာ"

"တစ်လကြီးတောင် အတူသွား အတူလာ တွဲခဲ့တာတောင် နှောင်းငယ်က အပျိုရည်မပျက်ဘူးဆိုတော့ ဒီလူဟာ ရဟန္တာတော့ မဖြစ်နိုင်ဘူး၊ နွားပဲဖြစ်ရမယ်"

"တကယ်ပြောတာပါ ကိုကိုအောင်၊ ဒီလူဟာ အင်မတန်စောင့်စည်းတဲ့လူပါ၊ ကနေ့ လက်ထပ်တဲ့နေ့အထိ နှောင်းငယ်လက်ကို ဆုပ်ကိုင်တာကလွဲပြီး ဘာဆိုဘာမျှ မကျူးလွန်အောင် စောင့်စည်းတဲ့သူပါ"

"ဟုတ်လား ... ဒါဖြင့် ဒီလူဟာ နွားဖြစ်မှန်း သေချာသွားတာပေါ့။ စာနီအောင် ဆိုတဲ့ တို့ကတော့ နွားမဟုတ်ဘူးပေါ့၊ အခု မင်းပြောတာတွေ တစ်ခွန်းမှ မယုံကြည်ဘူး။ ဟိုနွားနဲ့ တစ်လလောက် အတူတွဲခဲ့တယ်ဆိုတော့ နှောင်းငယ်ဆိုတဲ့ မင်းကို ငါ မသဒ္ဒါတော့ဘူး"

"ဒါကျတော့ ကိုကိုအောင်က နလွန်းပါတယ်"

"ဘာကွ"

"တစ်ယောက်ကိုတစ်ယောက် ချစ်ခဲ့ကြတာကို ပြန်ပြီး အလေးအနက်ထားမယ်၊ အခု ကိုကိုအောင် မသေဘူးဆို

www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ လက်ထပ်ပြီးလူကို ပစ်ထားခဲ့ပြီး တစ်ချီတည်း ကိုကို
အောင့်ဆီ ပြေးလာခဲ့တာတွေ ထောက်ထားမယ်ဆိုရင် ...”

“ထောက်ထားမယ် ဆိုရင် ကျုပ်က လှည်းကျုံးကြီးထမ်း
ပြီး မင်းကို ယူရမယ်ပေါ့၊ ဟုတ်လား နှောင်းငယ်၊ ဟဲ
ဟဲ ... ဟဲ ... ထားပါတော့၊ ကျုပ်က ခင်ဗျားကို ချစ်လွန်း
လို့ လှည်းကျုံးကြီးထမ်းပြီး ယူတယ်ဆိုပါတော့၊ ဟိုလူနဲ့
တရားဝင်လက်ထပ်ထားတော့ ကျုပ်မှာ မယားခိုးမှုဖြစ်
သွားပြီ၊ ဟိုကောင်က အမှုဖွင့်ရင် ငါ အချုပ်ထဲရောက်
ထောင်ကျတွေ ဖြစ်သွားပြီပေါ့”

“သူ့ဆီက ကွာရှင်းခွင့် နှောင်းငယ် ရအောင်တောင်းပေး
မှာပါ ကိုကိုအောင်၊ သူဟာ သဘောထားကြီးမားပြီး
ဟိုဘက် ဒီဘက် ချိန်ဆတတ်တဲ့ လူမျိုးပါ”

“ဟာ ... ဟိုလူကို ညွှန်းလှချည်လား၊ နှောင်းငယ် ရင်ထဲ
မှာကိုက ဟိုလူ့ဘက် တော်တော်ရောက်နေတာ၊ ပြောလေ
ပေါ်လွင်လေပဲ”

“ဟိုလူ့ဘက်ရောက်လို့ ပြောတာမဟုတ်ဘူး ကိုကိုအောင်
အဲဒီလိုလုပ်ရင် ရတဲ့နည်းလမ်းကို နှောင်းငယ် ပြောပြနေ
တာ”

“ဘယ်လွယ်တော့မလဲ။ ဟိုလူက မင်းကို ကွာရှင်းပေးတယ်
ထားဦး။ ငါ့အဖေနဲ့ အမေကို ငါ ဘယ်လိုပြောပြီး မင်းကို
လက်ထပ်မလဲ။ အပျိုမဟုတ်တဲ့ တစ်ခုလပ်မကို ငါက
လက်ထပ်ချင်ပါတယ်လို့ ငါ့မိဘကို ငါ ပြောရက်မလား”



“အို ... ကိုကိုအောင်ရယ်”

နှောင်းငယ် ငိုချလိုက်တော့သည်။

“ကိုကိုအောင် သွေးသိပ်ဆူနေပါတယ်၊ ထပ်ပြီး စဉ်းစားပါ
ဦး။ သွေးအေးအေးနဲ့ ထပ်စဉ်းစားပါ ကိုကိုအောင်”

“ဆောရီးပဲ နှောင်းငယ်၊ ကျုပ်အနေနဲ့ ဘာမှထပ်စဉ်းစား
စရာ မရှိတော့ဘူး။ သွေးအေးသွားလည်း အခု ဆုံးဖြတ်
ချက်အတိုင်းပဲ၊ ကျုပ်စိတ်ထဲမှာကိုက မင်းကို မသဒ္ဓါတော့
တာပဲဟာ”

နှောင်းငယ် မျက်နှာလက်ဝါးအုပ် ငိုရှင်း ဇာနီအောင်
ထံမှ ပြန်လာခဲ့ပေတော့သည်။

နှောင်းငယ် ဘယ်ကိုသွားရမည်မှန်း မသိ။

ညနေလေးနာရီခွဲပြီးသွားပေပြီ။ ရုံးတွင် မမသူဇာ
မရှိနိုင်ပေတော့။ ရုံးဆင်းသွားပေပြီ။

မမသူဇာလက်တွင် ပေးခဲ့သောစာလည်း အစ်ကို
ဒေးဘင်ကျော်ဟိန်း လက်သို့ ရောက်သွားပေပြီ။ နောက်ဆုံး
နှောင်းငယ်သည် သူမ၏ တည်းခိုရာ ဘိုကလေးဈေးလမ်းရှိ ဝိုင်
ဒဗလျူစီအေသို့သာ ပြန်ခဲ့ရပေတော့သည်။

မမမြင့်သည် သူမ၏ အိပ်ရာခုတင်တွင် သိုးမွှေး
ဆွယ်တာ ထိုးနေရာမှ ငိုယိုထားသော မျက်နှာနှင့် နှောင်းငယ်
ဝင်လာသည်ကို တွေ့သည်နှင့် အအံ့ဩကြီး အံ့ဩသွားပေသည်။
မမမြင့်၏ အထင်မှာ နှောင်းငယ် တစ်ယောက် လက်ထပ်ပြီးနောက်
အောင်ကျော်ဟိန်း ခေါ်ရာနောက်သို့ လိုက်ပါသွားချေပြီဟူ၍သာ
မှတ်ယူထားပေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... နှောင်းငယ် ... ညီမ"

"အို ... မမမြင့်ရယ်"

နှောင်းငယ်သည် မမမြင့် ရင်ခွင်ထဲ ဦးခေါင်းတိုး မျက်နှာအပ်ကာ တအား ငိုချလိုက်တော့သည်။

"ပြောပါဦး နှောင်းငယ်၊ ဘယ်လိုတွေ ဖြစ်လာတာလဲ၊ အောင်ကျော်ဟိန်းက ညီမကို ဘာတွေလုပ်လွှတ်လိုက်သလဲ၊ သူ့ကို နှောင်းငယ် လက်ထပ်ဖို့ တိုက်တွန်းခဲ့တဲ့ မမမြင့်တို့ မှားသွားပြီလားကွယ်"

"အို ... မဟုတ်ဘူး မမမြင့်၊ မဟုတ်ပါဘူး၊ အစ်ကိုအောင်ကျော်ဟိန်းမှာ ဘာအပြစ်မှ မရှိရှာပါဘူး၊ နှောင်းငယ် ကြမ္မာငင်တာပါ"

ငိုရှိုက်လျက်ကပင် နှောင်းငယ်သည် ဖြစ်ပျက်ခဲ့သမျှ အားလုံး မမမြင့်အား ပြောပြလိုက်သည်။

"မိုက်ပါဘိ နှောင်းငယ်ရယ်"

မမမြင့် အလွန်စိတ်မကောင်းစွာ ညည်းရှာပြီး ...

"ဒါဆို နှောင်းငယ် အောင်ကျော်ဟိန်းဆီကိုပဲ ပြန်သွား။ လောကကြီးမှာ မှသားမပါ လက်မချောပေါ့ကွယ်။ စာနီအောင် မသေပဲ ပြန်ရောက်လာလို့ အောင်ကျော်ဟိန်းနဲ့ လက်ထပ်လိုက်ရတာကို ခွင့်လွှတ်ဖို့ သွားပြောတာပါလို့ အောင်ကျော်ဟိန်းကို ပြောပြလိုက်ပေါ့။ အောင်ကျော်ဟိန်းက စာနီအောင်လို စိတ်ထားဆိုးမည့်သူမှ မဟုတ်တာပဲလေ"



"ဟင့်အင်း ... နှောင်းငယ် အစ်ကိုအောင်ကျော်ဟိန်းကို မလိမ်မညာချင်ဘူး မမမြင့်"

"ဒါတော့ ဒါပေါ့ ညီမရယ်၊ လိမ်တယ်ညာတယ် ဆိုတာမျိုးက ငါးပါးသီလထဲမှာ ကံတစ်ပါးအနေနဲ့ ပညတ်ထားမှန်း မမမြင့် သိနေသားပဲ၊ ဒါပေမဲ့ မမမြင့်ရဲ့ ဖိလော်ဆော်ဖီအရပေါ့လေ၊ လိမ်ညာမှုနဲ့ ပတ်သက်ပြီး ခံယူချက်ကို ပြောပြမယ်၊ ကိုယ်မှာ အကျိုးရှိပြီး သူတစ်ပါးမှာ အကျိုးပျက်စီးစေမဲ့ လိမ်ညာမှုမျိုးတော့ မပြုရဘူး။ ဒါပေမဲ့ ကိုယ့်မှာလည်း အကျိုးရှိမယ်၊ တစ်ပါးသူမှာလည်း အကျိုးမယုတ်ဘူး၊ အကျိုးမပျက်ဘူးဆိုရင်တော့ လိမ်သင့်ရင်လိမ်ရမှာပဲ။ အခု အောင်ကျော်ဟိန်းဆီ ပြန်သွားပြီး မမမြင့်ပြောသလို ပြောပြရင် နှောင်းငယ်မှာ အကျိုးရှိစေပြီး အောင်ကျော်ဟိန်းမှာ အကျိုးပျက်စီးစေတာမှ မဟုတ်တာပဲ နှောင်းငယ်၊ စာနီအောင်ဆီ သွားခဲ့ပေမဲ့ နှောင်းငယ် ကာယကံမြောက် လင်သားအပေါ်မှာ သစ္စာဖောက်ခဲ့တာမှ မဟုတ်တာ"

"မဟုတ်ဘူး မမမြင့်၊ နှောင်းငယ် အစ်ကိုအောင်ကျော်ဟိန်းဆီကို ရေးခဲ့တဲ့စာထဲမှာ အစ်ကိုအောင်ကျော်ဟိန်းကို ပစ်ပစ်ခါခါ လုပ်သွားတဲ့သဘော သက်ဝင်နေတယ်။ အစ်ကို အောင်ကျော်ဟိန်းကို စွန့်ခွာပြီး ချစ်သူဟောင်းနောက် လိုက်သွားပြီဆိုတဲ့ သဘောပဲ။ အစ်ကိုအောင်ကျော်ဟိန်းဟာ နှောင်းငယ်ကို စိတ်နာသွားမှာ သေချာတယ်"

www.burmeseclassic.com

www.burmeseclassic.com



"မမမြင့်တော့ အဲဒီလို မထင်ဘူး။ နှောင်းငယ်ဟာ သူ့ကို မချစ်မှန်း သူသိနေတာပဲ။ သူကသာ နှောင်းငယ်ကို တစ်ဖက်သတ်အချစ်နဲ့ လက်ထပ်တာမှန်းလည်း သူသိတာပဲ။ အဲဒီတော့ နှောင်းငယ် ပြန်သွားရင် သူလက်ခံမယ်လို့ မမမြင့်တော့ သေချာယုံကြည်တာပဲ။ မမမြင့် အပျိုကြီးပေမဲ့ တခြားအိမ်ထောင်ရေးတွေကို လေ့လာဖူးပါတယ် နှောင်းငယ်။ ကိုယ့်ဇနီးမယားက ဖောက်ပြန်တယ်၊ ဒါပေမဲ့လင်ကြီးလုပ်သူဟာ သူ့ဇနီးကို ချစ်လွန်းတော့ ဘာမဆို ခွင့်လွှတ်တာမျိုး တွေ့ဖူးတာပါ"

"ဟင့်အင်း ... ဟင့်အင်း ... နှောင်းငယ် အဲဒီလောက်အထိ စိတ်ထားညံ့ညံ့ မထားနိုင်ဘူး မမမြင့်၊ ကိုကိုအောင်က လက်မခံမှ အစ်ကိုအောင်ကျော်ဟိန်း ဆီကို ပြန်သွားတယ်ဆိုတာ အကောင်းဘက်မှာ လုံးဝမရှိ၊ အဆိုးဘက်သက်သက်ကြီး ဖြစ်နေတာ။ နောက်ပြီး ကိုယ့်အပေါ် ခွင့်လွှတ်စေဖို့အတွက် အစ်ကိုအောင်ကျော်ဟိန်းကို မလှည့်စားရက်ဘူး။ အစ်ကိုအောင်ကျော်ဟိန်းကို အခုမှ ပိုပြီးတောင်သနားသေးတယ်"

"ဒါဆိုလည်း ဒီလိုလုပ်ပါ နှောင်းငယ်၊ ကမ္ဘာမီးလောင်တဲ့အခါ သွားကောင်ချနင်း ဆိုရိုးရှိတာပဲ။ နှောင်းငယ် အောင်ကျော်ဟိန်းနဲ့ လွဲသွားရင် နာဘက်ကချည်းပဲ၊ တရားဝင်လက်ထပ်ပြီးပြီမို့ နှောင်းငယ်ဟာ အပျိုရည်မပျက်သေးဘူး ဆိုပေမဲ့ တရားဥပဒေအရတော့ နှောင်းငယ် အပျိုမ



ဟုတ်တော့ဘူး၊ ပတ်ဝန်းကျင်တစ်ခုလုံးကလည်း နှောင်းငယ်ကို အပျိုမုဒ်လို့ ဘယ်သူကမှ အသိအမှတ်ပြုမှာ မဟုတ်ဘူး၊ ဒီတော့ အမှန်အတိုင်းပဲ၊ အောင်ကျော်ဟိန်းကို ဖွင့်ပြော၊ ဇာနီအောင် ကိုယ်တိုင်က နှောင်းငယ်ကို လက်ထပ်ပြီးသားမို့ မသဒ်တော့ဘူးဆိုပြီး ငြင်းဆန်လိုက်တယ် ဆိုတာကို ဖွင့်ပြော၊ ဒါတောင်မှ အောင်ကျော်ဟိန်းက ပြန်လက်ခံပါတယ်ဆိုရင် ကိုယ့်ဘက်က အမှန်အတိုင်း ဖွင့်ပြောပြီးသားပဲ၊ ဝတ္တရားကျေပြီ၊ ဆက်ပေါင်းကြရုံပေါ့"

"မဖြစ်ပါဘူး မမမြင့်ရယ်"

"အို ... ဖြစ်တယ်။ အခုပဲ မမမြင့် အဆောင်ကဖုန်းနဲ့ ထင်းရှူးမြိုင်ဟိုတယ်ကို ဆက်မယ်၊ အောင်ကျော်ဟိန်းကို မမမြင့်ပဲ ကြားကနေပြီး အဖြစ်မှန်ကို ပြောပြီရှင်းပြမယ်။ သူ့ဆီက ပြန်ပြောတဲ့စကားပေါ်မှာ နှောင်းငယ် ဆက်ကကရုံပဲ"

ပြောပြောဆိုဆို မမမြင့်သည် ဖုန်းရှိရာသို့သွားသည်။ တယ်လီဖုန်းလမ်းညွှန်စာအုပ်မှ "ထ"အက္ခရာတွင် ရှာဖွေရာ ထင်းရှူးမြိုင်ဟိုတယ်၏ နံပါတ်ကို ရရှိသည်။

မမမြင့် ဖုန်းလှည့်သည်၊ နားထောင်သည်၊ ထင်းရှူးမြိုင်ဟိုတယ်နှင့် ဆက်သွယ်မှု ရပေတော့သည်။ မမမြင့် တစ်ဖက်နှင့် ဖုန်းတွင်စကားပြောသည်။ တစ်ဖက်မှပြောသည်ကို နားထောင်ပြီး ဖုန်းကို ပြန်ချထားလိုက်ပေတော့သည်။

"သွားပြီ နှောင်းငယ်၊ အောင်ကျော်ဟိန်း တစ်ယောက်အရက်တွေ တအားမူးပြီး စိတ်လိုက်မာန်ပါနဲ့ ဦးဘာဘူကို

www.burmeseclassic.com

www.burmeseclassic.com



မောင်းစေပြီး ညနေလေးနာရီမှာပဲ တောင်ကြီးကို မောင်း
ထွက်သွားပြီတဲ့။ ထင်းရှူးမြိုင်ဟိုတယ်က မန်နေဂျာ
အမှုထမ်းတွေကိုတောင် နှုတ်ဆက်သွားသေးတယ်တဲ့

"သွားပြီဟော့တဲ့ သတို့သမီး မပါတဲ့ ဟန်းနီးမွန်း
အောင်ကျော်ဟိန်း တစ်ယောက်တည်း တောင်ကြီးကိုသွား
ပြီဆိုပြီး ဟားတိုက်ရယ်သွားတယ်တဲ့ နှောင်းငယ်"

"အို ... မမမြင့်ရယ်"

နှောင်းငယ် ငိုပြန်သည်။ ဘဝအကျိုးပေးပုံသည်
နှောင်းငယ်အဖို့ တစ်မျိုးကြီးပါလား။

ကိုယ်ကောင်းလျှင် ခေါင်းမရွေ့ဆိုသော စကား
သည် နှောင်းငယ်အတွက် ဗီလာကြီး ဖြစ်နေပါ၏။ နှောင်းငယ်
ကိုယ်တိုင် လော်လီဖောက်ပြန်ခြင်း လုံးဝမရှိပါပဲလျက် ကိုကိုအောင်
တို့ အစ်ကိုအောင်ကျော်ဟိန်းတို့ အမြင်ဝယ် နှောင်းငယ်သည်
လော်လီဖောက်ပြားသော မိန်းမတစ်ဦးဟု ယိုးစွတ်ဖွယ် ဖြစ်နေ
တကား။



## ၁၈

ဝိဒေဟရာဇ်မင်းကြီးသည် ဥမ္မာဒန္တီကို မိဖုရား
မမြှောက်ပဲ ပါယ်ချသဖြင့် ဥမ္မာဒန္တီသည် အဘိပါရက စစ်သူကြီး
ကတော် ဖြစ်သွားသည်။

မင်းယဉ်နရသိခ်ဘုရင်သည် ဝေဠုဝတီမင်းသမီးကို
မိဖုရားမြှောက်ရန် ငြင်းပယ်သဖြင့် ဝေဠုဝတီမင်းသမီးသည်
နာရပတိစည်သူ အိမ်ရှေ့မင်းကတော် ဖြစ်သွားသည်။

ဥမ္မာဒန္တီရော ဝေဠုဝတီမင်းသမီးရော အလွန်ချော
အလွန်လှသည်ဟု ရာဇဝင်တွင် ကျော်ကြားပါ၏။

ယခု နှောင်းငယ်သည်လည်း အလွန်ချော အလွန်
လှပါ၏။

နှောင်းငယ် ဘာတွေဖြစ်မည်နည်း။

ပဏ္ဍုမြားမှန်လျှင် နှံမနစ်ဟူသော စကားတော့
ရှိပေသည်။

www.burmeseclassic.com



ယင်းသို့ဖြင့် ၃၆၅ ရက်သော ရက်တွေသာ ကုန်လွန်သွားသောခါ တစ်နှစ်ကြာခြောင်းသွားပေပြီ။

ကိုကိုအောင် သွေးသိပ်ပူနေပါတယ်။ သွေးအေးအေးနှင့် စဉ်းစားပါဟု ဆိုစေကာမူ တစ်နှစ်သောအချိန်သာ ရောက်သွားသည်။ ကိုကိုအောင် ထံမှ ဘာမျှပြန်မလာ ဗလာနတ္တိ။

သွားပြီဟေ့ ... သတို့သမီးမပါပဲ ဟန်းနီးမွန်းခရီးကို သတို့သားတစ်ယောက်တည်း ထွက်သွားပြီဟေ့ဟု အရက်တွေမူး၊ ဟားတိုက်ရယ်မော ထွက်ခွာသွားသော အစ်ကိုအောင်ကျော်ဟိန်းသည်လည်း တစ်နှစ်သောအချိန်သာ ကုန်သွားသည်။ နှောင်းငယ်အား ဘယ်ပုံစံနှင့်မျှ မဆက်သွယ်ပေ။

ဘာတတ်နိုင်မည်နည်း။

နှောင်းငယ်က မိန်းမသားပေပဲ။

ငါ်င်၍ သူ မယိမ်း၊ သူယိမ်းမှ ငါပါရချေမည်ဟုပဲ ပထမ တစ်လ၊ နှစ်လ၊ သုံးလ၊ လေးလလောက် အထိတော့ မျှော်လင့်ချက် ထားမိသည်။

ကိုကိုအောင်က ပြန်ဆက်သွယ်လေမလား။

အစ်ကိုဦးအောင်ကျော်ဟိန်းက ဆက်သွယ်လေမလား။

သို့သော် တစ်နှစ်သာ ကုန်သွားသည်။ မည်သူကမျှ နှောင်းငယ်ကို မဆက်သွယ်ကြပေ။

နှောင်းငယ်သည် အသက်အားဖြင့် ငယ်သေးစေကာမူ အတွေ့အကြုံအားဖြင့် ရင့်ကျက်လာသည်။



ဒီတော့လည်း နှောင်းငယ်သည် နှလုံးသား၏ လှုပ်ရှားမှု တဖြည်းဖြည်း ကင်းမဲ့လာကာ စက်ရုပ်အသွင် ဖြစ်လာသည်။

သူများက ဒါကောင်းသည် ဆိုလျှင် နှောင်းငယ် လုပ်သည်။

ကိုကိုအောင်နှင့် အစ်ကိုအောင်ကျော်ဟိန်းတို့နှင့် င်းကွာပြီး သုံးလအကြာမှာပင် မမသူဇာ၏ ဝမ်းဗိုက်ထဲသို့ သားလေးလား မိးမိးလေးလားမသိ ဝင်ရောက်လာသည်။ သူဇာက သူမတွင် ကိုယ်ဝန်ရှိနေပြီဖြစ်ကြောင်း ဝမ်းသာအားရ ှာင်းငယ်ကို ပြောပြသည်။

ကိုးလလွယ်ပြီး ဆယ်လကြာ မမသူဇာ မွေးဖွားသောါ သားသားလေး မွေးသည်။ မမသူဇာတို့ လင်မယားမှာ ျော်ခဆုံး မော်မဆုံး ဖြစ်ကြရသည်။ သားသားလေးကို မွေးစင် တူးနေအောင် ချစ်ကြသဖြင့် "တူးတူး"ဟုပင် ချစ်စနိုးခေါ်ကြသည်။

တူးတူးလေး ရက်(၁၀၀)ပြည့်သောနေ့တွင် မမသူဇာအိမ်တွင် တခမ်းတနား ရင်းနှီးသော မိတ်ဆွေများကို ဖိတ်စာ စိတ်ကြားပြီး ကင်ပွန်းတပ်မင်္ဂလာပွဲ ကျင်းပပေးသည်။

ငွေကြေးအကုန်ခံကာ ဒံပေါက်နှင့် ဖာလူဒါ ဧည့်သည်များအား တိုက်ကျွေးပေသည်။

"ဩော် ... ဒံပေါက်နှင့် ဖာလူဒါ"ကို မြင်ပြန်တော့ င်းငယ်ငယ်၏ ခေါင်းထဲတွင် အစ်ကိုအောင်ကျော်ဟိန်းနှင့် လက်ထပ်ခဲ့သည့်ပွဲကို သတိပြန်ရမိပါ၏။

www.burmeseclassic.com



အစ်ကိုအောင်ကျော်ဟိန်းကို သတိရလိုက်ချိန်မှာပင် တိုက်တိုက်ဆိုင်ဆိုင် ကိုဝဏ္ဏ ဆိုသူနှင့် နှောင်းငယ် ပက်ပင်းတိုး ရပြန်တော့သည်။

"ဟေး ... မောင်ဝဏ္ဏ၊ လာ ... လာ ... မင်းက နဂိုက အသားဖြူရတဲ့အထဲ နိုင်ငံခြားသွားနေပြီး အခုပြန်လာတော့ တကယ့်ကို ဘိုရုပ်ပေါက်နေပါလား"

"ဟာ ... မမသုစာကလည်း ကျွန်တော့်ကို မြှောက်ပြန်ပြီ"

ကိုဝဏ္ဏသည် အနောက်တိုင်းဝတ်စုံကို သေသပ်စွာ ဝတ်ဆင်ထားသည်။ ဖြူဖွေးသော ရှပ်အင်္ကျီတွင် လည်စီးနက်ေ တိုင်မှိုနီရဲရဲလေး ဆင်မြန်းထားသည်။ မီးခိုးနုရောင် ထရော်ပီကယ် သက္ကလပ်ပါး ကုတ်အင်္ကျီနှင့်ဘောင်းဘီ ဝတ်ဆင်ထားသည်။

မမသုစာက ကိုဝဏ္ဏကို နှုတ်ဆက်ချိန်တွင် နှောင် ငယ်သည် မမသုစာကို ကူညီလုပ်ကိုင်ပေးရင်း မမသုစာ ဘေး မင် ရှိနေသည်။

မမသုစာက ကိုဝဏ္ဏနှင့် နှောင်းငယ်ကို မိတ်ဆ ပေးပါလေတော့၏။

"ဟောဒါက မမသုစာတို့ရုံးက နှောင်းငယ်ငယ်တဲ့။ ရာ ဝိဇ္ဇာတွဲ ရပြီးပြီလေ။ ဒီမှာ နှောင်းငယ် ... အဲဒါ မောင်ဝ တဲ့။ မမသုစာရဲ့ အမျိုးသားနဲ့ မောင်ဝဏ္ဏရဲ့ အစ်ကိုအ ဆုံးက သိပ်ရင်းနှီးတဲ့ သူငယ်ချင်းတွေလေ၊ မောင်ဝဏ္ဏ စိုက်ပျိုးရေးဘွဲ့ ရပြီးနောက် ဩစတြေးလီးယားကို ကိ စရိုတ်နဲ့ တိုယ် သွားပြီး စိုက်ပျိုးရေးနဲ့ မွေးမြူရေး ထပ်



ကြားဘွဲ့ယူပြီး အခု ပြန်ရောက်လာတာ ဘာကြာသေးလို့ လဲ"

နှောင်းငယ်က မရိုင်းသွားရုံ တမယ်လေး ကိုဝဏ္ဏ ကို ပြုံးပြကာ မိတ်ဆက်ပေးခြင်းကို အသိအမှတ်ပြုကြောင်း ပြသ သည်။

ကိုဝဏ္ဏကလည်း နှောင်းငယ်ကို မြင်မြင်ချင်း ရူးရူး မိုက်မိုက်ကြည့်ကာ အလွန်ကျေနပ်သောအပြုံးဖြင့် ပြန်ပြုံးပြရင်း တွေ့ရတာ ဝမ်းသာပါတယ်ဗျာ ဖြစ်သွားသည်။

ဤသည်ပင်လျှင် ...

နှောင်းငယ်နောက်သို့ နောက်ဆက်တွဲတွေ လိုက်လာ ခဲတော့သည်။

မမသုစာကို အကြောင်းပြုပြီး နှောင်းငယ်တို့ စာအုပ် ဆိုင်သို့ မောင်ဝဏ္ဏ သီတင်းတစ်ပတ်အတွင်း သုံးခါလာသည်။ ရောက်လာတိုင်းလည်း အကြောင်းမရှိ အကြောင်းရှာကာ နှောင်းငယ် ရှေ့မှောက်သို့ ရောက်လာပြီး စကားမရှိ စကားရှာ ပြောသည်။

ယင်းသည့်နောက် သိပ်မကြာလိုက်ပါလေ။

မမသုစာထံမှ အသံထွက်လာသည်။

"ကဲ ... နှောင်းငယ် ဒီကိစ္စမှာ မမသုစာ ကြားမဝင်တော့ ဘူးဆိုပြီး ပေကပ်နေတာပဲ။ ပထမတစ်ခါ နှောင်းငယ်နဲ့ ကိုအောင်ကျော်ဟိန်း ကိစ္စမှာ မမသုစာ ကြားဝင်လို့ နှောင်းငယ် အတွက် အရှမ်းစိပ်မကောင်း ဖြစ်ရတာမို့ မမသုစာ ထပ်ပြီး ကြားမဝင်ချင်တော့တာ အမှန်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ မရဘူးကွယ်၊ မောင်ဝဏ္ဏက လူနာအမဲခြောက်တောင်း ဖြစ်နေတယ်။ မမသူဇာရဲ့ အမျိုးသား ကိုမောင်က မမသူဇာကို လုပ်ပေးလိုက်ပါလို့ တိုက်တွန်းတယ်။ မောင်ဝဏ္ဏအတွက် ကိုမောင်က တာဝန်ယူတယ်ဆိုတဲ့ ကတိလည်း ပေးတယ်။ ကဲ ... မောင်ဝဏ္ဏက နှောင်းငယ်ကို အချစ်ကြီး ချစ်မိနေပြီတဲ့ကွယ်"

"တော်ပါပြီ မမသူဇာ။ နှောင်းငယ်ရဲ့ နှလုံးသားဟာ ဒါနဲ့ပတ်သက်ပြီး ခြောက်သွေ့နေပြီပဲ မမသူဇာ"

"အင်းလေ ... မမသူဇာအနေနဲ့ တိုက်တိုက်တွန်းတွန်းကြီးလည်း မပြောလိုပါဘူး။ ကိုအောင်ကျော်ဟိန်းနဲ့တုန်းက မမသူဇာ ဝင်ပြီးတိုက်တွန်းမိလို့ အခု နှောင်းငယ်မှာ လင်နဲ့အပျိုဘဝ ရောက်ခဲ့ရပြီလေ။ အခုတစ်ခါ လာပြန်ပြီဆိုတော့ ..."

"အစ်ကိုအောင်ကျော်ဟိန်းနဲ့ ကိစ္စမှာ မမသူဇာရဲ့ စေတနာမှန်း ထင်ရှားနေတာပဲ မမသူဇာ။ နှောင်းငယ် ဘာသာ[illegible] ကြမ္မာငင်ပြီး ဖြစ်သွားတာတွေပါ။ အစ်ကိုအောင်ကျော်ဟိန်းကလည်း နှောင်းငယ်အပေါ် တကယ့်မေတ္တာစစ်နဲ့ အတည်[illegible] အတုံ့ ရှိခဲ့တာပဲဟာ။ ကဲပါ ... မမသူဇာရယ်၊ နှောင်းငယ် အဲဒါတွေ လုံးဝစိတ်မဝင်စားတော့ပါဘူး၊ ကိုဝဏ္ဏကို ပြော[illegible] လိုက်ပါ၊ နှောင်းငယ် ကန်တော့ဆွမ်းပါ ဘုရားလို့ပဲ"

မမသူဇာကလည်း ကိုဝဏ္ဏကို ကန်တော့ဆွမ်း[illegible] ဘုရား အကြောင်း သေသေချာချာ ပြောပါ၏။



သို့သော် ...

မမသူဇာ ထံမှ နောက်တစ်ပတ်အကြာ တနင်္လာနေ့တွင် ထပ်မံပြောလာပြန်သည်။

"မမသူဇာ အောင်သွယ်တာ မဟုတ်ဘူးနော်။ မမသူဇာအပေါ်ကို မမသူဇာရဲ့ ကိုမောင်ကလည်း ဖိအား[illegible] ကိုမောင် ကိုယ်တိုင်က မောင်ဝဏ္ဏနဲ့ ပတ်သက်ပြီး ဘာမဆို တာဝန်ယူတယ်၊ ကတိပေးတယ်လေ၊ ဒါကြောင့် မမသူဇာ ဆက်ပြောနေတာပါ၊ မမသူဇာက မောင်ဝဏ္ဏကို သေချာ ပြောပြပါတယ်၊ နှောင်းငယ်က ဒါတွေကို လုံးဝစိတ်မဝင်စားတော့ဘူး၊ နှောင်းငယ်ရဲ့ နှလုံးသားဟာ အသက်မရှိတဲ့ ကျောက်တုံးကျောက်ခဲ ဖြစ်နေပြီ၊ မောင်ဝဏ္ဏကိုလည်း လုံးဝ လက်မခံပါဘူးလို့ပဲ ပြောတာပဲ"

"အဲဒါ ... မောင်ဝဏ္ဏက နောက်ဆုံးတစ်ခုပဲ စျေးဆစ်တယ် နှောင်းငယ်။ ဒီကနေ့ ရုံးအဆင်းမှာ နှောင်းငယ်ကို မမသူဇာတို့အိမ်ကို လိုက်လာဖို့ အရခေါ်ပေးပါတဲ့။ မောင်ဝဏ္ဏ ကိုယ်တိုင် လွှတ်လပ်စွာ နှောင်းငယ်နဲ့ ဆွေးနွေးပါရစေတဲ့"

"အာ ... မဟုတ်တာ မမသူဇာကလည်း"

"အိမ်ကို နှောင်းငယ် လိုက်လာရုံတော့ လိုက်လာပေးပါကွာ၊ မောင်ဝဏ္ဏနဲ့ မျက်နှာချင်းဆိုင် ဆွေးနွေးတဲ့အခါ နှောင်းငယ်ရဲ့ နှုတ်နဲ့ပဲ အပြတ်ငြင်းချင်ငြင်းပါ။ နောက် ပြီး မောင်ဝဏ္ဏရဲ့တာဝန်ကို မမသူဇာ ယူပါတယ်။ ဘာမှ

www.burmeseclassic.com

www.burmeseclassic.com



ဟောဟောဒုရမ်းရမ်း မဖြစ်စေရဘူးလို့လေ။ မမသူဇာက မနီးမဝေးမှာ ရှိနေမှာပါ။ ကိုမောင်ကလည်း နောက်ဆုံး အနေနဲ့ ဒါလေးတော့ လုပ်ပေးလိုက်ပါကွာလို့လည်း ပြော ထားလို့ပါ နှောင်းငယ်"

နှောင်းငယ်မှာ မမသူဇာကို မငြင်းနိုင်ပြီမို့ မမသူဇာ အိမ်ကို လိုက်ခဲ့ပါမည်ဟု ဆိုရတော့သည်။

ကိုဝဏ္ဏနှင့် မတွေ့ဆုံမီ မမသူဇာကပင် ကိုဝဏ္ဏ၏ ကိုယ်ရေးရာဇဝင်ကို နှောင်းငယ် သတိထားနှင့်ဖို့ ပြောပြသေ သည်။

ဖအေကရှမ်း၊ အမေက မြန်မာ၊ သားအကြီးဖ ကိုသိဒ္ဓိ၊ သားအငယ်က မောင်ဝဏ္ဏ၊ ညီအစ်ကိုနှစ်ယောက်စလုံး ကလောတွင် မွေးဖွားသည်။ အောင်ပန်း၊ ကလောနှင့် တောင်ကြီး တစ်ဝိုက်တွင် သစ်တော်ခြံ၊ လီမွှော်ခြံ၊ သနပ်ဖက်ခြံ၊ လက်ဖက် စိုက်ခင်းတွေ မိဘအမွေကျန်ခဲ့သည်။

အစ်ကိုကြီးဖြစ်သူ ကိုသိဒ္ဓိက ခြံလုပ်ငန်းစိုက်ပျိုးရေး လုပ်ငန်းကို ဝါသနာမပါ။ တပ်မတော်တွင် ဝင်ရောက်အမှုထမ်း ရာ ယခုအခါ တပ်မတော်အရာရှိကြီးတစ်ဦး ဖြစ်နေသည်။

မောင်ဝဏ္ဏက စိုက်ပျိုးရေး မွေးမြူရေးတွင် ဝါသနာ ပါရုံမက တည်ထွင်လိုသောစိတ်ရှိသည်။ ထို့ကြောင့်လည်း မြန်မာ ပြည်တွင် စိုက်ပျိုးရေးဘွဲ့ရရုံမက ဩစတြေးလျားသို့ ထပ်ဆင့် စိုက်ပျိုးရေး မွေးမြူရေးပညာတွေ သွားသင်ပြီး ပြန်လာကာ ဖြစ်သည်။ လုပ်သားပေါင်းများစွာနှင့် မိဘလုပ်ငန်းကို မောင်ဝဏ္ဏ



ထပဲ ဆက်လုပ်နေသည်။ အလွန်ချမ်းသာကြွယ်ဝသူ မဟုတ်သော် လည်း မကြောင့်မကြ စားနိုင်သောက်နိုင်သည့် အဆင့် ရှိလေ သည်။

"သူတို့ညီအစ်ကိုနှစ်ယောက်စလုံး အိမ်ထောင်မရှိကြသေး ဘူး နှောင်းငယ်၊ အဲဒါ မောင်ဝဏ္ဏရဲ့ ကိုယ်ရေး ရာဇဝင်ပဲ၊ ကိုမောင်ကတစ်ဆင့် ပြောပြလို့ မမသူဇာ သိတာ။ ကိုမောင် နဲ့ ကိုသိဒ္ဓိက သိပ်ခင်မင်ကြတဲ့ ငယ်သူငယ်ချင်းတဲ့။

ညနေ ရုံးအဆင်းတွင် မမသူဇာနှင့်အတူ မမသူဇာ ၏အိမ်သို့ နှောင်းငယ် လိုက်ပါခဲ့သည်။

ကိုဝဏ္ဏသည် လည်ပင်း[illegible]ည်ရှည်နှင့် မမသူဇာ အိမ်မှ စောင့်နေသည်ကို တွေ့ရသည်။

မမသူဇာ၏ အမျိုးသား မောင်တော်ပြန်မရောက် သေး။ မမသူဇာ ကိုယ်တိုင်လည်း နာနီလက်မှ သားလေးကွေးတွေး ကို ပွေ့ချီကာ သူမ အခန်းထဲတွင် အလုပ်များနေသည်။

ဧည့်ခန်းထဲတွင် နှောင်းငယ်နှင့် ကိုဝဏ္ဏ နှစ်ယောက် သာ ရှိပေသည်။

"ကျွန်တော်က နှောင်းငယ်ကို မြင်မြင်ချင်း မေတ္တာရှိခဲ့သူ ဆိုတော့ ကျွန်တော်ကပဲ ရင်ထဲရှိတာတွေ စပြီးပြောပါမယ်။ အမှန်အကန် သစ္စာစကား ပြောရရင် ကျွန်တော် အခုအချိန် ထိ ဘယ်အမျိုးသမီး တစ်ယောက်ကိုမှ မေတ္တာမရှိခဲ့ဖူးပါ ဘူး၊ နှောင်းငယ်ဟာ ကျွန်တော်ရဲ့ ပထမဆုံး ရင်ထဲက မေတ္တာရှိခဲ့သူပါ"

www.burmeseclassic.com

www.burmeseclassic.com



နောင်းငယ်က ဘာမျှပြန်မပြော၊ ရင်လည်းမခုန် မမသုဇာကို အားနာပြီး လိုက်လာခြင်းသာဖြစ်သည်။ ထို့ကြောင့် နောင်းငယ်အနေနှင့် ကိုဝဏ္ဏ ပြောသည်ကို နားထောင်ရုံကလွဲပြီး ဘာမျှ ပြန်ပြောစရာမရှိ။

ကိုဝဏ္ဏတ မိမိကို မေတ္တာစကား ဆိုရာ၌ အား ပါးရ ရှိလွန်းနေသည်ကို ကြည့်နေမိသည်။ ရှမ်းသွေးပါသူ ပြောရာတွင် ပွင့်လင်းသည်။

နောင်းငယ် ကိုယ့်ဟာကိုယ်ပင် အံ့ဩမိသည်။

ချစ်ဦးသူ ကိုကိုအောင်က ပထမဆုံး သူ၏မေတ္တာ စကားပြောတုန်းက ောင်းငယ် ရင်ခုန်သည်။

အစ်ကိုအောင်ကျော်ဟိန်း မေတ္တာစကား ဆိုစဉ်က လည်း ရင်ထဲတွင် ကြည်နူးမှုတစ်မျိုး ခံစားရပြီး ငိုချင်သလို ဖြစ် ခဲ့သည်။

အံ့ပါ့ ...

ယခု ကိုဝဏ္ဏက အားရပါးရ လိုက်လိုက်လှဲလှဲ ပြောသည်ကိုကျတော့ နားထောင်ရုံကလွဲပြီး ကျောက်ခဲတစ်လုံး အနားမှာချထားသလို နောင်းငယ် မလှုပ်မယှက် ငြိမ်နေမိ သည်။

"မမသုဇာက ပြောပါတယ်၊ ကျွန်တော့်ကို နောင်းငယ် ငြင်းပယ်လိုက်တယ်လို့။ နောက်ပြီး နောင်းငယ်ဟာ ခံမှန် ဖူးတဲ့ စာသူငယ်မို့ မမသုဇာ အနေနဲ့ တိုက်တွန်းစကား ထပ်ပြီး မပြောချင်ဘူးလို့လည်း ပြောပါတယ်။ အခု



ကျွန်တော် ပြောတာက ကျွန်တော်ကိုယ်တိုင် ထပ်ပြီးအယူ ခံဝင်တဲ့ သဘောနဲ့ ပြောတာပါ"

နောင်းငယ် ကိုဝဏ္ဏ စကားတစ်ခွန်းကို ပြန်ချေပ လိုစိတ် ရှိလာသောကြောင့် ပြန်ပြောလိုက်သည်။

"နောင်းငယ်ကို ခံမှန်ဖူးတဲ့ စာသူငယ်လို့ ဥပမာပြောလို့ မရပါဘူး၊ ခံမှန်တယ် ဆိုတာက ပစ်တဲ့လူကိုက ရရင် ပြီးရော၊ အပစ်ခံရတဲ့ စာကလေး နာချင်နာပစေဆိုတဲ့ စိတ်နဲ့ပါ။ ကိုအောင်ကျော်ဟိန်းက နောင်းငယ်ကို ဘာခဲ နဲ့မှ မပစ်ခဲ့ပါဘူး၊ နောင်းငယ်ကသာ အစ်ကိုအောင်ကျော် ဟိန်း အပေါ်မှာ သစ္စာမဲ့လိုက်မိတာပါ။ ဒါထက် ကိုဝဏ္ဏ ဟာ နောင်းငယ်ရဲ့ နောက်ကြောင်းတွေအားလုံး သိမှသိ ပါလေစ"

"သိပါတယ်။ မမသုဇာရဲ့ အမျိုးသားက ကျွန်တော့်ကို နောင်းငယ်ရဲ့ နောက်ကြောင်းတွေ အားလုံးပြောပြပါတယ်။ အဲဒီ နောင်းငယ်ရဲ့ နောက်ကြောင်းတွေကို ကျွန်တော် အလေးအနက် သုံးသပ်ပြီးပါပြီ။ ကိုဇာနီအောင်နဲ့ ဖြစ်ခဲ့ တာရော ကိုအောင်ကျော်ဟိန်းနဲ့ ဖြစ်ခဲ့တာရော နှစ်ခုလုံး ဟာ နောင်းငယ်ကို ကျွန်တော် အပြစ်မြင်လို့ မရဘူး၊ နောင်းငယ်မှာ ဘာအပြစ်မှ မရှိဘူးလို့ ကျွန်တော် သုံးသပ် မိတယ်။ ဥပမာ ကားတိုက်ခံရတာဟာ ကိုယ်ကိုယ်တိုင်က ငေးလို့လို့ အတိုက်ခံရတဲ့လူကို အပြစ်တင်လို့ ရတယ်၊ အဲ ... မိုးကြိုးပစ် ခံရတာကျတော့ ငေးလို့လို့ အပြစ်တင်

www.burmeseclassic.com

www.burmeseclassic.com



လို့ ရမလား။ အပြစ်တင်တဲ့လူပဲ လူမိုက်ဖြစ်သွားမှာပေါ့။ ကျွန်တော် နှောင်းငယ်ကို ဘယ်လိုမှ အပြစ်မမြင်ဘူး။ ကံမကောင်းလို့ နှောင်းငယ်မှာ ဒီလိုဖြစ်သွားတာလို့ပဲ သုံးသပ်ပြီး အဖြေထွက်တယ်။ နောက်ထပ် ကျွန်တော်ဆက်ပြီး သုံးသပ်တာကတော့ ကိုဇာနီအောင်နဲ့ ကိုစွကတော့ ကိုဇာနီအောင်ဟာ ကိုယ့်ချစ်သူအပေါ်မှာ အထင်သေးတယ်၊ ယုံကြည်စိတ် နည်းတယ်၊ ခွင့်လွှတ်သင့်တာကို ခွင့်မလွှတ်တဲ့စိတ်မျိုးရှိတယ်၊ ကိုယ့်အကျိုးက အသာလိုချင်တဲ့စိတ်ကြီးမားတယ်လို့ သုံးသပ်တယ်"

နှောင်းငယ် တွေတွေငေးငေးနှင့်မင် နားထောင်နေပါ၏။ ကိုဝဏ္ဏ သုံးသပ်ချက်သည် ဟုတ်သင့်သလောက် ဟုတ်သည်ဟုလည်း ထင်မြင်မိသည်။ ဒါမှမဟုတ် ကိုကိုအောင်သည် အချစ်ကြီးလွန်းသောကြောင့် အမျက်ကြီးသွားသည်မျိုးကိုကော ကိုဝဏ္ဏ မသုံးသပ်မိပေဘူးလား ဟုလည်း ပြန်မေးချင်မိလေသည်။

သို့သော် ... မမေးတော့ပါပေ။

"ကိုအောင်ကျော်ဟိန်း ကျတော့လည်း နှောင်းငယ်ရဲ့ လက်ရှိအခြေအနေနဲ့ ကိုအောင်ကျော်ဟိန်းရဲ့ အခြေအနေဟာ ကွာခြားလွန်းနေတယ်၊ ကျွန်တော် ကိုယ်တိုင် ကိုအောင်ကျော်ဟိန်းရဲ့ ချမ်းသာကြွယ်ဝမှုကို ကြားဖူးပါတယ်။ တောင်ကြီးမှာလည်း ကိုအောင်ကျော်ဟိန်းပိုင် ထင်ရှူးမြိုင်ဟိုတယ် ရှိနေတော့ သူ့အကြောင်း ကျွန်တော် ကြားဖူးတာပေါ့လေ။ အိမ်ထောင်တစ်ခု တည်ဆောက်ရာ



မှာ တစ်ယောက်နဲ့တစ်ယောက် ပညာအရည်အချင်းချင်း ကွာနေတာတို့၊ ပစ္စည်းချမ်းသာမှုချင်း သိပ်ကွာတာတို့၊ အသက်အရွယ်ချင်း သိပ်ကွာတာတို့ဟာ ပေါင်းသင်းကြမိတဲ့အခါ အယူအဆချင်း ကွဲလွဲတာတို့၊ မလေ့စရိုက်နဲ့ အပြုအမူတို့ခြင်း ကွဲလွဲတာတို့ မကြာခဏတွေ့လာကြပြီး တကျက်ကျက်နဲ့ မသင့်မမြတ်တွေ ဖြစ်လာတတ်ပါတယ် နှောင်းငယ်"

ဒါကျတော့ နှောင်းငယ်သည် မသိမသာ ခေါင်းညိတ်မိသည်။

ကိုဝဏ္ဏပင် စကားပြောကောင်းသောကြောင့်လား။ ကိုဝဏ္ဏ ပြောသော စကားနှင့် သုံးသပ်ချက် ဖီလော်ဆော်ဖီတို့သည် မိမိအတွေးအခေါ်နှင့် တူညီနေသောကြောင့်လား မသိ။ ကိုဝဏ္ဏ၏ ပြောပြချက်များကို နှောင်းငယ် ထောက်ခံမိပေသည်။

"ကျွန်တော့်ကို လက်ထပ်ပါ နှောင်းငယ်၊ ကျွန်တော်ဟာ ကိုဇာနီအောင်လို တစ်ဖက်သတ်သမား မဟုတ်သလို ကိုအောင်ကျော်ဟိန်းလို နှောင်းငယ်နဲ့ သိပ်အဆင့်ကွာတဲ့ သူလည်း မဟုတ်ပါဘူး၊ နှောင်းငယ်နဲ့ ကျွန်တော် သွေးတူရည်တူပါ။ ကျွန်တော်နဲ့ လက်ထပ်ပြီးရင် နှောင်းငယ်ကို လူတန်းစေ့နိုင်တဲ့ အဆင့်ထက် ပိုအောင် သာအောင် နှောင်းငယ်ကို အမြတ်တနိုး ထားပါ့မယ်"

နှောင်းငယ် တွေဝေသွားသည်။ ကိုဝဏ္ဏ ပြောပြချက်တွေမှာ သူမဘာဝနှင့် ဆီလျော်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် မမသူဇာ ကလေးသိပ်ပြီး အခန်းထဲမှ ပြန်ထွက်လာပြီး ဧည့်ခန်းတွင် ဝင်ထိုင်ကာ ဝင်ရောက်ပြောပေသည်။

"နောင်းငယ်ကို မမသူဇာ မေးမယ်။ မမသူဇာ နောင်းငယ် အပေါ်မှာ ထားရှိတဲ့ စေတနာကို ယုံကြည်သလား"

"သိပ်ကို ယုံပါတယ် မမသူဇာ။ နောင်းငယ်ရဲ့ဘဝတစ်လျှောက်မှာ မမသူဇာနဲ့ မမမြင့်ဟာ နောင်းငယ်ရဲ့မိဘတွေပါ"

"အေး ... မမသူဇာတို့ကလည်း နောင်းငယ်ရဲ့ဘဝ အခြေတကျ ဖြစ်သွားမှ စိတ်အေးမှာ။ ဒီတော့ မမသူဇာ နောင်းငယ်ကို မေးမယ်"

"မေးပါ မမသူဇာ"

"နောင်းငယ်ရဲ့ နှလုံးသားဟာ ကျောက်ခဲဖြစ်သွားပြီမို့ တစ်သက်လုံး နောင်းငယ် အိမ်ထောင်မပြုတော့ဘူးလို့ ဆုံးဖြတ်ထားသလား"

"အဲဒီလိုလည်း မဆုံးဖြတ်ထားပါဘူး မမသူဇာ"

"ဟုတ်တာပေါ့ ... နောင်းငယ်ရဲ့အသက် သိပ်ငယ်သေးတာပဲ။ တစ်ချိန်ချိန်မှာ အိမ်ထောင်ပြုရမှာပေါ့။ ဒါဆိုရင် အခု မောင်ဝဏ္ဏရဲ့ အိမ်ထောင်ဖက်အဖြစ် နောင်းငယ် စဉ်းစားသင့်သလားလို့ပါ။ မောင်ဝဏ္ဏ မဟုတ်ပဲ တခြား ယောက်ျားသား တစ်ဦးဦးဆိုရင် နောင်းငယ်ရဲ့ ကံခေမှုတွေ အပေါ်မှာ ယုံယုံကြည်ကြည် ခွင့်လွှတ်နိုင်ပါ့မလား။ အခု မောင်ဝဏ္ဏကတော့ မမသူဇာတို့ရဲ့ လင်မယားက



ပြောပြတဲ့ အဖြစ်မှန် နောင်းငယ်ဟာ လင်နဲ့ အရှုံးဖြစ်သွားပေမဲ့ သန့်စင်တယ် ဆိုတာကို ယုံကြည်တယ်။ နောင်းငယ်ကိုလည်း ချစ်ခင်မြတ်နိုးတယ်။ ဒီတော့ နောင်းငယ် စဉ်းစားပေါ့။ မမသူဇာ ပြောတာ တိုက်တွန်းစကားတွေ မဟုတ်ဘူးနော်။ စဉ်းစားသင့်တာကိုသာ အစိက ပြောပြတာ"

"နောင်းငယ် စဉ်းစားပါတယ် မမသူဇာ၊ ဒါပေမဲ့ အခု လောလောဆယ်မှာ နောင်းငယ် အေးအေးနေချင်တာရယ်၊ နောက်တစ်ချက်က နောင်းငယ်နဲ့ အစ်ကိုအောင်ကျော်ဟိန်း တရားဝင် လက်ထပ်ထားတာကြီးက တန်းလန်းကြီး ရှိနေသေးတယ် မဟုတ်လား"

"အေး ... ဒါတော့ မှန်တယ်။ နောင်းငယ် အနေနဲ့ မောင်ဝဏ္ဏကိုပဲဖြစ်ဖြစ် တခြားဘယ်ယောကျာ်းသားတစ်ယောက်ယောက်ကိုပဲဖြစ်ဖြစ် ယူဖို့ လက်ထပ်ဖို့ ဆိုရင် ကိုအောင်ကျော်ဟိန်းနဲ့ ပြီးပြီးပြတ်ပြတ် ဖြစ်ထားဖို့လိုတာ အမှန်ပဲ"

ကိုဝဏ္ဏက ဝင်ရောက်ပြောပြန်သည်။

သို့သော် ကိုဝဏ္ဏသည် နောင်းငယ်ကို တိုက်ရိုက်ပြောသည်မျိုး မဟုတ်ပဲ မမသူဇာတို့ တိုင်ပင်ပြောဆိုသည့်သဘောဖြင့် မမသူဇာကို ပြောခြင်းမျိုး ဖြစ်ပါ၏။

"ဒီလိုလုပ်ရင် မကောင်းဘူးလား မမသူဇာ၊ ဝေးကြီးက ထင်းရှူးမြိုင်ဟိုတယ် ဆိုတာ အထင်ကရပဲ။ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



လည်း အဲဒီ ကျွန်တော့်နယ်မြေကို လုပ်နေးကိစ္စတွေကြောင့် ပြန်သွင့်နေပြီ။ နှောင်းငယ် ကျွန်တော်နဲ့ အတူတူ တောင်ကြီးကို လိုက်ခဲ့ရင် မကောင်းဘူးလား၊ ခဏလောက်လိုက်ခဲ့ ဖို့ပါ"

"အို ... ဘယ်ဖြစ်မလဲ"

ဟု နှောင်းငယ်က ငြင်းဆန်စကား ဆိုလိုက်မေသည်။

"ကျွန်တော် ပြောတာ ဆုံးအောင် နားထောင်ပါဦး နှောင်းငယ်။ ကိုအောင်ကျော်ဟိန်းဟာ တောင်ကြီးက ထင်းရှူးမြိုင်ဟိုတယ်မှာ ရှိနေလောက်ပါတယ်။ နှောင်းငယ် လိုက်လာဖို့ ပြောတာက ကိုအောင်ကျော်ဟိန်းနဲ့ မျက်နှာ ချင်းဆိုင်တွေ့ပြီး ပြတ်ပြတ်စဲစဲ လုပ်နိုင်ဖို့ ပြောတာပါ"

"အဲဒါ မသေချာပါဘူး ကိုဝဏ္ဏ၊ အစ်ကိုအောင်ကျော်ဟိန်း ပြောတယ်။ သူ တောင်ကြီးကို ဟန်းနီးမွန်းသွားပြီး တောင်ကြီးမှာနေပြီးရင် မန္တလေးကို သွားမယ်တဲ့၊ မန္တလေး မှာလည်း သူ့ ထင်းရှူးမြိုင်ဟိုတယ်တစ်ခု ထပ်ဖွင့်ဖို့ စီစဉ် ထားပြီးသား ရှိနေတယ်တဲ့၊ အဲဒီတော့ အစ်ကိုအောင်ကျော် ဟိန်း တောင်ကြီးမှာ ရှိနေမှန်း မသေချာဘူး၊ မသေချာပဲနဲ့ တော့ နှောင်းငယ် တောင်ကြီးကို ကိုဝဏ္ဏနဲ့ လိုက်စရာ မလိုဘူးလားလို့ပါ"

မမသူဇာက သူမ၏ ေ ငင်မြင်ချက်ကို ထပ်မံဖြည့်စွက် ပြောသည်။





"တောင်ကြီးဟာ စိတ်ပန်းလူပန်း အနားယူမယ်ဆိုရင် အင်မတန် နေသင့်တဲ့မြို့ပဲ နှောင်းငယ် မမသူဇာ စိတ်အထင် တော့ ကိုအောင်ကျော်ဟိန်းဟာ တောင်ကြီးက သူ့ ထင်းရှူး မြိုင်ဟိုတယ်မှာပဲ ရှိနေမယ်လို့ ထင်တာပဲ။ ကိုအောင်ကျော် ဟိန်းက ရန်ကုန်က ထွက်သွားတုန်းက စိတ်ပင်ပန်းသွား တဲ့သူ မဟုတ်လား။ ကဲ ... ဒီတော့ မောင်ဝဏ္ဏက ဘယ် လိုစိတ်ကူးသလဲ၊ စီစဉ်ချင်သလဲဆိုတာ ပြောပါဦး"

"ကျွန်တော့်ကို စိတ်ချပါ နှောင်းငယ်၊ နှောင်းငယ် သဘော မတူသရွေ့ လက်ဖျားနဲ့မတို့ပါဘူး"

ကိုဝဏ္ဏ ပြောလိုက်ကာမှ နှောင်းငယ်သည် အစ်ကို အောင်ကျော်ဟိန်းကို နှောင်းငယ် မျက်စိထဲ မြင်ယောင်ပြီး သတိ တရ ဖြစ်လိုက်မိသည်။

အစ်ကိုအောင်ကျော်ဟိန်းသည်လည်း နှောင်းငယ်နှင့် တစ်လလုံး တွဲခဲ့စေကာမူ သူ့ ကတိစကားအတိုင်း နှောင်းငယ်ကို လက်ဖျားနှင့်ပင် မတို့ပဲ စောင့်ထိန်းရှာခဲ့သည်။ လက်ထပ်သည့် နေ့ကမှ အပြန်ကားပေါ်တွင် နှောင်းငယ်၏ လက်ဖဝါးကို မချင့် မရဲ ဆုပ်ကိုင်ခဲ့ရှာပေသည်ကို နှောင်းငယ် ပြန်လည်သတိရစေဖို့ ဖြစ်သွားပါ၏။

"နောက်ပြီး ကျွန်တော် ကိုယ်တိုင် တောင်ကြီးမြို့ပေါ်မှာ မနေပါဘူး နှောင်းငယ်၊ နှောင်းငယ်ကို သိက္ခာရှိပြီး သန့် ရှင်းတဲ့ တောင်ကြီးက တည်းခိုခန်း ကျွန်တော် ထားပေး မှာပါ။ ကျွန်တော်ကတော့ တောပိုင်းမှာရှိတဲ့ ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com



ခြံတွေနဲ့ စိုက်ခင်းတွေဆီမှာ သွားနေမှာပါ။ အဲဒီအတွင်း နောင်းငယ်က ကိုအောင်ကျော်ဟိန်းနဲ့ ပြတ်စဲခွင့် ကွာရှင်းခွင့်ကို အပြီးအပြတ် လုပ်ပေးပါလား"

"အဲဒီ အစီအစဉ်ကို မမသူဇာလည်း သဘောကျတယ်။ နောင်းငယ် ခွင့်သီတင်းနှစ်ပတ်ယူလိုက်၊ အေးအေးဆေးဆေး ရှမ်းပြည်နယ်မှာ အနားယူတဲ့သဘောလည်း ရောက်သွားဘာပေါ့။ တစ်ချက်ခုတ် နှစ်ချက်ပြတ် ကိုအောင်ကျော်ဟိန်းနဲ့ နောင်းငယ် တွေ့ပြီး ကွာရှင်းခွင့်ကိုလည်း အပြတ်လုပ်ပေါ့"

နောင်းငယ် ဘယ်လိုဆုံးဖြတ်ရမှန်း-မသိ ချီတုံချတုံ ဖြစ်နေရပေသည်။

ကိုဝဏ္ဏက သူ့ရင်ထဲ စိုးရိမ်သည့်အတိုင်း ဆက်ပြောပြန်သည်။

"ကိုအောင်ကျော်ဟိန်းက ကွာရှင်းခွင့်ကို လွယ်လွယ်ပေးမှ ပေးပါ့မလား နောင်းငယ်"

"မမသူဇာကတော့ ကွာရှင်းခွင့်ကို ကိုအောင်ကျော်ဟိန်းက လွယ်လွယ်ပေးမယ်လို့ ထင်တာပဲ။ တကယ်သာ သူ နောင်းငယ်ကို လိုလားရင် အစောကြီးကတည်းက သူ ပြန်ခေါ်မှာပေါ့၊ နောင်းငယ် အမျိုးသမီးဘော်ဒါဆောင်မှာ ပြန်နေမှန်းရော၊ စာအုပ်ဆိုင်မှာ ပြန်အလုပ်လုပ်နေတာရော အသင်ကရကြီးပဲဟာ"

နောင်းငယ်က မမသူဇာကို မျက်ဝန်းစုံပင့်ကြည့်

ကာ ...



"နောင်းငယ်ဟာ သူ့ဆီကို စာရေးပေးခဲ့ပြီး ကိုဇာနီအောင်ရဲ့နောက်ကို လိုက်ပါသွားပြီလို့ အစ်ကိုအောင်ကျော်ဟိန်း ယူဆပြီး နောင်းငယ်ကို အဆက်အသွယ် မလုပ်တော့တာ ဆိုရင်ကော မမသူဇာ"

မမသူဇာက ဦးခေါင်းကို ခါပြသည်။

"နောင်းငယ့်ရဲ့ ဆူးလေဘုရားလမ်းက ဆိုင်ဟာ အဆောင်ကရ မြို့လယ်ကောင်မှာ ရှိနေတာပဲ နောင်းငယ်။ ကိုအောင်ကျော်ဟိန်းဟာ တောင်ကြီးမှာပဲနေနေတယ် ထားဦး၊ သူ့ရဲ့ အပေါင်းအသင်း အထက်တန်းစား သူငယ်ချင်းမိတ်ဆွေတွေက အများကြီးပါ။ မြို့ထဲက ဝုဏ်ရုံနဲ့ ပပဝင်းရုပ်ရှင်ရုံတွေမှာပဲ ရုပ်ရှင်လာကြည့်ကြည့်၊ အဲဒီတစ်ဝိုက်က နိုင်ငံခြားပစ္စည်းနဲ့ နိုင်ငံခြားစီးကရက်တွေပဲ လာဝယ်ဝယ်၊ စာအုပ်ဆိုင်က နောင်းငယ်ကို သူတို့မတွေ့ပဲ နေမလား။ တွေ့တာနဲ့ သူတို့သူငယ်ချင်း ကိုအောင်ကျော်ဟိန်းဆီကို ဖုန်းနဲ့ဖြစ်ဖြစ် စာနဲ့ဖြစ်ဖြစ် အကြောင်းမကြားပဲ နေမလား၊ ကိုအောင်ကျော်ဟိန်း ကိုယ်တိုင်က နောင်းငယ်ကို မဆက်သွယ်တာဟာ စိတ်နာသွားလို့ ဖြစ်မှာပါ။ အင်းပေါ့လေ သူ့ဘက်ကကြည့်ရင် နောင်းငယ်ကို စိတ်နာမယ်ဆိုလည်း စိတ်နာချင်စရာပေါ့"

"အဲဒီလို စိတ်နာလို့ ကွာရှင်းခွင့်ကို ကတ်တီးကပ်ဖဲ့လုပ်ပြီး ကွာရှင်းမပေးဘူး ဆိုရင်ကော ကျွန်တော်တို့ ဘာလုပ်ရမလဲ မမသူဇာ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကို မပူနဲ့ မောင်ဝဏ္ဏ၊ နှောင်းငယ်က လက်ထပ်
သူနဲ့အတူနေလည်း မဟုတ်ဘူး၊ သူ့ဆီက စရိတ်လည်
တစ်ပြားတစ်ချပ်မှ မယူထားဘူး၊ သူ့ဆီက ဘာအထော
အပံ့မှလည်း မယူထားတော့ တရားဥပဒေအရ သူကမကွ
ရှင်းဘူးဆိုထောင် ကွာရှင်းလိုတဲ့ နှောင်းငယ်ရဲ့ဘက်က
ဥပဒေက အလေးသာနေတာပါ၊ မပူနဲ့ မောင်ဝဏ္ဏ၊ မပူနဲ့"

✕



## ၁၁

"ငြိမ်းတည်းခိုရိပ်သာ"ဟာ သန့်ရှင်းတယ်၊ စည်းကမ်းရှိတယ် နှောင်းငယ်၊ ဟိုတယ်မဟုတ်လို့ အရက်ရောင်းတာတွေ ဘာတွေ လုံးဝမရှိဘူး၊ တည်းခိုသူတွေ စိတ်အေးချမ်းသာဖို့ ရည်ရွယ်ထားတာ၊ အမျိုးသမီးအတွက် သီးသန့်အဆောင်၊ အမျိုးသားတွေအတွက် သီးသန့်အဆောင် ခွဲထားသေးတယ်၊ စားသောက်ဖွယ်တွေလည်း သန့်ရှင်းလတ်ဆတ် အရသာ ရှိပါတယ်"

ကိုဝဏ္ဏသည် နှောင်းငယ်ကို ငြိမ်းတည်းခိုရိပ်သာတွင် နေစေပြီး သီတင်းနှစ်ပတ်စာအတွက် တည်းခိုခငွေကို အပြေရှင်းသွားသည်။ နှောင်းငယ် စားသောက်သမျှ ဘီ(လ်)မှင်ထားစေပြီး သူ ရှင်းမည်ဟုလည်း မန်နေဂျာကို မှာသည်။

"ကျွန်တော် အောင်ပန်းဘက်ကို သွားမယ် နှောင်းငယ်၊ ဒါပေမဲ့ တောင်ကြီးမှာပဲ ညအိပ်ရှိနေမှာပါ။ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



နှောင်းငယ်ဆီ ဖုန်းဆက်ပါ့မယ်။ လိုအပ်ရင် ကျွန်တော်လာခဲ့ပါ့မယ်၊ အကြောင်းရှိလို့ ကျွန်တော့်ကို ဆက်သွယ်ချင်ရင် ဟောဒီ ဖုန်းနံပါတ်အတိုင်း ဆက်ပါ၊ ကိုအောင်ကျော်ဟိန်းနဲ့ နှောင်းငယ်တို့ ပြတ်ပြတ်စဲစဲ ဖြစ်တဲ့နေ့ကို ကျွန်တော် ဆန္ဒပြင်းစွာနဲ့ စောင့်နေပါ့မယ် နှောင်းငယ်"

မှာချင်တာနှင့် ပြောချင်တာတွေ အပြီးတွင် ဝဏ္ဏထွက်ခွာသွားသည်။

ခရီးဝေး သွားလေ့မရှိသောကြောင့် ရန်ကုန်မှ သာစည်အထိ မီးရထားစီးခဲ့ရသည်ကိုလည်းကောင်း၊ သာစည်မှ တောင်ကြီးဂျစ်ကားနှင့် တောင်တက်ခရီး စီးခဲ့ရသည်ကိုလည်းကောင်း နှောင်းငယ်အဖို့ ညှောင်းညာပင်ပန်းလှပါ၏။

ထိုနေ့၌ ကျန်သောညနေပိုင်း၌ နှောင်းငယ်သည် ငြိမ်းအေးတိတ်ဆိတ်သော သူမ၏ အခန်းလေးထဲမှာပင် အိပ်ရာထက်၌ အနားယူလိုက်တော့သည်။

လူက နားပါသည် ဆိုသော်လည်း နှောင်းငယ်၏ စိတ်အစဉ်သည် ရွေ့လျားလှုပ်ရှားနေပေသည်။

"အစ်ကိုအောင်ကျော်ဟိန်း တွေ့လျှင်"ဟူသော အတွေးသည် နှောင်းငယ်၏ နှလုံးသားမှာရော ဦးနှောက်မှာရော သိမ့်သိမ့်ခါခါ လှုပ်လှုပ်ရှားရှား ဖြစ်စေသည်။

ဓာတ်ပွဲတွင် ဓာတ်ဆရာက ထွက်ဟဲ့ ထွက်ဟဲ့ဟု အော်ဟစ်ပြီး လှုပ်နှိုးသောကြောင့်သာ အိပ်ရာမှ လူးထကာ ကန့်လန့်ကာရှေ့သို့ ထွက်လာခဲ့ရသည်။ ဒီည မိမိဘာဓာတ်ကပြ၍ မျက်



နည်းဟု ကိုယ်ကပြရမည့် အခန်းကိုပင် မေ့ဝါးနေသည့်ဓာတ်ကောင်သဖွယ် နှောင်းငယ် ခများ ...

အစ်ကိုအောင်ကျော်ဟိန်းနှင့် တွေ့ပါပြီတဲ့ နှောင်းငယ်ဘယ်လိုမျက်နှာထားရမည်နည်း၊ ဘာကစပြီး ဘယ်လိုစကားပြောရမည်နည်း။

အစ်ကိုအောင်ကျော်ဟိန်းကရော မိမိကို ဘယ်လိုမျက်နှာမျိုး၊ ဘယ်လိုပုံစံမျိုးနှင့် အတွေ့ခံလေမည်နည်း။

တကယ်တမ်း ဆန်းစစ်ကြည့်လျှင် အစ်ကိုအောင်ကျော်ဟိန်းက အပြစ်ရှိသူ မဟုတ်။ မိမိကသာလျှင် အစ်ကိုအောင်ကျော်ဟိန်း အပေါ်၌ အပြစ်ကျူးလွန်ခဲ့ [illegible]ဖြစ်သည်။

"သွားပြီဟေ့ ... သတို့သမီးမပါပဲ သတို့သားတစ်ယောက်တည်း ဟန်းနီးမွန်း သွားပြီဟေ့"ဟု မရက်တွေ တအားမှုးပြီး ပြောဆိုထွက်ခွာသွားသော အစ်ကိုအောင်ကျော်ဟိန်း ခများ မည်မျှလောက် ရင်ထဲတွင် ထိခိုက်နာကျင်သွားရှာပေမည်နည်း။

ဩော် ... ယခု အစ်ကိုအောင်ကျော်ဟိန်းနှင့် မျက်နှာချင်းဆိုင် တွေ့ရတော့မည်ဆိုတော့ ဆင်ဖြူ၏မျက်နှာကို ဆင်မည်းမကြည့်ဝံ့ဆလို နှောင်းငယ် ဖြစ်နေရပြီပါပကော။

မည်သို့ပင်ဖြစ်စေ ...

နောက်တစ်နေ့နံနက်တွင် နှောင်းငယ်သည် လှမြင်ကောင်း၏ ဝတ်စားကာ စိတ်မာန်တင်းပြီး အစ်ကိုအောင်ကျော်ဟိန်းနှင့်တွေ့ရန် တည်းခိုခန်းမှ တစ်ယောက်တည်း ထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းပေါ်အရောက်တွင် အသင့်တွေ့သော တက္ကစီကားကို လက်တားပြီး မေးလိုက်သည်။

"ထင်းရှူးမြိုင်ဟိုတယ်ကို သိပါလားရှင်၊ အဲဒီကိုသွားချင်လို့ပါ"

"ဟာဗျာ ... တောင်ကြီးမှာ ထင်းရှူးမြိုင်ဟိုတယ်ကိုမှ မသိရင် တက္ကစီမောင်းမစားနဲ့တော့၊ တောမှာသွားပြီး ထင်းခွေမပေတော့ပေါ့ဗျာ ... ထင်းရှူးမြိုင်ကို သိပ်သိတာပေါ့ ... ကဲ ... တက်"

တက္ကစီမောင်းသူက ဟာသ သဘောလေးပင် ပြောလိုက်သေးသည်။ နှောင်း စိတ်ထဲမှာတော့ အစ်ကိုအောင်ကျော်ဟိန်းသည် အလွန်လူသိများလှပါတကားဟုသာ မှတ်ချက်ချမိတော့သည်။

သို့ဖြင့်ပင် နှောင်းငယ်သည် ခြံကြီးဝင်းကျယ်နှင့် ခမ်းနားထည်ဝါလှသော မြို့စွန်ရှိ "ထင်းရှူးမြိုင်ဟိုတယ်"သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ခဲ့တော့သည်။

ထည်ဝါလွန်းသော ထင်းရှူးမြိုင်ဟိုတယ်၏ အရှိန်အဝါကြောင့် အထဲသို့ ဝင်ရန်ပင် နှောင်းငယ် ခြေလှမ်းတုံ့မိပါ၏။

ရန်ကုန် ခြောက်မိုင်ခွဲတွင်လည်း အစ်ကိုအောင်ကျော်ဟိန်း၏ ထင်းရှူးမြိုင်ဟိုတယ် ရှိသည်ဟု ဆိုခဲ့သည်။ သို့သော် တစ်ခါမျှ နှောင်းငယ်ကို ခြောက်မိုင်ခွဲ ထင်းရှူးမြိုင်ဟိုတယ်သို့ ခေါ်မသွားခဲ့ဘူးပေ။



"တို့ဟိုတယ်ကို ခေါ်သွားရင် နှောင်းငယ် သိက္ခာကျမှာ စိုးတယ်လေ။ တို့က ဟိုတယ်ရဲ့သီးသန့်အခန်းတစ်ခုကို တို့နေတဲ့ လူပျိုခန်း လုပ်ထားတာ၊ နှောင်းငယ်ကို ခေါ်သွားရင် အဲဒီအခန်းကိုပဲ ခေါ်သွားရမှာ၊ တို့က လက်ထပ်ဖို့ မတိုတဲ့ နှောင်းငယ်ကို ဟိုတယ်အမှုထမ်းတွေနဲ့ တခြားတွေ့သွားတဲ့လူတွေက တို့အခန်းထိ လိုက်လာတဲ့ နှောင်းငယ်ကို အထင်သေးကြမယ်။ ဒါကြောင့် လက်ထပ်ပြီးတဲ့နေ့ကျမှ နှောင်းငယ်ကို တို့အခန်း ခေါ်သွားမယ်လို့ ရည်မှန်းထားတယ်"

ယခု တောင်ကြီးမှ ထင်းရှူးမြိုင်ဟိုတယ်ကြီး၏ ခမ်းနားမှုကို ငေးကြည့်ရင်း အစ်ကိုအောင်ကျော်ဟိန်း ပြောခဲ့သည့် စကားထဲတွင် နှောင်းငယ် ပြန်လည်ကြားယောင်နေမိတော့သည်။

"ဟယ် ... ဘာဆိုင်လဲ၊ အခုလာတာက ကျွာရှင်းပေးဖို့ ပြောမဲ့ကိစ္စပဲဟာ"

ကိုယ့်ဟာကိုယ် အားတင်းပြီး အဆောက်အအုံကြီးရှိရာသို့ လျှောက်လာခဲ့သည်။

သာယာလှသော တောင်ကြီး၏ နံနက်ပိုင်းရာသီဥတုကြားဝယ် ဟိုတယ်အဆောက်အအုံကြီးကို စိမ်းနုရောင်ပလတ်စတစ်ဆေးရောင်ဖြင့် ပန်းရလှပေသည်။

တော်ရုံတန်ရုံလူ ဆိုပါက ဤထင်းရှူးမြိုင်ဟိုတယ် အဆောက်အအုံကြီးထဲသို့ ဝင်သည်နှင့် စီးထားသောဖိနပ် ချွတ်

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ဂျမ်များပင် ဝင်ရလေမလားဟု တွေးထင်နိုင်လောက်အောင် ခမ်းနားသန့်စင်လှပါပေ၏။

ဟိုတယ်ဖွင့်ချိန်
နံနက်(၁၀)နာရီမှ ည(၁၀)နာရီ
။

ဝင်ပေါက်တံခါးတွင် ပါလစ်ရောင် တောက်ပနေသော ကျွန်းသားချပ်ပေါ်၌ လှပသော စာလုံးများကပ်ကာ ဟိုတယ်ဖွင့်ချိန်ပိတ်ချိန်ကို ဆိုင်းဘုတ်သဘောဖြင့် မြင်ကွင်းတွင် ချိတ်ဆွဲထားသည်။

နောင်းငယ်က သူမပတ်ထားသော လက်ပတ်နာရီကို လှက်ကြွေးကာ ကြည့်လိုက်သည်။ (၉)နာရီထိုးရန် ငါးမိနစ်ပင်လိုနေပါသေး၏။

"သြော် … ကျွန်တော် ဘာကူညီရမလဲ ခင်ဗျာ"

ဟိုတယ်တစ်ပြင်လုံး ခင်းထားသော ကော်ဇောကြီးအား ဖုန်စုပ်စက်ဖြင့် သန့်စင်နေသော သန့်ရှင်းရေးသမားဝတ်စုံဖြင့် အမျိုးသားငယ်တစ်ဦးက နောင်းငယ်ကို ခါးကိုင်းပြီး တရိုတသေ မေးမြန်းပေသည်။

"ဟို … ဟို … အဲဒီက ဦးအောင်ကျော်ဟိန်းကို တွေ့ချင်လို့ပါ"

"ဗျာ"



လူငယ်က အံ့ဩစွာဖြင့် ဗျာဟု အသံထွက်လာပြီး နောင်းငယ်ကို အထူးအဆန်း ကြည့်သလို ကြည့်နေပြန်လေသည်။

"ဒီ ထင်းရှူးမြိုင်ဟိုတယ်ပိုင်ရှင်ဟာ ဦးအောင်ကျော်ဟိန်း မဟုတ်လားဟင်"

"သိပ်ကို ဟုတ်ပါတယ်ခင်ဗျာ"

"အင်းလေ … ဒါဆို အဲဒီဦးအောင်ကျော်ဟိန်းကို တွေ့ချင်လို့ပါ"

သန့်ရှင်းရေးသမား ခေါင်းကုတ်သည်။

"အစ်မလေးက ဒီထင်းရှူးမြိုင်ဟိုတယ်ကို တစ်ခါမှမလာဖူးဘူးထင်တယ်၊ နောက်ပြီး အစ်မလေးက တခြားအဝေးမြို့တစ်မြို့က ရောက်လာတဲ့ဧည့်သည် ထင်တယ်"

"ဘာလို့ ရှင်က အဲဒီလို ပြောနိုင်တာလဲရှင်"

သန့်ရှင်းရေးသမားလေးက ဧည့်သည်ကို ယဉ်ကျေးဖော်ရွေစွာ ဆက်ဆံရမည်ဟု သင်တန်းပေးထားသူ ဖြစ်ဟန်တူပါ၏။

"ဒီဟိုတယ်ပိုင်ရှင် အာစရိ ဦးအောင်ကျော်ဟိန်းဟာ အလုပ်နဲ့ပတ်သက်ပြီး တွေ့ချင်တဲ့သူဆိုရင် ဘယ်သူမဆို ဟိုတယ်ဖွင့်ချိန် နံနက်ဆယ်နာရီ ထိုးပြီးမှ ဟိုတယ်အောက်ထပ် သူ့သီးသန့်ခန်းမှာ တွေ့တယ်ခင်ဗျ။ နံနက်ဆယ်နာရီမထိုးခင် သူ့ကို တွေ့ချင်လို့ အလုပ်ကိစ္စနဲ့လူ လာမပါနဲ့ယ်လို့ သွားပြောရင် အဲဒီအလုပ်သမားကို ဆရာဦးအောင်ကျော်

www.burmeseclassic.com

www.burmeseclassic.com



ဟိန်း ရေရေလည်လည် ဆုပ္ပကြိမ်းမောင်းပစ်တတ်တယ် ခင်ဗျ"

"အလုပ်နဲ့ မပတ်သက်ပဲ ကိုယ်ရေးကိုယ်တာကိစ္စနဲ့လာတဲ့ ဧည့်သည်ဆိုရင်ကောရှင်"

"အဲဒါကြောင့် အခု အစ်မလေးကို ကျွန်တော် အံ့ဩနေတာပါ။ ကိုယ်ရေးကိုယ်တာကိစ္စနဲ့ လာတဲ့ဧည့်သည်မှန်သရွေ့ ဘယ်အလုပ်သမားကိုမှ မခိုင်းပဲ ဟောဒီလှေကားကြီးကနေ အပေါ်တက်သွားပြီး အာစရိနဲ့ တိုက်ရိုက်တွေ့တယ်ခင်ဗျ၊ မမလှစီတို့၊ မမသီရိမွန်တို့၊ မမထားတို့ ... အဲ ... အဲ ... သူတို့ဆိုရင် မန်နေဂျာကိုတောင် ပြောမနေဘူး၊ ဒီလှေကားကြီးကနေ တန်းတက်သွားတာပဲခင်ဗျာ။ အာစရိက သူ့အပေါင်းအသင်းတွေကျတော့ အချိန်မရွေး လက်ခံတွေ့ဆုံပါတယ်။ အစ်မလေးက အဲဒါတွေ သိပုံမရလို့ အာစရိအကြောင်းကို မသိဘူး၊ တခြားအဝေးမြို့က လာသူလို့ ကျွန်တော် ထင်ကြေးပေးတာပါ"

နှောင်းငယ် ဗျူးခန် လေပူပြင်း ထွက်သက်ကို မှုတ်ထုတ်လိုက်မိသည်။

"အခု အစ်မလေးဟာ အလုပ်ကိစ္စနဲ့ လာတာမဟုတ်ပဲ အာစရိရဲ့ အပေါင်းအသင်းဆိုရင် အဲဒီလှေကားကပဲ တက်သွားပါ အစ်မလေး၊ အပေါ်ထပ် လက်ဝဲအစွန်ဆုံးက ထောင့်အခန်းကြီးဟာ အာစရိရဲ့အခန်းပါပဲခင်ဗျာ"



"ဒါဆိုလည်း နေပါစေတော့ရှင်၊ အလုပ်ချိန်ကျမှပဲ နောက်တစ်ခေါက် ပြန်လာပြီး အောက်ထပ်က သူ့ရုံးခန်းမှာပဲ တွေ့ပါတော့မယ်။ ဒါထက် မသိလို့ မေးပါရစေ၊ ဒီနေ့ မနက် ဆယ်နာရီထိုးပြီးမှ လာရင်ကော၊ ကိုယ်ရေးကိုယ်တာကိစ္စဆိုရင် အောက်ထပ်ခန်းမှာ မတွေ့ရပဲ အပေါ်ထပ်ခန်းမှာပဲ တွေ့ရမှာလားဟင်"

"မဟုတ်ပါဘူး ခင်ဗျ၊ ဆရာ ဆင်းလာပြီး သူ့သီးသန့် အောက်ထပ်က အလုပ်စားပွဲခန်းမှာ ထိုင်ပြီဆိုတာနဲ့ ဘာကိစ္စမဆို အောက်ထပ်က သူ့သီးသန့်ခန်းမှာပဲ တွေ့ဆုံပါတယ်ခင်ဗျ"

နှောင်းငယ်သည် ထိုသန့်ရှင်းရေးသမား လူရွယ်ကို နှုတ်ဆက်ပြီး ဟိုတယ်ထဲမှ ထွက်လာခဲ့ပေတော့သည်။

မိမိတည်းခိုခန်းသို့ ပြန်ရောက်လာလေပြီးမှ နှောင်းငယ်သည် အစ်ကိုအောင်ကျော်ဟိန်း၏ လူယုံဒရိုင်ဘာကြီး ဦးဘာဘူကို သတိရမိသည်။

အစ်ကိုအောင်ကျော်ဟိန်းနှင့် မတွေ့ခင်ကာမှ ဦးဘာဘူကို မေးမြန်းပြီး ဦးဘာဘူနှင့် တွေ့ခဲ့လျှင် အကောင်းသားဟု နှောင်းငယ် သတိရမိခြင်း ဖြစ်ပေသည်။

ဦးဘာဘူနှင့် နှောင်းငယ်က သိကျွမ်းပြီးသားမို့ နှောင်းငယ် တောင်ကြီးရောက်နေကြောင်း၊ "ငြိမ်းတည်းခိုရိပ်သာ" အခန်းနံပါတ်ရှစ်တွင် တည်းခိုနေကြောင်း ဦးဘာဘူကို ပြောခဲ့လျှင်

www.burmeseclassic.com

www.burmeseclassic.com



ဦးဘာဘူက အစ်ကိုအောင်ကျော်ဟိန်းကို ပြန်ပြောပြခြင်းဖြင့် အစ်ကိုအောင်ကျော်ဟိန်းသည် မိမိရှိရာတည်းခိုခန်းသို့ လိုက်လာမည်ဟု ထင်မိသည်။

အင်း ... မိမိက ဤသို့ထင်လို့သာ ထင်ရသည်၊ အစ်ကိုအောင်ကျော်ဟိန်းလို ညှော်သည်ကိုဗင် အချိန်ကန့်သတ်တွေ့ဆုံသူမို့ မိမိထံသို့ အစ်ကိုအောင်ကျော်ဟိန်း လိုက်လာမည်တဲ့လား။

အထူးသဖြင့် အစ်ကိုအောင်ကျော်ဟိန်းသည် မိမိအား နာကြည်းနေပေမည်။ သူက နှောင်းငယ် ရှိရာ ငြိမ်းတည်းခိုရိပ်သာသို့ လိုက်လာဖို့ နေနေသာသာ မိမိကိုပင် အတွေ့ခံမှခံလေမည်တဲ့လား မပြောတတ်။

နှောင်းငယ် သက်ပြင်းချရပြန်သည်။

နှောင်းငယ် ဘာဆက်လုပ်၍ ဘာဆက်ကိုင်ရမည်ပင် မသိတော့။

တောင်ကြီးမြို့သည် နှောင်းငယ်နှင့် စိမ်းလွန်းနေပါ၏။ နှောင်းငယ် ဘယ်ကိုမှ မသွားတတ်။ ကိုဝဏ္ဏကိုခေါ်ပြီး တောင်ကြီးမြို့ကို လျှောက်လည်ပတ်လျှင်တော့ ဖြစ်နိုင်သည်။

သို့သော် ... ကိုဝဏ္ဏနှင့်လည်း နှောင်းငယ် အတူတွဲအတူသွား လုပ်ချင်သောဆန္ဒ မရှိ။ အစ်ကိုအောင်ကျော်ဟိန်းနှင့် ကွာရှင်းမှု ပြီးပြတ်လေမှ ကိုဝဏ္ဏကို မလွှဲမရှောင်သာ တွဲတန်တွဲရမည်သာ။



ကိုဝဏ္ဏနှင့် တွဲရသည့်တိုင်အောင် လေခံမည်စိုး၍သာ အစာကို မျိုချရသည် စားချင်သောက်ချင်စိတ်မရှိ ဆိုသည့် ပုံစံမျိုး ဖြစ်နေလေမည်လားဟူ၍လည်း နှောင်းငယ် တင်ကြိုတွေးမိသေးသည်။

"ကလင် ... ကလင် ... ကလင်"

ငြိမ်းတည်းခိုရိပ်သာ အခန်းတိုင်းတွင် အိပ်စက်ကောင်းရှင်းထုတ်၍ တတ်ဆင်ထားသော တယ်လီဖုန်း ရှိသည်။

နှောင်းငယ်သည် မိမိအခန်း ဖုန်းမြည်သည်ကို အံ့သြစွာ ငေးကြည့်နေမိသည်။ အစ်ကိုအောင်ကျော်ဟိန်းများ ဆက်လေသလားဟု ထင်လိုက်မိသေးသည်။ သန့်ရှင်းရေးသမားလူရွယ်က ပြန်ပြောပြသောကြောင့် အစ်ကိုအောင်ကျော်ဟိန်း ဆက်လေသလား။

ဖြစ်တော့ မဖြစ်နိုင်။

သန့်ရှင်းရေးသမားကို မိမိ၏အမည်၊ မိမိတည်းခိုရာလိပ်စာကို ပေးထားသည်မဟုတ်။

မည်သို့ဖြစ်စေ တယ်လီဖုန်းကို နှောင်းငယ် ကောက်ယူကာ ဟဲလိုသံ ပြန်ပေးလိုက်သည်။

"ကျွန်တော် ဝဏ္ဏပါ နှောင်းငယ်၊ တောင်ကြီးဈေးပွဲရုံက ဆက်နေတာပါ။ နှောင်းငယ် ခုချိန်ထိ အပြင်မထွက်သေးဘူးလားဟင်"

"ပြန်တောင် ပြန်လာခဲ့ပြီ ကိုဝဏ္ဏ"

"ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"နှောင်းငယ်ရဲ့တာဝန်ကို နှောင်းငယ် သိပါတယ်။ မနက်ကိုးနာရီလောက်က ထင်းရှူးမြိုင်ဟိုတယ်ကို နှောင်းငယ်သွားခဲ့ပြီးပါပြီ"

"ဟုတ်လား … ဘယ့်နှယ်လဲ၊ အဆင်ပြေခဲ့ရဲ့လားဟင်၊ ကိုအောင်ကျော်ဟိန်းက လွယ်လွယ်ကူကူပဲလား"

"မထင်နဲ့ ကိုဝဏ္ဏ၊ ကိုအောင်ကျော်ဟိန်းက လွယ်မလား၊ မလွယ်မလားတော့ မသိဘူး၊ သူ့မျက်နှာကို မျက်နှာချင်းဆိုင် တွေ့ဖို့တောင် မလွယ်ခဲ့တာတော့ လက်တွေ့ပဲ"

"ဪ … ဪ … ဆိုပါဦး"

နှောင်းငယ်က သူ သွားရောက်ကြုံတွေ့ရပုံကို အားလုံးပြောပြလိုက်သည်။

"အဲဒီတော့ သူ့ကိုတွေ့ဖို့က မနက်ဆယ်နာရီထိုးပြီးနောက် ဟိုတယ်ဖွင့်ချိန်မှ သွားတွေ့လို့ရမယ်။ အဲ … အပေါ်ထပ်က သူ့သီးသန့်ခန်းမှာ သွားတွေ့မယ်ဆိုရင်တော့ အချိန်မရွေး သွားတွေ့လို့ရတယ်တဲ့"

"အာ … အာ … ဘာလို့ သူ့အပေါ်ထပ်က ပရိုက်ဗိတ်ခန်းမှာ သွားတွေ့ရမှာလဲ နှောင်းငယ်၊ အဲဒါက မလျော်ကန်တဲ့ ကိစ္စပဲ"

"ဒါကြောင့် နှောင်းငယ် ပြန်လာခဲ့တာ"

"အဲဒါ နှောင်းငယ် မှန်တာပေါ့၊ အဲ … အခု သူ့ဟိုတယ်ဖွင့်ချိန်မှာ နှောင်းငယ် ထပ်သွားပြီး အောက်ထပ်သူ့ရုံးခန်းမှာ သွားတွေ့လိုက်ပါလား နှောင်းငယ်"



နှောင်းငယ် ပြန်မဖြေပဲ ငြိမ်နေမိသည်။

"ဘယ်လိုလဲ နှောင်းငယ်"

"ခက်တယ် ကိုဝဏ္ဏ၊ နှောင်းငယ် ဘယ်လိုဖြစ်နေမှန်းမသိဘူး၊ နှောင်းငယ် သူ့ကို မျက်နှာချင်းဆိုင် ထပ်တွေ့ဖို့ သိပ်ဝန်လေးနေမိတယ်၊ တကယ်တမ်း တွေ့တဲ့အခါ သူက နှောင်းငယ်ကို နာကြည်းစကားတွေ ပြောမှာကို နှောင်းငယ် မကြားဝံ့သလို ဖြစ်နေတယ်။ သူ မျက်နှာထိ မျက်နှာထားကြီးနဲ့ ဆက်ဆံမှာကို နှောင်းငယ် ရင်မဆိုင်ဝံ့သလို ဖြစ်နေတယ်"

"ဘာဆိုင်လဲ နှောင်းငယ်၊ အခုကိစ္စက နှောင်းငယ်က သူ့ဆီကို ချဉ်းကပ်တာမှ မဟုတ်တာ၊ အပြတ်လုပ်မဲ့ကိစ္စပဲ။ သူ မာရင် ကိုယ်မာပေါ့။ သူတင်းရင် ကိုယ်တင်းပေါ့"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ …"

"ကဲပါ *နှောင်းငယ်ရယ် ဆွေ့ဖြစ်အောင် သွားတွေ့လိုက်*ပါ၊ တကယ်လို့ အခုအခေါက် နှောင်းငယ် သွားတွေ့လို့မှ ကိစ္စမပြီးပြတ်ရင် နောက်တစ်ခေါက်ထပ်ပြီး နှောင်းငယ် ပြန်သွားဖို့ ဝန်လေးနေတယ် ဆိုရင်ပေါ့လေ၊ ကျွန်တော်ကိုယ်တိုင် သွားတွေ့မယ်။ မမသုဇာ ပြောသလို နှောင်းငယ်က သူနဲ့ အကင်းအရှင်းကြီးပဲဟာ သူက ကွာကိုကွာပေးရမယ်။ တကယ်လို့ မကွာပေးရင် တရားစွဲပြီးတော့ နှောင်းငယ်ဘက်က အလေးသာနေတာပဲဟာ၊ ရင်ဆိုင်ဖို့

www.burmeseclassic.com

www.burmeseclassic.com



လိုအပ်ပြီဆိုရင် ကျွန်တော် ရှိသမျှ ကုန်ပြီးမွဲသွားပါစေ၊ ကျွန်တော် ရင်ဆိုင်မယ် နှောင်းငယ်"

"အင်းလေ ... နေ့ခင်းဘက် တစ်ခေါက်ထပ်ပြီး သွားတွေ့မယ်လေ"

● နှောင်းငယ်ကပင် တယ်လီဖုန်းကို အလျှင်ဦးစွာ ချလိုက်သည်။

ဒီကိစ္စကြောင့် ဒီကိုလာပြီပဲဟာ၊ အစ်ကိုအောင်ကျော်ဟိန်းကို တွေ့ဖြစ်အောင် တွေ့ရမည်ပဲပေါ့။ သို့သော် ...။



၁၂

တော့်ပါသေး၏။

ဆိုက်ဆိုက်မြိုက်မြိုက်ပင် ဟိုတယ်တံခါးအဝတွင် ဦးဘာဘူကို နှောင်းငယ် တွေ့ရသည်။

"ဪ ... ဪ ... မင်းက ရန်ကုန်က ... ဟို ..."

"ရန်ကုန်က နှောင်းငယ်ပါ ဦးဘာဘူ၊ ဦးဘာဘူက နာမည်မမှတ်မိပေမဲ့ လူကိုတော့ မှတ်မိသားပဲ"

နှောင်းငယ်သည် အချိန်ကိုတွက်ပြီးမှ လာခဲ့ခြင်းဖြစ်သည်။ ယေဘုယျအားဖြင့် ဟိုတယ်များတွင် နံနက်စာ စားသောက်ချိန်(၁၁)နာရီလောက်မှ ။ မွန်းလွဲ(၁)နာရီလောက်အထိ၊ စည်ကားမည်။ မွန်းလွဲ(၁)နာရီနောက်ပိုင်းတွင် လူရှင်းလောက်သည်ဟု တွက်ပြီး မွန်းလွဲ(၂)နာရီ အရောက်လာခဲ့ခြင်းဖြစ်ပါ၏၊

တွက်ဆသည့်အတိုင်းပင် ဟိုတယ်တွင် ဘီယာသောက်သူတချို့မှလွဲပြီး လူရှင်းနေသည့် အစ်ကိုအောင်ကျော်ဟိန်း

www.burmeseclassic.com

www.burmeseclassic.com

၏ လင်ဆာကားကြီး ရပ်ထားသည်ကိုတော့ မတွေ့။ တံခါးဝတွင် ကြိမ်ကုလားထိုင်တစ်လုံးနှင့် ထိုင်နေသော ဦးဘာဘူကိုသာတွေ့ပြီး နှုတ်ဆက်စကား ပြောနေခြင်း ဖြစ်ပါ၏။

"အေး ... ဟုတ်သား၊ မင်းဟာ နှောင်းငယ်ပဲ၊ အခုဒီထို မင်းလာတဲ့ ကိစ္စကကောကွယ်"

"အစ်ကို ... အဲလေ ... ဦးအောင်ကျော်ဟိန်းနဲ့ တွေ့ချင်လို့ပါ ဦးဘာဘူ"

"တွေ့ချင်လို့ ... ဟုတ်လား"

နှောင်းငယ် ခေါင်းညိတ်ပြသည်ကို ဦးဘာဘူက ပြန်၍ ခေါင်းခါပြသည်။

"ဘာလို့များ အောင်အောင်နဲ့ ထပ်တွေ့ချင်ရတာလဲကွယ် ဒီတစ်ခါထပ်ပြီး အောင်အောင် ဆေးရုံတက်ရရင် အသက်ပါ ပါသွားလိမ့်မယ်"

"ရှင်"

ဦးဘာဘူပြောသည်ကို နားမရှင်းသဖြင့် နှောင်းငယ် "ရှင်"ဟု အသံထွက်သွားသည်။

"နှောင်းငယ်နဲ့ လက်ထပ်တဲ့နေ့ကစပြီး အောင်အောင်ဟာ ဆယ့်လေးငါးရက်ထိ အရက်တွေချည်း ဆက်သောက်တယ်"

"ခါတိုင်းလည်း သောက်တာပဲ မဟုတ်လား"

"မတူဘူးလေ၊ ခါတိုင်းသောက်တာက ထမင်းစားကာနီး ဘီယာသောက်တာတို့ အရက်ပြင်းဆို နှစ်ပက်လောက်



သောက်တာတို့မျိုး သောက်တာ၊ ဒါတောင် နေ့တိုင်းမသောက်ပါဘူး၊ ဒီကွာ ... နှောင်းငယ်နဲ့ လက်ထပ်တဲ့နေ့က သတို့သမီးမပါတဲ့ ဟန်းနီးမွန်းကွလို့ ပြောပြီး ထွက်လာကတည်းက အရက်တွေသောက်လိုက်တာ၊ ထမင်းမစား ဟင်းမစား တောင်ကြီးမှာ နေ့စဉ်ဆက်တိုက် နေ့ရော ညရော သောက်လိုက်တာ ဘိုင်းခနဲပစ်လဲပြီး သတိလုံးဝ မရတော့လို့ ဆေးရုံတင်ရတယ်၊ ဆေးရုံမှာ တစ်လလောက် ကုယူရတယ်"

ဦးဘာဘူသည် နှောင်းငယ်ကို ကြည့်ပြီး ပြောခြင်းမဟုတ်ဘဲ၊ လမ်းဘက်သို့ မျှော်ကြည့်ရင်း ဆွေးဆွေးမြည့်မြည့်ပြောနေခြင်း ဖြစ်ပါ၏။

အောင်ကျော်ဟိန်း ကိုယ်စား ကြားထဲက နှောင်းငယ်ကို ဦးဘာဘူပင် စိတ်နာစွာဖြင့် အပြစ်တင်နေသော အမူအရာသည်း ဦးဘာဘူ မျက်နှာတွင် ပေါ်လွင်နေပါ၏။

ဦးဘာဘူ ပြောပြသည်ကို နားထောင်ရင်း နှောင်းငယ်သည် ရင်ဆို့လာပါ၏။ ဝဲလာသော မျက်ရည်ကို မကျစေရန် ချုပ်တည်းပစ်ရပါ၏။

"အောင်အောင်ဟာ လူကြည့်တော့ ပေါ့လားဝါးလား ပျော်သလို နေတတ်ပြီး အသည်းမာတဲ့လူလို့ ထင်ရပေမဲ့ တကယ်တမ်းကျတော့ သူ့အသည်းပျော့တယ် နှောင်းငယ်၊ တကယ်ဆိုရင် အောင်အောင်လိုလူဟာ ဘယ်မိန်းကလေး တစ်ယောက်ကိုမှ လက်ထပ်စရာ လိုလို့လဲ။ သူချစ်တဲ့မိန်းမ

www.burmeseclassic.com



ချော မိန်းမလှတွေ အများကြီး ကိုယ်တိုင်က သူတို့ဟာ သူတို့ အောင်အောင့်ဆီလာပြီး တွဲနေကြတာပဲဟာ။ အေး ... ဒါတောင် အောင်အောင်က ပြောသေးတယ်။ တွဲတာနဲ့ လက်ထပ်တာဟာ တခြားစီဗျ ဦးဘာဘူလို့ ပြောသေးတယ်"

"တော် ... တော်ပါတော့ ဦးဘာဘူရယ်၊ ဒီလို ကြားရလေ နှောင်းငယ် ရင်ထဲမှာ ဘယ်လိုဖြစ်လေမှန်း မသိဘူး၊ ပြီးခဲ့တာတွေဟာ ပြီးခဲ့ပြီပဲ"

ဦးဘာဘူက နှောင်းငယ်အား မျက်နှာချင်းဆိုင်လိုက်သည်။

"အေးလေ ... အဲဒါကိုပဲ ကျုပ် ပြောတာ၊ ပြီးခဲ့တာတွေ ပြီးခဲ့ပြီပဲဟာ၊ အောင်အောင်လည်း အခုမှ နေသားကျကာစ ရှိသေးတာ၊ အခု နှောင်းငယ်က ဘာလို့လာတာလဲ။ ဘာဖြစ်လို့ အောင်အောင့်ကို ထပ်တွေ့ချင်ရတာလဲ"

"အစ်ကိုအောင်ကျော်ဟိန်းကို စိတ်ဆင်းရဲအောင် ထပ်လုပ်ဖို့ နှောင်းငယ် လာခဲ့တာ မဟုတ်ပါဘူး ဦးဘာဘူ။ အခုလာတာက ပြတ်ပြတ်ရှင်းရှင်း ဖြစ်ဖို့အတွက်ပါ။ နှောင်းငယ်မှာ တခြားတစ်ယောက်နဲ့ လက်ထပ်ဖို့ အစီအစဉ် ရှိနေတယ်။ အဲဒါ အစ်ကိုအောင်ကျော်ဟိန်းနဲ့ တရားဝင်လက်ထပ်ထားခဲ့တာမို့ အဲဒီကိစ္စ ပြတ်အောင်ရှင်းအောင် လုပ်ပြီးမှ နှောင်းငယ် လွတ်လွတ်ကင်းကင်း လက်ထပ်နိုင်မှာ မဟုတ်လား"

"ဟ"



ဦးဘာဘူ တကယ်အံ့ဩသွားပုံရသည်။

"နေပါဦးကွယ့်၊ အောင်အောင်နဲ့ လက်ထပ်တဲ့နေ့ကပဲ နှောင်းငယ်ရဲ့ချစ်သူ မသေဘဲ ပြန်ရောက်လာလို့ အဲဒီချစ်သူရဲ့ နောက်ကို နှောင်းငယ် လိုက်သွားပြီပဲ။ အခုဆိုရင် တစ်နှစ်တောင် ကျော်ရောမယ်လေ၊ အခုမှ အခြားကောင်နဲ့ လက်ထပ်ဖို့တွေ ဘာတွေ လုပ်ဦးမလို့လား"

ဦးဘာဘူ ပြောလိုက်ခြင်းကို နှောင်းငယ်ပင် ကြောင်တောင်တောင် ဖြစ်သွားသည်။ သို့သော် ချက်ချင်းပင် နှောင်းငယ် သဘောပေါက်သွားသည်။

ကိုဇာနီအောင်က မိမိကို အစ်ကိုအောင်ကြောင့် မသေဒီဟုဆိုကာ မောင်းထုတ်လိုက်ခြင်းကို ဦးဘာဘူပင် မသိကား၊ မကြားထားလျှင် အစ်ကိုအောင်ကျော်ဟိန်းလည်း သိမည် ကြားမည် မဟုတ်။ မိမိသည် ကိုဇာနီအောင်နှင့် ပေါင်းသင်းနေပြီဟုပင် မှတ်ထင်နေကြပုံရသည်။

ရှိပါစေတော့။

ယင်းကိစ္စကို ဦးဘာဘူအား နှောင်းငယ်က အဖြစ်မှန်တွေ အကျယ်တဝင်း ရှင်းပြရန်မလိုဟု စိတ်မှတ်ယူလိုက်သည်။

"ဟော ... နှမော် ... ဟိုမှာ အောင်အောင် လာပြီ"

ထင်းရှူးမြိုင်ဟိုတယ်ဇွင်းသို့ လင်ဆာကား မောင်းဝင်လာသည်။

ဘာကြောင့်မှန်းမသိ နှောင်းငယ်သည် မြင်ကွင်းကွင်းထင်းထင်းကြီး ရပ်မနေရဲဘဲ သူမ၏ ကိုယ်ကို ဦးဘာဘူဖြင့် ကွယ်ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လင့်ဆာကားကို အစ်ကိုအောင်ကျော်ဟိန်း မောင်းလာသည်။ သူ၏ ဘေးတွင် ဆံတိုဆံပင်ပုံစံနှင့် အသားဖြူဖြူ အမျိုးသမီးတစ်ဦး တွဲထိုင်ပါရှိလာသည်။

အစ်ကိုအောင်ကျော်ဟိန်းသည် သူ့အကျင့်အတိုင်း အပြင်သို့ ကိုယ်ရေးကိုယ်တာကိစ္စနှင့် သွားလျှင် ဦးဘာဘူကို မမောင်းစေဘဲ ထားခဲ့ကာ သူကိုယ်တိုင် မောင်းသည်ပဲဖြစ်သည်။

ဦးဘာဘူက လင်ဆာကား ပြန်လာလျှင် အဆင်သင့် ဖြစ်စေရန် တံခါးပေါက်ဝမှ ထိုင်စောင့်နေရဟန် တူပါ၏။

ကားတံခါးဖွင့်ပြီး အစ်ကိုအောင်ကျော်ဟိန်း ကားပေါ်မှ ဆင်းလာသည်။

အမျိုးသမီးချောကလည်း ကားပေါ်မှ ဆင်းကာ အောင်ကျော်ဟိန်းနှင့် ရင်ဘောင်တန်း တွဲပြီး လှေကားထစ်ကို တက်လာသည်။

"ကားကို ဂိုထောင်သွင်းထားလိုက်ပေတော့ ဦးဘာဘူ၊ လောလောဆယ် ကျွန်တော် အပြင်သွားစရာ မရှိသေးဘူး"

ဦးဘာဘူက ကားဂိုထောင်သွင်းရန် လှေကားထစ်များသို့ဆင်းသွားသည်။

နှောင်းငယ်မှာ ဘွားခနဲ ပေါ်ထွက်သွားတော့သည်။

"ဟင်"

မျှော်လင့်ထားခြင်း မရှိသူအား ဖြုန်းခနဲ မြင်တွေ့သည်နှင့် အံ့သြခြင်းဖြစ်စမြဲ၊ သို့သော် ယင်းအံ့သြခြင်းမျိုးတွင် ကွာခြားချက်ရှိပါ၏။



တွေ့ချင်စိတ် ပြင်းထန်စွာ ရှိနေပါလျက် ရှာသက် … မတွေ့နိုင်တော့ဟု မှတ်ယူထားပြီး သူ့အား မမျှော်လင့်ဘဲ …းခနဲ ပြန်တွေ့သည့်အခါ ဖြစ်ပေါ်လာသော အံ့သြခြင်းအမူအရာ … အလေးအနက် ရှိလှပါ၏။

ယခု အောင်ကျော်ဟိန်း အံ့သြခြင်းမှာ အထွတ်အထိပ် …လေးအနက် ရှိလွန်းနေတော့သည်။

"ဟင် ... နှောင်း ... နှောင်းငယ်"

နှောင်းငယ်အဖို့မှာမူ အစ်ကိုအောင်ကျော်ဟိန်းကို …ရင် တမင်တကာ တောင်ကြီးသို့ အရောက်လာခဲ့သူမို့ …စ်ကိုအောင်ကျော်ဟိန်းအား တွေ့ရမည်ဟု စိတ်တွင် ခံယူပြီး …းမို့ အံ့သြခြင်း သိပ်မပြင်းထန်သော အမူအရာပင် ရှိနေလေ…သည်။

သို့သော် အစ်ကိုအောင်ကျော်ဟိန်းအား မကြည့်ဝံ့၊ …နှာချင်း မဆိုင်ဝံ့သည်မျိုး ဖြစ်နေရပါ၏။

"ဘယ်တုန်းက ရောက်နေလဲ နှောင်းငယ်၊ တောင်ကြီးကို အလည်လာတာလား၊ တစ်ယောက်တည်းလား၊ နှောင်းငယ်ရဲ့ အမျိုးသားရော ပါသေးလား၊ အခု ထင်းရှူးမြိုင်ကိုလာတာ တို့ကို တွေ့ဖို့လာတာလား၊ ဒါမှမဟုတ် ဒီဟိုတယ်မှာ လာပြီး စားသောက်ရင်း တို့နဲ့ တွေ့တာလား"

'လား'ပေါင်းမြောက်မြားစွာသော မေးခွန်းတွေကို …စ်ကိုအောင်ကျော်ဟိန်းက ကရားရေလွှတ် တတွတ်တွတ် ထွက်…လာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



နှောင်းငယ်သည် ငုံ့ထားသော ဦးခေါင်း ပြန်ထော် လာပါ၏။ အစ်ကိုအောင်ကျော်ဟိန်းက သူမကို တွေ့လျှင် မသိကျိုးကျွန် နေလေမည်လား၊ သို့မဟုတ် မောင်းထုတ်ခဲ့လေမည် လားဆိုသည့် စိုးရိမ်စိတ်တွေ ပျောက်သွားကြပါ၏။

ထိုသို့ မပြုမူရုံမက လားပေါင်းများသော မေးခွန်း တွေနှင့် ရင်းနှီးမပျက် ဖော်ရွေနေခြင်းမှာ ထင်ရှားလှသည်။

ထိုကြောင့် နှောင်းငယ်သည် ရဲရဲတင်းတင်းပင် ဦးခေါင်းမော့ပြီး ပြုံးပြလိုက်သည်။ မိမိအပြုံးသည် ကျေနပ် ကြည် နူးသောသင်္ကေတ ဖြစ်ပေါ်သွားလေသလားပင် မသိပါလေတော့

"အစ်ကို မေးတာတွေ အများကြီးပဲ၊ နှောင်းငယ်ကလည်း အစ်ကိုနဲ့ ပြောစရာတွေ အများကြီး ရှိလာလို့ အစ်ကို့ဆီ တမင်သက်သက် လာခဲ့တာပါ"

"အား ... ဒါဆို အေးအေးဆေးဆေးပေါ့နော် နှောင်းငယ်"

နှောင်းငယ်အား အေးအေးဆေးဆေး လက်ခံစကား ပြောမည့်သွင် ပေါ်လွင်လွန်းရုံမက အောင်ကျော်ဟိန်းသည် ဘူ ဘေးမှ အမျိုးသမီးချောလေးဘက် လှည့်လိုက်ပြီး ...

"ကဲ ... လှစိ ... ဒီနေ့အဖို့တော့ လှစိမှာ တခြားလုပ်စရာ ရှိရင် ကယ်ရီအွန်ဆက်လုပ်ပေတော့၊ တို့မှာ ဟောဒီ အဓ ချည်သည် ရောက်နေလို့ ဆောရီးပဲ၊ အနားသားဘိုင်(ဗ) နောက်မှ တွေ့ကြသေးတာပေါ့၊ ဟုတ်လား"

လှစိဆိုသည့် အမျိုးသမီး မိန်းမချောလေးက ခေါ တွန့်ပြလိုက်သည်။ ထို့နောက် ဘာတစ်ခွန်းမျှ မပြောဘဲ ဦးဘာသ ဆီသို့ လျှောက်သွားသည်။



ဦးဘာသူ ပြန်လိုက်ပို့သော ကားဖြင့်ပင် လှစိ ပြန် သွားပေသည်။

"ကဲ ... နှောင်းငယ် တို့မှာ သီးသန့်ခန်းနှစ်ခန်း ရှိတယ်၊ ဟောဒီအောက်ထပ်သီးသန့်ခန်းက တို့ရဲ့အလုပ်စားပွဲထားတဲ့ ရုံးခန်း၊ အပေါ်ထပ်မှာရှိတဲ့ အခန်းကတော့ ဟဲ ... ဟဲ ... ဟဲ ..."

အောင်ကျော်ဟိန်းသည် စကားဆုံးအောင် မပြော သေးဘဲ တဟဲဟဲ ရယ်လိုက်သေးသည်။

နှောင်းငယ်က လိုက်၍ မရယ်ပါလေ၊ အောင်ကျော် ဟိန်းရယ်သော မျက်နှာကိုသာ ငေးကြည့်နေသည်။

ရန်ကုန်မှာတုန်းကထက် အစ်ကိုအောင်ကျော်ဟိန်း မသိမသာ မျက်နှာလေး ချောင်ကျသွားသည်။ ဆံကေသာမှာ ညှပ်သင့်ချိန်ကို ကျော်လွန်လာခဲ့ပြီမို့ ရှည်လျားဝေဖား ဖြစ်နေသည်။ သို့သော် ရှည်လေ လှိုင်းအိလေးတွေ ပိုဖြစ်လေနှင့် ကြည့်ကောင်း မြဲကြည့်ကောင်းပါ၏။

အထူးသဖြင့်ကတော့ အစ်ကိုအောင်ကျော်ဟိန်း ရယ် လေတိုင်း ထူအမ်းသော နှုတ်ခမ်းစုံ ပွင့်လာကာ ပုလဲစီသွားဖြူ တန်းတွင် အနားကွပ် သွားစွယ်လေးနှင့်ချောင်းက အရင်အတိုင်း ပင် ကိုအောင်ကျော်ဟိန်း ရယ်လေပြုံးလေတိုင်း ကျက်သရေရှိနေ သည်။ ကြည့်ကောင်းနေသည်။

"ဟဲ ... ဟဲ ... အပေါ်ထပ်ခန်းကတော့ မယားနဲ့လှပျို့ အခန်းလေ၊ ကဲ ... ဘယ်အခန်းမှာ တို့နဲ့ နှောင်းငယ် စကားပြောမလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အောက်ခန်းမှာပဲ ကောင်းပါတယ် အစ်ကို"

"ရတယ် ... ရတယ်၊ လာ ... လာ"

လာလာဟု ပြောရင်း နှောင်းငယ်၏ လက်မောင်းကို ဆွဲခေါ်မည်ဟန် ပြင်ပြီးမှ ဆွဲမခေါ်တော့ဘဲ လက်ကို ပြန်ရုပ်သိမ်းပြီး ရှေ့မှ ဦးဆောင်လျှောက်သွားသည့်နောက်သို့ နှောင်းငယ် လိုက်ပါသွားသည်။

အလုပ်ခန်းမှာ ပေနှစ်ဆယ်ပတ်လည်လေးထောင့်ခန်းဖြစ်သည်။ (၅)ပေ (၃)ပေ ကျွန်းစားပွဲ ဖိတ်ဖိတ်တောက်တစ်လုံး၊ စားပွဲတွင် သက္ကလပ်အစိမ်းရောင် ခင်းထားပြီး စာအဝင် စာအထွက် ကြိမ်ခြင်းနှစ်ခု၊ တယ်လီဖုန်း၊ ဖိုင်တွဲနှင့် ဆုံလည်ကုလားထိုင်ကြီးရှိသည်။ စားပွဲနှင့် မနီးမဝေးတွင် ဆိုဖာဆက်တီ ချထားသည်။

"လာ ... ဒီဘက်ဆီမှာပဲ ထိုင်ကြစို့၊ နှောင်းငယ်လာတာ စီးပွားရေးလုပ်ငန်းကိစ္စမှ မဟုတ်တာ၊ အလုပ်စားပွဲမှာ မထိုင်ပါနဲ့"

သူ့ အလုပ်ခန်းတစ်ခုလုံး နံရံတွေကိုလည်း အစိမ်းရောင်ပင် သုတ်ထားသည်။ အို ... ဘာမဆို တစ်ခန်းလုံး အစိမ်းရောင်တွေ လွှမ်းမိုးနေပါ၏။

"အစ်ကိုက အစိမ်းရောင်ကို တော်တော်နှစ်သက်တယ်နော်၊ တစ်ခန်းလုံး စိမ်းနေတာပဲ၊ ဟိုတယ်ကြီးတစ်ခုလုံးလည်း အစိမ်းရောင် သုတ်ထားတယ်"

"လုံးဝမနှစ်သက်ဘူး၊ တို့အစိမ်းရောင်ကို မုန်းတယ်"



"ရှင်"

"တို့ တကယ်နှစ်သက်တဲ့ အရောင်က အပြာနုဖြစ်ဖြစ် အပြာရင့်ဖြစ်ဖြစ်ပါ၊ အင်္ဂလိပ်စကားမှာတောင် ရှိသေးတယ် မဟုတ်လား၊ ဘလူးအစ်(စ်)တ်ရှူးတဲ့။ အပြာရောင်ဟာ သစ္စာတရားရဲ့ သင်္ကေတတစ်ခုတဲ့လေ။ ဟဲ ... ဟဲ ... ဒါပေမဲ့ တို့အပေါ်မှာ သစ္စာမရှိတဲ့ လူတွေနဲ့ချည်း တွေ့ဆုံနေရတယ်၊ တို့က သစ္စာရှိပါလျက်နဲ့ တို့အပေါ် စိမ်းစိမ်းကားကားတွေ ခံရတာများလာတော့ တို့ ရင်ထဲ မေ့မသွားအောင် တမင်အစိမ်းရောင်တွေချည်း ခြယ်ထားတာ"

အစ်ကိုအောင်ကျော်ဟိန်း၏ စကားထဲတွင် မိမိ၏ စိမ်းကားမှုလည်း ပါဝင်နေမှန်း နှောင်းငယ် သတိပြုမိပါ၏။

အစ်ကိုအောင်ကျော်ဟိန်းက စားပွဲမှ ခလုတ်တစ်ခု နှိပ်လိုက်သည်။ စားပွဲထိုးတစ်ဦး ဝင်လာပါ၏။ အဖြူရောင်ဝတ်စုံနှင့် ဖြစ်ပေသည်။

"ကိုကာကိုလာဘူးရယ်၊ ဘီယာရယ်၊ တန်ဖိုးအကြီးဆုံးနဲ့ အကောင်းဆုံး စားစရာသုံးမျိုး ယူလာပေးပါ။ ဒါပေမဲ့ စားစရာပွဲတွေကို ရောင်းတန်းပွဲလို အပြည့်အမောက် လုပ်မလာနဲ့၊ အမြည်းသဘောလောက်သာ ထည့်လာခဲ့လိုက်နော်"

"ဟုတ်ကဲ့ပါ အာစရိ"

စားပွဲထိုး ခါကိုင်းခေါင်းညိတ်ပြီး ရို့ရို့လေး ပြန်ထွက်သွားသည်။ ဒီနောက်မှာ ဆိုဖာဆက်တီပေါ်တွင် ပုံ့ပုံ့လေး ထိုင်နေသော နှောင်းငယ်အား ကြည့်လိုက်သည်။ ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကိုမေးထားတာတွေ နှောင်းငယ် ဖြေတော့လေ၊ နှောင်းငယ် ဘယ်တုန်းက ရောက်သလဲ၊ တောင်ကြီးကို အလည်လာတာလား၊ နှောင်းငယ်ရဲ့ အမျိုးသားကော ပါလာသလား၊ ကိုဆီကို နှောင်းငယ် တမင်သက်သက် လာတာလား"

"မနေ့က ရောက်တယ် အစ်ကို၊ အလည်လာတာ မဟုတ်ဘူး၊ အစ်ကိုဆီကို တမင်လာတာ၊ နှောင်းငယ်ရဲ့ အမျိုးသား ပါလာသလားဆိုတာ၊ ဘယ်အမျိုးသားကို အစ်ကို ရည်ညွှန်းမေးတာလဲ"

"ဟော ... နှောင်းငယ်ရဲ့ အမျိုးသားဆိုမှတော့ သေရာက ပြန်ရှင်လာတဲ့ ကိုဇာနီအောင်ကိုပဲ ရည်ညွှန်းတာပေါ့၊ နှောင်းငယ် တို့ကို ရေးပေးတဲ့စာမှာလည်း အချစ်ဦး ကိုကိုအောင်ဆီကို သွားပါပြီလို့ ရေးခဲ့တာပဲဟာ"

"ကိုဇာနီအောင်နဲ့ နှောင်းငယ်တို့ရဲ့ အဖြစ်အပျက်တွေကို အစ်ကို တကယ်ပဲ မသိဘူးလား၊ ခုနတံခါးဝမှာ ဦးဘာဘူနဲ့ စကားပြောဖို့ကလည်း နှောင်းငယ် ဘာတွေ ဖြစ်သွားတယ် ဆိုတာ ဦးဘာဘူ ဘာမှ မသိသလို ပြောခဲ့တယ်"

အောင်ကျော်ဟိန်း မျက်မှောင်ကြုတ်လိုက်ပါ၏။ ဘာတွေ ဘယ်လိုဖြစ်သွားလို့လဲဟူသော မေးချင်ပုံမျိုး သူ၏ မျက်နှာတွင် ချက်ချင်း ပေါ်လွင်လာသည်။

"ကိုဇာနီအောင်က နှောင်းငယ်ကို အရှုံးမောင်းသလို မောင်းထုတ်ခဲ့တယ် အစ်ကို၊ သူနဲ့ ကင်းကွာနေတဲ့ တစ်လအတွင်း



မှာ အစ်ကိုနဲ့ တွေ့ခဲ့တာတွေနဲ့၊ လက်ထပ်လိုက်တာတွေ ကြောင့် နှောင်းငယ်က မှည့်တစ်ပေါက် မစွန်းစဲ့ပါဘူးလို့ ပြောပြတာကို သူ မယုံကြည်ဘူးတဲ့။ နောက်ပြီး နှောင်းငယ် ကို သူ မသဒ္ဒါတော့ဘူးတဲ့၊ လက်ထပ်ပြီးသား တစ်ခုလပ် မိန်းမကို သူက လက်ထပ်ဖို့အတွက် သူ့မိဘတွေကို သူ မပြောရဲဘူးတဲ့၊ အစ်ကိုနဲ့ လက်ထပ်တဲ့နေ့ သူ့ဆီ နှောင်းငယ် သွားအတွေ့မှာပဲ နှောင်းငယ်တို့ အဲဒီလိုတွေ ပြောပြီး ကိုဇာနီအောင်က မောင်းထုတ်ခဲ့တယ်လေ"

ရိပ်ခနဲပင် အောင်ကျော်ဟိန်း မျက်နှာတွင် အလွန် အမင်း အံ့သြသွားသော အမူအရာနှင့် တစ်ခုခုကို ရုတ်ချည်း ခံစားလိုက်ရသည့် အမူအရာ ပူးတွဲပေါ်ထွက်လာသည်။

"ဆိုးတဲ့လူပဲ၊ အဲဒီတုန်းက နှောင်းငယ် တို့ဆီကို ဘာလို့ ချက်ချင်း ပြန်မလာတာလဲ"

"အစ်ကို့ဆီကို နှောင်းငယ် ဘယ်လိုမှ ပြန်မသွားသင့်ဘူး လို့ ဆုံးဖြတ်ခဲ့တယ် အစ်ကို၊ အစ်ကို့ကို နှောင်းငယ် စွန့်ခွာပြေးသွားပြီးပြီပဲ၊ ကိုဇာနီအောင်က လက်မခံမောင်း ထုတ်မှ အစ်ကို့ဆီ ပြန်လာရတယ်ဆိုရင် နှောင်းငယ် ဘယ်လိုမိန်းမစား ဖြစ်သွားမလဲ။ ဒါတောင် ဘော်ဒါဆောင် က မမြင့်က ရန်ကုန်ခြောက်မိုင်ခွဲက အစ်ကိုရဲ့ ထင်းရှူး မြိုင်ဟိုတယ်ကို ဖုန်းဆက်ပါသေးတယ်၊ ဒါပေမဲ့ အဲဒီအချိန် မှာပဲ အစ်ကို ခြောက်မိုင်ခွဲဟိုတယ်မှာ မရှိတော့ဘူးလေ၊ တောင်ကြီးကို ချက်ချင်း ထွက်သွားပြီတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အဲဒါ ဟုတ်မယ်၊ တို့အပေါင်းအသင်းတွေကို ကျွေးမွေးပြီး နှောင်းငယ်ရဲ့ စာအုပ်ဆိုင်ကို ပြန်လာတဲ့အချိန်ဟာ ညနေသုံးနာရီခွဲလောက် ရှိနေပြီ။ မသူဇာကပဲ နှောင်းငယ် ရေးပေးခဲ့တဲ့စာ တို့ကို ထုတ်ပေးလို့ တို့ ချက်ချင်း ဖတ်လိုက်တဲ့အခါ မဟာပထဝီမြေကြီး ချာချာလည်သွားခဲ့တယ် နှောင်းငယ်၊ တို့ရဲ့ လေထဲမှာ အခံမ်းနားဆုံးနဲ့ အကြီးမားဆုံး ဆောက်တည်ထားတဲ့ ဗိမာန်ကြီး ပြိုပျက်သွားတယ်၊ တို့ခေါင်းပေါ် တည့်တည့်ကြီးကို မိုးကြိုးပစ်ချလိုက်ရသလို မျက်လုံးထဲ ဝင်းဝင်းတောက်သွားခဲ့တယ်၊ ဒီတော့ တို့ သွေးရူးသွေးတမ်းနဲ့ပဲ ခြောက်မိုင်ခွဲဟိုတယ်ကို ပြန်ပြေးတယ်၊ အရက်ပုလင်း ဖွင့်ပြီး အငမ်းမရ သောက်တယ်၊ ဦးဘာဘူကို မောင်းစမ်းဗျာလို့ မောင်းခိုင်းပြီး တောင်ကြီးကို သွားတဲ့ တစ်လျှောက်လုံး တို့ အရက်ပုလင်းမော့ပြီး လိုက်ခဲ့တယ်၊ တောင်ကြီးကို ဘယ်အချိန်ရောက်မှန်းတောင် မသိတော့ဘူး"

"အစ်ကို အဲဒီလို ဖြစ်သွားတာတွေ စောစောက ဦးဘာဘူ ပြောပြလို့ နှောင်းငယ် သိရပြီး စိတ်မကောင်းဖြစ်ရပါတယ် အစ်ကို"

အောင်ကျော်ဟိန်းသည် သူ့လက်ဝါးနှစ်ဖက် အပေါ် မြှောက်တင်ကာ ဗျမ်းခနဲ ပင် သူ့ပေါင်နှစ်ဖက်ပေါ်သို့ လက်ဝါးနှင့် ရိုက်ချလိုက်သည်။ မဖြစ်သင့်တာတွေ ဖြစ်သွားပါလားဆိုသည့် သဘောသက်ဝင်မည် ထင်ပါ၏။



"တကယ်ဆိုရင် နှောင်းငယ်က တို့ဆီကို တစ်ချက်လောက် လှမ်းမေးဖို့ကောင်းတယ်၊ ရန်ကုန်မှာ တို့မရှိတော့တဲ့တိုင်အောင် တောင်ကြီး ထင်ရှူးမြိုင်ဟိုတယ်ရဲ့ ဖုန်းနံပါတ်ကို တွေ့နိုင်တာပဲ၊ ဖုန်းမဆက်ချင်လို့ စာလှမ်းရေးလည်း ထင်းရှူးမြိုင်ဟိုတယ် တောင်ကြီးဆိုတဲ့လိပ်စာနဲ့ပဲ တောင်ကြီး စာတိုက်က စာပို့သမားတွေက သိပြီးသားပါ"

"နှောင်းငယ်က အစ်ကို့ဆီကို ဘာတွေ ဖုန်းဆက်ရမှာလဲ၊ ဘာတွေ စာလှမ်းရေးရမှာလဲ အစ်ကို"

"အို ... နှောင်းငယ်ရယ်"

အောင်ကျော်ဟိန်းက လေးတွဲ့သော ညည်းတွားသံဖြင့် ဆွဲဆွဲငင်ငင် လေးလေးကြီး ညည်းလိုက်ပါ၏။

"နှောင်းငယ်က မေးသင်တာပေါ့၊ တို့က နှောင်းငယ်ရဲ့ တရားဝင် လက်ထပ်ထားတဲ့ ခင်ပွန်းပဲဟာ၊ နှောင်းငယ်တော့ အချစ်ဦးဆီ ပြန်သွားပေမဲ့ ဒီလိုကဒီလိုတွေ ဖြစ်သွားပြီ၊ ဒီတော့ အစ်ကိုအောင်ကျော်ဟိန်းက နှောင်းငယ်အပေါ် မေးသင်တာပေါ့။ ရေးသင့်တာပေါ့ နှောင်းငယ်"

နှောင်းငယ်က ...

"အဲဒါက အစ်ကို့ရဲ့ စိတ်ဆန္ဒနဲ့ အစ်ကို့ရဲ့ အတွေးကို။ နှောင်းငယ်အနေနဲ့ကျတော့ အဲဒီလို ဖုန်းနဲ့မေး၊ စာနဲ့ရေးမေးဆို ဘယ်လောက်ဝန်လေးတယ်ဆိုတာ အစ်ကို ထည့်တွက်ကြည့်လေ၊ မမေးသင့်တော့ဘူး၊ မရေးသင့်တော့ဘူး အစ်ကို၊ နောက်ပြီး အဲဒီလို နှောင်းငယ် အစ်ကို့ဆီ မမေးဖုံ မရေးဖုံ တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



နှောင်းငယ်က ဆက်လက်၍ အစ်ကိုအောင်ကျော်ဟိန်းအား မေးခွန်းတစ်ခု ဆက်၍ မေးသင့်၊ မမေးသေးသင့် ချိန်ဆနေသည်။ နောက်ဆုံး မေးဖြစ်အောင် မေးလိုက်မိပါ၏။

"နှောင်းငယ် မေးချင်တယ် အစ်ကို၊ နှောင်းငယ်က နှောင်းငယ်အဖြစ်နဲ့ နှောင်းငယ်မို့ အစ်ကိုဆီကို မမေးဘဲမရေးဘဲနေတယ် ထားပါဦး၊ အစ်ကိုကကော နှောင်းငယ်ကိုဘာလို့ ပြန်မမေးတာလဲ၊ အစ်ကို့စကားအရပဲ ပြောရရင် နှောင်းငယ်ဟာ အစ်ကို့ရဲ့ တရားဝင်လက်ထပ်ဇနီးပဲ မဟုတ်လား"

အောင်ကျော်ဟိန်းက ဦးခေါင်းခါယမ်းပြီးမှ တစ်လုံးချင်းဖြေသည်။

"တို့ဆီကို နှောင်းငယ် ရေးခဲ့တဲ့ စာက နှောင်းငယ်ကိုကိုအောင်ဆီ သွားပါပြီတဲ့၊ နှောင်းငယ်ကို ခွင့်လွှတ်ပါတဲ့။ သံတိုင်ကို အိမ်ဆောက်ပေမဲ့ ကံမှောက်လျှင် ကျိုးလို့ပဲ သဘောပါတဲ့၊ ဟဲ … ဟဲ … ဟဲ … လမ်းဆုံးနေပြီ နှောင်းငယ်၊ နှောင်းငယ်ရဲ့ စာအရ ချစ်သူဟောင်းနဲ့ ပြန်ပေါင်းသင်းနေပါပြီဆိုတဲ့ အဓိပ္ပာယ်ပဲ မဟုတ်လား၊ လမ်းဆုံးနေတဲ့ စာပဲဟာ၊ ဒီတော့ တို့က နှောင်းငယ်ကို ပြန်ဆက်သွယ်ရင် ကိုဇာနီအောင်ရဲ့ လက်က ပြန်လုယူချင်လို့ဆိုတဲ့သဘော သက်ရောက်မယ်၊ ကိုယ့်အပေါ်မှာ လုံးဝ မချစ်လို့ ချစ်တဲ့သူဆီကို ထွက်ပြေးသွားတဲ့၊ နှောင်းငယ်ကို ပြန်ဆက်သွယ်ရင် နှောင်းငယ်ပဲ စိတ်ညစ်မယ်ဆိုပြီး ဘာမှ



မဆက်သွယ်တာပဲ၊ ဒါမှ မဟုတ်လို့ မစားရတဲ့အမဲ သဲနဲ့ ဖက်မယ်ဆိုတဲ့စိတ်မျိုး တို့မှာ ရှိရင်တော့ လွယ်သားပဲ၊ တရားရုံးကနေ ကိုဇာနီအောင်ကို မယားခိုးမှုနဲ့ တရားစွဲမယ်၊ တရား●ဥပဒေအရ နှောင်းငယ်ကို တို့ ပြန်ရအောင် လုပ်နိုင်တယ်၊ အဲဒီလောက်ကြီးအထိတော့လည်း နှောင်းငယ်ကို တို့ မလုပ်ရက်ခဲ့ဘူးလေ"

"အို … နှောင်းငယ်ဟာ ကိုဇာနီအောင်နဲ့ ဘာဆိုဘာမှ မဖြစ်ခဲ့ဘူး၊ အဲဒီနေ့ကပဲ စာအုပ်ဆိုင်မှာ ပြန်လုပ်နေတာ တို့ ဘိုကလေးဈေးလမ်းက ဝိုင်ဒဗလျူစီအေမှာပဲ ပြန်နေတာကို အစ်ကို လုံးဝ မသိဘူးတဲ့လား"

"ဘုရားပေးပေး ကျမ်းပေးပေး ဒီနေ့အထိကို လုံးဆမသိဘူး နှောင်းငယ်၊ အခု နှောင်းငယ် ပြောမှပဲ ဒီလိုတွေ ဖြစ်ကုန်တယ်ဆိုတာ ပထမဆုံး သိရတာ အမှန်ပဲ"

"အစ်ကို့ ရန်ကုန်က သူငယ်ချင်းတွေက နှောင်းငယ် ဒီလို ဖြစ်ပျက်တာတွေကို စာလှမ်းမရေးကြဘူးလား၊ နှောင်းငယ် စာအုပ်ဆိုင်မှာ ပြန်လုပ်နေတာကိုကော လှမ်းပြီး စာမရေးကြဘူးလား"

အင်း …။

အောင်ကျော်ဟိန်းက ထိုင်ရာမှ ထကာ သူ့အလုပ်စားပွဲသို့ လျှောက်သွားပြီး အံဆွဲတစ်ခု ဆွဲဖွင့်ကာ စာအိတ်လေး တစ်ခုကို ထုတ်ယူပြီး နှောင်းငယ်ရှေ့တွင် ချပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တို့ တောင်ကြီး ပြန်ရောက်ပြီး မကြာခင် ဆေးရုံတက်ရတယ်၊ ဆေးရုံမတက်ခင်ကလည်း နေ့စဉ်အချိန်ရှိသလောက် အရက်မူးနေတယ်၊ အဲဒီအတောအတွင်းမှာ ဒီစာတွေ ရောက်လာတယ်၊ တို့ တစ်စောင်မှ ဖွင့်မဖတ်မိဘူး အရက်မူးနေတာနဲ့၊ ဆေးရုံတက်နေတာနဲ့၊ ဒီစာတွေ အံဆွဲထဲမှာပဲ ရှိနေတယ်၊ နေကောင်းပြီး ဆေးရုံက ဆင်းလာတော့လည်း တို့ စိတ်ထဲမှာ ရန်ကုန်ကအကြောင်းတွေ ဘာမှ မသိချင်ဘူး၊ ဘာအဆက်အသွယ်မှလဲ မလုပ်ချင်ဘူးဆိုပြီး ဒီစာတွေ ဒီအတိုင်းပဲ ပစ်ထားလိုက်တယ်၊ အဲဒီစာတွေကို ဖွင့်ဖတ်ကြည့်ရင် တစ်စောင်စောင်မှာ နှောင်းငယ်ရဲ့အကြောင်း ပါမလားပဲ"

နှောင်းငယ်က ရန်ကုန်စာတိုက်တံဆိပ်ဖြင့် တံဆိပ်ခေါင်းကပ်ထားသော မဖွင့်ဖောက်ရသော စာအိတ်များကို ငေးကြည့်နေမိသည်။

"ဒီစာတွေ ဖွင့်မဖတ်ပေမဲ့ အစ်ကို့သူငယ်ချင်းတစ်ယောက်ယောက်ကတော့ ဖုန်းဆက်မလာဘူးလားနော် အစ်ကို"

"ပြောခဲ့ပြီပဲ နှောင်းငယ်၊ တောင်ကြီးရောက်ကတည်းက တို့ အချိန်ပြည့် အရက်မူးနေတယ်လို့၊ နောက်ပြီး ဆေးရုံမှာ စာစ်လတက်ရတယ်၊ ဒီတော့ တယ်လီဖုန်းကို ကိုင်ပြီး ပြောနိုင်တဲ့ အခြေအနေ မရှိခဲ့ဘူး"

နှောင်းငယ်က အစ်ကိုအောင်ကျော်ဟိန်းကို ငေးကြည့်ရင်း မေးလိုက်သည်။



"နှောင်းငယ်ကို အစ်ကို သိပ်စိတ်နာသွားတာပေါ့နော်"

"ဟဲ ... ဟဲ ... ဟိုသီချင်းတစ်ပုဒ်ထဲကလိုပေါ့လေ၊ မေ့တော့မေ့တာပေါ့၊ ဒါပေမဲ့ မမေ့ဘူးဆိုသလို နာတော့နာတာပေါ့၊ ဒါပေမဲ့ မနာဘူးပေါ့ကွာ"

ထိုစဉ်မှာပင် အောင်ကျော်ဟိန်း မှာထားသော ကိုကာကိုလာနှင့် ဘီယာဘူးတွေ ရောက်လာသည်။ ကိုကာကိုလာကို နှောင်းငယ်ရှေ့ ချပေးပြီး အောင်ကျော်ဟိန်း ဘီယာ ဖွင့်သောက်သည်။

"သောက် ... နှောင်းငယ်၊ သောက်ကြည့်၊ နောက်မေးခွန်းတွေ ဆက်ပြောကြတာပေါ့၊ အခု နှောင်းငယ် ဖြေတဲ့အဖြေအထဲမှာ ပထမမေးခွန်းတွေ ကျေလည်သွားပြီ၊ ထပ်မေးရမှာက နှောင်းငယ် တို့ဆီကို တမင်သက်သက်လာတာလား"

"ဟုတ်ပါတယ်၊ တမင်သက်သက်လာတာပါ၊ ဒါပေမဲ့ ..."

နှောင်းငယ် စကားရပ်ထားသည်။

"ဒါပေမဲ့ ဘာဖြစ်လဲ၊ ဆက်ပြောပေါ့၊ နှောင်းငယ်နဲ့ တို့ ပထမဆုံး စတွေ့တုန်းက ကရဝိတ်မှာ ဘီယာသောက်ရင်း တို့ နှောင်းငယ်ရဲ့ အကြောင်းတွေ နားထောင်ခဲ့ရတယ်၊ ကြည်နူးခဲ့ရတယ်၊ ကရုဏာတွေ သက်ခဲ့ရတယ်၊ အဲဒီကတည်းက နှောင်းငယ် မျက်နှာလေးကို ဘီယာ အရသာခံ တစိမ့်စိမ့်ကြည့်ရင်း တို့ရင်ထဲက နှောင်းငယ်ကို ချစ်သွားခဲ့မိတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



နှောင်းငယ်သည် လာရင်းကိစ္စကို မပြောလျှင်မဖြစ် သည်မို့ ပင့်သက်ဖြာကြားကပင် ပြောချလိုက်တော့သည်။

"တိုတိုပဲ ပြောပါရစေ အစ်ကို၊ အခု နှောင်းငယ် အစ်ကို့ဆီ လာတွေ့တာ ကွာရှင်းခွင့်လိုချင်လို့ပါ"

"ဘာရယ်"

နှုတ်ခမ်းတွင် တေ့ထားသော ဘီယာကို ဆက် မသောက်ဘဲ စားပွဲပေါ် ချထားလိုက်သည်။

"ကွာရှင်းခွင့်ဟုတ်လား၊ ဘာလို့ နှောင်းငယ်က တို့ ကွာရှင်းခွင့် လိုချင်တာလဲ"

"ကိုဝဏ္ဏနဲ့ လက်ထပ်ချင်လို့"

"ကိုဝဏ္ဏ ဟုတ်လား။ ဒီကိုဝဏ္ဏဆိုတဲ့လူက ဘယ် ပေါ်လာပြန်တာလဲ"

အစ်ကိုအောင်ကျော်ဟိန်း၏ မေးပုံအမူအရာကြောင့် ရော၊ မေးခွန်း၏ အဓိပ္ပာယ်ကြောင့်ရော နှောင်းငယ် ရှက်သွေး ဖြာသွားသည်။

တစ်နှစ်ကာလအတွင်း မိန်းကလေးတစ်ယော အနေနှင့် အမျိုးသား(၃)ဦးနှင့် ပတ်သက်ရသည်ဆိုခြင်းမှာ ရှ စရာ၊ အထင်သေးစရာ ဖြစ်ပါ၏။

"ကိုဝဏ္ဏဟာ နှောင်းငယ်ရဲ့ ချစ်သူဆိုပါတော့"

"ဆိုပါတော့ ဟုတ်လား"

"ဒီမယ် အစ်ကို၊ ကိုဝဏ္ဏကို နှောင်းငယ် လက်ထပ်မ ပါပေမဲ့ အစ်ကိုနဲ့ လက်ထပ်ထွေးတဲ့ကိစ္စက တန်းလန်း



ရှိနေသေးတော့ ကိုဝဏ္ဏနဲ့ နှောင်းငယ် လက်ထပ်ရေးမှာ အဆီးအတား ဖြစ်နေပါတယ်၊ ဒါကြောင့် အစ်ကိုက နှောင်းငယ်ကို ပြတ်ပြတ်စဲစဲ လုပ်ပေးပါလို့"

အောင်ကျော်ဟိန်း ဘီယာခွက်ကို ကောက်ယူကာ တစ်ရှိန်းထိုး မော့သောက်ချလိုက်သည်။

"နှောင်းငယ် သေသေချာချာ စဉ်းစားမိပြီလား"

"စဉ်းစားတာမှ အခါတစ်ရာလောက်ပဲ"

"ဆုံးကော ဆုံးဖြတ်ပြီးပြီလား"

နှောင်းငယ်က နှုတ်နှင့် မဖြေ ခေါင်းသာညိတ်ပြ သည်။

"ဓာကယ်လို့ တို့က ကွာရှင်းခွင့် မပေးဘူး ဆိုရင်ကော ကွာ"

"ဘာလဲ အစ်ကို၊ နှောင်းငယ်ကို လူလိမ္မာနည်းနဲ့ ကသိ ကအောက်ဖြစ်အောင် လက်စားချေတာလား"

အောင်ကျော်ဟိန်း၏ မျက်နှာ သိသိသာသာတင်းမာ သွားသည်။

"နှောင်းငယ် ထင်ချင်သလိုထင်ပေါ့လေ၊ တို့က မကွာရှင်း ပေးဘူးဆိုရင် နှောင်းငယ် ဘာဆက်လုပ်မလဲ"

"ကိုဝဏ္ဏက ပြောတယ်၊ တရားရုံးကနေပြီး နှောင်းငယ် က ကွာရှင်းခွင့် လျှောက်ထားရင် အခြေအနေ ဖြစ်ရပ်မှန် တွေ ပေါ်မှာမူတည်ပြီး နှောင်းငယ်ဘက်က အနိုင်ရနိုင်တယ် တဲ့၊ အစ်ကို့အနေနဲ့ ကွာရှင်းခွင့် ပေးကိုပေးရမယ်တဲ့"

www.burmeseclassic.com

www.burmeseclassic.com



အောင်ကျော်ဟိန်း ဦးခေါင်းမော့ ဆိုဖာနောက်သို့ ဦးခေါင်းမှေးပြီး မျက်နှာကြက်ကို မော့ကြည့်သည်။ စဉ်းစားသည့်သဘောပင်ဖြစ်ပါ၏။ ပြီး သက်ပြင်းချရင်း ဆက်ပြောသည်။

"ဖြစ်နိုင်ပါတယ်၊ တရားရုံးမှာ ရင်ဆိုင်ကြမယ်ဆိုရင် နှောင်းငယ် အနိုင်ရနိုင်ပါတယ်၊ ဒါပေမဲ့ တို့ကလည်း အရှုံကြီးတစ်ရပ်မှ မဟုတ်တာ၊ တို့အစွမ်းအင်အားနဲ့ တရားရုံးမှာ ပြန်ရင်ဆိုင်မှာပေါ့၊ တို့ ရှုံးတော့ရှုံးမယ်လေ၊ ဒါပေမဲ့ နှစ်ဖက်လုံး ငွေတွေအများကြီး ကုန်ပြီး အချိန်တွေ အများကြီး ကြာသွားတဲ့အထိတော့ တို့ စွမ်းဆောင်နိုင်လိမ့်မယ် ထင်တာပဲ နှောင်းငယ်"

"အစ်ကို အဲဒီလို မလုပ်သင့်ပါဘူး"

ထိုစဉ်မှာပင် စားပွဲထိုးသည် အကောင်းဆုံး စားသောက်ဖွယ်သုံးမျိုး ယူလာပြီး စားပွဲတွင် ချပေးသည်။

"ကဲပါ နှောင်းငယ်ရာ၊ စားမှာစားကြပါစို့၊ အချိန်တွေ အများကြီး ရှိပါသေးတယ်၊ နက်ဖြန်ရှိတယ်၊ သန်ဘက်ခါ ရှိတယ်၊ ဖိန်းနွှဲကာရှိတယ်၊ ဒီနေ့အဖို့တော့ ဒီကိစ္စကို တို့ စိတ်မဝင်စားတော့ဘူး၊ ကဲ ... စားကြစို့ တို့ ဗိုက်ဆာပြီ"

ထင်းရှူးမြိုင်ဟိုတယ်၏ အကောင်းဆုံးနှင့် အဖိုးအတန်ဆုံး စားဖွယ်များဖြစ်သည်ဆိုခြင်းမှာ ယုံမှားဖွယ် မရှိသေး၊ မည်သို့သောအသား၊ မည်သို့သောသီးနှံ၊ မည်သို့သောအရွက်၊ မည်သို့သော အဖူးအညွန့်တွေနှင့် ကြော်လှော်ချက်ပြုတ်ထားမှန်း တောင်မသိ၊ စားမိသော ဘယ်ဟင်းကိုမဆို လျှာထဲတွင် စိမ့်ဝင်သွားအောင် အရသာအပြည့်ရှိသည်ကတော့ လက်တွေ့ဖြစ်ပါလေ၏။



နှောင်းငယ် အပြန်တွင် အောင်ကျော်ဟိန်းက သူ ကိုယ်တိုင် မောင်းကာ သူ၏ ကားကြီးနှင့် နှောင်းငယ်ကို ဘေးမှာ ယှဉ်တွဲထိုင်စေပြီး လိုက်မောင်းပေးပို့ပေသည်။

လမ်းတွင် လူတော်တော်များများတို့သည် နှောင်းငယ်နှင့် အောင်ကျော်ဟိန်း တွဲစီးလာသည်ကို ဂရုတစိုက် ကြည့်ကြကြောင်း နှောင်းငယ် သတိထားမိသည်။

"လူတွေက ဘာလို့များ ဒီလောက်တောင် ဂရုစိုက်ပြီး ကွက်ကြည့်ကွက်ကြည့် ဖြစ်နေသလဲ မသိဘူး၊ ခါတိုင်းလည်း ဒီကားကြီးနဲ့ သွားရင် ဒီလိုပဲ ကြည့်လေ့ရှိကြသလားဟင်"

"မကြည့်ကြပါဘူး၊ ခါတိုင်းဆိုရင် သူတို့ အမြင်မှာ ရိုးနေကြပြီလေ၊ နောက်ပြီး ခါတိုင်းတွေ့နေကျ မြင်ကွင်းက အခုမြင်ကွင်းလောက် မလှပတာ ကြည့်မကောင်းတာကြောင့် ဖြစ်မှာပေါ့၊ အခု မြင်ကွင်းက သူတို့ မျက်စိထဲမှာ သိပ်ကြည့်ကောင်း၊ သိပ်လှနေလို့ ဖြစ်မှာပေါ့"

"အစ်ကို ဘာကိုဆိုလိုတာလဲဟင်"

အောင်ကျော်ဟိန်း သူ၏ နှုတ်ခမ်းထူထူဖွင့်ပြီး ပုလဲစီသွားဖြူတန်းပေါ်အောင် ပြုံးလိုက်ပါ၏။ ပြီး ကားမောင်းလျက်ကပင် လက်ညှိုးနှင့် လက်ခလယ်နှစ်ချောင်း ထောင်ပြလေသည်။

"သူတို့ ကြည့်ကြတာ အချက်နှစ်ချက်ရှိတယ် နှောင်းငယ်၊ ပထမအချက်က နှောင်းငယ်ဟာ ရိုးရိုးယဉ်ယဉ်လေးနဲ့ သိပ်ကို ချောလှနေလို့"

www.burmeseclassic.com



"အဲဒါ သိပ်မသေချာပါဘူး၊ နှောင်းငယ် လာတုန်းက လေးဘီးအငှားကားနဲ့ လာခဲ့တာပဲ၊ ဒါပေမဲ့ နှောင်းငယ်ကို အခုလို သိသိသာသာကြီး မကြည့်ကြပါဘူး"

"အင်း ... ထူးခြားချက်တော့ ရှိမှာပေါ့လေ၊ လှပပြီး သိပ်အဖိုးတန်တဲ့ပစ္စည်း ဖြစ်ပါစေ၊ လမ်းဘေးပလက်ဖောင်းပေါ်မှာ ပုဆိုးစုတ် ဖယောင်းပုဆိုးစုတ်ခင်းပြီး တင်ရောင်းတာကို မြင်ရတာက တစ်မျိုး၊ အဲဒီအဖိုးတန်ပစ္စည်းကိုပဲ ဟိုင်းနေတဲ့ ကုန်တိုက်၊ စတိုးတိုက်ကြီးက မှန်ဗီရိုထဲမှာ ကတ္တီပါခင်းပြီး တင်ရောင်းတဲ့အခါကျတော့ မြင်တွေ့ရတဲ့ သူတွေအဖို့ အာရုံပိုမိုစွဲဆောင်ပုံက တစ်မျိုးဆိုပါတော့"

"ဘာလဲ ... အစ်ကို ဆိုလိုတာက အစ်ကို့ရဲ့ လင်ဆာကားကြီးနဲ့ နှောင်းငယ်က ပနာပေါ်ပြီး လူတွေက ပိုပြီး ကြည့်တာလို့ ဆိုလိုချင်တာလား"

"အဲဒါကြောင့်ပါလို့လည်း တစ်ထစ်ချ ဘယ်ဆိုလို့ရမလဲ၊ တို့ရဲ့ ဒီလင်ဆာကားမှာ လူစီ စီးဖူးတယ်၊ သီရိမွန် စီးဖူးတယ်၊ ထားထား စီးဖူးတယ်၊ သူတို့သုံးယောက် လောက် မလှမပတဲ့ အမျိုးသမီးတွေလည်း စီးဖူးတာပဲ၊ ဒါပေမဲ့ တောင်ကြီးက လူတွေဟာ အခု တို့နဲ့ နှောင်းငယ် တွဲစီးတာကို ဂရုတစိုက် ကြည့်သလို ကြည့်မှမကြည့်ဘဲ၊ အဲဒီတော့ နှောင်းငယ်က တို့နဲ့ တွဲခဲ့တဲ့ တခြားမိန်းကလေး တွေထက် အများကြီး ပိုချော၊ ပိုလှနေလို့ ဖြစ်မှာပေါ့"



"အဲ ... နောက်တစ်ချက်ကတော့ ခုန ပြောတဲ့ လူစီ၊ ထားထား၊ သီရိမွန်ဆိုတာက တောင်ကြီးသူတွေဆိုတော့ လူတွေရဲ့ အမြင်မှာ ရိုးနေပြီ၊ နှောင်းငယ်က တောင်ကြီးနဲ့ စိမ်းရုံမက ပိုလှလို့ ကြည့်ကြတာလို့ ပြောရင် ရမလား ပဲ"

"နှောင်းငယ်ကိုလည်း အဲဒီ လူစီတို့လို အစ်ကိုရဲ့ အပျော်တမ်းအတွဲလို့ ထင်ကြမှာပဲနော်"

"အဲဒီလို သူတို့ မထင်အောင် တို့ ကြေညာလိုက်မယ်လေ၊ နှောင်းငယ်ဟာ တို့ရဲ့ တရားဝင်လက်ထပ်ထားတဲ့ ဇနီးချော လေးပါလို့ ဘယ့်နယ်လဲ"

"အို ... မဟုတ်တာ"

"ဘာလို့ မဟုတ်ရမှာလဲ၊ နှောင်းငယ်နဲ့ တို့ တရားဝင် လက်ထပ်ပြီးသားကို ကြေညာတာပဲဟာ"

"ကွာကြရှင်းကြတော့မဲ့ဟာ"

အောင်ကျော်ဟိန်းက ပခုံးတွန့်ပြလိုက်သည်။

ငြိမ်းတည်းခိုရိပ်သာရှေ့ ရောက်လာပြီဖြစ်သော ကြောင့် နောက်ဆက်တွဲ၍ စကားမဆိုဖြစ်ပါလေတော့။

ကားတံခါးဖွင့်ပြီး နှောင်းငယ် ဆင်းသည်။

"နက်ဖြန် မနက် ဆယ်နာရီမှာ လာခေါ်မယ်၊ နံနက်စာ တစ်နေရာရာမှာ စားရင်း ဆက်ဆွေးနွေးကြတာပေါ့ ဟုတ်လား နှောင်းငယ်"

www.burmeseclassic.com

www.burmeseclassic.com



နောင်းငယ်က ကိုဝဏ္ဏနှင့် တွေ့ပြီးမှ အစ်ကိုနှင့် တွေ့မည် မတွေ့မည်ကို ဖုန်းနှင့် ပြောပါမည်ဟု ပြောရန် နှုတ်ခမ်းပြင်စဉ်မှာပင် လင်ဆာကားကြီး ဝူးခနဲ မောင်းထွက်သွားသောကြောင့် မပြောလိုက်ရတော့ပါပေ။



## ၁၃

အိမ်ရာထက်တွင် လှူးလူးလိမ့်လိမ့်နှင့်ပင် နောင်းငယ်သည် အစ်ကိုအောင်ကျော်ဟိန်းနှင့် တွေ့ဆုံခဲ့ရပုံကို ပြန်လည်တွေးမိသည်။ ဆန်းစစ်မိသည်။

မိမိနှင့် တွေ့ဆုံလျှင် မျက်နှာထားတင်းတင်း၊ ပစ်ပစ်ခါခါ ဆက်ဆံလေ့ရှိလေမည်လားဟု စိုးရိမ်ခဲ့သည်မှာ လုံးလုံးလျားလျားကြီး ဆန့်ကျင်နေသည်ကို တွေ့ရသည်၊

မိမိကို တွေ့လိုက်သည်နှင့် အစ်ကိုအောင်ကျော်ဟိန်း မျက်နှာမှ တိမ်တောင်တိမ်ထုကြားက ထိုးဖောက်လွှတ်မြောက်သွားသော လမင်းပမာ ဝင်းထိန်သွားသည်ကို နောင်းငယ် တွေ့မြင်ရသည်။

မိမိနှင့် ကိုဇာနီအောင်၏ ဖြစ်ခဲ့ပုံကို မိမိက ပြောပြရာ၌ လွှန်ခဲ့သည့် မိမိ၏ကားတိုက်ခံ သေကြောင်းကြံစဉ်က သူက ကယ်တင်ပြီး ကရဝိတ်ဟိုတယ်တွင် ဘီယာသောက်ရင်း

www.burmeseclassic.com

www.burmeseclassic.com



မိမိ ပြောပြသည့်အဖြစ်ကို နားထောင်သည့်ပုံမျိုးနှင့် ထပ်တူထပ်မျှ တူအောင် နားထောင်သည်။

ဟဲ ... ဟဲ ... အပေါ်ထပ်ခန်းကတော့ တို့ရဲ့ မယားနဲ့ လူပျိုအခန်းလေ၊ ဘယ်အခန်းမှာ နှောင်းငယ် တို့နဲ့ စကားပြောမလဲ၊ နှောင်းငယ်ရဲ့ သဘောပဲဟု ပြောခဲ့သော စကားထဲတွင် နှောင်းငယ်သည် အချက်(၂)ချက်ကို သတိထားမိပြန်သည်။

ပထမအချက်မှာ အစ်ကိုအောင်ကျော်ဟိန်းသည် သူ့ကိုယ်သူ 'မယားနှင့်လူပျို'ဟု ယနေ့တိုင် စွဲမှတ်ထားခြင်းဖြင့် နှောင်းငယ်ကို လက်ထပ်ထားသည်ကို မေ့မေ့ပျောက်ပျောက် ပေါ့ပေါ့တန်တန်မထား သေချာသည်။

ဒုတိယအချက်မှာ ...

အကယ်၍ အစ်ကိုအောင်ကျော်ဟိန်းက နှောင်းငယ်အား "လာ ... အပေါ်ထပ်ခန်းမှာ စကားပြောစို့"ဟု ခေါ်လျှင် နှောင်းငယ် လိုက်ပါရမည်သာ။

ယင်းသို့ လိုက်ပါသွားခြင်းဖြင့်သာ ဘေးအမြင်၌ မိမိ၏ တန်ဖိုး ယုတ်လျော့သွားစေနိုင်ပါ၏။ အစ်ကိုအောင်ကျော်ဟိန်းသည် ဘေးလူအမြင်၌ မိမိအား တန်ဖိုးကျမသွားစေရန် ယခုထက်တိုင် ထိန်းသိမ်းထားခြင်းကို နှောင်းငယ် သတိထားမိပြန်ပါ၏။

အောက်ထပ် ရုံးခန်း၌ ပြောကြတာပေါ့ဟု မိမိက ပြောသည်ကိုလည်း မိမိ၏ သဘောဆန္ဒအတိုင်း"ဖြစ်စေသည်။



တကယ်တမ်း တွေးကြည့်လျှင် တရားဝင်လက်ထပ်ထားပြီးသားမို့ အစ်ကိုအောင်ကျော်ဟိန်းနှင့် မိမိ သန့်ရှင်းစွာ နေထိုင်ခဲ့ကြသည်ဆိုစေဦး ဘေးအမြင်မှာတော့ လင်မယားအရာ မြောက်သွားပြီဟုသာ ထင်ကြမည်။

ကိုဇာနီအောင်သည် ယင်းသို့ပင် ယူဆသောကြောင့် မိမိကို မသဒ္ဒါတော့ဟု ဆိုခဲ့သည် မဟုတ်လား။

အစ်ကိုအောင်ကျော်ဟိန်းသည် ယခု လက်ရှိတွင် မိမိအပေါ် မည်သို့သော သဘောမျိုး ထားပေသနည်း။ မိမိက ကွာရှင်းခွင့်ပေးရန် ပြောတော့လည်း အေးတိအေးစက် ရှိလှရုံက မကွာရှင်းလိုသော စကားအရိပ်အမြွက်တွေ ပြောသည်။

အစ်ကိုအောင်ကျော်ဟိန်း မိမိအပေါ် သံက်ရောက်ခဲ့သောချစ်ခြင်းမေတ္တာ ယနေ့တိုင် သူ၏နှလုံးသားထဲတွင် တည်မြဲနေသေးခြင်းပေလား။

နှောင်းငယ် လူးလိမ့်စဉ်းစားနေစဉ်မှာပင် တယ်လီဖုန်းအော်မြည်သံ ထွက်လာသဖြင့် တယ်လီဖုန်းကို ကောက်ကိုင်ကာ အသံပေးလိုက်ပေသည်။

"အမိန့်ရှိပါ၊ နှောင်းငယ်ပါ"

"ဩော် ... ဟုတ်ကဲ့၊ တည်းခိုခန်းအောက်ထပ်ဧည့်ခန်းမှာ မနှောင်းငယ်ငယ်ကို တွေ့ချင်တဲ့ ဧည့်သည် ရောက်နေလို့ ကျွန်တော်က တာဝန်အရ ခေါ်ပေးတာပါ၊ ကျွန်တော်က တည်းခိုရိပ်သာက မန်နေဂျာပါ"

"ဧည့်သည်ဟုတ်လား၊ ဘယ်သူလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



နှောင်းငယ် စိတ်ထဲတွင် အစ်ကိုအောင်ကျော်ဟိန်းများ ထပ်မံလာလေသလားဟု ထင်လိုက်မိသည်။

"ညှော်သည်က ကိုဝဏ္ဏပါတဲ့ ခင်ဗျား"

"သြော် ... သြော် ... ဟုတ်ကဲ၊ ကျွန်မ အောက်ထပ်ဧည့်ခန်းကို ဆင်းလာမယ်လို့ ပြောပေးပါရှင်"

တယ်လီဖုန်းကို ပြန်ချထားလိုက်သည်။ အိပ်ရာထက်တွင် လှူးလိမ့်ထားသဖြင့် အတန်ငယ် တွန့်ကြေသွားသော အင်္ကျီထဘီကို ဆွဲဆန့်ပြီးနောက် မှန်ပင် မကြည့်တော့ဘဲ အောက်ထပ်ဧည့်ခန်းရှိရာသို့ ဆင်းလာခဲ့သည်။

ဧည့်သည် ဧည့်ထိုင်ကုလားထိုင်ဝယ် ကိုဝဏ္ဏ ထိုင်စောင့်နေသည်ကို တွေ့မြင်ရပါ၏။

ကိုဝဏ္ဏ၏ မျက်နှာ သိပ်မကောင်းလှဟု နှောင်းငယ် ထင်မိသည်။

"သြော် ... ကိုဝဏ္ဏ ခြေတွေ၊ ရိုက်ခင်းတွေဆီကို မပြန်ဖြစ်သေးဘူးလား"

"မပြန်ဖြစ်သေးပါဘူး နှောင်းငယ်၊ ကျွန်တော်က အဖြေကို သိပ်သိချင် ကြားချင်နေတာ မဟုတ်လား"

ဧည့်ခန်းတွင် လူရှင်းနေပါ၏။ ယနေ့လို နေ့လယ်အချိန်မျိုးတွင် တည်းခိုသူများသည် မိမိတို့အလုပ်ကိစ္စများကို လည်းကောင်း၊ အလည်လာသူများသည် ထွက်လည်နေသော အချိန်ဖြစ်၍လည်းကောင်း၊ လူရှင်းနေခြင်း ဖြစ်ပေမည်။

နှောင်းငယ်က ကိုဝဏ္ဏနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ရောက်ထိုင်သည်။



"ကျွန်တော် နှောင်းငယ် သွားတာတွေကို စောင့်ကြည့်ခိုင်းထားတယ်၊ နေ့ခင်းနှစ်နာရီမှာ နှောင်းငယ် ထင်းရှူးမြိုင်ဟိုတယ်ကို သွားတယ်၊ ညနေလေးနာရီကျမှ ကိုအောင်ကျော်ဟိန်း ကိုယ်တိုင် သူ့ရဲ့ လင်ဆာကားကြီးနဲ့ ဒီကို ပြန်ပို့ပေးတယ်တဲ့။ အဲဒါ ဟုတ်သလား နှောင်းငယ်"

"အဲဒီအတိုင်း ဟုတ်သားပဲ"

ကိုဝဏ္ဏ မသိမသာ မဲ့သွားသည်။

"ပြီးပြတ်ခဲ့ပြီလား နှောင်းငယ်၊ ကွာရှင်းစာချုပ်တွေ ဘာတွေ လုပ်ခဲ့ပြီလား"

"မပြီးပြတ်ခဲ့သေးဘူး ကိုဝဏ္ဏ"

"ဟာဗျာ၊ နှောင်းငယ်က တိုက်တိုက်တွန်းတွန်းနဲ့ အားတက်သရော သူ့ကို ပြောမပြဘူးလားဗျာ"

"တိုက်တိုက်တွန်းတွန်းနဲ့ အားတက်သရော ဆိုတာက ဘယ်ပုံစံမျိုးကို ပြောတာလဲ ကိုဝဏ္ဏ၊ ကိုဝဏ္ဏ စဉ်းစားကြည့်ပါ၊ ဦးအောင်ကျော်ဟိန်းကို သစ်စိမ်းချိုး ချိုးပစ်ထားခဲ့တဲ့သူက နှောင်းငယ်ပါ၊ အပြစ်ကျူးလွန်ခဲ့တဲ့သူက နှောင်းငယ်ဆိုတဲ့သဘော သက်ရောက်ခဲ့တယ်၊ နှောင်းငယ်အနေနဲ့ ပထမဆုံး ဦးအောင်ကျော်ဟိန်းကို စကားပြောဖို့ မဆိုထားနဲ့ မျက်နှာချင်း ဆိုင်ကြရင်တောင် ဘယ်လို မျက်နှာထားရပါ့မလဲဆိုတဲ့ ဖြစ်မျိုးပါ၊ သူက အတွေ့ခံသည့်တိုင်အောင် သူ့ဘက်က မျက်နှာထားတင်းတင်းထားနိုင်တဲ့ အခြေအနေပါ"

www.burmeseclassic.com



"ဘာလဲ ... ဒီလူက နှောင်းငယ်ကို အတွေ့မခံဘူးလား ဒါမှမဟုတ် သူက နှောင်းငယ်ကို တင်းတင်းမာမာ ဆက်ဆံသလား"

"တော်ပါသေးရဲ့ဆိုကြပါစို့ ကိုဝဏ္ဏ၊ အဲဒီလို ဦးအောင်ကျော် ဟိန်းက ရိုင်းပျတဲ့အမူအရာ တစ်ခုမှ မလုပ်ခဲ့ပါဘူး၊ သူ့ကို နှောင်းငယ်က ကွာရှင်းခွင့်စကားပြောပြတာကို သူ စိတ်ဝင်တစား နားထောင်ပါတယ်"

"သူ့ဆီက အဖြေကကော"

"အင်တင်တင်ပဲ၊ အချိန်ယူပြီး စဉ်းစားကြသေးတာပေါ့လို့ ပြောတယ်"

"ဘာလဲ ... သူက နှောင်းငယ်ကို ကွာရှင်းမပေးဘူးလို့ ဆိုလိုတာလား"

"အဲဒီသဘော သက်ရောက်နေတယ်၊ နှောင်းငယ်ကတော့ တောင်းတောင်းပန်ပန်နဲ့ ကွာရှင်းပေးပါလို့ ပြောနေရတဲ့ အဆင့်မှာပဲ ရှိနေတယ်"

"အံမာ ... သူက လူပါးဝလို့၊ သူ လုပ်ချင်တိုင်း လုပ်လို့ ရမတဲ့လား၊ နှောင်းငယ်က ကွာရှင်းမပေးရင် တရားရုံးက တစ်ဆင့် တရားဥပဒေအရ ရှင်းမယ်လို့ ပြောမပြလိုက်ဘူးလား"

နှောင်းငယ်သည် ကိုဝဏ္ဏအား မျက်နှာတင်းတင်း လေးနှင့်ပင် ပြန်ကြည့်လိုက်သည်။

"ဘာလဲ ... ကိုဝဏ္ဏက နှောင်းငယ်ကို ဒေါပွနေတဲ့သဘော လား၊ နှောင်းငယ်ကို အပြစ်တင်နေတာလား"



နှောင်းငယ်က မျက်နှာတင်းတင်း၊ အသံတင်းတင်း ပြောလေမှ ကိုဝဏ္ဏ လေသံ ပျော့သွားသည်။

"ဆောရီးပဲ နှောင်းငယ်၊ ကျွန်တော် ဆန္ဒ သိပ်စောနေလို့ပါ၊ ကျွန်တော် အောင်ပန်းဘက်မှာရော၊ ကလောဘက်မှာရော၊ သွားလုပ်စရာအလုပ်တွေ အများကြီးရှိတာတောင် ဒီကိစ္စကို သိချင်လွန်းလို့ ဒီနေ့ မပြန်ဘဲ တောင်ကြီးပွဲရုံမှာ စောင့်နေ တာပါ"

"နှောင်းငယ် သူ့ကို ပြောပါတယ်၊ ကိုဝဏ္ဏက ငွေဘယ် လောက်ကုန်သွားပါစေ၊ ကွာရှင်းခွင့်ရအောင် တရားရုံးက ဥပဒေနဲ့ ရင်ဆိုင်မယ်၊ အဲဒီလို ရင်ဆိုင်ရင် နောက်ဆုံး နှောင်းငယ်ပဲ အနိုင်ရမယ်ဆိုတာ"

"သိပ်ပြောသင့်တာပေါ့၊ ဒီတော့ သူက ဘာပြန်ပြောလဲ နှောင်းငယ်၊ သူ လန့်မသွားဘူးလား"

နှောင်းငယ်က ပြုံးလိုက်သည်။ ဦးခေါင်း ယမ်းပြ လိုက်သည်။

"ဦးအောင်ကျော်ဟိန်းဟာ လန့်သွားပုံရပါဘူး၊ အဲဒီလို တရားရုံးနဲ့ ဥပဒေနဲ့ လုပ်ချင်လုပ်ပါတဲ့၊ သူက အရုပ်လည်း မဟုတ်ဘူး၊ သစ်တုံးပိုင်းကြီးလည်း မဟုတ်ဘူးတဲ့၊ သူ့မှာ ရှိတဲ့ စွမ်းအားနဲ့ တရားရုံးမှာ ပြန်ပြီး ရင်ဆိုင်မယ်တဲ့၊ ဒါပေမဲ့ တရားဆိုင်ရတဲ့အချိန်တွေတော့ အများကြီး နှစ်နဲ့ ချီပြီး ကြာသွားစေနိုင်တယ်တဲ့ ကိုဝဏ္ဏ"

ကိုဝဏ္ဏ သုန်မှုန်ပြီး နှုတ်ဆိမ်းကိုက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့လေ၊ သူက ငွေပေါတဲ့ လူကိုး၊ အကြောင်းအမျိုးမျိုး၊ နည်းအမျိုးမျိုးနဲ့ အမှုကို ကြာချင်သလောက်ကြာအောင် ဆွဲနိုင်တဲ့သဘော ရှိနေတာကိုး"

"အဲဒါကိုပဲ ကိုဝဏ္ဏ စဉ်းစားပေါ့၊ သူ့ကို ဖျောင်းဖျပြီး နားဝင်လိုက်လျှောလာတဲ့အထိ ကုန်မဲ့အချိန်နဲ့ တရားရုံးကို တိုင်ကြားပြီး အမှုကို အဆုံးအဖြတ်ပေးတဲ့အချိန်နဲ့ ဘယ်သင်းက ပိုကြာမယ်၊ ဘယ်သင်းက ပိုကောင်းမယ်ဆိုတာ ကိုဝဏ္ဏ စဉ်းစားဆုံးဖြတ်လေ။ နှောင်းငယ်ကတော့ ရုံးက ခွင့်ယူလာတဲ့သီတင်းနှစ်ပတ် တောင်ကြီးမှာ နေနိုင်မယ်။ ဘယ်နည်းနဲ့လုပ်လုပ် နှစ်ပတ်အတွင်း ကိစ္စပြတ်ပြတ် မပြတ် ပြတ် ခွင့်စေ့အမီ နှောင်းငယ် ရန်ကုန်ကို ပြန်မှာပဲ"

"အဲဒီလို မပြောပါနဲ့ နှောင်းငယ်ရယ်၊ ခွင့်စေ့တဲ့နေ့အထိ မပြီးပြတ်ရင်လည်း နှောင်းငယ် အလုပ်က ထွက်လိုက်ပေါ့၊ ကျွန်တော်တို့ ဒီမှာပဲ လက်ထပ်ဖို့ စီစဉ်ကြတာပေါ့"

နှောင်းငယ် ခေါင်းမညိတ်ပြပေ။

နှစ်ယောက်စလုံး ကိုယ့်အတွေးနှင့်ကိုယ် တစ်ခဏကြာအောင် ငြိမ်သွားကြသည်။

"ဒါဆိုလည်း နှောင်းငယ် သူနဲ့ ထပ်တွေ့ပြီး ဖျောင်းဖျောင်းဖျဖျ ပြောတာက ပိုကောင်းမယ်၊ သူ သဘောတူလို့ ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးလိုက်ရင် ငါးမိနစ်အတွင်း ပြီးသွားမယ်၊ ဒါမှ သူက လက်မှတ်ထိုးမပေးနိုင်ပါဘူးလို့ တိတိလင်းလင်း ပြောလာမှ တရားရုံးမှာ တရားဥပဒေအရ လျှောက်ထားရမှာပဲ"



"ဒါတော့ ကိုဝဏ္ဏ သဘောပဲလေ"

"သူနဲ့ ထပ်ပြီး တွေ့ပါ နှောင်းငယ်၊ အဲ ... တစ်ခုတော့ ရှိတယ်ပေါ့၊ ဒီနေ့ဆိုရင် နှောင်းငယ် သူနဲ့ သွားတွေ့တာ နှစ်နာရီကျော်ကြာတယ်၊ ဒီကိစ္စကို ပြောကြ ဆိုကြရင် အလွန်ဆုံး နာရီဝက်ပေါ့၊ ဘာလို့ သိပ်ကြာသွားတာလဲဟင်"

"သူက နေ့လယ်စာ ကျွေးနေတယ်လေ၊ ကိုကာကိုလာ တိုက်ပြီး သူ့ဟိုတယ်က အကောင်းဆုံး အစားအစာတွေ စားသွားပါဦးဆိုတာနဲ့"

ကိုဝဏ္ဏ မျက်နှာပျက်သွားပြန်သည်။

"အပြန်ကျတော့လည်း သူ့ လင်ဆာကားကြီးနဲ့ လိုက်ပို့သေးတယ်နော်"

"ဒါတော့ ကိစ္စက ကိစ္စ၊ လူမှုရေးက လူမှုရေးပဲ ကိုဝဏ္ဏ၊ တောင်ကြီးမှာ သူက အိမ်ရှင်၊ နှောင်းငယ်က ဧည့်သည်၊ နောက်ပြီး သူနဲ့ နှောင်းငယ်ဟာ အခုမှ မြင်ဖူးတွေ့ဖူး သူစိမ်းလည်း မဟုတ်ဘူး၊ ဒီတော့ ဒီလိုဧည့်ဝတ်ပြုတာလောက်တော့ ရှိမှာပေါ့ ကိုဝဏ္ဏ"

"အင်းပေါ့လေ၊ ဒါပေမဲ့ သူကိုယ်တိုင် ကားမောင်းလိုက်ပို့တာကျတော့ လွန်တာပေါ့၊ မသကာ ဒရိုင်ဘာနဲ့ ပို့ခိုင်းလည်း ရသားပဲဟာ"

"ဘယ်လိုလဲ ကိုဝဏ္ဏ၊ ကိုဝဏ္ဏ ရောက်လာကတည်းက သုန်သုန်မှုန်မှုန် မျက်နှာအမူအရာ ဖြစ်နေတဲ့ ကိုဝဏ္ဏပြောခဲ့စကားတွေကလည်း ကိုအောင်ကျော်ဟိန်းနဲ့ နှောင်းငယ်

www.burmeseclassic.com

www.burmeseclassic.com



သွားတွေ့တာကိုပဲ သံသယဖြစ်နေပုံရတဲ့စကားတွေ ပါနေ မှန်း နှောင်းငယ် အကဲခတ်မိတယ်၊ အဲဒါ မကောင်းဘူး တကယ်လို့ ကိုဝဏ္ဏနဲ့ နှောင်းငယ် လက်ထပ် ဖြစ်တောင် အဲဒီလို သံသယမျိုးကြီး ကိုဝဏ္ဏမှာ ရှိနေရင် အိမ်ထောင်ရေး တစ်လျှောက်လုံးမှာ ဒုက္ခပေးနိုင်တယ်၊ ဒီတော့ ရှင်းရှင်း ပဲလုပ်ပါ၊ ကိုဝဏ္ဏ စိတ်ထဲမှာ သံသယရှိနေရင် နှောင်းငယ် တာမှ ဆက်မလုပ်တော့ဘဲ ရန်ကုန်ကို ပြန်ရုံပဲရှိတယ်"

"ဒီလိုလည်း မဟုတ်ပါဘူး နှောင်းငယ်၊ ကျွန်တော် နှောင်းငယ်ကို သံသယ မဖြစ်ပါဘူး၊ စိုးရိမ်တာပါ နှောင်းငယ် သွားရတာက သူ့ပိုင်နက်ထဲ သွားရတာ မဟုတ်လား၊ နောက်ပြီး သူနဲ့ နှောင်းငယ် တရားဝင် လက်ထပ်ထားတာက တည်ဆဲရှိနေသေးတယ်လေ၊ ဒီတော့ လည်း ကျွန်တော် အမျိုးမျိုးစိုးရိမ်မိတာပေါ့ နှောင်းငယ်"

"ဒါဆိုရင် နှောင်းငယ်ကပဲ ရှင်းပြမယ်၊ အဲဒီလို ရှင်းပြတာ ကိုပဲ ဦးအောင်ကျော်ဟိန်းဘက်က မဲတင်းပြီး ပြောတာလို့ မထင်နဲ့ဦး၊ ဒီနေရာမျိုးမှာ ဦးအောင်ကျော်ဟိန်းဟာ အင်မတန်ထိန်းသိမ်းတယ်၊ စောင့်စည်းတယ်၊ နှောင်းငယ် ကို လက်ခံတွေ့ဆုံတာတောင် သူ့ရုံးခန်းမှာပဲ တွေ့ဆုံခဲ့ တယ်၊ ဟို ရန်ကုန်မှာ လက်ထပ်တဲ့နေ့ အထိလည်း နှောင်းငယ်ကို ထိထိတို့တို့ မရှိခဲ့ဘူး၊ အခုလည်း နှောင်းငယ် ဟာ သူ့ရဲ့ တရားဝင်ဇနီးပါလားဆိုပြီး လက်ဖျားနဲ့တောင် မတို့ဘူး၊ အဲဒါ နှောင်းငယ် မှန်သောသစ္စာစကား



"အင်း ... နှောင်းငယ်ကျမှ သူ လက်ဖျားနဲ့ မတို့ရင်တော့ မပြောတတ်ဘူး၊ တောင်ကြီးမှာတော့ ဒီလူ မိန်းကလေးတွေ ကို ဟောတစ်ယောက် ဟောတစ်ယောက် တွဲနေတာကို မြင်တွေ့နေကြတယ်တဲ့၊ ကျွန်တော်က နိုင်ငံခြားသွားနေလို့ တောင်ကြီးက သူ့အကြောင်းတွေကို မသိပါဘူး၊ အခုမှ နှောင်းငယ်နဲ့ ပတ်သက်လို့ သူ့အကြောင်းတွေ မေးမြန်း ကြည့်ရင်း ကြားရတာ၊ သိရတာပါ"

"ကိုဝဏ္ဏကို သူများတွေ ပြောပြတာလည်း ဟုတ်ပါတယ်၊ ဦးအောင်ကျော်ဟိန်း အကျင့်က မိန်းကလေး အမျိုးမျိုးနဲ့ တွဲတယ်မှန်း နှောင်းငယ် သိသားပဲ၊ ဒါပေမဲ့ ခက်သားပဲ ကိုဝဏ္ဏ၊ မိန်းကလေးကိုယ်တိုင်က လိုလိုလားလားနဲ့ သူ့ ကို လာတွဲနေကြတာကိုး၊ သူက နှောင်းငယ်ကို ရန်ကုန်မှာ ကတည်းက ပြောဖူးတယ်၊ သူဟာ ဘယ်မိန်းကလေးတစ် ဦးတစ်ယောက်ကိုမှ အနိုင်မကျင့်ဖူးဘူးတဲ့၊ လက်တွေ့မှာ လည်း သူနဲ့ နှောင်းငယ် လက်ထပ်တဲ့နေ့အထိ နှောင်းငယ် က သူ့ကို လိုလားတဲ့အမူအရာ မပြခဲ့ဘူး၊ ဒီတော့လည်း သူက နှောင်းငယ်ကို လက်ဖျားနဲ့တောင် မတို့ဖူး၊ သူနဲ့ နှောင်းငယ်ဟာ လက်ထပ်ပြီး အင်မတန် တိုတောင်းတဲ့ နာရီပိုင်းမပြည့်တဲ့ မိနစ်ပိုင်းမှာပဲ ကွဲသွားကြတယ်ဆိုတာ မမသူဇာဆီက ကိုဝဏ္ဏ ကြားပြီးသား ဖြစ်မှာပါ၊ နှောင်းငယ် ပြောချင်တာ ဒါပဲ ကိုဝဏ္ဏ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ပြီးတာပဲ နောင်းငယ်၊ ကျွန်တော်က မမသူဇာတို့ ပြောတာတွေရော၊ နောင်းငယ်ရဲ့ စိတ်နေသဘောထားနဲ့ အနေအထိုင်တွေ လက်တွေ့မြင်တွေ့ရတာရောကြောင့် နောင်းငယ်ကို ယုံကြည်ထားပြီးသားပါ"

"စိတ်ချ ကိုဝဏ္ဏ၊ နောင်းငယ် အလေးအနက် ထပ်ပြောမယ်၊ နောင်းငယ်အနေနဲ့ တစ်ယောက်ယောက်အပေါ်မှာ ကိုယ်ကိုယ်တိုင်က အလိုတူမိပြီးရင် ဒီပြင်နောက်ထပ်တစ်ယောက် ရှိကိုမရှိစေရဘူး"

ကိုဝဏ္ဏသည် နောင်းငယ်ကို ကျေနပ်သွားသည်။ ကိုဝဏ္ဏ ကောက်ယူသော အဓိပ္ပာယ်မှာ သူ့အား နောင်းငယ်က လက်ထပ်ရန် သဘောတူထားပြီးသားမို့ ကိုအောင်ကျော်ဟိန်းအား နောင်းငယ် စိတ်ထဲတွင် လုံးဝ မလိုလားတော့ဟူ၍ နောင်းငယ်၏ စကားကို အဓိပ္ပာယ်ကောက်ယူသည်။ ထို့ကြောင့် ကျေနပ်သွားခြင်းဖြစ်ပါလေ၏။

တကယ်မှာမူ ...

နောင်းငယ် ဆိုလိုသည့်စကားအဓိပ္ပာယ်အစစ်အမှန်မှာ ...

နောင်းငယ်သည် ယနေ့အချိန်ထိ မည့်သည့်ချစ်သူတစ်ယောက်နှင့်မျှ အဆုံးစွန်သော ကိုယ်ထိလက်ရောက် ကျူးလွန်ခဲ့ခြင်း မရှိသေးသော အပျိုစစ်စစ်တစ်ဦး ဖြစ်နေသေးကြောင်း။

အကယ်၍သာ ...



နောင်းငယ် ကိုယ်တိုင်က လိုလိုလားလားစိတ်နှင့် တစ်ဦးတစ်ယောက်နှင့် ကျူးလွန်မိသွားလေလျှင် နောက်ထပ်ဘယ်သောအခါမှ နောက်တစ်ယောက်ဆိုသည်မှာ မရှိတော့ကြောင်း ဆိုလိုခြင်းသာ ဖြစ်ပါလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ၁၄

အချိန်မှန်လှပေစွ။

နံနက်(၁၀)နာရီတိတိမှာပင် အောက်ထပ်မှ တည်းခိုခန်းမန်နေဂျာက နှောင်းငယ်၏ အခန်းသို့ အောက်ဧည့်ခန်းတွင် နှောင်းငယ်၏ ဧည့်သည် ရောက်ရှိနေကြောင်း ဖုန်းဆက်အကြောင်းကြားသည်။

"ဧည့်သည် အမည်က ဦးအောင်ကျော်ဟိန်းပါ မနှောင်းငယ်။ တောင်ကြီးက ထင်းရှူးမြိုင်ဟိုတယ် ပိုင်ရှင်ပါတဲ့"

နှောင်းငယ်ကလည်း အဆင်သင့်။

နံနက်(၉)နာရီကတည်းက နှောင်းငယ် ရေမိုးချိုး ခြယ်သဖြီးလိမ်းဝတ်ဆင်ခဲ့သည်။

ကိုယ့်ဟာကိုယ်ပင် နှောင်းငယ် အံ့သြမိသေးတော့သည်။

ယခုလို ဖြီးဖြီးလိမ်းလိမ်း ခြယ်ခြယ်သသ ဝတ်ဝတ်ဆင်ဆင် မပြုခဲ့သည်မှာ ကြာခဲ့ပြီကော။ လှတောထဲ တိုးရုံမျှသာ



နှောင်းငယ် ဝတ်စားဆင်ယင်ခြယ်သသည်မှာ ကိုဇာနီအောင်နှင့် ကင်းကွာပြီးစ,ကတည်းကမို့ တစ်နှစ်ခန့် ကြာခဲ့ပေပြီ။

ယနေ့တော့ နှောင်းငယ်သည် ဖြီးလိမ်းခြယ်သဝတ်ဆင်မှုကို စိတ်ပါလက်ပါပင် ပြုမိသည်။ ကိုဇာနီအောင်နှင့် ချစ်ခင်ပြီးနောက် ချိန်းတွေ့သည့်အခါ စိတ်ပါလက်ပါ ဖြီးလိမ်းခြယ်သဝတ်ဆင်သလို ယနေ့ လုပ်ဆောင်မိခြင်း ဖြစ်တော့သည်။

ဘာလို့မှန်းတော့မသိ၊ လှနေပြီးသားကိုပင် လှသည့်ထက် ပိုလှအောင် ခြယ်သမိသည်။ ယူလာခဲ့သော အဝတ်များထဲမှ မိမိနှင့် အလိုက်ဖက်ဆုံး အင်္ကျီ ထဘီ အဆင်အသွေးကိုလည်း တမင်တကာ ရှာဖွေရွေးချယ်ပြီး ဝတ်ဆင်သည်။

(၁၀)နာရီထိုးရန် ဆယ့်ငါးမိနစ်အလိုလောက်ကတည်းက နှောင်းငယ်သည် အဆင်သင့် ဖြစ်နေခဲ့ပြီ။

အောက်ထပ်မှ မန်နေဂျာက ဦးအောင်ကျော်ဟိန်း ရောက်နေပါသည်ဟု ဖုန်းဆက်သည်နှင့် ဖုန်းနားထောင်ပြီးနောက် နှောင်းငယ် မှန်တင်ခုံရှေ့ ပြန်ရပ်ကာ လိုအပ်မည်ထင်သော ခြယ်သမှုလေး တစ်မံဖြည့်စွက်လိုက်သေးသည်။

သူမ၏ တစ်ကိုယ်လုံး မှန်ထဲတွင် စစ်ဆေးပြီး ကျေနပ်မှ အောက်ထပ်သို့ ဆင်းခဲ့သည်။

အံ့ဖွယ်ပါပေ။

ဧည့်ခန်းတွင် တည်းခိုရိပ်သာမန်နေဂျာ ကိုယ်တိုင် အစ်ကိုအောင်ကျော်ဟိန်း ဘေးတွင် မတ်တတ်ရပ်လျက်သား တွေ့ရသည်။ မတ်တတ်ရပ်သည်မှ ရိုးရိုးရပ်သည်မဟုတ် လက်နှစ်

www.burmeseclassic.com

www.burmeseclassic.com



ဖက် နောက်ပစ်ပြီး ရှိသေသမှု ပုံစံမျိုးနှင့် ရပ်နေခြင်း ဖြစ်ပါလေ၏။

ဤတည်းခိုရိပ်သာမန်နေဂျာသည် အလွန်ဘာသိဘာသာ နေတတ်ပြီး စည်းကမ်းကြီးချင်သူ ဖြစ်ပါ၏။ ဧည့်သည်အမျိုးသားများနှင့် ဧည့်သည်အမျိုးသမီးများကို တည်းခိုရိပ်သာအတွင်း ဆက်ဆံရေး ရောရောနှောနှော မရှိစေရန် တင်းကျပ်ထားသူလည်း ဖြစ်ပါ၏။

မန်နေဂျာသည် သူကိုယ်တိုင်လည်း စည်းနှင့်ကမ်းနှင့်နေထိုင်သူ ဖြစ်ပေသည်။ မည်သူကိုမျှ အရောတဝင် နေလေ့မရှိ။

ယခု ဦးအောင်ကျော်ဟိန်းလို ပြင်ပဧည့်သည်ဆိုလျှင် လှည့်ပင်မကြည့်တတ်သော မန်နေဂျာသည် ဦးအောင်ကျော်ဟိန်းကျတော့ သူကိုယ်တိုင် အရိုအသေတွေပေးပြီး ဧည့်ခံထားသည်။ နှောင်းငယ် တွေ့မြင်ရသဖြင့် အံ့သြခြင်းဖြစ်ရပါ၏။

ကိုဝဏ္ဏ လာစဉ်က မန်နေဂျာသည် မိမိအားတာဝန်အရ ဖုန်းဆက်အကြောင်းကြားသော်လည်း မိမိ ဆင်းလာသောအခါ မန်နေဂျာ၏ အရိပ်အယောင်ကိုပင် မတွေ့ရပေ။

နှောင်းငယ် ဧည့်ခန်းထဲ ဝင်လာသည်နှင့် အစ်ကိုအောင်ကျော်ဟိန်းက ထိုင်ရာမှ ထလာသည်။ နှုတ်ဆက်သည်မှာ အခေါင်သံပါအောင်ပင် လှိုက်လှိုက်လှဲလှဲ ဆက်ဆံသဖြစ်ပါ၏။

"ဟေး ... နှောင်းငယ်"

"အစ်ကို ရောက်နေတာ ကြာပြီလား၊ ဒီမှာပဲ ထိုင်စကားပြောကြတာပေါ့ အစ်ကို၊ ဒီအချိန်ဆို ဒီမှာ လူရှင်းပါတယ်"



"အာ ... မဟုတ်တာ၊ ဒီနေ့ နှောင်းငယ်ကို အင်းလေးကို လိုက်ပို့မလို့၊ လာ ... လာ ... သွားကြစို့၊ အင်းလေးရေပြင်က မွန်းလွဲနောက်ပိုင်းဆိုရင် လေပြင်းတိုက်တာတွေ လှိုင်းကြီး လှိုင်းထတတ်တာတွေ တစ်ခါတလေ ရှိတတ်ပါတယ်"

နှောင်းငယ်က မန်နေဂျာကို ကြည့်လိုက်သည်။

မန်နေဂျာ မရှိပါလေတော့။ အစ်ကိုအောင်ကျော်ဟိန်း ထပြီး မိမိကို နှုတ်ဆက်ကတည်းက အနီးအပါးမှ ထွက်သွားဟန်တူပါ၏။

မန်နေဂျာကို မိမိ လှမ်းကြည့်ခြင်းမှာ အစ်ကိုအောင်ကျော်ဟိန်းနှင့် အင်းလေး လိုက်သွားဖြစ်ပါက မန်နေဂျာဆီသွားပြီး ကိုဝဏ္ဏ နားသို့ သတင်းရောက်သွားမည် စိုးရိမ်သောကြောင့်ဖြစ်သည်။

ထူးတော့မထူးပါလေ။

ကိုဝဏ္ဏသည် သူ့တပည့် သူ့လူတွေကို မိမိအား ရှုဒိုးချထားမည်ပဲ ထင်ပါ၏။

"လာလေ နှောင်းငယ်၊ တို့ အားလုံး စီစဉ်ထားပြီးပြီ၊ အင်းလေးမှာ လျှောက်သွားဖို့ သီးသန့်မော်တော်ရော သောင်ရွာမှာ ခဏနားပြီး စားသောက်ဖို့ရော စီစဉ်ထားပြီးသား၊ လာ ... လာ ... သွားစို့၊ နေသိပ်မြင့်ရင် မကောင်းဘူး"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို အစ်ကိုအောင်ကျော်ဟိန်း ရှေ့မှ ထွက်သွားပါ၏။

ဤကိစ္စတွင် နှောင်းငယ် ကိုယ်ပိုင်ဆုံးဖြတ်ခွင့် ရှိပါ၏။ မိမိက အင်းလေးကို မလိုက်ပါ တင်းခံငြင်းပယ်လျှင် အစ်ကိုအောင်ကျော်ဟိန်းက ထွက်ပွေ့ချီသွားမည်မဟုတ်။

သို့သော် ဘာကြောင့်မှန်း မသိ ...

နှောင်းငယ်၏ ရင်ထဲ စိတ်ထဲက အစ်ကိုအောင်ကျော်ဟိန်းအား ဆန့်ကျင်ဘက်မပြုလို၊ မဆန့်ကျင်လို ရှိနေသည်။

တွေတွေငေးငေးပင် နှောင်းငယ်သည် နေရာမှာပင် ရပ်နေမိသည်။

ရှေ့မှ ထွက်သွားသော အစ်ကိုအောင်ကျော်ဟိန်းသည် နှောင်းငယ် သူ၏နောက်မှ ပါမလာမှန်းသိပြီး ရပ်လိုက်သည်။ နောက်ပြန်လှည့်ကြည့်သည်။

"လာမလေ နှောင်းငယ်၊ ဘာလို့ ကျောက်ရုပ်ကြီးလို ရပ်နေတာလဲ"

ဒီလိုကျတော့လည်း နှောင်းငယ်သည် ယီးတီးယောင်တောင်နှင့်ပင် အစ်ကိုအောင်ကျော်ဟိန်းရှိရာသို့ ခြေလှမ်းသွားမိသည်။

အောင်ကျော်ဟိန်းသည် နှောင်းငယ် ဖြစ်နေပုံကို သဘောကျစွာကြည့်နေပြီး နှောင်းငယ် သူ့ရှိရာသို့ လှမ်းလာမှ ကျေနပ်စွာ သူ ပြုံးလိုက်ပေသည်။



အောင်ကျော်ဟိန်းသည် ရှေ့မှ မသွားတော့ဘဲ နှောင်းငယ်နှင့်အတူ ရင်ဘောင်တန်း လျှောက်တော့သည်။

ဆင်ဝင်အောက်တွင် ရပ်ထားသော လှင်ဆာကားဆီသို့ လာခဲ့ကြသည်။

"ဒီနေ့တော့ နှောင်းငယ် လှမှလှ၊ အရမ်း လှတာပဲ နှောင်းငယ်၊ ခါတိုင်းလည်း နှောင်းငယ်က လှမြဲလှတာပါပဲ၊ ဒါပေမဲ့ ဒီနေ့ကျမှ ဟိုအကြောင်းဒီအကြောင်းတွေရှိလို့ အရမ်းလှတာထင်တယ်"

ကားမောင်း ထွက်လာရင်း အောင်ကျော်ဟိန်းက စကားဖောင်ဖောင်ကြဲ ပြောသည်ကြောင့် နှောင်းငယ်သည် အောင်ကျော်ဟိန်း ပြောသည်ကို ပြန်မမေးမိ။

တကယ်ဆိုလျှင် ဟိုအကြောင်း ဒီအကြောင်းဆိုသည်မှာ ဘာတွေလဲဟု ပြန်မေးသင့်သည်။ ယင်းသို့ ပြန်မေးချင်သောကြောင့်လည်း အောင်ကျော်ဟိန်းက စကားကို တမင်ဖွက်၍ ပြောခြင်း ဖြစ်ပေသည်။

သို့သော် နှောင်းငယ် မမေးမိ။

နှောင်းငယ် စိတ်ထဲတွင် လက်ထပ်သောနေ့မှစ၍ ကွေကွင်းသွားပြီးနောက် ယခုတဖန် အစ်ကိုအောင်ကျော်ဟိန်းနှင့် ပြန်လည်တွေ့ဆုံမှ စိတ်တွေ ဘယ်လိုဖြစ်မှန်းမသိ။

ယခု အစ်ကိုအောင်ကျော်ဟိန်း ခေါ်ရာသို့ မိမိ လိုက်ပါလာခြင်းပင်လျှင် အပြစ်တစ်ခုခု ကျူးလွန်ရာ ရောက်နေသလားဟု တွေးနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါဆို သူ ခေါ်ရာသို့ မလိုက်ဘဲ နေလိုက်ပါလားဟုလည်း ကိုယ့်ဟာကိုယ် ပြန်မေးမိသည်။

ဒီလိုကျတော့လည်း မလိုက်ဘဲ မနေနိုင်ပြန်။

နှောင်းငယ်၏ လက်ရှိ ရင်ထဲ တွေးတောခံစားနေရသည်မှာ မိမိ လိုက်လာမိခြင်းသည် မှန်သလား၊ မလိုက်ဘဲ နေခဲ့လျှင် မှန်သလားဆိုသည်ကို ဝေခွဲမရဖြစ်နေခြင်းပင် ဖြစ်တော့သည်။

"နှောင်းငယ်"

"ရှင်"

"တကယ်ဆို နှောင်းငယ်က တို့ကို ပြန်မေးသင့်တယ်၊ ဟိုအကြောင်း ဒီအကြောင်းတွေကြောင့် ဒီနေ့ အရမ်းလှတယ်ဆိုတာမှာ ဟိုအကြောင်းက ဘာလဲ၊ ဒီအကြောင်းက ဘာလဲလို့"

"ဟုတ်ကဲ့ ... ဘာတွေလဲ အစ်ကို"

"ဟိုအကြောင်းဆိုတာက လှပြီးသား မိန်းကလေးဟာ ဖြီးလိမ်းခြယ်သမှု ပိုလာလေလေ၊ ပိုပြီး လှလာလေလေပဲ၊ ဒီနေ့ နှောင်းငယ်ကို တို့ တွေ့မြင်ခဲ့သမျှထဲမှာ အဖြီးအလိမ်းအခြယ်သဆုံးပဲ၊ ဒါကြောင့် နှောင်းငယ် ဒီနေ့ခါတိုင်းထက်ပိုပြီး အရမ်းပိုလှနေတယ်"

မည်သည့်မိန်းမသားမဆို မိမိအား တစ်ပါးသူက လှသည် ချောသည် ပြောလာလျှင် ကျေနပ်ကြည်နူးစမြဲ၊ အထူး



သဖြင့် ချစ်သူရှိနေပြီးသား မိန်းကလေးဆိုပါက ကိုယ့်ချစ်သူက သိပ်လှသိပ်ချောလေ သိပ်ကျေနပ်ကြည်နူးလေဖြစ်ရသည်။

ယခု အစ်ကိုအောင်ကျော်ဟိန်း အပြောဝယ် နှောင်းငယ် ကျေနပ်ကြည်နူးမှု ခံစားရသည်။

ဘယ့်နှယ် ... အစ်ကိုအောင်ကျော်ဟိန်းသည် မိမိ၏ချစ်သူလည်း မဟုတ်ပါဘဲလျက် ...

အောင်ကျော်ဟိန်းက ဆက်ပြောသည်။

"ဒီအကြောင်းဆိုတာက နောက်တစ်မျိုး ပိုလှတဲ့အကြောင်းလေ။ နှောင်းငယ်လို လှပြီးသား မိန်းကလေးမျိုးမှာ စိတ်ထဲမက လှုပ်ရှားမှုတစ်ခုခု ကြုံပြီဆိုရင် မျက်နှာလေးမှာ လာထင်ဟပ်ပြီး ပိုလှပြန်ရော၊ ဝမ်းသာတယ်ဆိုပါတော့ မျက်နှာလေးမှာ ရှိနေတဲ့ မျက်လုံးအစုံကလည်း အလိုလိုပြုံးလို့၊ နှုတ်ခမ်းလေးကလည်း အလိုလိုပြုံးလို့၊ ဝမ်းနည်းတယ်ဆိုရင် မျက်လုံးအစုံကလည်း မှိုင်ပြီး ရီဝေလို့၊ နှုတ်ခမ်းစုံလေးကလည်း အလိုလိုမဲ့လို့၊ နှာသီးထိပ်လေးတွေ၊ နားရွက်လေးတွေလည်း အလိုလို နီရောင်သမ်းလို့၊ အဲဒါတွေကလည်း နဂိုအလှထက် ပိုပြီး လှသွားပြန်ရော"

ကြဲကြဲဖန်ဖန် ပြောနေသော အစ်ကိုအောင်ကျော်ဟိန်းအား နှောင်းငယ် ရယ်ချင်လာသည်။

"အဲ ... နောက်တစ်ခုရှိသေးတယ်၊ ကောင်မလေးတစ်ယောက်ဟာ သူ့ရင်ထဲက ကောင်လေးတစ်ယောက်ကို

www.burmeseclassic.com

www.burmeseclassic.com



ချစ်သွားမိပြီဆိုပါတော့၊ အဲဒီချစ်မိတဲ့ ကောင်လေးနဲ့ တွေ့တာနဲ့ ရင်ထဲက ချစ်စိတ်တွေ လှုပ်ရှားတဲ့ဒဏ်ကြောင့် ကောင်မလေး မျက်နှာဟာ သာမန်နဲ့မတူတော့ဘဲ၊ ရှက်သွေးလေး ဖျန်းလာတာတို့၊ မျက်လုံးလေးတွေ အလိုလို အရောင်တောက်ပလာတာ၊ မျက်နှာမှာ အလိုလို ပေါ်လာပြီး နဂိုအလှထက် တအားကြီး ပိုလှသွားပြန်ရော”

နှောင်းငယ်က အစ်ကိုအောင်ကျော်ဟိန်းဘက်သို့ ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။

“ဘာရယ် အစ်ကို၊ အစ်ကို ဆိုလိုတာက ဒီနေ့ နှောင်းငယ် ပိုလှနေတာဟာ ကောင်မလေးတစ်ယောက်က သူ့ရင်ထဲက ကောင်လေးတစ်ယောက် ချစ်မိသွားလို့ဆိုတာနဲ့ နှိုင်းယှဉ်နေတာလား အစ်ကို”

“တို့ ပြောထားသားပဲ၊ မိန်းကလေးတစ်ယောက် သိပ်လှတာဟာ ဟိုအကြောင်း ဒီအကြောင်းကြောင့်ပါလို့၊ နှောင်းငယ် ဒီနေ့ သိပ်လှတာဟာ ဒီအကြောင်းကြောင့် မဟုတ်ရိုးမှန်ရင် ဟိုအကြောင်းကြောင့် ဖြစ်မှာပေါ့ကွာ”

နှောင်းငယ်မှာ ဟင်းခနဲ သက်ပြင်းချလိုက်ထော့သည်။ အစ်ကိုအောင်ကျော်ဟိန်းက ဒီအကြောင်းကြောင့် မဟုတ်ရင် ဟိုအကြောင်းကြောင့်ပေါ့ကွာဟု ညည်းညူသံကြီးနှင့် ပြောသံကြားရပြန်တော့လည်း နှောင်းငယ် ရင်ထဲက ဒီအကြောင်းလည်း ပါပါတယ် အစ်ကိုဟု ပြန်ပြောချင်စိတ်ပင် ပေါက်သွားမိသည်။



အမည်မဖော်တတ်သော ခံစားမှုတစ်မျိုးလည်း ခံစားလိုက်ရသည်။

သို့သော် ...

ဒီအကြောင်းကြောင့်လည်း ပါပါတယ် အစ်ကိုဟူ၍တော့ နှောင်းငယ် မပြောဖြစ်လိုက်ပေ။

www.burmeseclassic.com

www.burmeseclassic.com



၁၅

ယောကျ်ားတစ်ဦး၏ တယုတယရှိမှုကို ယခုမှ
ဗိုဗိုမြင်ပြင် ခံစားရသည်မှာ နှောင်းငယ် ရင်ထဲ မှတ်မှတ်ထင်ထင်
ဖြစ်ရသည်။

အစ်ကိုအောင်ကျော်ဟိန်းသည် တယုတယနှင့်
တစိုက် ရှိလွန်းလှပါကလား။

ညောင်ရွှေရှိ တစ်ထပ်တိုက်ပုလေးမှာပင် နံနက်
စားကြသည်။

ထင်းရှူးမြိုင်ဟိုတယ်တွင် စားခဲ့သည့်နယ် အစ်
အောင်ကျော်ဟိန်း ဘယ်လိုစီစဉ်ထားလေသလဲ မသိ။ စားပွဲတိုး
ဦးနှင့် ထမင်းပွဲပြင်ဆင်ကြသည်။ ဟိုတယ်ဝတ်စုံတော့ စားပွဲ
နှစ်ဦး ဝတ်ဆင်ထားခြင်းမရှိ။

အောင်ကျော်ဟိန်းက ဟင်းတစ်မျိုးစီမှ ဟင်းများ
တစ်ဇွန်းစီ ခပ်ပြီး နှောင်းငယ်၏ ထမင်းပန်းကန်ထဲသို့ ထည့်



သည်။ စားနော် နှောင်းငယ်ဟုလည်း ဂါထာရွတ်သလို တဖွဖွ
နှုတ်မှ ဆိုသေးသည်။

အစ်ကိုအောင်ကျော်ဟိန်း ဂရုစိုက်လေလေ တယု
တယပြုလေလေ နှောင်းငယ် ရင်ထဲတွင် နှစ်သိမ့်မှုလေးတွေ
ခံစားရလေလေဖြင့် အစ်ကိုအောင်ကျော်ဟိန်း၏ မျက်နှာကို အကြိမ်
ကြိမ် ကြည့်မိသည်။

ဟိုယခင် ကိုဇာနီအောင် သေဆုံးပြီဟူ၍ စိတ်ပြေ
လက်ပျောက် အစ်ကိုအောင်ကျော်ဟိန်းနှင့် အမြင်သို့ ထွက်လည်
ပတ်ရင်း အတူတူ စားသောက်စဉ်ကလည်း ဟင်းပန်းကန်အစုံမှ
ဟင်းတစ်ဇွန်းစီ ခပ်ထည့်ပေးခဲ့သည်သာ။

ယခုအထိ အစ်ကိုအောင်ကျော်ဟိန်းကမူ မပြောင်း။
ယခင်က နှောင်းငယ်ကို ယုယသလိုပင် ယုယနေသည်။

ယခု မပြောင်းသည်က မိမိ နှောင်းငယ်။

ဟိုစဉ်က အစ်ကိုအောင်ကျော်ဟိန်း တယုတယ
မိမိအပေါ်တွင် ရှိခဲ့သော်လည်း မိမိ ရင်မခုန်ခဲ့။

ယခုမူ အစ်ကိုအောင်ကျော်ဟိန်း၏ အယုအယတို့
သည် နှောင်းငယ်အား ရင်ခုန်စေပါ၏။ နှစ်သိမ့်မှု ခံစားရပါ
၏။

"ရော့ ... ဒီဟင်းဖတ်လေး စားကြည့် နှောင်းငယ်"

"ဟင့်အင်း အစ်ကို"

"ဟာ ... ဘာလို့လဲ၊ ဒီဟင်းဖတ်လေးက သိပ်အရသာရှိလို့
စားစေချင်လို့ပဲဟာ"

www.burmeseclassic.com

www.burmeseclassic.com



နောင်းငယ်က ခက်ရင်းနှင့် ထိုးပြီး အတင်းကျွေး
သော ဟင်းဖတ်ကို ငြင်းဆန်လိုက်သည်။

"အစ်ကို့ရဲ့ စေတနာကို နောင်းငယ် ကျေးဇူးတင်ပါတယ်
အစ်ကို၊ ဒါပေမဲ့ အစ်ကိုနဲ့ နောင်းငယ်ဟာ ဒီလောက်ကြီး
အထိမရင်းနှီးသင့်ပါဘူး၊ အဲဒီလောက်ကြီး အထိလည်း
တစ်ဦးအပေါ်တစ်ဦး စေတနာတွေ ဆက်မထားသင့်ဘူး
နောင်းငယ်ဟာ ကိုဝဏ္ဏနဲ့ လက်ထပ်တော့မဲ့သူပါ အစ်ကို"

အောင်ကျော်ဟိန်းက အသားဖတ်တို့ထားသော
ခက်ရင်းကို သူ့ထမင်းပန်းကန်မှာပင် ကန့်လန့်တင်ထားလိုက်
သည်။ ထို့နောက် ထမင်းဆက်မစားဘဲ ဘီယာကို မော့သောက်
လိုက်သည်။ ပြီး နောင်းငယ်၏ မျက်နှာကို သေချာစူးစိုက်ကြည့်
သည်။

"ကွာရှင်းခွင့် သိမ်လိုချင်နေပြီလား နောင်းငယ်"

"အဲဒီအတွက်ပဲ နောင်းငယ် တောင်ကြီးကို လိုက်လာတာပါ
အဲဒီအတွက်ကြောင့်ပဲ နောင်းငယ် အစ်ကိုနဲ့ နေ့စဉ် တွေ့
နေတာပါ"

နောင်းငယ်ကို မကြည့်တော့ဘဲ အောင်ကျော်ဟိန်း
တခြားသို့ အကြည့်လွှဲလိုက်သည်။ သူ၏ အကျင့်အတိုင်း စိတ်
အိုက်လာလျှင် ဦးခေါင်းကိုတော့ မျက်နှာကြက်ကို ကြည့်လိုက်
သည်။

"ကိုဝဏ္ဏဆိုတဲ့ လူကို နောင်းငယ်ရဲ့ ရင်ထဲက နှလုံးထဲက
တကယ်ပဲ ချစ်လို့လား နောင်းငယ်"



နောင်းငယ် ချက်ချင်းမဖြေ၊ တွေဝေစဉ်းစားသလို
ဖြစ်သွားသည်။ ပြီး လတ်ကလောအားဖြင့် အကောင်းဆုံး ဖြစ်မည်
ဟု ယူဆသော အဖြေကို နောင်းငယ် ဖြေလိုက်သည်။

"ကိုဝဏ္ဏကို နောင်းငယ် ချစ် ... ပါ ... တယ်"

"ညာတာ"

နောင်းငယ်ဘက်သို့ အောင်ကျော်ဟိန်း မျက်နှာပြန်
လှည့်သည်။ မျက်နှာချင်းဆိုင်ကြည့်သည်။ နောင်းငယ်၏ အဖြေ
အတွက် နောင်းငယ် မျက်နှာကို စေ့စေ့ပါအောင် ကြည့်ပြီး
အကဲခတ်သည်။

နောင်းငယ် တခြားဘက်သို့ မျက်နှာလွှဲလိုက်ရပါလေ
၏။

"ဟဲ ... ဟဲ ... ဟဲ ... ကိုဝဏ္ဏကို တကယ် ရင်ထဲက
မချစ်ဘဲနဲ့ ချစ်ပါတယ်လို့ ဘာလို့များ လိမ်ညာချင်ရတာလဲ
မိန်းကလေးရယ်"

"အို၊... နောင်းငယ် ကိုဝဏ္ဏကို ချစ်တယ်လို့ ဖြေပြီးပြီပဲဟာ"

"တို့က ပုဏ္ဏားမဟုတ်လို့ ဗေဒင်တော့ မတွက်တတ်ဘူး၊
ဒါပေမဲ့ လူတစ်ယောက်ကို သေချာကြည့်ရင် အဲဒီသူရဲ့
စိတ်ထဲမှာ ဘယ်လိုတွေ ရှိနေတယ်ဆိုတာကိုတော့ မြင်တတ်
တယ်"

နောင်းငယ် ဘာမှ ပြန်မပြောဘဲ ငြိမ်နေသည်။

"အဲဒီတုန်းက တို့ကို နောင်းငယ် မချစ်ခဲ့ပါဘူး၊ ဒါပေမဲ့
တို့ကို နောင်းငယ် လက်ထပ်ခဲ့ပါတယ်၊ လက်ထပ်ပြီးနေကျမှ

www.burmeseclassic.com

www.burmeseclassic.com



ပဲ တိုက်တိုက်ဆိုင်ဆိုင် သေသွားပါပြီဆိုတဲ့ ဇာနီအောင်က တကယ်မသေဘဲ မိုးမိုးမတ်မတ်ကြီး ပြန်ပေါ်လာတယ် ...

"နောင်းငယ်က တို့ကို ထားပစ်ခဲ့ပြီး တစ်ချိုးတည်း ဇာနီအောင်ဆီကို လစ်ပြေးသွားတယ် ...

"အဲဒါ ဖြစ်ရမယ်လေ၊ နောင်းငယ် တကယ်ချစ်တာက ဇာနည်အောင်ပေပဲတိုး။ နောင်းငယ်ဟာ အဲဒီတုန်းက ဇာနီအောင်ကလွဲပြီး တို့ကို မချစ်နိုင်ဘူး၊ တို့ရဲ့ ပိုင်ဆိုင်တဲ့ ငွေကြေးချမ်းသာကိုလည်း မမက်မောဘူး"

"ပြီးပြီးသားတွေ ဘာလို့ ထပ်ပြောချင်နေတာလဲ အစ်ကို"

"ပြောရမယ် နောင်းငယ်၊ ဇာတ်က အဆုံးမှမသတ်သေးတာ။ နောင်းငယ်ရဲ့ ပင်ကိုယ်စိတ်က အမြတ်တနိုးနဲ့ တန်ဖိုးအထား ဆုံးဟာ ရင်ထဲက ထွက်ပေါ်လာတဲ့ အချစ်သက်သက် မဟုတ်လား၊ ဒါပေမဲ့ ဇာနီအောင်ဆိုတဲ့လူက လောင်ကြူး လေ"

"ကိုဇာနီအောင်က လောင်ကြူးဟုတ်လား၊ လောင်ကြူးဆို တာ ဘာကို ပြောတာလဲဟင်"

"လောင်ကြူးဆိုတာ လူကြောင်ပေါ့ နောင်းငယ်၊ လူကြောင် ဆိုတာမျိုးက တကယ့်အစစ်အမှန်ကို ခွဲခြမ်းစိတ်ဖြာပြီး မမြင်တတ်ဘူး၊ ပရမတ်နဲ့ ပညတ်ကို မသဲကွဲဘဲ ရောထွေး ပစ်တဲ့လူစား။ ဒါကြောင့် သိပ်ကို အဖိုးတန်တဲ့ နောင်းငယ်ရဲ့ နှလုံးသားမေတ္တာကို လေးလေးနက်နက် မမြင်နိုင် မသိနိုင်ဘဲ တစ်ပါးသူနဲ့ လက်ထပ်မိပါတယ်ဆိုတဲ့ အချက်တစ်ချက်



တည်းနဲ့ နှလုံးသားကို ကျောက်ခဲလုပ်ပစ်ခဲ့တယ်။ နောင်းငယ် ရဲ့ အင်မတန်သိမ်မွေ့ အဖိုးထိုက်တန်တဲ့ နှလုံးသားကို ကျောက်ခဲလုပ်ပစ်သွားတယ်"

"ဘယ်လို ရည်ရွယ်ချက်နဲ့ အဲဒါတွေကို ထပ်ပြောနေတာ လဲ အစ်ကို"

"ဆုံးအောင်နားထောင်ပါဦးလေ၊ နောင်းငယ်ရဲ့ ရင်ထဲမှာ ရှိတဲ့ နှလုံးသားက ဖြူမှဖြူ စင်မှစင် မဟုတ်လား၊ ဒါကြောင့် နောင်းငယ် ကိုယ်တိုင်က စွန့်ပစ်လိုက်တဲ့ တို့ကို ဇာနီအောင်က မောင်းထုတ်လိုက်ပြီးတာမှ တို့ကို တော့ ပြန်မပေးတော့ဘူး၊ ဒီလိုပေးတာတာ မတရားဘူး၊ မမှန်ကန်ဘူးဆိုတဲ့ ခံယူချက်နဲ့၊ နောင်းငယ်ဟာ ကိုယ့်ဘဝ ကို ကိုယ် ရေစုန်မျှောနေတာ မဟုတ်လား၊ အဲဒီအချိန်မှာ ကိုဝဏ္ဏနဲ့ နောင်းငယ် ဆုံစည်းကြတာ။ နောင်းငယ် ကိုဝဏ္ဏကို လက်ထပ်ချင်တာဟာ နှလုံးသားနဲ့ ချစ်လို့ မဟုတ်ဘူး။ ဘဝကို စတေးပစ်လိုက်တာပဲ ဖြစ်ရမယ်"

"အို ... မဟုတ်ပါဘူး၊ ကိုဝဏ္ဏကို နောင်းငယ် ချစ်တာပါလို့ ပြောပြီးသားပဲ"

အောင်ကျော်ဟိန်းက ခေါင်းကို သွက်သွက်ခါယမ်း ပြလိုက်သည်။

"စတေးတာပါ နောင်းငယ်၊ ရာသက်ပန်ကိစ္စအတွက် စတေးလိုက်တာပါ၊ တစ်ကောင်ကြွက်ဘဝနဲ့ တစ်သက်လုံး အပျိုကြီးဘဝနဲ့ နေသွားလို့ ဘဝအတွက် မလုံခြုံဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ အိမ်ထောင်တော့ ပြုရမှာပဲလို့ ဆုံးဖြတ်ထားတဲ့ အချိန်မှာ ကိုဝဏ္ဏနဲ့ အကြောင်းအားလျော်စွာ တွေ့ဆုံသွားတာပါ"

နှောင်းငယ် ဘာမှ မပြော နားထောင်မြဲနားထောင်နေမိသည်။

"ကိုဝဏ္ဏကျတော့ စာနီအောင်လို လောင်ကြူလူစားမဟုတ်ဘူး၊ နှောင်းငယ်ရဲ့ ဘဝဖြစ်ခဲ့သမျှ အစစ်အမှန်တွေကို ကြည့်တတ် မြင်တတ်တယ်၊ ခွင့်လွှတ်နိုင်တယ်၊ နှောင်းငယ်ကိုလည်း တကယ့်အချစ်နဲ့ ချဉ်းကပ်တယ်၊ ဒီတော့ နှောင်းငယ် စဉ်းစားဖို့ဖြစ်လာတယ်၊ နှောင်းငယ်အနေနဲ့ ပြန်ချစ်တာတွေ၊ ပြန်မချစ်တာတွေ ထည့်မစဉ်းစားတော့ဘဲ ကိုဝဏ္ဏကတော့ဖြင့် နှောင်းငယ်အတွက် ဘဝအာမခံချက်ရှိလောက်တဲ့ လူလို့ ဆုံးဖြတ်ပြီး ကိုဝဏ္ဏကို စတေးတာ။ အခု နှောင်းငယ် ကိုဝဏ္ဏကို လက်ထပ်မဲ့ပုံစံဟာ စာနီအောင်သေပြီမို့ တို့ကို လက်ထပ်ခဲ့တဲ့ပုံစံပါ"

နှောင်းငယ်က တခြား ဘာမျှ ပြန်မပြောနိုင်သောကြောင့် ဦးခေါင်းကိုသာ ခါပြနေမိသည်။

"ဒီတော့ တို့က မေးတော့မယ် နှောင်းငယ်၊ ဒီပုံစံနဲ့သာဆိုရင် ကိုဝဏ္ဏကို လက်ထပ်မဲ့အတူတူ တို့ကိုပဲ ပြန်လက်ခံလိုက်ပါလားလို့ ပြောလိုက်မယ်၊ တို့ကိုဆိုရင် အထူးနောက်ထပ်လက်ထပ်စရာမလိုဘူး၊ နှောင်းငယ်နဲ့ တို့က တရားဝင်လှူသီရှင်ကြား လက်ထပ်ပြီးသား။ အခု တောင်ကြီးမှာ



ထပ်ပြီး မင်္ဂလာဆည့်ခံပွဲ ကျင်းပလိုက်တာနဲ့ တောင်ကြီးမှာလည်း တရားဝင် လူသိရှင်ကြား ဖြစ်သွားမယ်၊ နှောင်းငယ်အဖို့ကတော့ ကိုဝဏ္ဏကိုပဲ လက်ထပ် လက်ထပ် တို့ကိုပဲ ပြန်လက်ခံ လက်ခံ ဘဝကို စတေးရတာခြင်း အတူတူပဲ မဟုတ်လား နှောင်းငယ်၊ ကိုဝဏ္ဏကိုလည်း နှောင်းငယ် မချစ်ဘူး၊ တို့ကိုလည်း နှောင်းငယ် မချစ်ဘူး၊ အတူတူချင်းပဲဟာ"

"အို ... တော်ပါတော့ အစ်ကိုရယ်၊ အစ်ကို့ကို နှောင်းငယ် လက်မခံပါဘူး၊ အစ်ကိုနဲ့ မပေါင်းပါဘူး၊ နှောင်းငယ်ကို ကွာရှင်းခွင့်သာပေးပါ အစ်ကို"

အောင်ကျော်ဟိန်းက နှောင်းငယ်ကို စူးစူးစိုက်စိုက်ကြည့်ပြန်သည်။ လည်တိုင်နှင့် ပခုံးအောက်ကို မကြည့်။ နှောင်းငယ်၏ မျက်နှာကွက်ကွက်လေးကိုသာ ကြည့်သည်။

"ဖွတ်ပါလား နှောင်းငယ်၊ ဖွတ်ကြီးကို ကွာရှင်းခွင့်တောင်းနေပါလား"

"ဖွက်ပဲ အစ်ကို၊ နှောင်းငယ် ကိုဝဏ္ဏကိုပဲ လက်ထပ်တော့မယ်"

"ဟဲ ... ဟဲ ... ဟဲ"

အောင်ကျော်ဟိန်း ရယ်လိုက်ပါ၏။ သွားဖြူတန်းနှင့် သွားစွယ်လေးနှစ်ချောင်း ပေါ်လာသည်အထိ ရယ်မောသည်။

"တို့ သိပ်သိချင်တာပဲ နှောင်းငယ်၊ နှောင်းငယ်ရဲ့ ခေါင်းထဲမှာ တို့ကို ပြန်ပေါင်းရင် နှောင်းငယ်ရဲ့ သိစိတ်က

www.burmeseclassic.com

www.burmeseclassic.com



မတရားဘူး၊ နောင်းငယ်ဟာ တရားတဲ့ မိန်းမမဟုတ်တော့ဘူး ခံယူထားချက်က နိုင်မာလွန်းနေတယ်၊ ဒါကြောင့် နောင်းငယ်ရဲ့ ဦးနှောက်က တို့ကို ပြန်မပေါင်းမိစေနဲ့လို့ အသိဉာဏ်နဲ့ ယှဉ်ပြီး ဖွတ်ကန့်ကွက်နေတယ်၊ အဲဒီတော့ နှလုံးသားမေတ္တာမပါကြစတမ်းအတူတူ ကိုဝဏ္ဏရဲ့ ရင်ခွင်မှာပဲ စတေးရမယ်လို့ နောင်းငယ်ရဲ့ ဦးနှောက်က အမိန့်ပေးနေတယ်၊ အဲဒါက ပထမအချက် ...

"ဒုတိယအချက်က နောင်းငယ် တောင်ကြီးကို လာကတည်းက ကိုဝဏ္ဏနဲ့ လက်ထပ်ဖို့အတွက် တို့နဲ့ ကွာရှင်းဖို့ လာခဲ့တာ၊ တောင်ကြီးရောက်မှ တို့နဲ့ ပြန်ပေါင်းရင် ကိုဝဏ္ဏကရော တခြားလူတွေကရော နောင်းငယ်ကို အလွန်မတည်ကြည်တဲ့ မိန်းမလို့ ဝိုင်းအစွပ်စွဲခံရမှာတွေကို နောင်းငယ် ကြောက်နေတယ်၊ ဒါကြောင့် ကိုဝဏ္ဏနဲ့ ဖွတ်လက်ထပ်ရမှာ မဟုတ်လား"

နောင်းငယ်သည် တခြားကို မျက်နှာလွှဲထားရာမှ နောက်ဆုံး အစ်ကိုအောင်ကျော်ဟိန်းကို ရဲရဲပင် မျက်နှာချင်းဆိုင်လိုက်သည်။

"ကဲပါ အစ်ကို၊ အစ်ကိုဟာအစ်ကို ယူဆချင်သလိုသာ ယူဆပါလား၊ နောက်ဆုံး နောင်းငယ်ကို အထစ်အငေါ့မရှိဘဲ ကွာရှင်းခွင့်ပေးမယ် မဟုတ်လား"

အောင်ကျော်ဟိန်း လက်ဝါးနှစ်ဖက်ကို ပွတ်ရင်း ပခုံးကို တွန့်ပြလိုက်သည်။



မနိုင်တော့လည်း အရှုံးပေးရမှာပေါ့ဆိုသည့် သဘော အောင်ကျော်ဟိန်းက ပြသလိုက်ခြင်း ဖြစ်တော့သည်။

"ကြည့်မယ်လေ၊ ဒီလောက်ကြီးတောင် နောင်းငယ်က ကိုဝဏ္ဏဆိုတဲ့လူကို လက်ထပ်ချင်နေပါတယ်ဆိုတော့လည်း တို့က ကိုဝဏ္ဏဆိုတဲ့လူကို ကိုယ်တိုင် တွေ့ချင် မြင်ချင်လာတယ်၊ လေ့လာချင်လာတယ်၊ တို့ကိုယ်တိုင် မြင်တွေ့ပြီးတဲ့နောက် ကိုဝဏ္ဏဟာ တကယ်ပဲ နောင်းငယ်အတွက် ရာသက်ပန် စိတ်ချမ်းသာစေရတယ်၊ နောင်းငယ်ရဲ့ ဘဝကို စတေးရကျိုးနပ်တဲ့ လူလို့ တို့ ယူဆရင် ကွာရှင်းခွင့်ပေးမယ်၊ ကဲ ... ကျေနပ်ပါပြီတဲ့လား နောင်းငယ်"

နောင်းငယ်သည် ယောင်တိယောင်ကန်းဖြင့် ခေါင်းညိတ်ပြလိုက်မိသည်။ အစ်ကိုအောင်ကျော်ဟိန်း၏ စကားထဲတွင် ကွာရှင်းခွင့်ပေးမယ်ဟု ပါရှိသောစကားကြောင့် ခေါင်းညိတ်လိုက်မိခြင်းမျိုး ဖြစ်ပါ၏။

"ကဲ ... ဒါဆိုရင် ဆွေးနွေးပြီးပြီ၊ အပိုတွေဆာဒါးတွေထားရိုက်၊ တို့နဲ့အတူ ပျော်ပျော်ပါးပါး နောင်းငယ် အင်းလေးထဲမှာ ပွဲချိတ်မော်ဘော် လျှောက်စီးကြစို့"

"ဒါဆို ဒီက အပြန် ညနေစာစားရင်း ကိုဝဏ္ဏနဲ့ အစ်ကို တွေ့ဆုံလိုက်ပါလားဟင်"

"အာ ... ဒီမိန်းကလေး တယ်ပြီး ဈေးဆစ်သဘူး၊ တစ်ကျပ်ပါလို့ ဆိုထားတာကို တစ်မတ်တော့ လျှော့ပေးပါဆိုလို့ ဈေးသည်ကြီးက လျှော့ပေးပြီးပြီး ဒါနဲ့တောင်

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် ငါးမူးလျှော့ပါဦးဆိုတော့ တယ်လည်း ဈေးဆစ်တဲ့ သူငယ်မကိုး၊ ဟဲ ... ဟဲ ... ရတယ်လေ၊ ဒီဈေးသည်ကြီးက သဘောကောင်းပါတယ်၊ တစ်နေ့မှာ ခုနစ်နာရီ ငြိမ်းတည်းခိုခန်းရိပ်သာမှာပဲ ညစာစားရင်း နောင်းငယ်ရယ်၊ တို့ရယ်၊ ကိုဝဏ္ဏရယ် ဆုံကြမယ်လေ"

အစ်ကိုအောင်ကျော်ဟိန်းက ရယ်ရယ်မောမော ဟာသ နှော၍ လိုက်လျောသည်ကို နောင်းငယ် လိုက်၍ ရယ်မောမိပြီးမှ တစ်စုံတစ်ခုကို ဖျတ်ခနဲ တွေးလိုက်မိပြန်လေသည်။

အောင်ကျော်ဟိန်းက မော်တော်ဆီသို့ သွားရန် မတ်တတ်ရပ်နေပေပြီ။

"အယ် ... ဒီမှာ အစ်ကို"

"တော်ပြီ မိန်းကလေး၊ ဒီတစ်ခါတော့ ဝယ်ချင်ဝယ်၊ မဝယ်ချင်နေ၊ ထပ်ပြီး ဈေးအဆစ်မခံတော့ဘူး၊ ဈေးသည်ကြီး စိတ်တိုချင်လာပြီ"

မိမိက ဆုံးအောင်ပင် မပြောရသေးမီ အစ်ကိုအောင်ကျော်ဟိန်းက ဦးစွာ ဈေးဆစ်မခံတော့ဘူး၊ ဈေးသည်ကြီး စိတ်တိုလာပြီဟု ပြောပုံကို နောင်းငယ် တခစ်ခစ်ဖြင့် သီးမတတ် သဘောကျစွာရယ်ရင်း မိန်းမသားတို့၏ သဘာဝအတိုင်း စိတ်အလှုပ်အရှားတွင် ရင်းနှီးသူတစ်ယောက်အား ကျီကျီစယ်စယ် ရိုက်ပုတ်တတ်သလို အောင်ကျော်ဟိန်း၏ ကျောပြင်ကြီးကို အမှတ်မထင် နောင်းငယ်က လက်ဝါးလေးဖြင့် ရိုက်ပုတ်လိုက်မိသည်။



"နောင်းငယ် ဈေးဆစ်မလို့မဟုတ်ဘူး အစ်ကို၊ ငြိမ်းတည်းခိုရိပ်သာဟာ ဘီယာဝိုင်းတွေ ဘာတွေနဲ့ ဝိုင်းဖွဲ့တာကို ခွင့်ပြုပါ့မလားလို့ ပြောချင်တာပါ"

"မပူနဲ့၊ ဖြစ်ကိုဖြစ်ရမယ်၊ အဲ ... တစ်ခုတော့ ရှိတာပေါ့လေ၊ ငြိမ်းတည်းခိုးရိပ်သာဟာ သူ့စည်းကမ်းနဲ့သူ အောက်ထပ် လူမြင်ကွင်းမှာတော့ ဝိုင်းဖွဲ့တာမျိုး ဘယ်ကောင်းပါ့မလဲ၊ အပေါ်ထပ်မှာ သီးသန့်ခန်းတွေ ရှိသေးတယ်၊ အဲဒီ သီးသန့်ခန်းမှာ လုပ်ခိုင်းရမှာပေါ့၊ ပိုင်ပါတယ် နောင်းငယ်ရာ၊ အဲဒီအတွက် မပူနဲ့၊ ဒီကပြန်ရင် ညခုနစ်နာရီ ကိုဝဏ္ဏကို လာခဲ့ပါလို့သာ အကြောင်းကြားထားလိုက်၊ တို့က ခုနစ်နာရီ ဒေါင်ခနဲ ထိုးတာနဲ့ ငြိမ်းတည်းခိုးရိပ်သာကို ရောက်လာစေရမယ်၊ စိတ်ချ"

ထိုနောက်မှာတော့ ပဲ့ချိတ်ဆိုက်ကပ်ထားရာ ဆိပ်ကမ်းသို့ နောင်းငယ်နှင့် အောင်ကျော်ဟိန်း ယှဉ်တွဲကာ လာခဲ့ကြသည်။

ပဲ့ချိတ်မော်တော်လေးသည် ဒေသခံ အငှားလိုက် မော်တော်ပဲ့ချိတ်မျိုးမဟုတ်။ ရုပ်ရှင်များထဲတွင် တွေ့မြင်ရတတ်သော သီးသန့်လုပသည့် ပဲ့ချိတ်မော်တော်လေးဖြစ်သည်။ အဝါပုတ်ရောင်တွင် အနီကြောင်အစင်းလေးနှင့်ဖြစ်သည်။

ရှေ့ပိုင်းကုရှင်တွင် မော်တော်ကားစတီယာရင်အတိုင်း လက်ကိုင်ကွင်းဖြင့် မောင်းသူထိုင်သည်။ မောင်းသူ၏ဘေးတွင် လူတစ်ယောက်အပို ကုရှင်ဖြင့် ထိုင်နိုင်သေးသည်။ အလယ်ကုရှင်

www.burmeseclassic.com

www.burmeseclassic.com



တွင် နှစ်ယောက်၊ နောက်ကူရှင်တွင်နှစ်ယောက်၊ စုစုပေါင်း ခြောက်ယောက်စီး ဖြစ်ပါ၏။ ကူရှင်တွေမှာ နီနှစ်ရောင်သားရေဖုံး ဖြင့်ဖြစ်သည်။

အောင်ကျော်ဟိန်းက အလျင်ဦးစွာ ဆင်းပြီး အလယ် ကူရှင်နေရာသို့ သွားသည်။

ရလှအဆင်း မြင်းအတက်ပါတည်း။

အောင်ကျော်ဟိန်း ဆင်းလိုက်သော လှုပ်ရှားမှုကြောင့် မော်တော်မှာ ဟိုဘက်ဒီဘက် လူးလွန့်သွားသည်။ မော်တော်မောင်းသူက ငြိမ်သွားစေရန် ဆိပ်ကမ်းတံတားဘောင်ကို လက်တစ်ဖက်ဖြင့် ကိုင်ပြီး ထိန်းပေးသည်။

"လာ ... နောင်းငယ် ရဲရဲဆင်း၊ တို့လက်တစ်ဖက်ကို အားပြုပြီးကိုင်"

ကမ်းပေးထားသော အစ်ကိုအောင်ကျော်ဟိန်း၏ လက်ကို အားပြုရင်း တံတားပေါ်မှ မော်တော်ထဲသို့ နောင်းငယ် ဆင်းလိုက်သည်။

နောင်းငယ် လှေအဆင်း မကျွမ်းကျင်။ သူမ၏ ခန္ဓာကိုယ်လေး ယိုင်ထိုးသွားပြီး မော်တော်မှ လူးလွန့်သွားဖြစ် သည်။

"အို ... အမေ့"

လဲသွားမည်စိုးပြီး တွယ်မိတွယ်ရာကို လှမ်းဆွဲတွယ် တွယ်ရာတွင် အနီးကရှိနေသော အစ်ကိုအောင်ကျော်ဟိန်းကိုသာ လျှင် ဖက်တွယ်မိတော့သည်။



ရင်ခွင်ထဲ ရောက်လာသော နောင်းငယ်၏ ကိုယ်လုံးလေးကို အောင်ကျော်ဟိန်းက ပြန်လည်ဆွဲ ပိုက်ထားလိုက်သည်။

"ဟဲ ... ဟဲ ... ကူရှင်မှာ ထိုင်ချလိုက် နောင်းငယ်၊ မတ်တတ်ရပ်နေလေ လူးလေပဲ"

ပြောပြောဆိုဆို အောင်ကျော်ဟိန်းပါ ထိုင်ချလိုက် သည်။ နောင်းငယ်ကို ဆွဲပိုက်ရင်း နှစ်ယောက်သား အဆွဲ့အပိုက် ဖြင့် ထိုင်ချလိုက်ကြပေတော့သည်။

အသားကျ ထိုင်မိလေသောအခါမှ နောင်းငယ်က အောင်ကျော်ဟိန်း ရင်ခွင်မှ ရုန်းထွက်လိုက်သည်။ နောင်းငယ်၏ အဆွဲ့အပိုက်ကြောင့် မျက်နှာလေးတွင် ပန်းနုရောင်ရှက်သွေးဖြာ နေပေသည်။

"ရှက်သွားလား နောင်းငယ်၊ အခု နောင်းငယ်နဲ့ပါဆိုရင် ဆယ့်ခြောက်ယောက်ရှိသွားပြီ၊ တို့က သေချာမှတ်ထားတာ"

နောင်းငယ်က ဘာကိုဆိုလိုမှန်း နားမလည်သော ကြောင့် အစ်ကိုအောင်ကျော်ဟိန်းအား လှမ်းမြင်လိုက်သည်။

"ကောင်မလေးတွေလေ၊ တို့က ဒီမော်တော်နဲ့ အလည် အပတ် ခေါ်ထွက်ပြုတိုင်း ဒီလိုပဲ တို့ရင်ခွင်ထဲကို ထိုးကျ လာတာ၊ အခု နောင်းငယ်ပါနဲ့ဆိုရင် ဆယ့်ခြောက်ယောက် ရှိသွားပြီလို့ပြောတာ"

"သွား ... ဒါဆို တမင်လုပ်တာ"

"တမင်မဟုတ်ပေါင်ဗျာ၊ သူ့အလိုလို ဖြစ်သွားတာချည်းပါ၊ တို့ နောင်းငယ်ကို ပြောဘူးပါတယ်၊ တို့မှာ ဘယ်မိန်းက

www.burmeseclassic.com

www.burmeseclassic.com



လေးအပေါ်မှာဖြစ်ဖြစ် အပေါ်စီးက အကြောကြီးနဲ့ ဘယ်တော့မှ မလုပ်ဘူးလို့၊ အေး ... ဒါပေမဲ့ သူ့ဟာသူ ဖြစ်သွားတာမျိုးကျတော့ ဘာတတ်နိုင်မှာလဲ နှောင်းငယ်ရယ်"

မဲ့ရိုတ်မောင်းသူက စက်နှိုးကာ ကြိုပြီး မောင်းထွက်လာခဲ့သည်။

ယောလားဝါးလား ပြောတတ်နေတတ်သော အစ်ကိုအောင်ကျော်ဟိန်းသည် ဆိတ်ဆိတ်ငြိမ်သက်လွန်းနေသည်။ ကြည့်သည်ကို မြင်နေခြင်းမဟုတ်၊ စိတ်က တစ်ခုခုကို အာရုံစိုက်နေသောကြောင့် မျက်လုံးက ကြည့်မိကြည့်ရာသို့ ရောက်နေခြင်းမျိုး ဖြစ်နေသည်။

သူတွင်လား၊ မဟုတ်ပါလေ။

နှောင်းငယ် ကိုယ်တိုင်လည်း ငေးငေးငူငူလေးဖြင့် ဦးခေါင်းထဲတွင် အတွေးတွေ ပလုံစီနေသည်။

စောစောက တိုက်အိမ်လေးပေါ်တွင် စကားပြောရင်းစိတ်နောက်ကိုယ်ပါ အလိုအလျောက် အစ်ကိုအောင်ကျော်ဟိန်း၏ ကျောပြင်ကို ထုမိပုတ်မိသည်။ အတွင်းစိတ်၏ လှုပ်ရှားမှုသဘောပါပေ။

ယခုတစ်ဖန် မော်တော်သို့ အဆင်းတွင် အစ်ကိုအောင်ကျော်ဟိန်း၏ လဲပြိုကျသွားပြီး တစ်ဦးကိုတစ်ဦး ကျစ်ကျစ်ပါဖက်ထားမိပြန်သည်။ နှောင်းငယ်၏ ရင်တွင်းနှလုံးသားသည် ထလှုပ်လှုပ် တဖျပ်ဖျပ်တွေ ဖြစ်သွားကာ ရင်တအားခုန်ပြန်ပြီ။



တောင်ကြီး ရောက်လာလေပြီးမှ အစ်ကိုအောင်ကျော်
...ိန်းနှင့် ထပ်မံတွေ့ဆုံရာ၌ မိမိ၏ ဆက်ဆံမှုမှာ အစ်ကိုအောင်
...ျော်ဟိန်းအပေါ်တွင် ပိုမိုရင်းနှီးလာလေသလား။ ပိုမိုခင်မင်စိတ်
...တွ ဖြစ်လာလေသလား။

"အို ... မဖြစ်ဘူး၊ ဖြစ်ကို မဖြစ်ဘူး"

နှောင်းငယ်သည် သူ့ဟာသူ အလိုလို ဦးခေါင်းလေး
...မ်းခါနေမိသည်။

ယခု အစ်ကိုအောင်ကျော်ဟိန်းက ယနေ့ည(၇)နာရီ
...င် ကိုဝဏ္ဏနှင့် တွေ့ဆုံပြီး ကွာရှင်းခွင့်ပေးသင့်ကပေးမည်ဟု
...ထားသည်။ ကွာရှင်းပေးမည့်အတူတူ အဘယ်ကြောင့် ကိုဝဏ္ဏ
... သူကိုယ်တိုင် တွေ့ချင်နေပေသနည်း။ အကဲခတ်ရသည်မှာ
...နေ့ယခုအချိန်ထိ အစ်ကိုအောင်ကျော်ဟိန်းသည် မိမိအား
...ခင်ကလိုပင် ချစ်ခင်နေဆဲပေလား။ နောက်ဆုံး မလွှဲသာ၍
...ပေးရသည်ပဲထား မိမိနှင့် ရာသက်ပန်အတူတွဲသွားရမည့်
...ဝဏ္ဏသည် စိတ်ချရသူ ဖြစ်မလားဟု တွေးတောပူပန်ခြင်းက
...င် မိမိအပေါ် အစ်ကိုအောင်ကျော်ဟိန်း မေတ္တာထားဆဲဟု
...က်ဆနိုင်သည်။

ပြီး ပြောသေးသည်။ ဘဝကို စတေးထားခြင်း
...တူတူ သူ့ကိုပဲ ပေါင်းသင်းဖါဟုဆိုသေးသည်။ သူနှင့် ဆိုလျှင်
...ထူးလက်ထပ်စရာပင် မလိုဟူ၍။

နှောင်းငယ်အနေနှင့် ကိုဝဏ္ဏကိုပဲယူယူ မိမိကိုပဲ
...ယူ ချစ်လို့ယူတာမဟုတ်ဟု သူ ယူဆထားသည်။

www.burmeseclassic.com

www.burmeseclassic.com



မှန်တာပြောရလျှင် ယခုအချိန်ထိ ကိုဝဏ္ဏ
နှောင်းငယ် တစ်စက်လေးမျှ မချစ်မိသေးမှန်း နှောင်းငယ်
ကိုယ်စောင့်နတ်က အသိဆုံး။

အင်း ... သူ ...။ အစ်ကိုအောင်ကျော်ဟိန်းကိုလ
နှောင်းငယ် မချစ်ပါဘူးဆိုသည်မှာ ဟိုအရင် လက်ထပ်ခဲ့သည်အ
တော့ မှန်သည်။

သို့သော် ... ယနေ့ ယခုအချိန်အထိဆိုလျှင်



## ၁၆

ညနေ ငါးနာရီခန့်တွင် ငြိမ်းတည်းခိုရိပ်သာသို့ အစ်ကိုအောင်ကျော်ဟိန်း၏ ကားဖြင့် လိုက်ပို့ပြန်ရောက်လာသည်။ ယခင်ခေါက်များက လိုက်ပို့ပြီး နှောင်းငယ် ကားပေါ်မှ ဆင်းသည်နှင့် သူ့ဟာသူ ကားပင်စက်မသတ်ဘဲ ပြန်မောင်းထွက်သွားသည်။

ယခုမူ ကားကို စက်သတ်ပြီး သူကိုယ်တိုင် ကားပေါ်မှ ဆင်းသည်။

နှောင်းငယ်* လန့်သွားပါ၏။ အပေါ်ထပ်ရှိ မိမိ၏ အခန်းအထိ အစ်ကိုအောင်ကျော်ဟိန်းက လိုက်ပို့ပေးရန် ဆင်းလာခြင်းပေလား။

"ဘာလို့ ဆင်းလာတာလဲ အစ်ကို၊ ပြန်တော့လေ"

အောင်ကျော်ဟိန်းက ရယ်လိုက်ပါ၏။

"ကြွ ... ကြွ ... မိန်းကလေးကိုယ့်ဟာကိုယ် အပေါ်ထပ်က ကိုယ့်အခန်းကိုကြွ၊ တို့က ဒီက မန်နေဂျာနဲ့ ခဏတွေ့ရ

www.burmeseclassic.com

www.burmeseclassic.com



ဦးမယ်၊ ညခုနစ်နာရီအတွက်လေ၊ ကိုဝဏ္ဏကို ဖိတ်ထားတယ် မဟုတ်လား၊ နောင်းငယ်နဲ့ တို့ ကွာရှင်းဖို့ကိစ္စအတွက်လေ"

ပြောပြီး မန်နေဂျာ၏ အခန်းသို့ အစ်ကိုအောင်ကျော်ဟိန်း ထွက်သွားသည်။

နောင်းငယ် အပေါ်ထပ်သို့ တက်လာခဲ့ပါ၏။

သူမ၏ အခန်းထဲ ရောက်သည်နှင့် တံခါးပိတ်ကာ ခုတင်အိပ်ရာပေါ်သို့ ပစ်လှဲချလိုက်သည်။

အစ်ကိုအောင်ကျော်ဟိန်းက တကယ်တမ်း ကွာရှင်းပေးပြီး ကိုဝဏ္ဏနှင့် လက်ထပ်ရမည်ဆိုတော့လည်း နောင်းငယ်၏ ရင်ထဲဝယ် အမျိုးအမည် ဖော်ပြနိုင်စွမ်းမရှိသော ခံစားမှု အမှု တစ်မျိုးကြီးကို ခံစားနေရပြန်သည်။

အစ်ကိုအောင်ကျော်ဟိန်းနှင့် ကွာရှင်းရတော့မည်ကိုပင် ဝေဒနာတစ်ခု အသည်းအသန် ခံစားရသလို ခံစားနေခြင်းပဲလား မပြောတတ်။

"ဟယ် ... ရှုပ်လိုက်တာ၊ အစကတည်းက အစ်ကိုအောင်ကျော်ဟိန်းနဲ့ ကွာရှင်းပြီး ကိုဝဏ္ဏနဲ့ လက်ထပ်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ဒီကို လာခဲ့တဲ့ ရည်ရွယ်ချက်အတိုင်း ဖြစ်မြောက်သွားတာပဲဟာ၊ ဘာအပိုတွေ ရင်ထဲမှာ လာခံစားရဖို့ လိုတော့လဲ"

ရင်ထဲက ခံစားရသည့်ဝေဒနာကို အတင်းဖွတ်အောင်ထုတ်ပြီး လဲလျောင်းရာမှ ထရပ်သည်။ ဝတ်ထားသော အဝတ်အစားကို ချွတ်လိုက်ပေသည်။



"ဪ ... ကိုဝဏ္ဏဆီ ဖုန်းဆက်ရဦးမှာပဲ"

တောင်ကြီး ရောက်စက ကိုဝဏ္ဏက သူ့ကို ဆက်သွယ်လိုက ဆက်သွယ်နိုင်ရန် တယ်လီဖုန်းနံပါတ် ပေးထားခဲ့သည်။ စက္ကူဖြတ်ပိုင်းလေးကို ပိုက်ဆံအိတ်ထဲမှ ရှာဖွေပြီးနောက် အောက်ထပ် အိတ်စတင်းရှင်းဖုန်းမှ တစ်ဆင့် ကိုဝဏ္ဏ၏ ဖုန်းနံပါတ်ကို ဆက်လိုက်သည်။

တစ်ဖက်မှ ပြန်လည်ထူးသံ ထွက်လာသည်။

နောင်းငယ်က မိမိသည် ကိုဝဏ္ဏ၏ မိတ်ဆွေဖြစ်ကြောင်း ကိုဝဏ္ဏနှင့် စကားပြောလိုကြောင်း ပြောပြသည်။

"ကိုဝဏ္ဏ အောင်ပန်းဘက် ဆင်းသွားပါတယ် ခင်ဗျာ၊ ကိုဝဏ္ဏ ပြန်လာရင် ဘာပြောပေးရမလဲ ဆိုတာ ပြောပါ ခင်ဗျာ"

နောင်းငယ်က ည(၇)နာရီတွင် ငြိမ်းတည်းခိုရိပ်သာသို့ ကိုဝဏ္ဏ ဆက်ဆက် လာစေလိုကြောင်း အရေးကြီးတဲ့ကိစ္စ တိုင်ပင်စရာရှိကြောင်းနှင့် ငြိမ်းတည်းခိုရိပ်သာမှာပင် ညစာအတူစားမည့်အကြောင်း ကိုဝဏ္ဏကို ပြောပြပေးပါရန် မှာကြားလိုက်တော့သည်။

ရေအဝချိုးသည်။ တစ်ကိုယ်လုံး စိမ့်အေးသွားအောင်အားရပါး ရချိုးသည်။ ရေအဝချိုးပြီး တစ်ကိုယ်လုံး ခြေသလုံးမကျန် သနပ်ခါးရေကျဲလိမ်းသည်။ အဝတ်အစားကိုလည်း လမ်းထွက်အဝတ်အစား မဝတ်ဆင်တော့ဘဲ အိမ်နေရင်း တစ်ပတ်ရစ်အင်္ကျီသန့်သန့် ထဘီသန့်သန့် ဝတ်သည်။ တခြား ဖြီးလိမ်း

www.burmeseclassic.com

www.burmeseclassic.com



ခြယ်သမှု မပြုတော့၊ အကျီထဘီ အဆင်မရွေးတော့၊ လှချင်လှ မလှချင်နေ ဒီအတိုင်းပင် ချိန်ထားသော ပွဲကို သွားမည်။

နှောင်းငယ် လှချင်ပချင်စိတ် ဘာမျှမရှိတော့ပါလေ။

ကိုဝဏ္ဏနှင့် အစ်ကိုအောင်ကျော်ဟိန်း တွေ့ဆုံစကား ပြောသည်နှင့် အစ်ကိုအောင်ကျော်ဟိန်းသည် ကိုဝဏ္ဏအား လူတော် လူကောင်းတစ်ယောက်ဟူ၍ ဆုံးဖြတ်မည်သာ။ ယခု ကိုဝဏ္ဏ၏ လက်ရှိလုပ်ငန်းတွေကို စူးစမ်းပြီးလျှင် အိမ်ထောင်တစ်ခုကို ကိုဝဏ္ဏလို လူသည် မကြောင့်မကြ မတောင့်မတ လူတန်းစေ့အနေ အထိုင်ထက်ပင် ပို၍ အဆင့်မြင့်စွာ ထူထောင်နိုင်သူမှန်း သိပေ မည်။

ထိုရောခါ အစ်ကိုအောင်ကျော်ဟိန်းသည် မိမိ နှောင်းငယ်အတွက် စိတ်ချရသည်ဟု ဆုံးဖြတ်ကာ ကွာရှင်းခွင့်ကို လက်မှတ်ထိုးပေးလေမည်မှာ အမှန်။

နှောင်းငယ်တို့မှာ နံနက်တုန်းကနှင့် ယခု ကွာခြားမှု ရှိလှသည်။ နံနက်က အစ်ကိုအောင်ကျော်ဟိန်းက ခေါ်မည်ဆိုသည်နှင့် တစ်ဖက်နှင့်တစ်ဖက် အလှဆုံးဖြစ်စေအောင် ဖြီးလိမ်း ခြယ်သသည်။ အထက်အောက် အကျီထဘီတို့ လိုက်ဘက်သော အဆင်အသွေး ရွေးချယ်ဝတ်ဆင်သည်။

ယခုမှာမူ သနပ်ခါးရည်ကျဲ တက်ထရွန်အကျီအဖြူ လက်ရှည်ရင်ဖုံး၊ လေယာဉ်မောင်မီးခိုးရောင် ဖြောင်ထဘီသာ ဝတ်ဆင်ထားသည်၊

(၇)နာရီ ထိုးလေပြီ။



မိနစ်ပင် မစွန်းဘဲ နှောင်းငယ် အခန်းတံခါးကို ...)နာရီဆိုသည်နှင့် တံခါးခေါက်သံ ထွက်ပေါ်လာသည်။

"ဘယ်သူပါလိမ့်"

"ကျွန်တော် ဒီတည်းခိုရိပ်သာက မန်နေဂျာပါ၊ သီးသန့်ခန်းမှာ ဆရာဦးအောင်ကျော်ဟိန်း ရောက်နေပါပြီ၊ ညစာအတွက်လည်း အားလုံး အဆင်သင့်ဖြစ်နေပါပြီ၊ မနှောင်းငယ်ငယ်ကို ကျွန်တော် သီးသန့်အခန်း လိုက်ပို့ပေးပါရစေ"

နှောင်းငယ် အခန်းတံခါး ဖွင့်ပေးသည်။

တံခါးပေါက်တွင် မန်နေဂျာ ရပ်နေသည်ကို တွေ့ ...င်ရပါ၏။ မန်နေဂျာက နှောင်းငယ်ကို တစ်ချက်ကြည့်ပြီး ...ပြောလိုက်ပေသည်။

"ကျွန်တော် စောင့်နိုင်ပါတယ်၊ မနှောင်းငယ်ငယ် အဝတ်အစား လဲချင်လဲပါ၊ တခြားပြင်ဆင်စရာရှိလည်း ပြင်ဆင်ပါ ခင်ဗျာ၊ ဒီအပေါက်ဝကပဲ ကျွန်တော် စောင့်ပေးပါ့မယ်"

နှောင်းငယ် သနပ်ခါးရည်ကျဲသာလိမ်းပြီး ဝတ်ဆင်ထားသော အဝတ်အစားကို ကြည့်ပြီး မန်နေဂျာက ပြောခြင်းဖြစ် ...ပါ၏။

"ရပါတယ်လေ၊ ဒီအတိုင်းပဲ ကျွန်မ သွားမှာပါ၊ ကဲ ... သွားကြစို့"

မန်နေဂျာက ရှေ့မှသွားပြီး နှောင်းငယ်က နောက်မှ ...လိုက်ပါသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

စိစိရိရိ ရှိနေသော တည်းခိုခန်းတွေကို ကော်ရ
မှ ဖြတ်သန်းသွားရသည်။ အခန်းတွေ ဆုံးသွားသော
လက်ဝဲဘက်ခန်းချိုးကွေ့ရသည်။ ပေနှစ်ဆယ်ခန့် ဆက်လျှော
ရပြီးနောက် လှေကားငါးထစ်ရှိသော အပေါ်ထပ်တစ်ခုကို တ
ရပြန်သည်။

သီးသန့်ခန်းမှ တကယ့်သီးသန့်ခန်း။

တည်းခိုသောသူများနှင့် ဘယ်လိုမှ ရောရောနှော
မရှိ။ ယင်းသီးသန့်ခန်းသည် သီးခြားခွဲထွက်ပြီး မီးသတ်မှော
လေးသဖွယ် အမြင့်တွင် တည်ဆောက်ထားသည်။

"အထဲမှာ ဆရာဦးအောင်ကျော်ဟိန်း စောင့်နေပါတယ
မနှောင်းငယ်ငယ်အဖို့ တံခါးခေါက်စရာမလိုဘဲ ဝင်သွား
ပါတယ် ခင်ဗျာ၊ တန်းပြီး ဝင်ခဲ့ပါလို့ ဆရာဦးအောင်ကျော
ဟိန်းက မှာလိုက်ပါတယ် မနှောင်းငယ်ငယ်"

ဝင်ပေါက်တံခါးကို ပြပြီးနောက် မန်နေဂျာသည
လှည့်ကာ ပြန်လမ်းအတိုင်း ပြန်သွားသည်။

နှောင်းငယ်က တံခါးဘုသီးလေးကို လှည့်မဖွင့်သေ
ဘဲ အခန်းကို ငေးကြည့်နေသည်။

သီးသန့်အခန်းဆိုသည့်အတိုင်း သီးသီးသန့်သန
ရှိရုံမက ခမ်းခမ်းနားနားလည်းရှိသည်။

တံခါးဘုသီးကို လှည့်ကာ နှောင်းငယ် တံခါးဖွင
ဝင်ရောက်လိုက်သည်။

"ဟော ... နှောင်းငယ် လာလေ"



အစ်ကိုအောင်ကျော်ဟိန်းသည် ဆိုဖာဆက်တီတစ်
လုံးတွင် ထိုင်နေသည်။ ငါးရှဉ့်ရောင် စပို့ရှပ်အင်္ကျီဝတ်ထားပြီး
ချောကလက်ရင့်ရောင် ပုဆိုးဝတ်ထားသည်။

စားပွဲပေါ်တွင် ဗက်-၆၉ ပုလင်းပုအိုင့်အိုင့် မည်း
မည်းနက်နက် အရက်ပုလင်းထောင်ထားသည်။ သောက်လက်စ
ဖန်ခွက် ရှိနေသည်။

ပုံစံမှာ နှောင်းငယ်ငယ်နှင့် ကိုဝဏ္ဏကို စောင့်ရင်း
အရက်သောက်နှင့်နေသော ပုံစံဖြစ်ပါ၏။

ဆက်တီ၏ ဘေးရှိ ထောင့်တစ်နေရာတွင် ထမင်းစား
ပွဲတစ်လုံး ရှိနေသည်။ လေးယောက်စာ စားပွဲဖြစ်သည်။ ထမင်း
ပန်းကန်လွတ်များ၊ ဇွန်းများ အဆင်သင့် တင်ထားခြင်းဖြင့်
ယနေ့ ညစာအတွက် အရေးပေါ်စီစဉ်ထားခြင်း ဖြစ်ဟန်တူပေသည်။

နှောင်းငယ် အခန်းထဲသို့ ဝင်လာပြီး အစ်ကိုအောင်
ကျော်ဟိန်းနှင့် မျက်နှာချင်းဆိုင် ဆိုဖာတွင် ဝင်ထိုင်သည်။

"အစ်ကို သောက်နေတာ ဘီယာ မဟုတ်ဘူးနော်၊ အရက်
ပြင်းတွေ အစ်ကို သောက်နေတာလား၊ ပုလင်းကြီးကို
မြင်ရတာပဲ ကြောက်စရာကြီး၊ အရက်တွေ အသောက်များ
လို့ အစ်ကို ဆေးရုံတစ်လလောက် တက်ခဲ့ရတယ်ဆို"

"မကြောက်ပါနဲ့ နှောင်းငယ်၊ တို့ အရက်ပြင်းသောက်ပေမဲ့
အမှားအယွင်း မရှိစေရပါဘူး၊ တို့ အရက်မသောက်တာ
ကြာပါပြီ၊ ဆေးရုံက ဆင်းပြီးကတည်းက ဆရာဝန်က
အတန်တန်တားမြစ်လို့ မသောက်ဘဲ နေခဲ့တာ၊ တစ်ခါ
တလေမှ ဘီယာလေး ဘာလေး သောက်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို အခု ဘာလို့ အရက်ပြင်း သောက်နေသလဲ"

"ဒီနေ့တော့ အရက်ပြင်းသောက်ချင်လာတယ်လေ၊ ဘီယာသောက်နဲ့ တို့ကို ထိန်းချုပ်နိုင်မယ် မထင်လို့ ခပ်ပြင်းပြင်း သောက်တာ"

အစ်ကိုအောင်ကျော်ဟိန်း စကားကြောင့် နှောင်းငယ် ရင်ထဲတွင် ကျင်ခနဲ ခံစားလိုက်ရသည်။ အစ်ကိုအောင်ကျော်ဟိန်းသည် မနေ့ကရော ယနေ့ အင်းလေးကို သွားသည်အထိရော အရက်သောက်ခြင်း မရှိခဲ့ပေ။ မနက်စာ အတူစားစဉ်က ဘီယာ သောက်သည်ကိုသာ တွေ့ရသည်။

ယနေ့ ယခုတွေ့တော့ အရက်ပြင်းသောက်နေသည်။ သူ့နဂိုအကျင့်အတိုင်း အနောက်အပြောင် ဟားလားဝါးလားလည်း မရှိဘဲ မျက်နှာအမူအရာမှာလည်း ညှိုးနယ်နေသည်။ အဓေးအငိုင် အတည်အတံ့ မျက်နှာမျိုး ဖြစ်နေသည်။

"ကိုဝဏ္ဏ မလာသေးပါလား နှောင်းငယ်"

"ညနေက ဒီကို ပြန်ရောက်ရောက်ချင်း သူ ပေးထားတဲ့ ဖုန်းနံပါတ်အတိုင်း နှောင်းငယ် ဆက်တယ်၊ အဲဒီအချိန် အထိတော့ ကိုဝဏ္ဏ အောင်ပန်းကို သွားတယ်တဲ့၊ ပြန်ရောက်တာနဲ့ ကိုဝဏ္ဏကို ဆက်ဆက်ပြောပေးပါမယ်တဲ့"

"ဒါဆိုလည်း စောင့်ကြတာပေါ့လေ"

အောင်ကျော်ဟိန်းက ဖန်ခွက်ရှိ အရက်ကို မော့သောက်ပြီး ပုလင်းမည်းကြီးမှ ဖန်ခွက်ထဲသို့ ထပ်ငှဲ့ပြီး ဆော်ဒါရောကာ ထပ်သောက်ပြန်သည်။ စကားတော့ ဆက်မပြောဘဲ ငြိမ်မြဲငြိမ် သောက်မြဲသောက်နေသည်။



"အစ်ကို ဘာဖြစ်နေတာလဲဟင်"

"ဟာ ... တို့ ဘာဖြစ်နေလို့လဲ"

"တစ်မျိုးကြီးပဲ၊ ခါတိုင်းနဲ့မှ မတူတာ၊ ခါတိုင်းဆို စကားတွေပြောပြီး တဟဲဟဲ ရယ်နေတာ"

အောင်ကျော်ဟိန်းက ဘာမျှ ပြန်မပြောသေးဘဲ အရက်မော့ဖန်ခွက်ကို ပြန်ချမှ စားပွဲပေါ် တင်ထားသော အက်တာချီသားရေသေတ္တာပြားလက်ဆွဲသေတ္တာလေးကို မေးဆတ်ပြလိုက်သည်။ ပြီး ယူကာ သေတ္တာအဖုံးကို ဖွင့်သည်။

"ဟောဒီ စာချုပ်နှစ်အုပ်က ရန်ကုန်က တရားရုံးမှာ တို့နဲ့ နှောင်းငယ် လက်ထပ်ခဲ့တဲ့ စာချုပ်နှစ်ခုပဲ၊ အဲဒီနေ့ကတည်းက ဒီလက်ထပ်စာချုပ်နှစ်ခုကို ဒီသေတ္တာမှာ ထည့်ပြီး ကားပေါ်မှာ တင်ထားတာ။ နှောင်းငယ် တနိုအောင်ဆီ လစ်ပြေးသွားတာမို့ လက်ထပ်စာချုပ်နှစ်ခုလုံး တို့ဆီမှာပဲ ကျန်ခဲ့တာလေ၊ ဟောဒီဟာကတော့ အခုပဲ တို့ ဝယ်လာတဲ့ အခွန်တော်တံဆိပ်ခေါင်းကပ် တရားဝင်စာချုပ်အသစ်နှစ်စောင်လေ၊ ဒီနေ့ ကိုဝဏ္ဏနဲ့ တွေ့ဆုံပြီး ကိုဝဏ္ဏဟာ နှောင်းငယ်အတွက် ထိုက်တန်တယ်လို့ တို့ ဆုံးဖြတ်တာနဲ့ နှောင်းငယ်နဲ့ တို့ အပြီးအပြတ် ကွာရှင်းကြောင်း ကိုယ်တိုင် လက်ရေးနဲ့ ရေးပြီး လက်မှတ်ထိုးပေးဖို့ အဆင်သင့် ဝယ်လာတာ။ အသိသက်သေအဖြစ်နဲ့ကတော့ ကိုဝဏ္ဏကိုယ်တိုင် အသိသက်သေ လက်မှတ်ထိုးပေါ့၊ ထပ်ပြီး လိုအပ်ရင် ဒီတည်းခိုခန်းက မန်နေဂျာကိုပါ ထိုးခိုင်းပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



နှောင်းငယ်သည် အစ်ကိုအောင်ကျော်ဟိန်းက တစ်ခွန်းချင်း ပြောပြသည်ကို နားထောင်ရင်း အလိုလို မျက်ရည်တွေ ဝဲပြီး ပါးပြင်ပေါ် စီးကျလာသည်။ ဖွတ်ပင် မျက်ရည်များ ထပ်မကျစေရန် ထိန်းထားပါ၏။

"ဟောဒါကတော့ တစ်ရာတန်အသစ်ဆယ်အုပ်၊ ငွေတစ်သိန်း၊ တို့ ကွာရှင်းဖို့ သဘောတူတာနဲ့ ကိုဝဏ္ဏနဲ့ နှောင်းငယ်တို့ မင်္ဂလာလက်ထပ်ပွဲအတွက် တို့ရဲ့ မင်္ဂလာ လက်ဖွဲ့ပေါ့လေ"

"အို ... မလိုဘူး၊ လုံးဝ မလိုဘူး၊ အစ်ကို့ဆီက နှောင်းငယ် ငါးပြားတစ်စေ့တောင် မယူဘူး"

နှောင်းငယ် မထိန်းနိုင်ပါလေတော့။ မျက်ရည်တွေ ပါးပြင်ထက်သို့ စီးသည်ထက် စီးကျလာပေတော့သည်။ အသံတွေလည်း တုန်နေသည်။ သိမ့်သိမ့်ခါလည်း ငိုချမိတော့သည်။

အောင်ကျော်ဟိန်းက နှောင်းငယ်ကို သေချာဝင်းငေးကြည့်နေပေသည်။ ချော့မော့ခြင်း၊ နှစ်သိမ့်ခြင်း စကားမျိုးကိုတော့ မဆိုပါလေတော့။

,ယခု နှောင်းငယ် ငိုနေပုံသည် ယခင်တစ်ခါက သူမ၏ ချစ်လှစွာသော ဇာနီအောင် သေဆုံးပြီးကာစ သူမ၏ ကိုယ်ကို ကားကြိတ်ခံစီစဉ်၊ မိမိက ကယ်တင်ခဲ့ရာ၌ ကားပေါ်တွင် ငိုကြွေးပုံနှင့် ထပ်တူထပ်မျှ တူညီနေပေသည်။

အောင်ကျော်ဟိန်း တွေတွေငေးငေးဖြင့်ပင် စဉ်းစားသည်။ ထိုစဉ်က နှောင်းငယ် ငိုကြွေးခြင်းသည် သူမ၏ ချစ်လှစွာသော ချစ်သူ သေဆုံးခြင်းအတွက် ငိုကြွေးခြင်း ဖြစ်ခဲ့သည်။



ယခု နှောင်းငယ် ငိုကြွေးခြင်းသည် အဘယ်သို့သော ဆုံးရှုံးမှုခံစားချက်ကြောင့် ငိုပေသနည်း။ ငိုပုံငိုနည်းချင်းကတော့ တူလေစွ။

အောင်ကျော်ဟိန်း အရက်ခွက်ကို ဆွဲ၍ မော့သောက်ပြန်သည်။

အောင်ကျော်ဟိန်း စိတ်ထဲတွင် နှောင်းငယ်ကို မေးချင်လာသည့်အတိုင်း မေးလိုက်သည်။

"တို့ မေးချင်တယ် နှောင်းငယ်၊ အခု တို့ ပြောပြတာတွေကို နားထောင်ပြီး နှောင်းငယ် ငိုချလိုက်တယ်၊ အခု နှောင်းငယ် ငိုပုံငိုနည်းဟာ ဟိုပြီးခဲ့တဲ့နှစ်က နှောင်းငယ် ကားကြိတ်ခံပြီး သေကြောင်းကြံတာကို တို့ ကယ်တင်ပြီးတဲ့နောက် ကားပေါ်မှာရော၊ ကရဝိတ်ဟိုတယ်မှာရော နှောင်းငယ် ငိုခဲ့တာနဲ့ အခု နှောင်းငယ် ငိုပုံဟာ သိပ်တူညီနေတယ်၊ ဟိုတုန်းက နှောင်းငယ် ငိုခဲ့တာကတော့ ချစ်သူ ဇာနီအောင် ဆုံးရှုံးသွားလို့ ငိုတာမှန်း တို့ သိနားလည်ခဲ့တယ်"

အောင်ကျော်ဟိန်းက စကားကို ခဏနားပြီး နှောင်းငယ်ကို သေချာစိုက်ကြည့်ပြီးမှ ဆက်၍ပြီးမှ ဆက်၍ မေးလိုက်သည်။

"အခု နှောင်းငယ် ငိုချလိုက်တာကကော ဘာလို့ ငိုချလိုက်တာလဲဟင်"

နှောင်းငယ်က နွမ်းလှလွန်းသော အသံဖြင့် ကဲ့စွပ်ပြတ်စကားကိုသာ ညည်းညည်းညူညူ ဆိုလိုက်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့ အစ်ကိုရယ်၊ တော်ပါတော့"

အောင်ကျော်ဟိန်းက နှောင်းငယ်၏ရင်ထဲမှ တကယ့်အဖြေမှန် ထွက်လာသည်အထိ မွတ်မေးရန် ဟန်ပြင်လိုက်စဉ်မှာပင် ဒေါက်, ဒေါက်နှင့် သီးသန့်ခန်းတံခါးခေါက်သံ ထွက်ပေါ်လာသဖြင့် ကိုဝဏ္ဏ ရောက်လာပြီဟု ယူမှတ်ကာ ထပ်၍ နှောင်းငယ်ကို မမေးဖြစ်တော့ပေ။

"ကိုဝဏ္ဏကြီး လာပြီထင်တယ်။ နှောင်းငယ် မျက်ရည်တွေ သုတ်ပစ်လိုက်ဦး၊ တော်ကြာ ကိုဝဏ္ဏက တို့ကို အထင်သေး အမြင်သေးနဲ့ မဟုတ်တာတွေ ထင်သွားဦးမယ်"

ပြောရင်း တံခါးဖွင့်ပေးရန် အောင်ကျော်ဟိန်း ထိုင်ရာမှ ထရပ်သည်။ ဒယီးဒယိုင်နှင့်ပင် တံခါးဆီသို့ လျှောက်သွားသည်။ အရက်ပြင်းမသောက်သည်မှာ တစ်နှစ်နီးပါးခန့် ကြာသွားပြီမို့ ယခု အပြင်းသောက်သည်တွင် ခံနိုင်ရည်မရှိ ဖြစ်ဟန်တူပေသည်။

"ဟာ ... ငါက ချိန်းထားတဲ့ဧည့်သည် လာပြီထင်လို့"

"အခု ခုနစ်နာရီခွဲသွားပြီ ဆရာ၊ စားစရာ ထမင်းဟင်းတွေ ပို့ပေးရတော့မလားလို့ မန်နေဂျာက မေးခိုင်းလိုက်လို့ပါ ဆရာ"

"အေး ... ယူခဲ့တော့"

တံခါးကို အပွင့်အတိုင်း ထားခဲ့ကာ အောင်ကျော်ဟိန်း ပြန်လာသည်။ ပြန်ထိုင်သည်။ ပြန်သောက်သည်။

"ကိုဝဏ္ဏ ဆိုတဲ့လူ မလာသေးပါလား"



နှောင်းငယ်က အခန်းထဲရှိ တယ်လီဖုန်းဆီသို့ သွားကာ ကိုဝဏ္ဏပေးထားသည့် နံပါတ်အတိုင်း ဆက်လိုက်ပြန်သည်။

တစ်ခဏကြာပြီး နှောင်းငယ် ပြန်လာထိုင်သည်။

"ဘာတဲ့လဲ ကိုဝဏ္ဏဆီက"

"အောင်ပန်းဘက်သွားတာကိုက ပြန်မရောက်သေးဘူးတဲ့ အစ်ကို၊ အောင်ပန်းဟာတစ်ဆင့် သူ့ရဲ့ လိမ္မော်ခြံတွေရှိရာ တောပိုင်းအထိ ဆက်သွားနေသလား မသိဘူးတဲ့၊ ခုချိန်ထိ ပြန်မလာသေးတော့ ဒီနေ့အဖို့ ပြန်ရောက်လာဖို့ မသေချာဘူး ထင်တယ်လို့ သူ့လူက ပြောတာပဲ"

အခန်းထဲသို့ စားစရာများ လူနှစ်ယောက်က လာပို့ကြသည်။ စားပွဲပေါ်သို့ ဟင်းပန်ကန်များ စီစီရီရီ လာချကြသည်။

"ကိုဝဏ္ဏ မလာတော့ဘူးဆိုရင် နှောင်းငယ်ရဲ့ အခန်းကို နှောင်းငယ် ပြန်တော့မယ် အစ်ကို"

"ဟာ ... မဟုတ်တာ၊ ကိုဝဏ္ဏ မလာဖြစ်ဘူးဆိုရင်တောင် ညစာတော့ နှောင်းငယ် ဒီမှာ စားသွားရမှာပေါ့၊ ဒီမှာ အားလုံး မှာထားပြီး အဆင်သင့် ဖြစ်နေပြီပဲဟာ၊ နောက်ပြီး စားနေတုန်းမှာပဲ ကိုဝဏ္ဏ ရောက်ချင်ရောက်လာမှာပေါ့၊ သူ့မှာ မော်တော်ကား ရှိနေသားပဲဟာ၊ အချိန်မရွေး ရောက်လာနိုင်တယ် မဟုတ်လား၊ ကဲ ... လာစားနှင့်ကြမယ်၊ ကိုဝဏ္ဏ ရောက်လာလည်း နောက်ထပ်လိုသလောက် ထပ်မှာရုံပေါ့"

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုအောင်ကျော်ဟိန်း ပြောသည်မှာ နည်းလမ်းကျသည်မို့ နှောင်းငယ် ဆက်မငြင်းဆန်တော့ဘဲ ညစာစားပြီးမှ ပြန်ရန် သဘောတူလိုက်ပေသည်။ ထမင်းစားပွဲတွင် မျက်နှာချင်းဆိုင် ထိုင်ကြသည်။

ထမင်းမစားမီ အောင်ကျော်ဟိန်း အရက်ထပ်ငှဲ့ ပြန်သည်။

"အစ်ကို သောက်တာ သိပ်များလွန်းမနေဘူးလား၊ တော်ကြာ ဆေးရုံ ပြန်တက်နေရဦးမယ်"

"အဲဒီလို ကိုယ့်အတွက် နှောင်းငယ် စိတ်ပူသလား၊ စိုးရိမ် သလား"

နှောင်းငယ် ထပ်၍မပြောတော့ဘဲ စားမည့်ဟင်းကို ဇွန်းခက်ရင်းဖြင့် စတင်စားသောက်ပေသည်။

"ကိုယ့် နက်ဖြန်မအားဘူး၊ ကိုဝဏ္ဏနဲ့ ထပ်ချိန်းချင်ရင် သန်ဘက်ခါမှချိန်း"

"နက်ဖြန် အစ်ကိုက ဘယ်သွားမှာမို့လဲ"

"ဟဲဟိုး ... လေယာဉ်ကွင်းကို သွားမလို့၊ နှောင်းငယ် လိုက်ချင်လိုက်ခဲ့ပါလား"

"လေယာဉ်ကွင်းကို အစ်ကိုက ဘာလို့ သွားမှာလဲ"

"မြတ်ကို သွားကြိုမလို့"

"မြတ် ... ဟုတ်လား၊ ဘယ်သူလဲ"

အောင်ကျော်ဟိန်း ထမင်းမစားသေး၊ အရက်ကိုသာ ထပ်သောက်နေသည်။ တစ်ရှိန်ထိုးကြီး သောက်သည်မျိုးတော့ မဟုတ်။



"မြတ် ဆိုတာ ဘယ်သူလဲဆိုတာ ကိုယ့်က နှောင်းငယ်ကို ပြောချင်နေတာပါ၊ ကိုယ့် တစ်ခါက နှောင်းငယ်ကို ပြောပြဖူးပါတယ်၊ ကိုယ့် တက္ကသိုလ်ကျောင်းသားဘဝက မရွှေချော ဆိုတဲ့ မိန်းကလေးတစ်ယောက်နဲ့ ကြိုက်ခဲ့ချစ်ခဲ့ဖူးပါတယ် ဆိုတဲ့အကြောင်းလေ"

နှောင်းငယ် မှတ်မိနေပါ၏။

"အဲဒီမရွှေချောဆိုတာ နက်ဖြန် အစ်ကိုသွားကြိုမဲ့ မြတ် လား"

"အစစ်ပေါ့ နှောင်းငယ်"

နှောင်းငယ်က မျက်လုံးဝိုင်းလေးဖြင့် ပြန်မေးသည်။

"နို့ အဲဒီ မြတ်က ဆရာဝန်တစ်ယောက်နဲ့ လက်ထပ်သွား တယ်ဆို"

"သိပ်ဟုတ်ပေါ့၊ ကိုယ့်က မိဘဆိက အမွေကိုရမှ ချမ်းသာမဲ့ အကောင်၊ ဆရာဝန်ဆိုတာက ရာသက်ပန် လက်ဖျား ငွေသီးတဲ့ ပုဂ္ဂိုလ်မျိုးဆိုပြီး၊ ကိုယ့်ကိုပစ် ဆရာဝန်ကို လက် ထပ်သွားတဲ့ မြတ်"

နှောင်းငယ် ထမင်းစားမြိစားနေသည်။ တစ်ချိန်က ချစ်ခဲ့ကြပြီးမှ အခြားသူနှင့် လက်ထပ်သွားပြီဖြစ်သော မြတ်ကို ယခု အစ်ကိုအောင်ကျော်ဟိန်းက ဘာကြောင့် သွားကြိုသနည်းဟု နှောင်းငယ် ရင်ထဲက တွေးနေမိသည်။ သို့သော် ဘာလို့ သွား ကြိုသည်ကို မမေးမိအောင် မိမိ စိတ်ကို နှောင်းငယ် ထိန်းထား သည်။

www.burmeseclassic.com

www.burmeseclassic.com



"နှောင်းငယ်က တို့ကို ပြန်မေးလေ၊ အဲဒီ မြတ်ကို တို့က အခုအချိန်မျိုးမှာ ဘာလို့ ပြန်ဆက်သွယ်တာလဲ၊ ဘာကိစ္စ သွားကြိုတာလဲလို့"

"နှောင်းငယ် မမေးတော့ပါဘူး အစ်ကို"

"သိပ်မေးသင့်တာပေါ့၊ ဒီနေ့ ကိုဝဏ္ဏ ရောက်မလာလို့ ကွာရှင်းခွင့်ကို လက်မှတ်ထိုးမပေးရသေးတဲ့ အချိန်အထိ နှောင်းငယ်ဟာ တို့ရဲ့ တရားဝင်ဇနီးပဲ၊ ဒီတော့ ဟိုတုန်းက တို့နဲ့ချစ်ကြိုက်ခဲ့ဖူးတဲ့ မြတ်နဲ့ တို့ ပြန်ဆက်သွယ်တာကို နှောင်းမှာ မေးပိုင်ခွင့် သိပ်ရှိတာပေါ့"

"နှောင်းငယ် မမေးပါဘူး အစ်ကို"

"တည်လွန်းတဲ့လွန်းလှချည်လား နှောင်းငယ်က မမေးပါဘူး ဆိုပေမဲ့ တို့က သိပ်ပြောချင်နေတယ်၊ မြတ်က လွန်ခဲ့တဲ့ လတည်းမှာကတည်းက သူ့ခင်ပွန်း ဆရာဝန်နဲ့ အပြီးအပိုင် တရားဝင် အပြတ်ကွာရှင်းပြီးပြီတဲ့၊ တို့ဆီကို အဲဒီကွာရှင်း ပြီးတဲ့နေ့ကပဲ ဖုန်းဆက်တယ်လေ၊ သူဟာ အိမ်ထောင်ရေး ရှုထောင့်သက်သက်ကိုသာကြည့်ပြီး မေတ္တာစိတ်မပါဘဲ ဆရာဝန်ကို လက်ထပ်မိတာဟာ ကန္တာရခရီးမှာ ရေဘူးမပါ ဘဲ သွားမိသလို ဖြစ်သွားခဲ့တယ်တဲ့။ နောက်ဆုံး နှစ်ဦး သဘောတူ ကွာရှင်းတဲ့အထိ ဖြစ်စရာပါပဲတဲ့"

နှောင်းငယ်သည် မရည်ရွယ်ပါဘဲလျက် စိတ်ထဲ တင်းထားပါပဲလျက် လွှတ်ခနဲ မေးလိုက်မိသည်။

"အစ်ကိုက အဲဒီမြတ်နဲ့ ပြန်လက်ထပ်မှာလား"



အောင်ကျော်ဟိန်း နှောင်းငယ် လွှတ်ခနဲ မေးလိုက်သည်ကို ပြန်မဖြေသေးဘဲ နှောင်းငယ်၏ မျက်နှာကို စူးစူးစိုက်စိုက် ကြည့်နေသည်။

နှောင်းငယ်သည် သူမဘာသာ သတိကို ပြန်ထိန်းချုပ်ပြီး သူမဘာသာ ဖြေရှင်းချက်စကား ဆက်ပြောပါလေ၏။

"ဆက်စပ်ပြီး တွေးမိလို့ပါ၊ နှောင်းငယ်ရဲ့ ကွာရှင်းခွင့် တောင်းတာကို အစ်ကိုက ပထမပြင်းပြင်းထန်ထန် ငြင်းတယ်၊ ဒီနေ့ကျတော့ နှောင်းငယ်ကို ကွာရှင်းခွင့် လွယ်လွယ်ပဲ ပေးမယ်ဆိုတဲ့သဘော ရှိနေပြန်တယ်၊ ဒီတော့ မြတ်နဲ့အစ်ကို လက်ထပ်ဖို့ အစ်ကို့မှာ ဘာမဆို ကင်းကင်း ရှင်းရှင်း ရှိနေမှ မြတ်အတွက် သင့်တော်မယ် မဟုတ်လား"

အောင်ကျော်ဟိန်းက ဖြည်းလေးစွာပင် ပြန်ပြော ပြန်ရှင်းပြသည်။

"နှောင်းငယ် ဆက်စပ်တာကြီးက အမှားကြီးကို ဆက်စပ်တာပဲ၊ မြတ်ကြောင့် နှောင်းငယ်ကို ကွာရှင်းခွင့် လွယ်လွယ် ပေးတယ်ဆိုရင် ကိုဝဏ္ဏကိုတွေ့ဖို့ တို့မှာ ဘယ်လိုမလဲ၊ ကိုဝဏ္ဏကို ဘာစောင့်နေစရာလိုမလဲ၊ ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပြီး ကွာရှင်းလိုက်ရုံပေါ့၊ နောက်ပြီး မြတ်က သူ့ခင်ပွန်းနဲ့ ကွာရှင်းပြီးကြောင်း တို့ကို ဖုန်းဆက်ပြောတာ က နှောင်းငယ် တောင်ကြီးကို မလာခင်ကတည်းကပဲလေ။ တို့အနေနဲ့ မြတ်နဲ့ ပြန်လက်ထပ်ဖို့ ရည်ရွယ်ချက်ရှိထားရင် နှောင်းငယ် ရောက်လာပြီး ကွာရှင်းခွင့် တောင်းတာနဲ့ရော၊

www.burmeseclassic.com

www.burmeseclassic.com



အင့်ယူသွားဆိုပြီး ကွာရှင်းစာချုပ်ကို လက်မှတ်ထိုး ချက်ချင်း ပေးလိုက်မှာပေါ့။ အမှန်က ဒီနေ့ အင်းလေးက ပြန်လာပြီးမှ ကိုယ့်အခန်း ပြန်ရောက်ပြီးမှ မြတ်ဆီက သူ့ကိုလာကြိုပေးပါ ဆိုတဲ့ဖုန်း ဝင်လာတာ၊ အင်းလေးမှာတည်းက ကွာရှင်းပေးမယ်လို့ တို့ ပြောတာ”

ငယ်ငယ်သည် အစ်ကိုအောင်ကျော်ဟိန်း ပြောပြသည်ကို နားစိုက်ထောင်ရင်း ထမင်းစားပြီးစီးသွားသည်။

အောင်ကျော်ဟိန်းသည် ယခု ညစာကို ဟုတ်တိပတ်တိ စားခြင်းမရှိ။ ဟင်းဖတ်တွေကို ခရင်းနှင့် ထိုးစားလိုက် အရက်သောက်လိုက်၊ နောင်ငယ်ကို မြတ်အကြောင်း ပြောလိုက်မျှသာ ရှိပေသည်။

ဒီလိုနှင့်ပင် ညစာထမင်းဝိုင်း ပြီးသွားသည်။

အောင်ကျော်ဟိန်းက အခန်းထဲမှ ခလုတ်တစ်ခုကို နှိပ်လိုက်သည်နှင့် လူနှစ်ယောက် ဝင်ရောက်လာပြီး စားပြီးထမင်းဝိုင်းကို သိမ်းပြီး တံခါးပြန်ပိတ်သွားသည်။

အခန်းထဲဝယ် အောင်ကျော်ဟိန်းနှင့် နောင်ငယ် နှစ်ယောက်တည်း ကျန်ခဲ့သည်။

“ဒီလိုတော့ ရှိတာပေါ့လေ၊ မြတ်ကတော့ တို့ကို ပြန်ပြီး လက်ထပ်ချင်တယ်ဆိုတဲ့ စကားအရိပ်အရောင်တွေ ပေး တယ်လေ၊ တို့ဆိုတဲ့ ကောင်ကလည်း မရေမရာကောင် မဟုတ်လား၊ မြတ် ပြောတာကို ဘာမှ ပြန်ရှင်းမပြောဘဲ ငြိမ်နေလိုက်တယ်၊ အဲဒါ ဘာလို့လဲ နောင်ငယ် သိလား”



နောင်ငယ်က ဦးခေါင်းယမ်းပြသည်။ သို့သော်လည်း နောင်ငယ်ရင်ထဲကတော့ ဘာပြုလို့မှန်း အလိုလို သိနေပါ၏။

“နောင်ငယ်ကို ခုချိန်ထိ တို့ ချစ်နေတုန်းမို့ပဲ”

နောင်ငယ်က “အို”တွေ “အင်”တွေ တစ်ခွန်းမျှ မဆိုပေ။ အံ့လည်းမအံ့သြပေ။ အကြောင်းမူ အစ်ကိုအောင်ကျော်ဟိန်းက သူမအား ယခင်ကကိုပင် ချစ်မြဲချစ်နေမှန်း၊ အကဲခတ် သိရှိထားပြီးသောကြောင့် ဖြစ်ပါလေ၏။

အောင်ကျော်ဟိန်း ထိုင်ရာမှ ထရပ်လိုက်သည်။ အရက်များပြီး အစားနည်းသောကြောင့် လဲပြိုတော့မလို ယိမ်းထိုးသွားသည်။

“ဟင် ... အစ်ကို”

နောင်ငယ်က အစ်ကိုအောင်ကျော်ဟိန်း လဲကျသွားမည်ကို တကယ်ပင် စိုးရိမ်ပြီး အလိုလိုပင် ဖျတ်ခနဲ ထကာ အစ်ကိုအောင်ကျော်ဟိန်း လဲကျမသွားစေရန် မိမိရရ ဖမ်းဆုပ်လိုက်သည်။

အောင်ကျော်ဟိန်းကလည်း နောင်ငယ်ကို ပြန်၍ ဖက်ထားလိုက်သဖြင့် လဲကျခြင်း မရှိတော့ပါပေ။

သို့သော် ...

အောင်ကျော်ဟိန်းသည် နောင်ငယ်ကို ဖက်ထားမိမှ တော့ ကျစ်ကျစ်ပါအောင် ချစ်စိတ်ကို မထိန်းတော့ဘဲ ဖက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



နှောင်းငယ်၏ ခါးကျဉ်ကျဉ်လေးကိုတစ်ဖက်၊ ဖြောင့်ရှင်းသော ကျောပြင်ကိုတစ်ဖက် မြွေပတ်သည်နှယ် ရစ်ပတ်ပြီး နှောင်းငယ်၏ ရင်နှင့် သူ၏ ရင်အုပ်ကြီးကို တအားဖိကပ်ဖက်ထားတော့သည်။

"ချစ်တယ် နှောင်းငယ်ရယ်၊ ချစ်တာမှ သိပ်ချစ်၊ အဝီစိအထိ ကွင်းတူးပြီး နက်နက်နဲနဲကို ချစ်တာ"

အသံက အာဂလောင်အသံကြီး။

ရင်တွင်း အသည်းနှလုံးမှ ထွက်လာသော အသံကြီးနှင့် ကတုန်ကယင်ကြီးပြောရင်း နှောင်းငယ်၏ပါးပြင်ကို သူ့ပါးပြင်နှင့် ကပ်ထားသည်။ ပြီး နှောင်းငယ်၏ နဖူးပြင်ကို နမ်းသည်။

နှောင်းငယ် အချစ်မှိုင်းမိလေပြီ။

ရုန်းလည်းမရုန်းတော့၊ ဘာမျှလဲ ပြန်မပြောမိ။ အစ်ကိုအောင်ကျော်ဟိန်းအား ပြန်လည်ဖက်မြဲ ဖက်ထားမိလေသည်။

နှောင်းငယ် ရင်တွေ တအားခုန်ရပါ၏။

ကိုဇာနီအောင်ကြောင့် ဟက်တက်ကွဲ ကျိုးပေါင်တက် မာကျောပြီး မလှုပ်ရှားတော့သော နှောင်းငယ်၏ နှလုံးသားသည် ကျိုးပေါင်တွေ ကွာကျပြီး နဂိုရှိနှလုံးသားသည် ပြန်လည်အသက်ဝင်ကာ ဖိုလှိုက်လာလေပြီကော။

နောက်ကျိနေသော ရေထဲသို့ ကျောက်ချဉ်ထည့်လိုက်ခြင်းဖြင့် ကျောက်ချဉ်အရည်ပျော်ချိန် ရေကြည်ချိန် ဖြစ်သွားလေပြီလော။



နှောင်းငယ်၏ နဖူးပြင်ကို အောင်ကျော်ဟိန်း မွှေးရာမှ ပါးပြင်လေးကို ဆက်၍ မွှေးပြန်သည်။ ကျောက်ပြင်ထက်တွင် သနပ်ခါးတုံး သွေးသည်နှယ်။

အတွေ့။

အတွေ့ဆိုသည်မှာ ဖိုနှင့်မ ထိတွေ့ရာ၌ ထူးထူးခြားခြား ခံစားရသော ဖောဋ္ဌဗ္ဗအာရုံပင် ဖြစ်ပါ၏။

တစ်ဖက်သတ် အနိုင်ကျင့်ခံရခြင်း မဟုတ်မူဘဲ သူကလည်း ကိုယ့်ကိုချစ်၊ ကိုယ်ကလည်း သူ့ကိုချစ်၊ သူချစ် ကိုယ်ချစ် အတွေ့ဆိုသည်မှာ အရာခပ်သိမ်းအား မေ့လျော့သွားစေပါ၏။

နှောင်းငယ် အစ်ကိုအောင်ကျော်ဟိန်းကို ချစ်သွားလေပြီထင့်။ အစ်ကိုအောင်ကျော်ဟိန်း၏ အပွေ့အဖက် အနမ်းတို့တွင် ရှိန်းမြမြ ခံစားရင်း မိန်းမောနေမိတော့သည်။

သို့သော် ...

နှောင်းငယ်၏ သိစိတ်နှင့် ဦးနှောက်က နှောင်းငယ်ကို သတိပေးသည်။ တောင်ကြီးသို့ မိမိ လာခဲ့ခြင်းသည် အစ်ကိုအောင်ကျော်ဟိန်းနှင့် ကွာရှင်းဖို့သာ။ ကိုဝဏ္ဏနှင့် လက်ထပ်ဖို့သာ။

"ဖယ်ပါ ... အစ်ကို ... လွှတ်ပါ"

"မဖယ်ဘူး၊ မလွှတ်ဘူး နှောင်းငယ်၊ ကို့က နှောင်းငယ်ရဲ့ တရားဝင်လက်ထပ်ပြီးသားခင်ပွန်းပါ"

"ဟင့်အင်း ... ကိုဝဏ္ဏ အပေါ်မှာ နှောင်းငယ် ပျက်ကွက်ရင် နှောင်းငယ် မိန်းမကောင်း မဟုတ်တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"လုပ်မနေနဲ့ နှောင်းငယ်၊ တို့ရင်ထဲမှာ သေချာသိတယ်၊ နှောင်းငယ်ဟာ ကိုဝဏ္ဏကို ချစ်ကိုမချစ်ဘူး၊ ကိုဝဏ္ဏ ရှေ့မှာပဲဖြစ်ဖြစ်၊ ကွယ်ရာမှာပဲဖြစ်ဖြစ် တို့နဲ့ နှောင်းငယ် အနေအထိုင် လွန်ကဲတယ်ထားဦး။ နှောင်းငယ်မှာ ဘာအပြစ်မှမရှိဘူး၊ တို့က နှောင်းငယ်ရဲ့ တရားဝင် ပုဆိုးတန်းတင် လင်ယောကျ်ားမှန်း အများသိပြီးသား၊ နောက်ပြီး တို့ သေချာလေ့လာပြီးပြီး ဒီတစ်ခေါက် တို့ဆီကို နှောင်းငယ် လာရာမှာ တို့ကို နှောင်းငယ် ရင်ထဲနှလုံးထဲက ချစ်သွားပြီ ဆိုတာ"

နှောင်းငယ် နောက်ထပ်စောဒကတက် စကားမဆိုနိုင်တော့အောင် နှောင်းငယ်၏ မျက်နှာပြင်သို့ အောင်ကျော်ဟိန်းက သူ့မျက်နှာဖြင့် ဖိကပ်ကာ နှုတ်ခမ်းကို ပိတ်ဆို့ထားလိုက်သည်။

အို ... နှောင်းငယ် မိန်းမိန်းမောမော ဖြစ်သွားရပြန်ပြီကော။

အစ်ကိုအောင်ကျော်ဟိန်းသည် သူ၏ ဗလဖြင့် နှောင်းငယ်ကို မြှောက်ခနဲ ပွေ့ချီလိုက်သည်။

နှောင်းငယ် မလူးမလွန့် မရုန်းမဖယ် မြှောက်ခနဲပင် ပါရှိသွားသည်။

နောက် အောင်ကျော်ဟိန်းသည် နှောင်းငယ်ကို ပွေ့ချီလျက်သားဖြင့်ပင် သီးသန့်ခန်း၌ ဆက်စပ်လျက်ရှိသော အခြားအခန်းတစ်ခန်းတံခါးကို ဖွင့်၍ အထဲသို့ ဝင်ရောက်လိုက်သည်။



ယင်းအခန်းသည် အထူးမည့်သည်အတွက် အထူးထားရှိသောအခန်းဖြစ်သည့်အားလျော်စွာ ဖြူဖွေးသန့်စင်သော တစ်ယောက်အိပ်ခုတင်အိပ်ရာ ရှိနေပါ၏။

အောင်ကျော်ဟိန်းက တံခါးကို ခြေနောက်ပြန် ပိတ်လိုက်ပြီး ပွေ့ချီလာသော နှောင်းငယ်ကို ခုတင်ပေါ်သို့ ဖြည်းညင်းစွာ ချပေးလိုက်သည်။

ဪ ... မစွမ်းရင်း ရှိနေသည်မို့ ကန်စွန်းခင်း ငြိလေပြီတကား။

www.burmeseclassic.com

www.burmeseclassic.com



## ၁၇

နံနက်(၇)နာရီ ထိုးပြီးမှ နောင်းငယ် နိုးလာသည်။

ခါတိုင်းနေ့တွေဆိုလျှင် နောင်းငယ်သည် နံနက်(၆)နာရီမထိုးမီ နိုးလေ့ရှိသည်။

ညကတော့ နောင်းငယ်သည် သန်းခေါင်ကျော်ပြီးမှ အိပ်စက်ခြင်းသို့ ရောက်ရသည်။ ညက နောင်းငယ်၏ တစ်သက်တာတွင် တစ်ကြိမ်တစ်ခါမျှ မပင်ပန်းစဖူးမျိုး ပင်ပန်းနွမ်းနယ်ခဲ့ရပြီ၊ သန်းခေါင်ကျော်မှ အိပ်ပျော်ခဲ့သည်မို့ အိပ်မောကျသွားခြင်းကြောင့် ယခု နံနက်(၇)နာရီထိုးပြီးမှ ပြန်နိုးခြင်း ဖြစ်ပါ၏။

မျက်စိနှစ်လုံးဖွင့်ပြီး နိုးလာသည်နှင့် ညက ဖြစ်ပျက်ခဲ့သည်တို့ကို ချက်ချင်း မှတ်မှတ်ထင်ထင် ရှိလိုက်ပါ၏။

"အစ်ကို … အစ်ကိုအောင်ကျော်ဟိန်း"

နောင်းငယ်၏ နှုတ်မှ အစ်ကိုအောင်ကျော်ဟိန်းအား တမ်းတမ်းတတ ခေါ်မိရင်း အိပ်ရာထက်တွင် မရှိတော့သောကြောင့် တစ်ခန်းလုံးကို စေ့ဝိုက်ကြည့်မိရှာမိသည်။



အစ်ကိုအောင်ကျော်ဟိန်းကို မတွေ့မမြင်ပါလေ။

အိပ်ရာထက်မှ လူးလဲထပြီး အိပ်ခန်းနှင့် တွဲလျက်နှင့် ကပ်လျက်ရှိသော ရေအိမ်သို့ သွားကာ တံခါးဖွင့်ရှာပြန်သည်။ အစ်ကိုအောင်ကျော်ဟိန်း မရှိ။

အိပ်ခန်းတံခါးကို ဖွင့်ကာ ဧည့်ခန်းတွင် ရှာကြည့်ပြန်သည်။ ညက လက်ထပ်စာချုပ်တွေ၊ ကွာရှင်းရန် အသစ်ထပ်ဝယ်လာသော စာချုပ်တွေ၊ ငွေတစ်သိန်း ထည့်ထားသော အစ်ကိုအောင်ကျော်ဟိန်း၏ အတာချိလက်ဆွဲသေတ္တာလေးလည်း မရှိတော့ပေ။

စားပွဲပေါ်တွင် ဘာဆိုဘာမျှ မရှိတော့။

အစ်ကိုအောင်ကျော်ဟိန်းသည် မိမိ အိပ်ရာမှ မနိုးမီသူ၏ လက်ဆွဲသေတ္တာကို ပြန်ယူထွက်ခွာသွားပြီမှ သေချာတော့သည်။

မြတ်ဆိုသည့် အမျိုးသမီးအား အစ်ကိုအောင်ကျော်ဟိန်း သွားရောက်ကြိုလေပြီ။

နောင်းငယ် နှုတ်ခမ်းကိုက်မိသည်။ အံကြိတ်မိသည်။ အိပ်ခန်းတံခါးကို ပြန်ပိတ် လိုက်ပါ၏။

အိပ်ခန်းတစ်ခုလုံးကို စေ့ဝိုက်ကြည့်လိုက်သည်။ ညကနဦးက ပြန်ပြန့်ပျူးပျူး၊ အိပ်ရာခင်းဖြူဖြူလေး တွန့်တွန့်ကြေကြေ ရှိသွားလေပြီ။

အိပ်ရာခင်းလေး တွန့်ကြေသွားသည်နှင့်အမျှ မိမိ၏ အပျိုစင်ဘဝသည်လည်း ဆုံးရှုံးသွားမေပြီ။

www.burmeseclassic.com

www.burmeseclassic.com



မတတ်နိုင်ပါလေတော့။ လူတင်ပါလို့ နွားကို ကျား ကိုက်ခဲ့ခြင်း မဟုတ်လား။

အပျိုစင်ဘဝပျက်စီးဆုံးရှုံးသွားခြင်းကို နှောင်းငယ် ဝမ်းမနည်းပါ။

တကယ့်အမှန်စင်စစ်မှာ ညကမှ မိမိ အပျိုစင်ဘဝ ဆုံးရှုံးသွားခြင်းဖြစ်သော်လည်း ပြီးခဲ့သောနှစ်က အစ်ကိုအောင်ကျော် ဟိန်းနှင့် တရားဝင် လက်ထပ်ပြီးလေကတည်းက မိမိသည် အပျိုစင် မဟုတ်တော့ဟု သတ်မှတ်ခြင်း ခံရပြီးလေပြီ။

ပြီး ယခု လွန်ကဲသွားခြင်းမှာ အခြားတစ်ပါးသော ယောကျ်ားနှင့် မဟုတ်၊ မိမိ၏ တရားဝင်လက်ထပ်ယောကျ်ားနှင့် သာဖြစ်ပေသည်။ ဒီတော့လည်း မိမိ၏ အပျိုစင် ဆုံးရှုံးမှုအတွက် ဘာဝမ်းနည်းစရာရှိတော့အံ့နည်း။

တွန့်ကြေသွားသော အိပ်ရာခင်းလေးကို ငေးကြည့် ရာမှ အိပ်ရာခုတင်ဘေးတွင် ထောင်ထားသော သုံးချောင်းထောက် စင်ဆီသို့ မျက်စိရောက်သွားသည်။

လူတစ်ရပ်သာသာမြင့်သည့် စင်ပေါ်ရှိ အရာဝတ္ထု ကို နီရဲသော ကတ္တီပါစောင်ဖြင့် အုပ်ထားသည်။

ညက ဤအခန်းထဲ ရောက်ခဲ့စဉ် မှုန်ထူနေ၍လည်း ကောင်း၊ အလင်းရောင် မလုံလောက်၍လည်းကောင်း၊ ထိုသုံးချောင်း ထောက်စင်နှင့် ကျောင်းများတွင် စာသင်ခန်း ကျောက်သင်ပုန်း လိုဟာကြီးကို နှောင်းငယ် သတိမထားမိ၊ မမြင်။ ကတ္တီပါဆောင် ကလည်း ထိုဟာကြီးကို အုပ်ထားသည်ကိုး။



နှောင်းငယ်က ကတ္တီပါအုပ်ကြီးကို ဆွဲဖယ်ပစ်လိုက် သည်။

ဘုရား ... ဘုရား ... ဘုရား ...

ကျကျနန ဆေးရောင်စုံဖြင့် ပုံတူပန်းချီရေးဆွဲထား သော လှပသည့် အမျိုးသမီးတစ်ဦး၏ ကိုယ်တစ်ပိုင်း ကိုယ်ထက် ဝက်ပန်းချီပုံကြီး ဖြစ်ပေသည်။

သို့သော် ပခုံးအောက် ရင်ဘတ်နေရာတွင် နီရဲသော ညောင်ရွက်ပုံ အသည်းကြီး ထင်ရှားစွာ နီရဲသောအရောင်ဖြင့် ဖော်ပြထားသည်။

ယင်းနီနီရဲရဲ ပေါ်တွင် တကယ့်ဓားမြှောင်ကြီးနှစ် ချောင်း စူးဝင်နေပေသည်။ ဤသို့အသည်းကို ဓားမြှောင်ကြီးနှစ် ချောင်း စူးဝင်နေသည်ကို ကြည့်ပြီး နှောင်းငယ် ဘုရားတမိခြင်း ဖြစ်ပါ၏။

ဤမိန်းမလှပန်းချီသည် မည်သူ့ပုံဟူ၍တော့ နှောင်း ငယ် မသိ။ စေ့စေ့ပါဖြင့် နှောင်းငယ် တွေးကြည့်သည်။

ယခု ငြိမ်းတည်းနိရိပ်သာသည် လူမသိ သူမသိ အစ်ကိုအောင်ကျော်ဟိန်း၏ အပိုင်ပင်ဖြစ်ပေသလား။ ဤတည်းနိ ခန်းမန်နေဂျာသည်လည်းကောင်း၊ တခြားအမှုထမ်းတွေသည်လည်း ကောင်း အစ်ကိုအောင်ကျော်ဟိန်းအား ကျိုးနွံရိုသေစွာ ဆက်ဆံ ကြသည်။

သူ ပိုင်ဆိုင်သော တည်းနိရိပ်သာမို့ အစ်ကိုအောင် ကျော်ဟိန်းအတွက် အပေါ်ဆုံးထပ်တွင် သီးသန့်ခန်းထားခြင်း ဖြစ်ပေလား။

www.burmeseclassic.com

www.burmeseclassic.com



ဒါဆိုလျှင် မိမိ၏ အပျိုဘဝ ကြွေသွားသောနေ့ရာသည် အစ်ကိုအောင်ကျော်ဟိန်း ပိုင်နေရာတွင်ပင် ဖြစ်ပါလေ၏။

အစ်ကိုအောင်ကျော်ဟိန်းပိုင် သီးသန့်ခန်း၌ ဓားမြှောင်အစိုက်ခံထားရသော ပန်းချီပုံတူကားသည် 'မြတ်'ဆိုသူ ဖြစ်မလေမလား။

မြတ်ဆိုပါလျှင် ဓားမြှောင်စိုက်ထားသူမှာ အစ်ကိုအောင်ကျော်ဟိန်းပင် ဖြစ်တန်ရာသည်။ အသည်းကို ဓားမြှောင်စိုက်ထားသော သင်္ကေတမှာ နာကြည်းခြင်းအဓိပ္ပာယ်ကို ဆောင်နေပါ၏။

ဒါဆိုလျှင် ယနေ့ရောက်လာမည်ဖြစ်သော 'မြတ်'ကို အစ်ကိုအောင်ကျော်ဟိန်းက အဘယ်ကြောင့် ဂရုတစိုက် သွားကြိုပေသနည်း။

ညက မိမိအား ချစ်သည်ဟု အူထဲအသည်းထဲက ထွက်လာသော အာဂလောင်အသံကြီးနှင့် တဖွဖွ ပြောခဲ့သော အစ်ကိုအောင်ကျော်ဟိန်းသည် နှောင်းငယ် အိပ်ပျော်နေခိုက်မှာပင် ထွက်သွားပြီး မြတ်ကို သွားကြိုနေသည်။

ဘယ်လိုကြီးပါလိမ့်။

ညက မိမိကို ချစ်သည်ဟု တဖွဖွ ပြောခြင်းမှာ သူ၏ နှလုံးသားက အစစ်အမှန် ထွက်လာသော စကားမဟုတ်ဘဲ အရက်က ထွက်လာသော စကားတွေပေလား။ ညက အစ်ကိုအောင်ကျော်ဟိန်း အရက်တော်တော်များများ သောက်သည် မဟုတ်လား။



ဟင်းခနဲ နှောင်းငယ် သက်ပြင်းချရပါ၏။

သက်ပြင်းချယုံကလွဲ၍ကော နှောင်းငယ် တခြားဘာတတ်နိုင်မည်နည်း။

ဤကိစ္စမျိုးသည် မလွန်ခင်က ဖွတ်ထိန်းမှ ... အခုလွန်သွားပြီဆိုပါလျှင်တော့ ကိုယ့်မှာက မိန်းမသား။

နှောင်းငယ် စိတ်ဒုန်းဒုန်းချလိုက်သည်။

ဝမ်းနည်းစိတ်မထားတော့။ ငိုယိုခြင်း မရှိပါလေတော့။

ဘူဖြစ်လျှင်ထု၊ ပေဖြစ်လျှင်ခံဆိုသည့် စကားအတိုင်း နှောင်းငယ် ဘဝတစ်လျှောက်လုံးဝယ် 'တူ'မဖြစ်ရပါလေခဲ့။ နှောင်းငယ်က 'တူ'ဘဝရောက်သည့်တိုင်အောင် တစ်ပါးသူကို မထုလိုပါ။

ယခု 'ပေ'ဘဝမို့ထုလျှင် ခံပေတော့သာမှတ်ယူထားလိုက်သည်။

နှောင်းငယ်သည် သူ၏ တွန့်ကြေအဝတ်များကို အတတ်နိုင်ဆုံး ဆွဲဆန့်ပြီး ၎င်းသီးသန့်ခန်းမှ ထွက်လာခဲ့ကာ သူမ၏ အခန်းဆီသို့ ဆင်းသက်လာခဲ့ပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ၁၈

ကိုယ်အခန်းပြန်ရောက်သည်နှင့် ရေအဝချိုးသည်။ တစ်ကိုယ်လုံး အေးစိမ့်သွားသည်အထိ ရေချိုးပြီးနောက် တစ်ပတ်ရစ်အဝတ်အစားကိုပင် ဝတ်သည်။

မနေ့ညက ဝတ်ခဲ့သော တက်ထရွန်အင်္ကျီအဖြူကိုလည်းကောင်း၊ ဘရာစီယာကိုလည်းကောင်း၊ လေယာဉ်မောင်မီးနီးရောင်ထဘီကိုလည်းကောင်း၊ လျှော်ဖွပ်လိုက်သည်။ လျှော်ဖွပ်ပြီး အခန်းတွင်းမှာပင် လေဝင်သော ပြတင်းပေါက်နှင့် တည့်တည့်တွင် လှမ်းထားလိုက်သည်။

ဤအဝတ်များ ခြောက်သွေ့သွားလျှင် သေချာခေါက်ပြီး ပလတ်စတစ်အိတ်တွင် ထည့်ထားမည်။ ဤဝတ်စုံကို ရာသက်ပန် ပြန်မဝတ်တော့ဟု ဆုံးဖြတ်သည်။

မိမိ၏ အပျိုဘဝကို စွန့်လွှတ်လိုက်ရသော အမှတ်တရ သက်သေအဖြစ် သိမ်းထားသည်။



နှောင်းငယ် ယနေ့ အင်္ကျီဖြူရင်စေ့ဝတ်သည်။ မိုးပြာရောင်ထဘီဝတ်သည်။ မိတ်ကပ်ပေါင်ဒါမလိမ်း၊ သနပ်ခါးပင်လိမ်းသည်။

ပြီး မနေ့ညက လုံးဝ မအိပ်ခဲ့သော မိမိအိပ်ခန်းခုတင်ထက်တွင် လဲလျောင်းလိုက်သည်။

ကိုဝဏ္ဏနှင့် ရှင်းရပေဦးမည်။

ဤကိစ္စနှစ်ခုလုံးအတွက် နှောင်းငယ်သည် ခေါင်းအေးအေးပင် ထားလိုက်သည်။

ယခုလို ဖြစ်သွားပြီးမှ နှောင်းငယ်၏ ရင်ထဲတွင် မှုပန်တာလေးတစ်ခုတော့ ရှိသည်။ မတော်တဆ နှောင်းငယ် ဗိုက်ထဲသို့ သားသားလေးဖြစ်စေ၊ မီးမီးလေးဖြစ်စေ ဝင်ရောက်ခိုအောင်းလာပါက ...

နှောင်းငယ် အပေါ်သွားဖြင့် အောက်နှုတ်ခမ်းကို ကိုက်ထားမိသည်။

"အို ... ဘာအရေးလဲ၊ ခပ်ရိုင်းရိုင်းပြောရရင် ကိုယ့်လင်နဲ့ ကိုယ်ရတဲ့ကလေးပဲ"

ဟု အားတင်းလိုက်သည်။

ဖြစ်သမျှကို ရင်ဆိုင်မည်သာ။

ညက ဖြစ်ရပ်တွင် အစ်ကိုအောင်ကျော်ဟိန်းကို နှောင်းငယ် အပြစ်မယူ၊ စိတ်မဆိုး၊ သူက အတင်းအနိုင်ကျင့်ခြင်းမဟုတ်၊ ဟိုယခင်ကတည်းက အစ်ကိုအောင်ကျော်ဟိန်းသည် မိမိအပေါ် စောင့်စည်းခဲ့သည်။ ထိုစဉ်က မိမိ ကိုယ်တိုင်ကလည်း သူ့ကို မချစ်မိသေးဘဲကိုး။

www.burmeseclassic.com



ညကတော့ မိမိ ကိုယ်တိုင်က သူ့ကို ရင်ထဲနှလုံးထဲက တကယ်ချစ်သွားခဲ့ပြီဖြစ်သည်။ ဆိုကြပါစို့။ ညက မိမိ ကိုယ်တိုင်က အလိုတူအလိုပါ။

ညကဖြစ်ရပ်အတွက် နှောင်းငယ် ဝမ်းမနည်းပါ။ နောင်တလည်း မရပါ။

သူက မိမိကို တကယ်နှလုံးသားထဲက ချစ်သည်ဆိုခြင်းကိုတော့ ယခုမှမဟုတ် ပြီးခဲ့သောနှစ်က လက်ထပ်ခဲ့သည်အထိ ယုံကြည်မိသည်။

သို့သော် ...

ယခု သူ ဘာအပေါက်ချိုးသွားလေသနည်း။ အကယ်၍ မြတ်ကို မကြိုလျှင်မဖြစ်သောကြောင့် သွားကြိုရပါသည်ဆိုပါက မိမိကို အိပ်ရာမှ နှိုးပြီး ပြောသွားဖို့ကောင်းသည်။ မနေ့က သူနှင့် မိမိသည် လင်နှင့်မယား ဖြစ်သွားခဲ့ကြပြီ မဟုတ်လား။

ယခု သူ လုပ်သွားပုံမှာ ဘာသဘောနည်း၊ ဘာပုံစံနည်း။

ညကပွဲတွင် သူ အောင်နိုင်သွားပြီ၊ ဒီလောက်အဖြစ်သည်းတဲ့ မိန်းမ၊ သူ့ဟာသူနေခဲ့တော့ဟု နာကြည်းစိတ်နှင့် တိတ်တိတ်ခွာသွားခြင်းပေလား။

"ကလင် ... ကလင် ... ကလင်"

တယ်လီဖုန်းလာသည်မို့ အတွေးကြောရှည်ကြီးကို ဖြတ်ကာ ကောက်ယူနားထောင် အသံပြန်ပေးလိုက်သည်။



"အောက်ထပ်ဧည့်ခန်းမှာ မနှောင်းငယ်ငယ်ရဲ့ ဧည့်သည်ရောက်နေပါတယ်၊ မနှောင်းငယ်ငယ်ကို စောင့်နေပါတယ် ကိုဝဏ္ဏတဲ့"

မဆိုင်းမတွပင် နှောင်းငယ် ပြန်ပြောပါ၏။

"ဟုတ်ကဲ့ပါ၊ အခုပဲ ဆင်းလာပါ့မယ်"

နှောင်းငယ် ဖုန်းပြန်ချလိုက်သည်။

တွေ့ရမှာတော့ ဝန်လေးသည်။

သို့သော် ရှောင်နေ၍ရကောင်းသည့်မဟုတ်၊ လာမည့်ဘေး ပြေးတွေ့လိုက်မည်။

အောက်ထပ်ဧည့်ခန်းတွင် မှုန်ကုပ်ကုပ်နှင့် ကိုဝဏ္ဏ ထိုင်စောင့်နေတာကို တွေ့ရသည်။

မြင်ရုံနှင့်ဝင် ကိုဝဏ္ဏ မျက်နှာမကောင်းကြောင်း သိသာစေသည်။ ခရီးပန်းလာ၍ ဖြစ်ချင်ဖြစ်မည်။ ဒါမှမဟုတ် သူ၏ တပည့်လူတွေမှ နှောင်းငယ်နှင့် အောင်ကျော်ဟိန်း အဖြစ်တွေကို သက်ာမကောင်းဖွယ် တွေ့ရှိရကြောင်း ပြန်ပြောသည်ကို ကြားခဲ့၍ ဖြစ်ကောင်းဖြစ်မည်။

"ကိုဝဏ္ဏ ဒီနေ့မနက်မှ ပြန်ရောက်လာတာ ထင်တယ်"

"ဟုတ်တယ်၊ ဟိုတောင်ပိုင်းအစေးက လိမ္မော်ခြံတွေကို မသမာသူတစ်သိုက် ဝင်ရောက်ဖျက်ဆီးတယ်၊ အဲဒီကို ကျွန်တော် လိုက်သွားဖြေရှင်းနေရလို့၊ မနေ့ညက နှောင်းငယ် ကျွန်တော့်ကို နှစ်ခါတောင် ဖုန်းဆက်ခေါ်တဲ့ကိစ္စက ဘာများလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဪ ... အစ်ကို ... အဲ ... ဦးအောင်ကျော်ဟိန်းက ကိုဝဏ္ဏနဲ့ တွေ့ချင်သေးတယ်တဲ့၊ ကိုဝဏ္ဏနဲ့ တွေ့ဆုံပြီးမှ ကွာရှင်းခွင့်ကို လက်မှတ်ထိုးပေးမယ်တဲ့၊ ဒါကြောင့် မနေ့ညက ဒီမှာ ညစာစားရင်း တွေ့ဆုံကြဖို့ ကိုဝဏ္ဏကို ခေါ်တာပါ"

ဪ ... ဒီလိုတဲ့လား ...

ကိုဝဏ္ဏက ပြုံးကျဲကျဲအမူအရာ ပြောပုံက ခနဲ့သံပါပါ ပြန်ပြောသည်။ ကိုဝဏ္ဏပြုံးပုံမှာ တစ်မျိုးကြီးဟု နှောင်းငယ် ရိပ်စားမိပါ၏။

"ဒါဆိုလည်း ဒီနေ့ ပြန်ချိန်းပေါ့၊ သူနဲ့ နှောင်းငယ်က အချိန်မရွေး ချိန်းလို့ရနေတာပဲ"

နှောင်းငယ်က ဦးခေါင်းယမ်းပြပါ၏။ ပြီး ဖြည်းလေး ညင်သာစွာပင် တစ်ခွန်းချင်း ပြောလိုက်သည်။

"ဘယ်သူနဲ့မှ နှောင်းငယ် ထပ်ချိန်းစရာမရှိတော့ပါဘူး ကိုဝဏ္ဏ"

"ဆိုပါဦး"

"နှောင်းငယ် ရန်ကုန်ပြန်တော့မယ်၊ အစ်ကို ... အဲလေ ဦးအောင်ကျော်ဟိန်းဆီကလည်း ကွာရှင်းခွင့် ထပ်မတောင်းတော့ဘူး၊ နှောင်းငယ် ယတိပြတ် ဆုံးဖြတ်လိုက်ပြီ ကိုဝဏ္ဏ"

"အဲဒီလို ဆုံးဖြတ်တာ မနေ့ညကပဲ မဟုတ်လား"

ကိုဝဏ္ဏ၏ ပြန်မေးသံထဲတွင် သရော်ခနဲ့သံပါဝင်နေပါ၏။ ပြီး ဆက်ပြောသည်။



"မနေ့က ညဦးပိုင်း ခုနစ်နာရီမှာ ကိုအောင်ကျော်ဟိန်းဟာ သူ့လင်ဆာကားကြီးနဲ့ ရောက်လာပြီး သူ့ကားကို ဒီတည်းခိုရိပ်သာဆင်ဝင်အောက်မှာ ရပ်ထားတာ တစ်ညလုံး နေရာမရွေ့ဘူး၊ မနက်ခြောက်နာရီကျမှ ပြန်ခေါင်းထွက်သွားတယ်၊ အဲ ... ဒီနေ့မနက် ကျွန်တော် ပြန်ရောက်မှ နောက်ဆက်တွဲ ထပ်ပြီး သိတာက ဒီငြိမ်းတည်းခိုရိပ်သာဟာ ကိုအောင်ကျော်ဟိန်း ပိုင်တာပဲ၊ တောင်ကြီးကို ပြန်ရောက်လာပြီးမှ အေးအေးဆေးဆေး တည်းခိုချင်တဲ့သူတွေအတွက် ဖွင့်ထားတာတဲ့၊ ထင်းရှူးမြိုင်ဟိုတယ်ကတော့ ပွပွဆူဆူ သောက်သောက်စားစား ဧည့်သည်တွေအတွက်တဲ့"

နှောင်းငယ် မအံ့သြပေ။ တည်းခိုရိပ်သာသည် ဦးအောင်ကျော်ဟိန်းပိုင်ဖြစ်ကြောင်း မိမိ ကိုယ်တိုင် ရိပ်မိပြီးသောကြောင့် ဖြစ်ပါ၏။

"အင်းပေါ့ နှောင်းငယ်၊ တခြားဧည့်သည်တွေအတွက်တော့ ဒီတည်းခိုရိပ်သာဟာ အေးအေးဆေးဆေး စည်းကမ်းရှိရှိပေါ့၊ သူ့အတွက်ကျတော့ ငါ့အပိုင်၊ ငါ့ပစ္စည်း၊ ငါ့ဟာငါ တစ်ညလုံးအိပ်သွားတော့ကော ဘာအရေးလဲဆိုတဲ့ အပေါက်ချိုးသွားတာပေါ့"

ကိုဝဏ္ဏ၏ စကားလေသံသည် ညအိပ်သွားသော အစ်ကိုအောင်ကျော်ဟိန်းနှင့် နှောင်းငယ်အပေါ်တွင် သံသယရှိကြောင်း ထွက်ဆိုလာပေသည်၊

www.burmeseclassic.com

www.burmeseclassic.com



နှောင်းငယ်က "ဟုတ်တယ်၊ မနေ့ညကပဲ အစ်ကိုနဲ့ နှောင်းငယ် ညားသွားတယ်"ဟု ပြောချလိုက်ချင်သည်။

သို့သော် မိန်းမသားဖြစ်နေသောကြောင့် ဤသို့ ထုတ်ထွက်မကြွမ်းရဲ။ အစ်ကိုအောင်ကျော်ဟိန်း ဤမျှ တစ်ညလုံး ရှိနေကြောင်း ကိုဝဏ္ဏ၏ ရှဲဒိုးတွေက ပြန်ပြောထားပြီး ဖြစ်ဟန်တူပါ၏။

"ကျွန်တော် ဆက်စပ်ပြီး တွေးကြည့်တာပေါ့ နှောင်းငယ်၊ ညက ကိုအောင်ကျော်ဟိန်း ဒီမှာ တစ်ညလုံး မိုးလင်းနေသွားတယ်၊ အခုတစ်ခါ နှောင်းငယ်ကလည်း သူ့ဆီက ကွာရှင်းခွင့်မတောင်းသေးဘူး၊ ကျွန်တော့်ကိုလည်း လက်မထပ်ဘူးဆိုတော့ အင်း ... နှောင်းငယ်တို့ဟာက ဟုတ်ကြသေးရဲ့လားဆိုတဲ့အတွေး ..."

"ဆက်စပ်ပြီး တွေးမနေနဲ့တော့ ကိုဝဏ္ဏ၊ အဲဒီအတိုင်း ဟုတ်ကို ဟုတ်တယ်"

"ဗျာ"

နှစ်ဦးစလုံး ဘာမှ ဆက်မပြောဖြစ်တော့ဘဲ ခေတ္တငြိမ်နေပြီးမှ ကိုဝဏ္ဏက ဆက်၍ ပြောသည်။

"ရန်ကုန်တုန်းက မမသူဇာရဲ့ အိမ်မှာ ကျွန်တော် နှောင်းငယ်ကို ပြောခဲ့ဖူးပါတယ်နော်၊ ကားတိုက်ခံရတဲ့ လူကို ငေးတာကိုး အတိုက်ခံရမှာပေါ့လို့ အပြစ်တင်လို့ ရတယ်၊ မိုးကြိုးအပစ်ခံရတဲ့လူကျတော့ အဲဒီလို အပြစ်တင်လို့ မရဘူးဆိုတဲ့စကားလေ"



နှောင်းငယ် ပြုံးပါ၏။

"နေပါဦး ကိုဝဏ္ဏ၊ အခု နှောင်းငယ်က အစ်ကိုအောင်ကျော်ဟိန်းနဲ့ ဖြစ်သွားပြီးမှ မဟုတ်ပါရပါဘူး၊ ဘာမှ မဖြစ်ပါဘူးလို့ လိမ်ညာပြီး ကိုဝဏ္ဏနဲ့ပဲ လက်ထပ်ကြပါစို့လို့များ တစ်ခွန်းပြောမိသလား ကိုဝဏ္ဏ"

ကိုဝဏ္ဏ ဘာပြန်ပြောရမည်မှန်း မသိ။

"ဝေးသေး ကိုဝဏ္ဏ၊ ဟောဒီတောင်ကြီးကို ရောက်ပြီးမှ နှောင်းငယ်က ကိုဝဏ္ဏကို ပြောခဲ့တဲ့စကားတစ်ခွန်း ရှိပါတယ်၊ နှောင်းငယ် ကိုယ်တိုင်က တစ်ယောက်ယောက်နဲ့ အလိုတူပြီးမှဆိုရင် နှောင်းငယ်အတွက် နောက်ထပ် တစ်ယောက်ဆိုတာ ရှိကိုမရှိစေရဘူးဆိုတဲ့ စကားလေ၊ ကိုဝဏ္ဏ မှတ်မိမှာပါ"

"ဟာ ... အဲဒီစကားကို ကျွန်တော် မှတ်မိတာပေါ့၊ ဒါပေမဲ့ အဲဒီနှောင်းငယ်ရဲ့ စကားကို ကျွန်တော် အမိပ္ပာယ် ကောက်ခဲ့တာက ကျွန်တော့်ကို နှောင်းငယ် လက်ထပ်ဖို့ သဘောတူပြီးပြီမို့ ကိုအောင်ကျော်ဟိန်းနဲ့ ဘာမှ မဖြစ်စေရဘူးလို့ အဓိပ္ပာယ်ကောက်ခဲ့တာ"

"ဒါ ... ကိုဝဏ္ဏ အဓိပ္ပာယ်ကောက်လွဲမှားတာပဲ၊ ကိုဝဏ္ဏကို လက်ထပ်ဖို့ကို နှောင်းငယ်ရဲ့ ဦးနှောက်က ဆုံးဖြတ်စေတာပဲ၊ နှောင်းငယ်ရဲ့ နှလုံးသား မပါသေးဘူးဆိုတာ ကိုဝဏ္ဏ သိထားပါနော်"

"ဒါဆိုရင် ညက ... ညက"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ကိုဝဏ္ဏ၊ ညကကိစ္စဟာ အစ်ကိုအောင်ကျော်ဟိန်းက အနိုင်ကျင့်တာ လုံးဝ မဟုတ်ဘူး၊ နှောင်းငယ်ကိုယ်တိုင်က အစ်ကိုအောင်ကျော်ဟိန်းကို ရင်ထဲနှလုံးထဲက ချစ်မိလို့ ဖြစ်သွားကြတာပါ၊ ဒါကြောင့်လည်း ကိုဝဏ္ဏကို နှောင်းငယ် ဘယ်တော့မှ လက်မထပ်တော့ဘူးလို့ ဆုံးဖြတ်ပြီးသားပါ"

ကိုဝဏ္ဏသည် မျက်နှာ လက်ဝါးအုပ် ခေါင်းခါရင်း ညည်းတွားစကားဆိုပေသည်။

"ကျွန်တော့်ရင်ထဲ မရှင်းဘူးဗျာ၊ ကျွန်တော်နဲ့ နှောင်းငယ် လက်ထပ်ဖို့ကိစ္စကို ပျက်သွားပြီပဲ ထားပါတော့၊ ကျွန်တော်ဟာ နှောင်းငယ်ရဲ့ ပထမချစ်သူ ကိုဇာနီအောင်လိုတော့ စိတ်ထားမရိုင်းပါဘူး၊ ဒါပေမဲ့ နှောင်းငယ်ကိုယ်တိုင်က ကိုအောင်ကျော်ဟိန်းကို နှလုံးသားနဲ့ ချစ်သွားပြီဆိုတော့လည်း ကျွန်တော်နဲ့ ဇာတ်လမ်းရပ်သွားပြီပေါ့ဗျာ၊ ဒါပေမဲ့ ကျွန်တော် တစ်ခုတော့ မေးပါရစေ"

"မေးပါ ကိုဝဏ္ဏ"

"ကိုအောင်ကျော်ဟိန်းက နှောင်းငယ်ရဲ့ အစကတည်းက တရားဝင် လက်ထပ်ယောက်ျားပဲ၊ အခု နှောင်းငယ်ကိုယ်တိုင်က သူ့ကို ချစ်တာမို့ လိုက်လျောပြီးမှ နှောင်းငယ်က ဘာလို့ ရန်ကုန်ကို ပြန်မှာလဲ"

"အဲဒီ ကိုဝဏ္ဏရဲ့ မေးခွန်းကို နှောင်းငယ် မဖြေပါဘူး ကိုဝဏ္ဏ၊ ဘယ်သူမေးမေး ဖြေမှာ မဟုတ်ပါဘူး"



"ဘာလို့လဲ၊ လက်ထပ်ပြီး ကင်းရှင်းခဲ့ရာက ညကမှ ကိုအောင်ကျော်ဟိန်းက အပိုင်ထုသွားတဲ့ သဘောမို့လား"

ဒီစကားကြောင့် နှောင်းငယ်၏ ရင်ထဲတွင် နင့်ခနဲ ဖြစ်ပါရ၏။ ဝဲတက်လာသော မျက်ရည်ကို ဖွတ်သိမ်းပစ်လိုက်သည်။

"နှောင်းငယ်မှာ အဖြေမရှိပါဘူးလို့ ပြောပြီးပါပြီ ကိုဝဏ္ဏ"

"တောက်"

ဘယ်လိုရည်ရွယ်ချက်မှန်းတော့ မသိ၊ ကိုဝဏ္ဏထံမှ ပြင်းထန်သော တောက်ခေါက်သံ ထွက်လာပေသည်။

"ထားပါတော့လေ၊ နှောင်းငယ် ကိုယ်တိုင်က အခု ကိုယ့်ယောက်ျားကို ကိုယ့်ရင်ထဲက ပြန်ချစ်သွားပြီပဲလို့၊ ကဲ ... ဒါဆို အခု နှောင်းငယ်ကို ကျွန်တော် ဘာကူညီပေးရမလဲ"

နှောင်းငယ်က သူမ၏ လက်ကိုင်ပိုက်ဆံအိတ်ကို ဖွင့်လိုက်သည်။

"ရန်ကုန်ပြန်ဖို့ လေယာဉ်လက်မှတ်တစ်စောင် နှောင်းငယ်အတွက် ဝယ်ပေးပါ ကိုဝဏ္ဏ၊ အမြန်ဆုံးရက်နေ့အတွက် ဘွတ်(ခ်)လုပ်ပြီး ဝယ်လာပေး"

"အမြန်ဆုံးရအောင် ကျွန်တော် ကြိုးစားဝယ်ပါ့မယ်၊ လေယာဉ်ခပိုက်ဆံပေးဖို့ မလိုပါဘူး၊ တော်ကြီးကို ခေါ်လာတာ ကျွန်တော်ပဲဟာ၊ အခု နှောင်းငယ်ကို ရန်ကုန် ပြန်ပို့ပေးဖို့ ကျွန်တော့်ရဲ့ တာဝန်ပါ၊ ကဲ ... ကျွန်တော် သွားမယ်၊ လေယာဉ်လက်မှတ်ကို ပထမဆုံးစောနိုင်တဲ့နေ့စွဲနဲ့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် ဝယ်လာပေးပါမယ်၊ ကဲ ... ကျွန်တော်သွားမယ် နှောင်းငယ်"

နှောင်းငယ် ခေါင်းညိတ်ပြသည်။ ကိုဝဏ္ဏကို ငေးကြည့်ရင်း ခြော် ... ယောကျ်ားဆိုသည်မှာ ဒီလိုရှိချည်းပါလား ဟု သံဝေဂယူလိုက်ရင်း နှောင်းငယ် ပြုံးလိုက်မိသည်။

ကိုစာနီအောင့်တုန်းကလည်း အစ်ကိုအောင်ကျော်ဟိန်းနှင့် လက်ထပ်ပြီးသွားပြီ၊ သို့တစေ မုံ့တစ်ပေါက် မစွန်းပါဟု အတန်တန်ရှင်းပြခဲ့ပါလျက် တီကောင်ဆားထိသလို တွန့်လိမ်သွားသည်။ မယုံနိုင်ရေးချမယုံ။ တရားဝင် လက်ထပ်ပြီးမှတော့ မငြိစွန်းဘူးဆိုတာ ယုံနိုင်စရာမရှိ။ မသဒ္ဒါတော့ပါဟု ဆိုကာ ထွက်ခွာပြေးသွားသည်။ ထိုကိုစာနီအောင်သည် ယောကျ်ား။

ယခု ဒုတိယ ကိုဝဏ္ဏ။

ရန်ကုန်တွင် တွေ့ဆုံစကတည်းက နှောင်းငယ်အား ချစ်လှချည်ရဲ့၊ မမသူဇာထံမှ နှောင်းငယ်မှာ မပြေးသော်ကန်ရာရှိ ဖြစ်ခဲ့မိသမျှ အားလုံး သိပြီးပါပြီ။ သူသည် ကိုစာနီလို လူစားမဟုတ်၊ နှောင်းငယ်ကို သံယသကင်းသည်။ ထို့ကြောင့် ကိုအောင်ကျော် ဟိန်းနှင့် ကွာရှင်းပါက နှောင်းငယ်ကို တရားဝင် လက်ထပ်ချင် လှပါသည်ဟု ကြုံးဝါးပြီး တောင်ကြီးသို့ အပါခေါ်လာသည်။

ညက နှောင်းငယ်သည် အစ်ကိုအောင်ကျော်ဟိန်းနှင့် ငြိစွန်းသွားပါပြီဟု နှောင်းငယ်ကိုယ်တိုင်က မလိမ်မညာ ဖွင့်ဟ ဝန်ခံလိုက်သည်နှင့် ကိုဝဏ္ဏသည် နှောင်းငယ်အား မရမနေ လက်ထပ်ချင်လှပါသည် ဆိုသည့်စကား တစ်ခွန်းမှ ထပ်မဆိုလေ



တော့ဘဲ သူ့ အတတ်နိုင်ဆုံး ကူညီပေးပါမည်ဟုသာ ပြောကာ လေယာဉ်လက်မှတ် ဝယ်ပေးရန် ထွက်ခွာသွားသည်။ တော့ခိုင်း သွားသည်။

အင်းပေါ့လေ။ ကိုဝဏ္ဏသည်လည်း ယောကျ်ားသား တစ်ဦးပင်မဟုတ်လား။

နှောင်းငယ် တစ်လောကလုံးကို ပြုံးပြလိုက်ပေသည်။ ရင်ကိုကော့ပြီး ရင်ဆိုင်မည်သာ။

နှောင်းငယ်သည် တစ်လောကလုံး ရင်ဆိုင်မည်ဟု ရင်ကော့လိုက်ခြင်းမှာ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးကိစ္စများ တွင် မဟုတ်။

အချစ်ရေး၌သာ ယောကျ်ားဆိုသည်မှာ ဒီလို တွေချည်းပါလားဟု မှတ်ယူသဖြင့် ရင်ကော့ရင်ဆိုင်လိုက်ခြင်းပါ သတည်း။

www.burmeseclassic.com

www.burmeseclassic.com



## ၁၉

ရန်ကုန်ပြန်သွားလို့ ရောက်ပြီဆိုပါတော့။

မမမြင့်နှင့် မမသူဇာကို မိမိ၏ ဖြစ်ကြောင်းကုန်စင်ကို ဘယ်လို ရှင်းပြရပါ့။

မိမိအပေါ်တွင် တခြားပတ်ဝန်းကျင်တစ်ခုလုံးက ထင်ချင်သလိုထင်ပါစေ၊ နှောင်းငယ် ခံနိုင်ရည်စွမ်း ရှိပါ၏။ ကြိုက်သလို ဝေဖန်ပါ။

သို့သော် ...

မမမြင့်နှင့် မမသူဇာ မိမိအပေါ် အထင်သေး၊ အထင်[illegible]သည်ကိုတော့ နှောင်းငယ် တကယ်စိုးရိမ်ပါ၏။ မိမိအပေါ်တွင် သူတို့နှစ်ဦးစလုံးသည် ချစ်ကံခေသော မိန်းကလေးဟု ယူမှတ်ကာ ကရုဏာတွေ ထားခဲ့ကြသည်။

ယခု အစ်ကိုအောင်ကျော်ဟိန်းနှင့်လည်း ငြိစွန်းသည်။ ကိုဝဏ္ဏနှင့်လည်း လက်မထပ်၊ အစ်ကိုအောင်ကျော်ဟိန်းနှင့်လည်း



ဆက်၍မပေါင်းသင်းဆိုခြင်းကို မမမြင့်နှင့်မမသူဇာ အဘယ်သို့ ကောက်ချက်ချပေမည်နည်း။

ကိုယ့်ဝမ်းနာ ကိုယ်သာအသိဆုံး။

မိမိအနေနှင့် ဒီလိုဖြစ်သွားပြီးမှတော့ ဆက်ပြီး ပေါင်းသင်းကြပါစို့ဟု အစ်ကိုအောင်ကျော်ဟိန်းအား အနူးအညွတ် တောင်းပန်လေမည်လား။ ဝေးသေး။

ဤသို့ အနူးအညွတ် ပြောသင့်သည့်မှာ မိမိမဟုတ်၊ အစ်ကိုအောင်ကျော်ဟိန်းကသာ မိမိကို အနူးအညွတ် ပြုသင့်သည်ဟု နှောင်းငယ် ခိုင်မာစွာ ယူဆသည်။

ယခုတော့ အစ်ကိုအောင်ကျော်ဟိန်း ပြမှုပုံမှာ ပွဲပြီးသည်နှင့် ဖျာကို ထားခဲ့ကာ ရုံထဲမှ ထွက်သွားသူနှင့် တူလှလေသည်။

မိမိနှင့် အစွမ်းကုန် ငြိစွန်းပြီးကာမှ အလျားဖားလျားမြတ်ကို သွားကြိုဖို့ မိမိကို ပစ်ထားခဲ့သည်မှာ ရင်ထဲတွင် ခံပြင်းလွန်းရပါလေ၏။ နာကြည်းရတော့သည်။

လိုချင်လွန်းလှချည်ရဲ့ဟု ငိုယိုပူဆာသဖြင့် ဝယ်ပေးလိုက်သောအရုပ်ကို လွှင့်ပစ်လိုသော ကလေးဆိုးတစ်ယောက်နှင့် အစ်ကိုအောင်ကျော်ဟိန်း ဘာကွာခြားတော့သနည်း။

ထားပါတော့လေ၊ ကိုယ်က ချစ်မိမှတော့ ဒီလောက်တော့ ခံပေဦးတော့ပေါ့။

ကိုဇာနီအောင်နှင့် ပထမအကြိမ် အသည်းကွဲစဉ်က ကိုဇာနီအောင်၏ အပြစ်ဟုသာ ထားလိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ယခု ဒုတိယအကြိမ် အစ်ကိုအောင်ကျော်ဟိန်းနှင့် အသည်းကွဲရသည်ကတော့ မိမိ၏ မိုက်ပြစ်။

သန်ဘက်ခါမွန်းလွဲ သုံးနာရီတွင် ထွက်မည့်လေယာဉ် လက်မှတ်ဖယ်ယူရရှိခဲ့ကာ ကိုဇေယျာသည် ညနေ (၆)နာရီတွင် လေယာဉ်လက်မှတ် လာပေးသည်။

ကိုဇေယျာက သူ့ကားနှင့် သန်ဘက်ခါ မွန်းလွဲ(၁)နာရီတွင် နှောင်းငယ်ကို လာကြိုပြီး ဟဲဟိုးလေဆိပ်ကွင်း လိုက်ပို့ပေးမည်ဟုပြောကာ ပြန်သွားသည်။ ဖင်ပူအောင်ပင် မထိုင်ပါလေတော့။

ဤမျှ ဆောင်ရွက်ပေးသည်ကိုပင် ကိုဇေယျာအား နှောင်းငယ် ကျေးဇူးတင်ပါ၏။

ဒီနောက်မှာတော့ သန်ဘက်ခါ မွန်းလွဲပိုင်းအထိ ဤတည်းခိုခန်း၌ နှောင်းငယ် နေရပေဦးမည်။

တည်းခိုခန်းမှာနေရင်း နှောင်းငယ်သည် ဖုန်းသံထွက်လာမည်လားဟု နားစွင့်မိသည်။

တောင်ကြီးတွင် မိမိထံ ဖုန်းဆက်မည့်သူနှစ်ဦးသာ ရှိပါ၏။ ကိုဇေယျာနှင့် အစ်ကိုအောင်ကျော်ဟိန်းနှစ်ဦးပါပေ။

ကိုဇေယျာ မိမိထံ ဖုန်းဆက်တော့မည် မဟုတ်သည်က တော့ သေချာသည်။ ဒါဆို ဖုန်းလာလျှင် အစ်ကိုအောင်ကျော်ဟိန်း ထံမှသာ။

သို့သော် ယနေ့ညနေ စောင်းသွားပြီ ကိုဇေယျာက သာ လေယာဉ်လက်မှတ် လာပေးသွားသည်။ အစ်ကိုအောင်ကျော် ဟိန်းထံမှ ဖုန်းမလာပါလေ။



“အို ... ငါကလေယာဉ်လက်မှတ်တော့ ဝယ်ထားပြီးပြီဟာ၊ သူ့ဆီက ဖုန်းဘာလို့ မျှော်နေဦးမှာလဲ၊ တင်းစမ်း မိနှောင်း၊ ပြတ်သားပစ်လိုက်စမ်း၊ ဇဝေဇဝါတွေ လုပ်မနေနဲ့တော့”

ဟု ကိုယ့်ကိုယ်ကိုယ် ပြန်သတိပေးရသည်။

ည(၉)နာရီတွင် လှမ်းထားသည့် မနေ့က ဝတ်ဆင်ခဲ့သော အင်္ကျီဖြူ၊ ဘရာစီယာ မီးခိုးရောင်ထဘီများ ခြောက်သွေ့သွားပြီမို့ တစ်ခုစီကို သေချာပေါက်ခေါက်ကာ ပလတ်စတစ်အိတ် တစ်ခုတွင် ထည့်သည်။

စာရွက်လွတ်တွင် မင်နီရောင်ဆော့(ဖ်)ပင်ဖြင့် မနေ့ညက နေ့စွဲ၊ နာရီ၊ လ၊ ခုနှစ်တို့ကို ကမ္ဘည်းတင် ရေးသားပြီး၊ မိမိရင်ထဲမှာရော ဦးနှောက်ထဲမှာရော ရှိနေသော စကားလုံးလေးများကို ဆက်၍ ရေးသားလိုက်သည်။

“အိုချင်လှပြင် ခဏလေး”

“ပို့ချင်လျှင် တစ်ဘဝစေး”

“အိုသွားပြီ”

“နှောင်းဘဝကျမှ ပြန်ပို့တော့မည်”

ယင်းကမ္ဘည်းစာတန်းတွေပါ စာရွက်ကို ပလတ်စတစ်အိတ်မှာပင် မြင်သာအောင်ထည့်ပြီး ဖယောင်းတိုင်မီးညွန့်လေးဖြင့် ပလတ်စတစ်အိတ် အပွင့်ပိုင်းကို အသေပိတ်လိုက်သည်။

ပြီး ... ရန်ကုန်ပြန်ဖို့အတွက် အခန်းထဲရှိ မိမိပစ္စည်း အားလုံး တိုလီမိုလီပါမကျန် လိုက်လံသိမ်းဆည်းပြီး ဆွဲအိတ်ထဲသို့ ထည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနှင့် ဗစ္စည်းအားလုံးသိမ်း ညဆယ်နာရီသာထိုး သွားသည်။ ဘယ်ကမျှ ဖုန်းမလာပေ။

နောင်းငယ်သည် အိပ်သင့်သောအချိန် ရောက်ပြီမို့ အိပ်ရာထက်တွင် လှဲအိပ်ချလိုက်ပေတော့သည်။



## ၂၀

စိတ်နှလုံး ခုန်းခုန်းချလိုက်သည်မို့လား မသိ၊ ညက နောင်းငယ် အိပ်ပျော်သွားပြီး နိုးနေကျ နံနက်(၆)နာရီတွင် နိုးလာသည်။

စိတ်အေးလက်အေးပင် ရေချိုးခန်းတွင် ရေပူစပ်ပြီး အားရပါးရ ရေချိုးသည်။ ကိုယ်လက်သန့်စင်သည်။ တစ်ပတ်ရစ် အဝတ်သန့်တို့ကို လဲလှယ်ဝတ်သည်။

မနေ့က ဟုတ္တိပတ္တိ မစားဖြစ်။

ယခု အောက်ထပ်ဆင်းပြီး ကော်ဖီ ပေါင်မုန့် ကြက်ဥကြော်လေး စားသောက်မည်ဟု စိတ်ကူးစဉ်မှာပင် အခန်းထဲမှ တယ်လီဖုန်းသည် ကလင်၊ ကလင် မြည်လာသည်။

နောင်းငယ် ကောက်ယူနားကပ်ပြီး ဟဲလို သံပြန်မေး လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မန်နေဂျာပါ၊ အောက်ထပ်ဧည့်ခန်းမှာ မနောင်းငယ်ကို တွေ့ချင်တဲ့အမျိုးသမီးဧည့်သည်တစ်ယောက် ရောက်နေပါတယ်"

"ဘယ်သူတဲ့လဲရှင်"

"သူ့နာမည်ကို မပြောပါဘူး၊ မနောင်းငယ်ငယ်ကို သူ သိပါတယ်တဲ့၊ မနောင်းငယ်ငယ်ကလည်း သူ့ကို မြင်တာ နဲ့ သိမှာပါတဲ့"

"ဟုတ်ကဲ့ ... ကျွန်မ ဆင်းလာပါမယ်"

ဘယ်သူများပါလိမ့်ဟူသော အတွေးဖြင့်ပင် နောင်းငယ် အောက်ထပ်သို့ ဆင်းလာခဲ့သည်။

ဧည့်ခန်းထဲဝယ် ဆံတိုဆံကောက် အသားဖြူဖြူ အမျိုးသမီးကို တွေ့ရသည်။ နောင်းငယ် ဝင်လာသည်နှင့် ထိုအမျိုး သမီးက ထိုင်ရာမှ ထရပ်ကာ ပြောပါ၏။

"လာပါ မနောင်းငယ်၊ ကိုယ်က လှစီပါ၊ ဟိုတစ်နေ့က ကိုယ်နဲ့ ကိုကျော် လင်မယားနဲ့ ထင်းရှူးမြိုင်ဟိုတယ်ထဲ ဝင်လာတော့ တံခါးဝမှာ မနောင်းငယ်ကို တွေ့ဖူးထားတယ် လေ၊ နောက်ပြီး ကိုကျော်က နောင်းငယ်၊ နောင်းငယ်နဲ့ တဖွဖွ ခေါ်သံကြားတော့ ညီမရဲ့ နာမည်ဟာ နောင်းငယ် လို့ ကိုယ် အမှတ်ရထားပါတယ်"

လှစီကိုလည်း နောင်းငယ်က မှတ်မိပါ၏။

နှစ်ဦးစလုံး ဧည့်ခန်းတွင် ထိုင်လိုက်ကြသည်။

"နောင်းငယ်ကို မလှစီ ပြောစရာတစ်ခုခု ရှိပြီထင်တယ်"



"ဟုတ်ပါတယ်၊ ကိုကျော်နဲ့ ပတ်သက်လို့ပေါ့"

ကိုကျော်ဆိုသည်မှာ အစ်ကိုအောင်ကျော်ဟိန်းကို မလှစီ ခေါ်သော့နာမ်စား ဖြစ်မှန်း နောင်းငယ် သဘောပေါက် လိုက်ပေသည်။

ယခုတလော အစ်ကိုအောင်ကျော်ဟိန်းက မလှစီကို ပစ်ပယ်ထားပြီး မိမိနှင့် တစ်တွဲတွဲ ဖြစ်နေသည်ကို မလှစီ မကျေ နပ်သောကြောင့် လာပြောခြင်းလေလား။

"နောင်းငယ်မှာတော့ အစ်ကိုအောင်ကျော်ဟိန်းနဲ့ ပတ်သက် လို့ ဘာစကားမှ မရှိပါဘူး မလှစီ"

"ဒီလိုလည်း အပြတ်မပြောနဲ့လေ"

နောင်းငယ်က သူမ၏ ပိုက်ဆံအိတ်ထဲမှ လေယာဉ် လက်မှတ်ကို ထုတ်ပြလိုက်သည်။

"နောင်းငယ် နက်ဖြန် ရန်ကုန်ကို ပြန်တော့မှာပါ မလှစီ၊ အဲ ... တောင်ကြီးကိုလည်း ဘယ်တော့မှ ပြန်လာမှာ မဟုတ်တော့ပါဘူး"

"အိုး ... တကယ်"

နောင်းငယ်က ခေါင်းညိတ်ပြသည်။

ဝမ်းသာဖွယ်ရာ (လ်)အံ့သြစရာပေပဲဟု မလှစီက ရေရွတ် လိုက်သည်။ ပြီး မြန်မာလိုပင် ဆက်ပြောသည်။

"ကိုကျော်နဲ့ ညီမတို့ မပြေလည်ကြဘူးလား"

"နောင်းငယ် တောင်ကြီးကို လာတာကိုက ဦးအောင်ကျော် ဟိန်းနဲ့ ပြေလည်ဖို့လာတာ မဟုတ်ပါဘူး ပြေလည်စေအောင် လုပ်ဖို့ လာခဲ့တာပဲ မလှစီ"

www.burmeseclassic.com



လူစီက ဦးခေါင်းခါယမ်းပြသည်။

"ညီမက သိပ်ပြတ်တယ်နော်၊ ကိုကျော့်ကို သနားဖို့ကောင်းပါတယ်၊ ကိုကျော်က ညီမကို သိပ်ချစ်ရှာတယ်"

နှောင်းငယ် အံ့ဩမိပါ၏။ ယခု မလူစီ လာရောက်ခြင်းသည် အစ်ကိုအောင်ကျော်ဟိန်းက မလူစီကို ပစ်မှယ်ထားပြီး မိမိ နှောင်းငယ်နှင့်သာ တစ်တွဲတွဲ ဖြစ်နေသည်ကို မလိုလားသောကြောင့် မိမိကို လာရောက်ဟန့်တားခြင်းဖြစ်မည်ဟု နှောင်းငယ် ထင်မိသည်။ ယခုမူ တစ်လွဲဖြစ်နေသည်။

ပြီး မလူစီသည် မိမိနှင့် အစ်ကိုအောင်ကျော်ဟိန်းတို့ မနှစ်က လက်ထပ်ထားခဲ့သည်တို့ကို သိလေသလား။

"ဦးအောင်ကျော်ဟိန်းက နှောင်းငယ်ကို သိပ်ချစ်တာလို့ မမလူစီ ဘာလို့ ပြောနိုင်သလဲ၊ နောက်ပြီး နှောင်းငယ်နဲ့ အစ်ကိုအောင်ကျော်ဟိန်းအကြောင်း မမလူစီ ဘယ်လောက်ထိ သိထားလဲ"

"ကိုကျော်က အင်မတန်မျိုသိပ်တတ်တဲ့လူပဲ ညီမ၊ ဘာဖြစ်ဖြစ် သူ့ရင်ထဲမှာပဲ ကျိတ်ခံတယ်၊ သူ့ရင်ထဲမှာ ရှိတာကို တခြားမဆိုင်တဲ့လူကို ဖွင့်ပြောလေ့လည်း မရှိဘူး၊ ညီမနဲ့သူ ဘာတွေ ဖြစ်ခဲ့တယ်ဆိုတာ မမလူစီ မသိပါဘူး ဒါပေမဲ့ ပြီးခဲ့တဲ့ နှစ်ကတည်းက 'နှောင်းငယ်'ဆိုတဲ့ နာမည်ကို မမလူစီ အကြိမ်ပေါင်းတစ်ရာမက ကြားခဲ့ထားတယ်၊ ပြီး နှောင်းငယ်ကို ကိုကျော်က သိပ်ချစ်တယ်တယ်ဆိုတာကိုလည်း မမလူစီတို့ သိထားတယ်"



"ရှင်"

"ဘယ်လောက်ပဲ မျိုသိပ်၊ မျိုသိပ်ပေါ့ ညီမရယ်၊ လူဆိုတာ သတိလက်လွတ်ဖြစ်တဲ့အချိန်မျိုးမှာတော့ ရင်ထဲက ခံစားရတာတွေ တစ်စွန်းတစ်စ ထွက်လာတတ်တာပေါ့"

"မမလူစီ ဘာကို ရည်ညွှန်းပြီး ပြောနေတာလဲ"

"သတိလက်လွှတ်ချိန်ဆိုတာက လူမှန်းမသိအောင် အရက်မူးတဲ့ အချိန်မျိုးရယ်၊ ဝေဒနာပြင်းထန်ပြီး မေ့မျောနေတဲ့ အချိန်မျိုးရယ်ပေါ့ ညီမ၊ မနှစ်က ရန်ကုန်က တောင်ကြီးကို ပြန်ရောက်လာတဲ့ ကိုကျော်ဟာ အဲဒီနှစ်မျိုးစလုံးနဲ့ သတိလက်လွှတ် ဖြစ်ခဲ့ဖူးတယ်လေ၊ သိပ်အရက်မူးတဲ့အခါမှာလည်း နှောင်းငယ်ကို သိပ်ချစ်တယ်ဆိုတဲ့စကားတွေ ထွက်လာတယ်၊ ဆေးရုံတင်ရပြီး သတိမေ့နေတော့လည်း နှောင်းငယ်ကို သိပ်ချစ်တယ်ဆိုတဲ့ ကယောင်ကတမ်းတွေပဲ တဖွဖွပြောတယ်၊ အဲဒီကတည်းက မမလူစီက နှောင်းငယ်ကို မမြင်ဘူးပေမဲ့ နာမည်ကို ကြားဖူးနေတာပါ၊ အဲ... သူ ပြန်နေကောင်းသွားတော့ ဆရာဝန်ရဲ့ တားမြစ်ချက်အရ သူ အရက်ပြင်းမသောက်တော့ဘူး၊ အဲဒီကျတော့လည်း 'နှောင်းငယ်'ဆိုတဲ့နာမည်ကို ထစ်ခါမှ မခေါ်တော့ဘူး၊ တစ်ခါတလေ မမလူစီတို့က နောက်ပြောင်တဲ့သဘောနဲ့ 'နှောင်းငယ်'လို့ ခေါ်ပါဦးလို့ပြောတဲ့အခါမှာလေ 'သွားစမ်းပါ၊ ဒီနာမည် မကြားချင်ဘူး'လို့ ခေါက်ငေါ့သေးတယ်"

www.burmeseclassic.com

မမလှစီ၏ စကားကို သေချာနားထောင်ပြီး နှောင်းငယ်၏ ရင်ထဲက ဒက်ခနဲ မှတ်ချက်တစ်ခု ချလိုက်သည်။

အစ်ကိုအောင်ကျော်ဟိန်း၏ 'မသိစိတ်'က နှောင်းငယ်ကို သိပ်ချစ်သည်။

သို့သော် 'သိစိတ်'က နှောင်းငယ်ကို နာကြည်းထားသည်။ ထို့ကြောင့်မနေ့ညက အရက်တွေ သိပ်မူးပြီး မသိစိတ်က လွှမ်းမိုးသွားကာ နှောင်းငယ်အား သိပ်ချစ်ရင်း လွန်ကဲခြင်းတွေ ဖြစ်သွားသည်။

နံနက်မိုးလင်း အိပ်ရာနိုး အမူးပြေသွားသောအခါ သိစိတ်က ပြန်လွှမ်းမိုးသွားပြန်ပြီ၊ နှောင်းငယ်ကို နာကြည်းမြဲ နာကြည်းသွားသည်မျိုး ဖြစ်ခြိမ့်မည်ဟု မှတ်ချက်ချမိခြင်း ဖြစ်ပါ၏။

အော့ဟော် ... ဒီလိုသာဆိုပါက မိမိအပေါ်တွင် သူ အမြဲချစ်နေအောင် (၂၄)နာရီလုံး အရက်မူးအောင် တိုက်ထားရမည် ကိန်းပါလား။

"မမလှစီကို နှောင်းငယ် တစ်ခုပြန်မေးချင်တယ်၊ အခု မမလှစီ နှောင်းငယ်ဆီကို တမင်တကူးတက လာပြီး သူ့အကြောင်းပြောပြနေတာတွေဟာ နှောင်းငယ်ကြောင့် မမလှစီနဲ့ ဦးအောင်ကျော်ဟိန်းတို့ ဆက်ဆံရေးမှ အနှောင့်အယှက်တစ်ခုခု ဖြစ်နေလို့လား၊ ဒါဆိုရင် နှောင်းငယ်က မမလှစီကို ရန်ကုန်ပြန်မဲ့ လေယာဉ်လက်မှတ် ပြပြီးပါပြီ"

"အို ... နိုး ... နိုး ... နိုး"ဟု ဖျာဖျာသလဲ ပြောရင်း ခေါင်းကိုလည်း သွက်သွက်ယမ်းပြသည်။



"မမလှစီတို့၊ ထားထားတို့၊ မွန်မွန်တို့ဆိုတာက ဇာတ်ပွဲထဲက နှစ်ပါးသွားမင်းသမီးပုံစံမျိုးတွေပါ ညီမ"

"ရှင်"

"နားရှုပ်သွားသလား ညီမ၊ ဒီလိုလေ ကိုကျော်က ဇာတ်မင်းသားဆိုပါတော့၊ မမလှစီတို့သုံးယောက်က မင်းသမီးတွေလေ၊ နှစ်ပါးသွားကတဲ့အချိန်မှာ မင်းသားက တန်းစီနေတဲ့ မင်းသမီးတစ်လက်ကို တွဲကလိုက်၊ နောက်တစ်ချီ နောက်မင်းသမီးကို တွဲကလိုက်မျိုးလေ၊ နှစ်ပါးသွားခန်းလည်းပြီးသွားရော မင်းသားကလည်း သူ့ဟာသူ နေ၊ မင်းသမီးတွေကလည်း ကိုယ့်ဟာကိုယ်နေပေါ့၊ ဒီမင်းသားနဲ့ ဒီမင်းသမီး ညားသွားတယ်ဆိုတာ လှစီတို့အသိုက်မှာ မရှိဘူး၊ ဟဲ ... ဟဲ ... ပျော်စေ ပြက်စေ ကလက်စေသဘောနဲ့ မင်းသားနဲ့ တွဲကတာပါ"

"ဟင် ... မမလှစီတို့ဟာက"

"အေး ... ဇာတ်တယ် ညီမ၊ မမလှစီတို့က ဘယ်တော့မှ လင်မယူဘူး၊ ဒီပုံစံမျိုးနဲ့ပဲ တစ်သက်လုံး နေသွားကြမှာ၊ နောက်တစ်ခု ဥပမာပြောဦးမယ်၊ ကိုကျော်က အသီးတွေ သိပ်သီးတဲ့အပင်ကြီးဆိုပါတော့၊ မမလှစီတို့က အသီးလာစားတဲ့ ငှက်တွေပဲ၊ ကိုကျော်မှာ ထင်းရှူးမြိုင်ဟိုတယ်ရှိတယ်၊ မမလှစီတို့က အချိန်မရွေး ထင်းရှူးမြိုင်ဟိုတယ်မှာ ကြိုက်တာမှာစားလို့ရတယ်၊ ကိုကျော်က လင်ဆာကားနဲ့ သူခေါ်ချင်တဲ့လူကို ခေါ်တယ်၊ သူ ခေါ်ရင် မမလှစီတို့က လိုက်သွားတယ်၊ တစ်ခါတလေကျတော့ လှစီတို့သုံးယောက်လုံး

www.burmeseclassic.com



ကို ခေါ်ပြီး အင်းလေးမှာ မော်တော်လှေ့ကစ်စီးတာမျိုးတွေလည်း ရှိတာပဲ"

"ဒါဆိုရင် မမလှစီတို့ နာမည်ပျက်ကုန်ကြမှာပေါ့"

"မိန်းမသားတစ်ယောက်အတွက် နာမည်ကောင်းတယ်ဆိုတာ နာမည်ပျက်မရှိသေးတဲ့ မိန်းမတွေအတွက်သာ ဂုဏ်ယူနိုင်တာပါ ညီမ၊ တစ်ခါ နာမည်ပျက်သွားပြီဆိုရင် နောက်ထပ် နာမည်ကောင်းပြန်ရဖို့ မလွယ်တော့ဘူးလေ၊ အမျိုးအရွယ် ရောက်ပြီဆိုတာတည်းက နာမည်ပျက်မရှိအောင် နေနိုင်ဖို့ လိုတာ၊ တစ်ခါ နာမည်ပျက်သွားပြီ ဆိုတာနဲ့ လူကောင်းသူကောင်း ယောကျ်ားတွေက ကိုယ့်အပေါ် အထင်မကြီးတော့တာ၊ မဆက်ဆံချင်တော့တာ၊ အဲ ... အခွင့်အရေးလိုချင်တဲ့ ယောကျ်ားတွေ၊ အပျော်ကြံချင်တဲ့ ယောကျ်ားတွေက လွဲရင်ပေါ့လေ"

နှောင်းငယ်သည် မမလှစီ၏ စကားကြောင့် မိန်းမသားဘဝကို နာကြည်းမိရပြန်ပါ၏။

"မမလှစီက နစဉ်ကာလကတည်းက နာမည်ပျက်ခဲ့တယ်လေ၊ အဖတ်ဆယ်ကြည့်ပါသေးတယ်၊ ဒါပေမဲ့ ရေနစ်သူကိုဝါးကူနစ်တဲ့ ယောကျ်ားမျိုးတွေနဲ့ပဲ တွေ့ရတော့တယ်။ ဒါကြောင့် တစ်သက်လုံး ယောကျ်ားအတည်မယူတော့ဘူးလို့ပဲ ဆုံးဖြတ်ထားလိုက်တယ်"

"ဒါဆို မမလှစီ အဖို့ ရေနစ်ရာ ဝါးကူနစ်တဲ့ ယောကျ်ားတွေထဲမှာ ဦးအောင်ကျော်ဟိန်းလည်း တစ်ယောက်အပါအဝင်ပေါ့နော်"



"နိုး ... နိုး ညီမ"

လှစီက လက်ဝါးစုံကာပြလိုက်သည်။

"ကိုကျော် မပါဘူး၊ ကိုကျော်ဟာ တကယ့်လူတော်လူကောင်း တစ်ယောက်ပါ၊ တကယ်တမ်းကျတော့ သူ့ကိုယ်သူ အင်မတန် ထိန်းသိမ်းနိုင်တဲ့သူပါ။ အင်မတန် စည်းစောင့်ပါတယ် ညီမ။ ကိုကျော် မမလှစီတို့ကို တွဲတာဟာ အဖော်မဲ့နေတဲ့ ကလေးတစ်ယောက် ကစားဖော် ကစားဖက်ရှာတဲ့သဘောလောက်သာပါ။ မမလှစီ ပြောခဲ့သားပဲ။ မင်းသားတစ်လက်နဲ့ မင်းသမီးသုံးလက် တွဲက,တွဲသဘောပါ။ ပျော်စေ ပြက်စေ ကလက်စေလောက်သာ ဆိုပါတော့။ အိုကွယ် ... အရှင်းဆုံးပြောရင် ကိုကျော်နဲ့ မမလှစီတို့ တွဲတဲ့အထဲမှာ အိပ်ရာခန်း မပါဘူး၊ ခြင်ထောင်ခန်းမပါဘူး"

"အဟုတ် တကယ်လား မမလှစီ"

"တကယ်မကဘူး လေးငါးခြောက်ကယ် ကိုးကယ် ဆယ်ကယ်ပါပဲ ညီမ"

မမလှစီက ပြောသမျှကို လက်ချောင်းလေးတွေထောင်ပြပြီး တစ်ချောင်းချင်း ချိုးပြကာ လက်ဆယ်ချောင်းစလုံး ချိုးကွေ့ပြလိုက်သည်။ ပြီးမှ သူ့စကား ပြန်ဆက်ပြောပြန်ပါ၏။

"ကဲ ... စကားတွေ ဆားရောက်သွားတယ်၊ အခု နှောင်းငယ်ဆီကို ကိုယ်လာတာ အဓိကဟာ ကိုကျော်ဟာ အဲဒီလိုလူစားပါလို့ ပြောချင်လို့ လာခဲ့တာ။ အဲဒါကို ညီမသဘောပေါက်စေချင်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"နှောင်းငယ် သဘောပေါက် နားလည်ပြီဆိုတော့ကော ... ဘာထူးမှာလဲ မမလှစီ၊ နှောင်းငယ် နက်ဖြန် ရန်ကုန်ပြန် တော့မှာပဲဟာ"

"စဉ်းစားဝါ ညီမ၊ ကိုကျော်ဟာ မိန်းကလေးမျိုးစုံနဲ့တွဲ ပေမဲ့ သူ့ရင်ထဲက တကယ့်နှလုံးသားနဲ့ ချစ်ခဲ့တာဟာ နှစ်ယောက်ပဲ ရှိတာပါ။ ဒါကို မမလှစီတို့ သေသေချာချာ ကြီးကို သိတယ်။ အဲဒီနှစ်ယောက်ဆိုတဲ့ ဟောဒီကိုယ့်ညီမ နှောင်းငယ်ရယ်၊ ဒီပြင် တစ်ယောက်က 'မြတ်' ဆိုတဲ့ မိန်းမ"

"မြတ် ... ဟုတ်လား"

"ကိုယ် ရှင်းရှင်းပဲ ပြောမယ် ညီမ၊ ဖာတ်ပေါင်းမယ်ဆိုရင် ကိုယ်တို့မင်းသားရဲ့ ဖာတ်ပေါင်းသူဟာ 'မြတ်'ဆိုတဲ့မိန်းမ မဖြစ်စေချင်ဘူး၊ နှောင်းငယ် ဆိုတဲ့ ညီမနဲ့ပဲ ပေါင်းစေချင် တယ်။ မနေ့ကဆိုရင် ကိုကျော်နဲ့ မြတ် ပြန်တွဲနေတာကို မမလှစီ ကိုယ်တိုင် မြင်လိုက်ရတယ်"

မနေ့နံနက်က အစောကြီး သွားကြို့ခဲ့သော 'မြတ်' ဆိုသူမှာ တကယ်ပင် တောင်ကြီးသို့ ရောက်နေလေပြီကောဟု ငယ်ဝယ် သိရပါ၏။

မြတ် ရောက်လာသော မနေ့က တစ်နေ့လုံးနှင့် ယခုအချိန်အထိ အစ်ကိုအောင်ကျော်ဟိန်းသည် မိမိထံသို့ ဖုန်းပင် မဆက်နိုင်ပဲ မြတ်နှင့် အကြည်ဆိုက်နေခြင်း ဖြစ်ပေမည်၏။ ရင်ထဲတွင် နာနာကျင်ကျင် ဖြစ်ရပြန်သည်။



"ဘယ့်နှယ်တွယ် ... ညီမ နှောင်းငယ်နဲ့ တတွဲတွဲရှိပြီး အလွမ်းမြူးနေတဲ့ ကိုယ်တို့မင်းသားဟာ ဘယ့်နှယ့်ကြောင့် ဖြုန်းခနဲ ချစ်သူဟောင်း မြတ်နဲ့ တွဲနေပါလိမ့်ဆိုပြီး စိတ် ထဲမှာ မခံချင်လို့ ညီမဆီ မမလှစီ လာပြီးသတင်းပေး တာ"

"သူတို့က ကျောင်းသူကျောင်းသား ဘဝထဲက ငယ်ချစ် တွေပဲ မမလှစီ၊ နှောင်းငယ် ထက်ပိုပြီး ချိန်ခွင်လျှာသာ သွားလို့ မြတ်ဆီကို ရောက်သွားတာ နေမှာပေါ့"

"မဟုတ်သေးဘူး ညီမ၊ စဉ်းစားစရာတွေ အများကြီးရှိ တယ်၊ ကိုကျော်ဟာ ပြင်ပသဏ္ဍာန်မှာ ဟေးလားဝါးလားနဲ့ လူပျော်တစ်ယောက်လို နေပေမဲ့ သူ့ရင်ထဲက သိပ်စိတ်မှတ် ကြီးတယ်။ မြတ်က သူ့ကို စွန့်ပစ်ပြီး ဆရာဝန်နဲ့ လက် ထပ်သွားပြီးတဲ့နောက် မြတ်ရဲ့ပုံတူပန်းချီကားကြီး သူ ဆွဲ စေတယ်၊ ပုံတူပန်းချီကားချပ်ကြီးရဲ့ ရင်ဘတ်မှာ နီရဲတဲ့ အသည်းပုံ ဖော်ထားတယ်၊ အဲ ... နောက်ပြီး မြတ်ပန်းချီ ပုံကိုမြင်ပြီး နာကြည်းစိတ်ဖြစ်လာတိုင်း ပုံတူပန်းချီကား ကြီးရဲ့ ရင်ဘတ်က အသည်းနီကြီးကို ဓားမြှောင်နဲ့ပေါက် လေ့ရှိတယ်"

"ဟင် ... အဲဒီပန်းချီကားဟာ 'မြတ်'ရဲ့ ပုံတူပန်းချီလား မမလှစီ"

လှစီက ခေါင်းညိတ်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ထင်းရှူးမြိုင်ဟိုတယ်က သူ့ရဲ့သီးသန့်အခန်းမှာ သုံးချောင်းထောက်နဲ့တင်ပြီး ကတ္တီပါအနီကြီး အုပ်ထားတဲ့ပန်းချီကားချပ်ကို ညီမလည်း တွေ့ဖူးမှာပေါ့လေ"

မမလှစီက ထင်းရှူးမြိုင် ဟိုတယ်က အစ်ကိုအောင်ကျော်ဟိန်း၏ သီးသန့်ခန်းသို့ နှောင်းငယ် ရောက်ဖူးမည်အယင်နှင့် ပြောခြင်းဖြစ်ပါ၏။

ငြိမ်းတည်းခိုရိပ်သာတွင် အစ်ကိုအောင်ကျော်ဟိန်း၏ သီးသန့်ခန်း ထားရှိမှန်း မမလှစီတို့ သိဟန်မတူပေ။ တည်းခိုခန်းဖွင့်လှစ်ထားသည်ကို အစ်ကိုအောင်ကျော်ဟိန်းက လျှို့ဝှက်ထားခြင်း ဖြစ်မည်။

"ကဲ ... မမလှစီ ပြန်မယ်၊ ကိုယ့်ညီမ ထပ်ပြီးစဉ်းစားပါဦး၊ အချိန်ထပ်ယူပါဦး၊ လေယာဉ်လက်မှတ်တစ်စောင်ရဲ့ တန်ဖိုးက ဆုံးရှုံးသွားလည်း ဘာမှထိခိုက်တာလောက်မှ မဟုတ်တာ။ ကိုယ့်ချစ်သူ ဆုံးရှုံးသွားတာက ညီမမှာ ဆုံးရှုံးမှု သိပ်ကြီးသွားမယ်။ ကိုယ် သဘောပေါက်ပါတယ်။ ကိုကျော်နဲ့ညီမ ချစ်သူချင်းဟာ မြတ် ဝင်နှောက်လာလို့ အခိုက်အတန့် စိတ်လိုက်မာန်ပါ ရန်ကုန် ပြန်မယ်လို့ ဆုံးဖြတ်တာ မဟုတ်လား၊ ညီမ ဒီလိုလုပ်ရင် မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ၊ မြတ် ဖြစ်သွားမှာပေါ့"

နှုတ်ဆက်ပြီး မမလှစီ ပြန်သွားသည်။

မမလှစီသည် မိမိထံသို့ ကောင်းသောလာခြင်းမှန်း နှောင်းငယ် သဘောပေါက်ပါ၏။



သို့သော် နှောင်းငယ် ပြန်ဆန်းစစ်ကြည့်သည်။

မြတ်နှင့် မိမိသည် ဘာထူးသေးသနည်း။

မြတ်က ဆရာဝန်ကိုမက်ပြီး အစ်ကို့ကို စွန့်ခွာသွားသဖြင့် အစ်ကိုသည် မြတ်ကို နာကြည်းခဲ့သည်။

မိမိကတော့ အစ်ကိုနှင့် လက်ထပ်ပြီးမှ ကိုဇာနီအောင်ဆီသို့ ပြန်ပြေးသွားကာ အစ်ကို့ကို စွန့်ခွာခဲ့သည်။ မိမိကိုရော အစ်ကို မနာကြည်းပဲ နေမည်တဲ့လား။

မမလှစီ ဘာပဲလာပြောပြော နှောင်းငယ် ရန်ကုန်ကိုပြန်မည်။ အစ်ကို့ကို မိမိ ပြန်ကပ်လိုက်ပါက မြတ်က လင်နှင့်ကွာမှ အစ်ကို့ကို ပြန်ကပ်သည့်ပုံစံနှင့် ဘာထူးသေးပါသနည်း။

ပြန်မည်။ ပြန်မည်။

www.burmeseclassic.com

www.burmeseclassic.com



## ၂၁

အောက်ထပ်ဆင်းပြီး နံနက်စာ ထမင်းစားနေစဉ် မှာပင် လင်ဆာကားဖြင့် ဦးဘာဘူ ရောက်ရှိလာသည်။ နှောင်းငယ် ဆီသို့ ဦးဘာဘူ တန်းလာပါ၏။

"နှောင်းငယ်က နံနက်စာတောင် စားနေပြီကိုး"

"ဟုတ်ကဲ့ ... သုံးဆောင်ပါဦးလား ဦးဘာဘူ"

"စားပါကွယ် ... အောင်အောင်က နှောင်းငယ်ကို သွားခေါ်ဆိုလို့၊ ပြီး အောင်အောင်က ဦးလေးကို ဘယ်အပိုတွေမှ ဝင်မနေနဲ့တဲ့၊ နှောင်းငယ်ကို ခေါ်ပြီး ချက်ချင်းတန်းပြန်လာခဲ့တဲ့"

"ဘာရယ် ဦးဘာဘူ"

"အောင်အောင်က အခု ရွှေညောင်ကမ်းနားက တိုက်အိမ်လေးမှာ ခဏစတည်းချနေတယ်။ အဲဒါ နှောင်းငယ်ကို ခေါ်နိုင်းလိုက်လို့ပါ"



"နှောင်းငယ် မလိုက်ပါဘူး ဦးဘာဘူ"

"ဟာ ... မဟုတ်တာ"

"သိပ်ကို ဟုတ်ပါတယ် နှောင်းငယ်၊ ရန်ကုန်ကို ပြန်တော့မှာပါ"

နှောင်းငယ် ဆက်ပြီး စားချင်စိတ် မရှိတော့သဖြင့် နံနက်စာထမင်းကို အပြီးသတ်လိုက်သည်။ ပြီး ... လေယာဉ်လက်မှတ်ကို ထုတ်ပြလိုက်သည်။

"နက်ဖြန် မွန်းလွဲတစ်နာရီမှာ ဟဲဟိုးလေဆိပ်ကို ကိုဝဏ္ဏက လိုက်ပို့မှာပါ"

"ဒီလိုမလုပ်ပါနဲ့ မိန်းကလေး"

"ဒီလိုပဲ လုပ်တော့မှာပါ ဦးဘာဘူ"

"ဒါဆိုရင် အောင်အောင် သိပ်စိတ်မကောင်း ဖြစ်သွားလိမ့်မယ်"

"နှောင်းငယ် ကိုယ်ကို နှောင်းငယ် စိတ်ကောင်းလုပ်ရမှာပါ ဦးဘာဘူ"

"လိုက်ခဲ့ပါ နှောင်းငယ်။ အောင်အောင်က သေချာမှာလိုက်တယ်။ နှောင်းငယ်ရဲ့ အဝတ်အစားတွေပါ ယူခဲ့ပါတဲ့"

"နှောင်းငယ် ရန်ကုန်ပြန်မလို့ပါ။ ဒီကြားထဲမှာ ဒီတည်းခိုရိပ်သာမှာပဲ နေမှာပါ။ တာဝတီံသာက လာခေါ်လည်း မလိုက်ပါဘူး။ ဒီက တစ်ဖဝါးမှ မခွာပါဘူး ဦးဘာဘူ"

"နှောင်းငယ် ပါမလာရင် အောင်အောင်က ဦးလေးကို ဆူဆူပူပူ လုပ်မှာ"

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကို ပြောလိုက်ပါ ဦးဘာဘူ၊ နှောင်းငယ် ဖြစ်သမျှ အကြောင်း အားလုံးဟာ ဘယ်သူ့ကိုမှ အပြစ်တင်စရာ မရှိပါဘူး၊ မည်သူမပြု မိမိမှုလို့ပဲ သဘောထားပါတယ်လို့။ ကဲ ... ဦးဘာဘူ ပြန်ပါတော့၊ နှောင်းငယ် အပေါ်ကိုတက် တော့မယ်"

"ဒီမယ် ... မိန်းကလေး ..."

နှောင်းငယ်က ဆက်နားမထောင်ပါလေတော့။ ဦးဘာဘူကို ကျောခိုင်းကာ အပေါ်သို့ တက်ခဲ့သည်။ မိမိအခန်း ထဲ ဝင်မိသည်နှင့် တံခါးကို ဆွဲပိတ်ထားလိုက်သည်။ ခုတင်တွင် ခြေတွဲလွဲ ထိုင်လိုက်သည်။

အစ်ကိုအောင်ကျော်ဟိန်း ဘာအပေါက် ချိုးလေ သနည်း။ မိမိကို စွန့်ပစ်သွားခြင်း မဟုတ်ပဲ သူ့ဦးနှောက်ထဲ သူ့ ရင်ထဲတွင် နှောင်းငယ် ရှိနေသေးပါလား ဟုတော့ တွက်မိပါ ၏။

သို့သော် ခေါ်ပုံက အကြောကြီးနှင့် ဦးဘာဘူကို လွှတ်၍ ခေါ်နိုင်းသည်။

သူ့စိတ်ထဲတွင် လက်လွန်ခြေလွန် ဖြစ်ပြီးပြီမို့ ငါ တို့ဘက်က နိုင်,နိုင်ဆိုပြီး ငါခေါ်လျှင် လာမည်ဆိုသည့်အပေါက် ချိုးကာ ဦးဘာဘူကို လွှတ်ပြီး လိုက်ခဲ့ဟု ခေါ်သည်မျိုး ဖြစ်နေ သည်။

ဝေးသေး။



အကယ်၍ သူကိုယ်တိုင် လာခေါ်လျှင်မတောင်မှ မိမိကို အခန်းထဲတွင် အိပ်လျက်သား ထားပစ်ခဲ့တဲ့အတွက်ရော၊ နောက်တစ်နေ့ တစ်နေကုန် လူမလာ ဖုန်းမဆက်သည့်အတွက် ရော အကျိုးအကြောင်း ရှင်းပြရမည်။ ရှင်းပြချက်တွင် ခွင့်လွှတ် နိုင်သော အချက်အလက်ပြည့်မှ ခွင့်လွှတ်ကောင်း ခွင့်လွှတ်နိုင် မည်သာ။ နှောင်းငယ်၏ စိတ်မျိုးက ဖြစ်ပြီးမှတော့ မထူးတော့ပါ ဘူးဟု အညံ့ခံ အပျော့စားမဟုတ်၊ မိမိဘဝ နာချင်နာသွားပါစေ နှောင်းငယ်က ဖွတ်မင် ခံလိုက်တော့မည်။

နှောင်းငယ် တကယ်လိုချင်သည်က အစ်ကို့အနေ နှင့် နဂိုကချစ်သည့်အတိုင်း မိမိကို ချစ်သည်ကိုသာ လိုချင်သည်။ မိမိကို ရယူစိုးပိုင်သွားပြီးနောက်၊ ယခင်က အချစ်မျိုး မိမိအပေါ် တွင် ရှိသေးရဲ့လား၊ မရှိတော့ဘူးလား ဆိုသည်ကို သဲကွဲစွာ သိချင်သည်။

အကြောင်းမူ ထိုနေ့ညက မိမိကပေးအပ်လိုက်ခြင်း ကပင် မိမိခန္ဓာကိုယ်ကိုချည်းသက်သက် ပေးအပ်ခြင်းမဟုတ်၊ မိမိ၏ရင်ထဲရှိသည်းပွတ်နှလုံး အချစ်ကို အလေးအနက် ပေးလိုက် ခြင်း ဖြစ်သောကြောင့်ပါပေ။ ယင်းအချစ်မျိုးကို ပထမချစ်သူ ကိုစာနည်းအောင်ကိုပင် နှောင်းငယ် မပေးခဲ့။

အတွေးတွေ တသီကြီးနှင့်ပင် အိပ်ရာထက်တွင် နှောင်းငယ် မှေးခနဲ လှဲချအိပ်ပျော်သွားပေသည်။ စိတ်ပင်ကိုယ် ဓမ်းတွေ ဆင့်ကဲ ဆင့်ကဲ ဖြစ်ရသည်မို့ နှောင်းငယ် ခမျာ ပင်ပန်း

www.burmeseclassic.com

www.burmeseclassic.com



လှချေပြီ။ အိပ်ပျော်ခြင်းသည် ဘဝကို တစ်ခဏမေ့ပျောက်ပြီး အနားယူခြင်းပင်။

"ခေါက် ... ခေါက် ... ခေါက်"

တံခါးခေါက်သံကြောင့် ဆတ်ခနဲ နှောင်းငယ် ပြန်နိုးလာသည်။ ငေါက်ခနဲ ထထိုင်သော်လည်း တံခါးကို ဖွင့်မပေးပေ။

"ဘယ်သူလဲ"

"မမလှစီပါ ညီမ၊ တံခါးဖွင့်ကွယ်"

မမလှစီ ဆိုတော့ နှောင်းငယ် ဖွင့်ပေးပါ၏။

တံခါးဖွင့်လိုက်သည်နှင့် မမလှစီသာမက ဦးဘာဘူ ပြန်၍ပါရှိလာသည်ကို နှောင်းငယ် တွေ့ရသည်။

"ဘယ်လိုလဲ ဦးဘာဘူ၊ မမလှစီကို စစ်ကူတောင်းပြီး နှောင်းငယ်ကို ခေါ်ဖို့ကြိုးစားလာတာလား"

"ဘုရားပေးပေး၊ ကျမ်းပေါ်ပေးပါ နှောင်းငယ်၊ ဦးလေး ရွှေညောင်ကို ပြန်သွားတာ အမှန်ပါ၊ အောင်အောင့်ကို နှောင်းငယ် ရန်ကုန်ကို ပြန်တော့မဲ့အကြောင်းနဲ့ လေယာဉ်လက်မှတ် ဝယ်ထားပြီးတာကို ဦးလေး ကိုယ်တိုင်မြင်ခဲ့ကြောင်း၊ ရွှေညောင်ကို နှောင်းငယ်လိုက်ဖို့ နှောင်းငယ်က ဖွတ်ငြင်းတဲ့အကြောင်းတွေ ပြောပြပါတယ်။ အောင်အောင် အရမ်းစိတ်မကောင်း ဖြစ်သွားတယ်။ အောင်အောင် ကိုယ်တိုင် မလာနိုင်တာဟာ သူ့မှာ မလာနိုင်တဲ့ အကြောင်းတစ်ခု



ရှိနေလို့ပါတဲ့၊ ရော့ ... ဒီမှာ အောင်အောင် ရေးပေးလိုက်တဲ့စာကို ဖတ်ကြည့်ပါ မိန်းကလေး"

နှောင်းငယ်က အစ်ကိုပေးလိုက်သည် ဆိုသော စာအိတ်လေးကို ငေးကြည့်နေမိသည်။

"ဖတ်ကြည့်ပါ ညီမရယ်။ ဖတ်ပြီးတော့မှ ညီမသဘောနဲ့ ညီမပေါ့"

မမလှစီက အသံပြတ်နှင့် စာဖတ်ကြည့်ဖို့ တိုက်တွန်းစကား ဆိုပေသည်။ မိမိအနေနှင့် တကူးတက ရေးပေးလိုက်သောစာကိုမှ မယူပဲ မဖတ်ပဲ နေလိုက်လျှင် "ကြီးကျယ်လိုက်တာ မိန်းမကိုက"ဟု မမလှစီ ထင်သွားမှာစိုးသည်။

"လာပါ မမလှစီ၊ အထဲဝင်ပါ"ဟု ပြောရင်း ဦးဘာဘူလက်မှ စာအိတ်ကို ယူလိုက်သည်။ နှောင်းငယ်က ခုတင်ပေါ်မှာ ထိုင်သည်။ လှစီက မှန်တင်ခုံရှိ ခုံပေါ်တွင် ထိုင်သည်။ ဦးဘာဘူက အပေါက်ဝမှာပင် ရပ်နေပါ၏။

နှောင်းငယ် စာအိတ်ကိုဖွင့်ပြီး စာကိုဖတ်သည်။

**နှောင်းငယ် ...**

**တို့ကိုတွေ့မှ ပါးမိုက်ချင်လည်း ရိုက်ကွာ၊ လိုက်လာခြင်းစေချင်တော့ လိုက်လာပါ။**

**နှောင်းငယ် လိုက်လာစေချင်တာက တို့ဘဝရဲ့ ကိစ္စတွေ့ရှိတွေ နှောင်းငယ် ကိုယ်တိုင် မျက်ဝါးထင်ထင် မြင်စေချင်လို့ပါ။ နှောင်းငယ်တ**

www.burmeseclassic.com

www.burmeseclassic.com



**ယောက်တည်း ထားခဲ့ရလေရင် အဖော်အဖြစ် လူစီကို ခေါ်ပါ။ လူစီ ကိုလည်း ကိုယ် စာတစ်စောင် ရေးပေးလိုက်တယ်။**

**မျက်ဝါးထင်ထင် နောင်ငယ် သိမြင်ပြီး ရန်ကုန်ကိုပဲ ပြန်ခဲ့ မယ်ဆိုရင် ကိုယ်ကပဲ ဟဲဟိုးလေဆိပ်ကို လိုက်ပို့ပေးမှာပါ"**

**ကိုယ် အောင်ကျော်ဟိန်း**

နောင်ငယ်က စာကို မမလူစီအား ပေးဖတ်သည်။ လူစီက စာကိုဖတ်ပြီး ခေါင်းညိတ်ပြသည်။

"လိုက်သွားသင့်တယ်၊ မမလူစီလည်း လိုက်ခဲ့မယ်လေ။ သူကိုယ်တိုင် ဟဲဟိုးလေဆိပ်ကို လိုက်ပို့ပေးပါ့မယ်ဆိုတော့ နောင်ငယ် ပစ္စည်းတွေအားလုံး ယူခဲ့ပေါ့"

"သူ ဘယ်လိုစိတ်ကူးတွေ၊ ဘယ်လိုအကြံအစည်တွေနဲ့ နောင်ငယ်ကို မရမက ခေါ်နေတာလည်း မသိဘူးနော် မမလူစီ"

"အင်း … မမလူစီ ညီမကို ပြောမှုးသားပဲ။ ကိုကျော်ဟ ရင်ထဲမှာ မျိုသိပ်ထားပြီး လျှို့ဝှက်တတ်တယ်လို့။ ဒါပေ မမလူစီ ပါသားပဲ ညီမ၊ မမလူစီက အကျင့်မကောင်းပေ စိတ်ဓာတ်လေးတော့ ကောင်းပါတယ်။ မမလူစီရဲ့ရှေ့မှာ ညီမ မှဲ့တစ်ပေါက် အစွန်းမခံရစေဘူး"

နောင်ငယ် ကိုယ်တိုင်ကလည်း အစ်ကို၏ မျက်ဝါး ထင်ထင်ဆိုသည့် အချက်ကို သိချင်နေမိသည်။



"ကောင်းပြီလေ … ဒါဆိုလည်း လိုက်သွားကြစို့"

ဦးဘာဘူက ရှေ့မှမောင်းသည်။ နောင်ငယ်နှင့် လူစီက နောက်မှာထိုင်သည်။

နောက်ထပ် ဘယ်လို အဆစ်အရိုးနှင့် အကွေ့ အကောက် တွေ့ဦးမည် မသိ။

www.burmeseclassic.com

www.burmeseclassic.com



## ၂၂

"အာစရိက မှာသွားတယ် ခင်ဗျ။ မမလူစီတို့ ရောက်လာရင် ဟောဒီဝရန်တာက ဆိုဖာတွေပေါ်မှာထိုင်ပြီး ကမ်းဘက်ကို မျှော်ကြည့်ရင်း အပျင်းပြေ သီဟိုဠ်စေ့လှော်တို့ တရုတ်ဆီးသီးချို၊ ကွာစေ့ဖြူတို့ ဝါးနေပါတဲ့"

နောင်းငယ်က လူစီကို လှမ်းကြည့်သည်။ လူစီက "တို့လည်းမသိ" သဘောဖြင့် ပခုံးတွန့်ပြသည်။

မှာခဲ့သည့်အတိုင်း ဝရန်တာဆိုဖာများတွင် ကိုယ်စီထိုင်ကာ ကမ်းဘက်သို့ ကြည့်ကြသည်။

"ကိုကျော် လုပ်နေပုံကတော့ သည်းထိတ်ရင်ဖိုတွေပဲ ညီမရေ မမလူစီတို့ အဖို့တော့ ဆက်လက်၍ ငွေရောင်ဗိတ်ကားများ ကြည့်ရှုပါပဲ"

နောင်းငယ် ဘာမျှပြန်မပြော၊ ကမ်းဘက်ကိုသာ မျှော်ကြည့်နေမိသည်။



သိပ်မကြာလိုက်ပေ၊ နာရီဝက်ပင် မပြည့်အချိန်မှာပင် ပွဲချိတ်အဝါပုပ်လေး ရေပြင်မှ ကမ်းဆီသို့ ဦးတည်မောင်းလာသည်ကို တွေ့မြင်ရသည်။

ပွဲချိတ်မောင်းသည်က ရှေ့တွင် တစ်ယောက်တည်းဖြစ်ပြီး အလယ်ကူရှင်တွင် အစ်ကိုအောင်ကျော်ဟိန်းနှင့် မြတ်က ယှဉ်တွဲထိုင်လျက် လိုက်ပါလာသည်။

ကမ်းဆိပ်သို့ ဆိုက်ကပ်ပြီးနောက် အစ်ကိုအောင်က အစ်ကိုအောင်ကျော်ဟိန်းက ကမ်းပေါ်အလျင်တက်ပြီး မြတ်ကို လက်တွဲကာ ဆင်းစေသည်။

မြတ်ကိုမြင်ရုံနှင့်ပင် ခန္ဓာကိုယ် အလွန်အချိုးအစားကျသူဖြစ်မှန်း နောင်းငယ် မြင်တွေ့ရသည်။

မြတ်သည် ဦးခေါင်းကို ပိုးသားဝါရင့်ရင့် ခေါင်းစည်းအုပ်ပြီး မေးအောက်တွင် သိုင်းချည်ထားသည်။ ဆီးရောင်နုနုနေကာမျက်မှန် တပ်ဆင်ထားသည်။ ယောက်ျားရှပ်လက်ရှည်ကို လက်ခေါက်ဝတ်ထားပြီး ခါးကျင်ကျင်လေးတွင် အစနှစ်စလုံး ချည်ထားသည်၊ အကျီသားက ပျော့ပြီးပါးသောကြောင့် လေအတိုးတွင် သူမ၏ ရင်အစုံ အလှအပ ပုံရိပ်ပြေး ပေါ်လွင်နေပါ၏။

ဂျင်းဘောင်းဘီကျပ်ဝတ်ထားသောကြောင့် တင်အလုံးနှင့်ပေါင်တံအလှ ပေါ်လွင်စေသည်။

"အဲဒါ မြတ် ဆိုတာပေါ့"

"ဟုတ်ကဲ့ မမလူစီ၊ ပန်းချီပုံထဲက မျက်နှာနဲ့ အပေါ်ပိုင်း အတိုင်းပါပဲ။ အောက်ပိုင်းကိုတော့ အခုမှ မြင်ရတာပေါ့

www.burmeseclassic.com

www.burmeseclassic.com



လေ။ နောက်ပြီး ဦးအောင်ကျော်ဟိန်း လုပ်နေပုံက နောင်းငယ်ကို တမင်အရခေါ်လာပြီး သက်သက်မဲ့ သူတို့ စုတွဲ ...”

“နေဦးလေ ညီမရဲ့၊ ဆက်လက်ပြီး ငွေရောင်ပိဟ်ကာ.မှာ ကြည့်ကြသေးတာပေါ့ကွယ်။ သူ့လုပ်ပြကွက်တွေဟာ သိပ်ပြီး ညီမကို စော်ကားရာ ရောက်လာရင်တော့ သူ့စာထဲကအတိုင်း သူ့ကို ညီမက ပါးရိုက်ပြီး ရန်ကုန်ပြန်ရုံပေါ့”

လက်တွဲမဖြုတ်ပဲ မြတ်နှင့် အောင်ကျော်ဟိန်းတို့ တိုက်အိမ်လေးဆီသို့ ပြေးလာကြသည်။ တိုက်အိမ်လေး၏ လှေကားထစ်ကို ဘက်လိုက်သည်နှင့် အောင်ကျော်ဟိန်းသည် နောင်းငယ်ကို လှမ်းကြည့်ကာ ပြုံးပြီးနှုတ်ဆက်လိုက်သည်။

“ဟေး ... နောင်းငယ် လိုက်လာတယ်နော်၊ ဝမ်းသာလိုက်တာကွာ။ တို့က နောင်းငယ် လိုက်မလာရင်တော့ တို့ဘဝပျက်ပြီလို့ မှတ်တာ၊ ဟော ... လှစီလည်း လိုက်လာတယ်နော်”

အောင်ကျော်ဟိန်းသည် နောင်းငယ်အား စကားတွေတရဟော ပြောသည်။ နှုတ်ဆက်သည်။ အမူအရာကလည်း အူလျားဖားလျားနှင့် မျက်နှာတွင် အလွန်ဝမ်းသာကျေနပ်ကြောင်း ပေါ်လွင်နေသည်။

ထိုမျှမကသေး တွဲထားသော “မြတ်”၏ လက်ကိုဖြုတ်ပစ်ကာ နောင်းငယ်ဆီသို့ တစ်ရှူးထိုးလာရန် ခြေလှမ်းလိုက်သ...



သို့သော် ...

မြတ်က အောင်ကျော်ဟိန်း၏ အင်္ကျီစကို ဆွဲထားသည်။ သူမ၏နေကာမျက်မှန်ကိုချွတ်ကာ နောင်းငယ်နှင့် လှစီကို ကြည့်လိုက်ပါ၏။

“မြတ်နဲ့လည်း မိတ်ဆက်ပေးဦးလေ ကိုအောင်၊ ကိုအောင်ရဲ့ မိတ်ဆွေတွေဆိုရင် မြတ်နဲ့လည်း နောက်ပိုင်း မိတ်ဆွေတွေဖြစ်လာကြရမယ် မဟုတ်လား”

ရှေ့သို့ခြေလှမ်းတိုးထားသော အောင်ကျော်ဟိန်းသည် နေရာမှာပင် မားမားမတ်မတ်ကြီး ရပ်လိုက်သည်။ သူ၏ ထူထဲသော နှုတ်ခမ်းစုံကို ဖြည်းဖြည်းဖွင့် ပြုံးလိုက်သည်။ သွားဖြူတန်းနှင့် သွားစွယ်လေးနှစ်ချောင်း ပေါ်သည်အထိ ပြုံးပါ၏။ ပြီး ... သူ၏မျက်လုံးတို့သည် ကျေနပ်နှစ်သိမ့်မှုတွေကို အလိုလိုဖော်ပြနေသည်။

“ဟုတ်သားပဲ၊ မြတ်နဲ့ မိတ်ဆက်ပေးရမှာပေါ့၊ ဟောဟိုဘက်က ဆံပင်တိုလေးနဲ့ကတော့ လှစီတဲ့။ ကိုယ်နဲ့ခင်တဲ့ သူငယ်ချင်းလေ”

မြတ်က လှစီကို ပြန်လှည့်ပြီး ဂလက်တွေဆီးယူလုပ်မည်ကို အောင်ကျော်ဟိန်းက လက်ဝါးကာပြလိုက်ပြီး ...

“နေဦးလေ မြတ် ...၊ ကျန်တဲ့တစ်ယောက်ကို မိတ်ဆက်ပေးပြီးမှပေါ့”

မြတ်က ကျန်တစ်ယောက်ဖြစ်သော နောင်းငယ်ဘက်သို့ အပြုံးဝေဆာဖြင့် လှမ်းကြည့်ရင်း အောင်ကျော်ဟိန်း မိတ်ဆက်ပေးမည်ကို ငံ့လင့်နေပြလိုက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"သူ့နာမည်က နှောင်းငယ်တဲ့၊ နှောင်းငယ်ဟာ တခြားသူမဟုတ်ဘူး မြတ်"

အောင်ကျော်ဟိန်းက မြတ်ကို မျက်နှာချင်းဆိုင်ဖြစ်အောင် လှည့်လိုက်သေးသည်။

"နှောင်းငယ်ဟာ ကိုယ့်ဇနီးချောလေ၊ ကိုယ်နဲ့နှောင်းငယ်လက်ထပ်တာ တစ်နှစ်ရှိသွားပြီ"

"အို ... အို ... ဘာရယ်"

အိုအိုဟု နှစ်ခွန်းထွက်လာသည်မှာ လှစ္စီထံမှ တစ်ခွန်းနှင့် နှောင်းငယ် ထံမှ အံ့သြခြင်းကြီးစွာဖြင့် ထွက်လာပြီး "ဘာရယ်"ဟု ဒေါသသံဖြင့် ပြောလိုက်သည်မှာ မြတ်ပင်ဖြစ်ပါတော့၏။

"ဘာရယ် ကိုအောင်၊ နှောင်းငယ်ဟာ ကိုအောင်ရဲ့ တရားဝင်လက်ထပ်ဇနီး ဖြစ်တာ တစ်နှစ်တောင်ရှိပြီ ... ဟုတ်လား"

"ဪ ... ကျေးဇူးကိုက်ပါတယ်ဆိုမှ မြတ်ရယ်။ တစ်နှစ်ကြာပြီးပြီဆိုမှပဲဟာ။ ဟေး ... အောင်ဘ ... အောင်ဘ"

"နောက်မှာ အဆင်သင့်ပါ အာစရိ"

မြတ်အား အပြုံးမပျက် ဖြေကြားရင်း အောင်ကျော်ဟိန်းသည် သူ့တပည့် အောင်ဘကို ခေါ်လိုက်ရာ တပည့်အောင်ဘက သူ့နောက်တွင် အဆင်သင့် ရောက်နေပါ၏။

အောင်ဘက လက်ထဲမှ အတော်ချီသားရေလက်ဆွဲသေတ္တာကို သူ့ဆရာ အောင်ကျော်ဟိန်း လက်သို့ ပေးလိုက်သည်။



အောင်ဘ ဆိုသူမှာ လှစီနှင့် နှောင်းငယ် ရောက်လာစဉ်က အာစရိက မှာသွားတယ်ဟု ပြောရင်း သိပ်ဟိုဇေ့ရော်တွေ ချပေးရင်း ဝရန်တာ ဆိုဖာတွင် ထိုင်ပါဟု ပြောခဲ့သော တပည့် ဖြစ်ပါ၏။

အောင်ကျော်ဟိန်းက လက်ဆွဲသေတ္တာ၏ ခလုတ်များကိုဖွင့်ပြီး အထဲမှ လက်ထပ်စာချုပ်အုပ်ကို ဆွဲထုတ်ပြီး မြတ်ကို ပြလိုက်သည်။

"ကြည့်လေ မြတ်၊ စာချုပ်ထဲကနေ့စွဲက လွန်ခဲ့တဲ့ တစ်နှစ်ကဆိုတာ မြင်နိုင်သားပဲ၊ တရားရုံးတံဆိပ်ကိုကြည့်ရင် နေ့စွဲရော ရန်ကုန်တရားရုံးမှာ လက်ထပ်ခဲ့ကြတယ်ဆိုတာရော အထင်အရှားပဲဟာ"

မြတ်၏မျက်နှာမှာ တစ်မဟုတ်ချင်း နီရဲလာသည်။ နှုတ်ခမ်းတွေ တဆတ်ဆတ် တုန်လာသည်။ အသံတော့ ထွက်မလာသေး။

အောင်ကျော်ဟိန်းက စာချုပ်ကို လှစီ၏ဘက်သို့ ထိုးပြပြန်သည်။

"ကြည့်ပါ လှစီ၊ နှောင်းငယ်ကို ကိုယ်လက်ထပ်ထားတာ လှစီတို့တောင် မသိသေးဘူး၊ နှောင်းငယ်က သိပ်စိတ်ကြိုက်တယ် လှစီရဲ့။ ကိုယ့်ဆီက ဘာပစ္စည်းတစ်ခုမှ မမက်မောဘူး၊ ရန်ကုန်က သူ့အလုပ်ကိုပဲ သူခင်တွယ်တယ်ဆိုပြီး ရန်ကုန်မှာပဲ နေခဲ့တယ်လေ။ အံ့ရော"

www.burmeseclassic.com

လှစိက် ပြုံးလိုက်ရင်း ဆိုအပြုံးနှင့်ပင် နော်င်းငယ်ကို ကြည့်လိုက်သည်။

နောင်းငယ်မှာ အစ်ကိုအောင်ကျော်ဟိန်းက မြတ်အပေါ် လုပ်ကွက်ပြင်းထန်လွန်းနေသောကြောင့် ဤကိစ္စတွင် မိမိ ဘာဝင်ပြောရမှန်း မသိ။ မျက်နှာ ဘယ်လိုထားရမည်မှန်း ကိုပင် နောင်း မသိ။ မျက်နှာမထားတတ်အောင် ဖြစ်သွားရပေသည်။

"ဒီမယ် အောင်ကျော်ဟိန်း"

မြတ်ထံမှ ဒေါသသံ ထွက်လာသည်။

"ဒါ ငါ့ကိုခေါ်ပြီး သက်သက် အရှက်ခွဲလိုက်တာ မဟုတ်လား"

"မှားသွားပြီ မြတ်၊ မြတ်ကို ကိုယ်က ဘာလို့အရှက်ခွဲရမှာလဲ၊ အစုဟာက မြတ်ကပဲ မိတ်ဆက်ပေးပါဆိုလို့ မိတ်ဆက်ပေးတာလေ။ မိတ်ဆက်ပါတယ် ဆိုမှတော့ ဘယ်သူဘယ်ဝါပါလို့ တော်စပ်ပါတယ် ဆိုတာတွေ ထည့်သွင်းဖော်ထုတ်ပြီး မိတ်ဆက်ရတာ မဟုတ်လား။ အဲဒါ မိတ်ဆက်ရတဲ့ ထုံးစံလေ မြတ်"

"မကြောင်နဲ့ အောင်ကျော်ဟိန်း၊ ဟိုလွန်ခဲ့တဲ့နှစ်ဖက်လောက်က မင်းဆီကို ငါ ဖုန်းဆက်ခဲ့တယ်။ လက်ရှိဆရာဝန်ယောက်ျားနဲ့ ကွာရှင်းလိုက်တယ်ဆိုတာ ပြောခဲ့တယ်"

"အဲဒါ မှန်သားပဲ"



"အဲဒီတုန်းက မင်းမှာ လက်ထပ်ပြီးသား နေးရှိတယ်လို့ မင်း မပြောဘူး"

"ဟုတ်လား"

"ဘာ ... ဟုတ်လားလဲ။ မကြောင်နဲ့"

"ကိုယ် မကြောင်ပါဘူး မြတ်၊ ခက်တာက ကိုယ် နောင်းငယ်နဲ့ လက်ထပ်ပြီးနောက် နောင်းငယ်က တောင်ကြီးကို မလိုက်ဘူး၊ ကိုယ့်မှာက တောင်ကြီးပြန်ပြီး မန္တလေးမှာ ဆိုင်ခွဲဖွင့်ဖို့ လုပ်နေ်းက အရေးလည်းကြီး၊ ကိုယ်ကလည်း စိတ်အားထက်သန်နေတော့ နောင်းငယ်ကို သူ့အလုပ်နဲ့သူ ရန်ကုန်မှာပဲ ထားခဲ့တယ်၊ အဲ ... ကိုယ်တောင်ကြီးရောက်တော့လည်း အလုပ်တွေ သိပ်များလို့ ရန်ကုန်မှာ နောင်းငယ်နဲ့ လက်ထပ်ခဲ့တဲ့အကြောင်း ဘယ်သူ့ကိုမှ မပြောမိဘူး၊ ဟောဒီက သိပ်ခင်တဲ့ လှစိတို့ကိုတောင် ကိုယ် မပြောမိဘူး ဆိုတာ သက်သေပြနိုင်တယ်၊ ဘယ့်နှယ်လဲ လှစိ၊ နောင်းငယ်နဲ့ ကိုယ် လက်ထပ်ခဲ့တာကို ကိုယ် ပြောမိလား"

လှစိကခေါင်းခါပြသည်။

"အဲဒါတော့ အမှန်ပဲ မြတ်၊ ကိုကျော်ဟာ နောင်းငယ်နဲ့ ရန်ကုန်တရားရုံးမှာ လက်ထပ်ခဲ့တဲ့အကြောင်း အခုမှပဲ လှစိတို့ သိရတော့တယ်၊ အခု လက်ထပ်စာချုပ်မြင်မှ တကယ့်ကို ဆာပရိုက်(စ်)ပဲ"

www.burmeseclassic.com



မြတ်၏ မျက်ဝန်းအိမ်တွင် မျက်ရည်တွေ ဝိုင်းလာသည်။

"ဒါဆိုရင် ငါ့ကို တောင်ကြီးကို လာခဲ့ပါလို့ ခေါ်ခဲ့သလဲ အောင်ကျော်ဟိန်း"

မြတ်သည် ဒေါသကြောင့်လားမသိ၊ အောင်ကျော်ဟိန်း အပေါ် ဆက်ဆံရာတွင် အတန်ငယ် ရိုင်းပျနေပါ၏။

"မြတ် ပြောတော့ ထပ်မှားပြန်ပြီ၊ ကိုယ်က မြတ်ကို တောင်ကြီးလာခဲ့ပါလို့မှ မဖိတ်ခေါ်ခဲ့တာပဲ။ ဟိုနေ့ညက မြတ်က ကိုယ့်ဆီ ဖုန်းဆက်တာလေ၊ မြတ် တောင်ကြီးကို လာမယ်၊ ဟဲဟိုးလေဆိပ်က ကြိုပါလို့။ ဒါလောက်ဟော့ ကိုယ်က ယဉ်ကျေးရမှာပေါ့၊ မြတ် လာချင်တယ် ဆိုတာကို မလာနဲ့ မကြိုဘူးလို့ ပြန်ပြောရင် ကိုယ်ဟာ အရိုင်းကောင် ဖြစ်သွားမှာပေါ့။ ကိုယ့်မှာ ပေါင်းသင်းဆက်ဆံရေး အရ အဲဒီလိုလေဆိပ်မှာ သွားကြိုခဲ့ရတာတွေ အများကြီး ရှိနေတာပဲ"

"တော်တော့ ... ဒါ သက်သက်မဲ့ ငါ့ကို စော်ကားတာ၊ လှည့်စားတာ၊ ဟင်း ... ဒီရောက်ရင် လက်ထပ်မလိုလိုနဲ့"

"မဟုတ်တာပဲ မြတ်၊ စော်ကားတယ် ဆိုရအောင် မနေ့က ကတည်းက မြတ် ရောက်လာတယ်၊ ခုချိန်ထိ မရိုးမသား စိတ်နဲ့ တို့က မြတ်ကို လက်ဖျားနဲ့တောင် မတို့ခဲ့ဘူး။ ညကဆိုရင် မြတ်ကို ဒီတိုက်လေးထဲမှာ လုံလုံခြုံခြုံ ထားခဲ့တယ်၊ ကိုယ်က တခြားမှာ သွားအိပ်တယ်၊ လှည့်စားတယ်ဆိုရအောင်လည်း မြတ် လိုက်လာရင် လက်ထပ်မယ်လို့ ကိုယ် တစ်ခွန်းမှ မပြောခဲ့ဘူး၊ မြတ်ကသာ ကိုယ်နဲ့ ပြန်လက်ထပ်မယ်လို့ စကားအရိပ်အရောင်တွေ ပြောခဲ့တာ။ ကိုယ့်မှာ တရားဝင်ဇနီး နှောင်းငယ် ရှိနေတာပဲ မြတ်၊ လက်ထပ်ရင်တောင် မြတ်ဟာ ဒုတိယဇနီး ဖြစ်သွားမှာပေါ့"



"ဘာ ... ငါက မယားငယ် ခံရမယ် ဟုတ်လား၊ ကဲ ..."

မြတ်သည် ကဲ ... ဆိုပြီး အောင်ကျော်ဟိန်းကို ပါးလှမ်းရိုက်သည်။ သို့သော် ပါးကိုမထိ၊ အောင်ကျော်ဟိန်းက မြတ် ရိုက်သောလက်ကို ဖမ်းဆုပ်ကိုင်နိုင်သွားသည်။

"သိပ်ခံစားသွားရလား မြတ်၊ ဟင်း ... ဟင်း ... ကိုယ် လည်း အဲဒီလို ခံစားခဲ့ရဖူးတယ်လေ၊ ကိုယ့်ကို စွန့်ပြီး ဆရာဝန်ကို မြတ် လက်ထပ်သွားတုန်းကပေါ့"

မြတ်သည် မျက်နှာလက်ဝါးအုပ်ပြီး တိုက်အိမ်၏ အိပ်ခန်းထဲသို့ ပြေးဝင်သွားသည်။ တစ်ခဏအတွင်းမှာပင် သူမ၏ အဝတ်စားသေတ္တာနှင့် ဆွဲခြင်းကို ဆွဲထွက်လာကာ မည်သူ့ကိုမျှ နှုတ်မဆက်ဘဲ တိုက်အိမ်လေးမှ ဆင်းသွားတော့သည်။

အောင်ကျော်ဟိန်းက မြတ် ဆင်းသွားသည်ကို ကြည့်ပြီး ပခုံးတွန့်လိုက်ပါ၏။

လှစီသည် ထိုင်ရာမှ ထရပ်လိုက်သည်။

"ဘာပဲဖြစ်ဖြစ်ပေါ့ ကိုကျော်၊ မြတ် ဒီအတိုင်း သေတ္တာဆွဲထွက်သွားတာတော့ လှမြင်လို့ မကောင်းပါဘူး၊ ကားနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဦးဘာဘူကို ခေါ်ပြီး မြတ် သွားချင်တဲ့ဆီ လူစီ လိုက်ပို့ပေးလိုက်မယ်လေ"

အောင်ကျော်ဟိန်းက ခေါင်းညိတ်ပြပြီး ဦးဘာဘူကို လိုက်သွားရန် အမိန့်ပေးသည်။

နှောင်းငယ်ကပါ မတ်တတ်ထလိုက်သည်။ သူမ၏ ဆွဲအိတ်နှင့် ဆွဲခြင်းကို ကောက်ကိုင်လိုက်ပါ၏။

"နှောင်းငယ်လည်း လိုက်မယ် မမလူစီ"

"အို ... မဟုတ်တာ ... ညီမ"

အောင်ကျော်ဟိန်းက နှောင်းငယ်ရှေ့တွင် ပိတ်၍ ကာဆီးရပ်လိုက်သည်။

"နှောင်းငယ် ဘယ်ကိုမှ မသွားရပါဘူး"

လူစီနှင့် ဦးဘာဘူ မော်တော်ကားဆီသို့ သွားကြလေပြီ။ နှောင်းငယ် မိမိရှေ့တွင် ပိတ်ဆီးရပ်နေသော အောင်ကျော်ဟိန်းကို ရဲရဲတည်ကြည်သော မျက်နှာနှင့် မျက်နှာချင်း ဆိုင်လိုက်သည်။

"မြတ်ကိုတော့ ဦးအောင်ကျော်ဟိန်းက ကြွေးဟောင်း ပယ်ပယ်နယ်နယ် ဆပ်ပြီးပြီ။ အခု နှောင်းငယ် ရှေ့က ပိတ်ရပ်တာဟာ နှောင်းငယ်ကို ကြွေးဟောင်းဆပ်ဦးမလို့ပဲ မဟုတ်လား"

"ဘာတွေ ပြောနေတာလဲ နှောင်းငယ်"

"မြတ်နဲ့ နှောင်းငယ်ရဲ့ ဖြစ်ရပ်တွေဟာ ဘာဘူကြီးနဲ့ အရာကြီး အခေါ်သာကွဲတာ ဖြစ်ရပ်ခြင်းက အတူတူပါ။ မြတ်က ဦးအောင်ကျော်ဟိန်းကို ပစ်ခွာပြီး ဆရာဝန်နောက်



လိုက်သွားတယ်။ ဒါကို ဦးအောင်ကျော်ဟိန်းက သိပ် နာကြည်းခဲ့တယ်။ နှောင်းငယ်လည်း ဦးအောင်ကျော်ဟိန်းကို လက်ထပ်ပြီးမှ ပစ်ခွာပြီး ကိုဇာနီအောင်ဆီကို ထွက်ပြေး သွားခဲ့တာပဲ၊ ဒါကိုလည်း ဦးအောင်ကျော်ဟိန်း သိပ် နာကြည်းတာပဲ မဟုတ်လား။ ဒါကြောင့် အခု နှောင်းငယ် ကို ကြွေးဟောင်းဆပ်ချင်လို့ ရှေ့ကပိတ်ရပ်ထားတာ မဟုတ်လား"

"ဦးအောင်ကျော်ဟိန်းတဲ့လား၊ အစ်ကိုလို့တောင် မခေါ် တော့ဘူးလား နှောင်းငယ်"

နှောင်းငယ် ဘာမျှပြန်မပြော၊ ကမ်းနားရေပြင်ဆီ သို့သာ ငေးကြည့်နေသည်။ အောင်ကျော်ဟိန်းကို မကြည့်။ အောင်ကျော်ဟိန်းက တစ်လုံးချင်း ဖြည်းလေးစွာ ပြောလာသည်။

"မြတ်နဲ့ နှောင်းငယ်ဟာ ဘာဘူကြီးနဲ့ အရာကြီးမဟုတ်ပါ ဘူး။ ဘာဘူကြီးနဲ့ ထောင်ကဲကြီးလို့ ခေါ်ရလောက်အောင် ကွဲပြားခြားနားပါတယ်။ မြတ် ဆရာဝန်ကို လက်ထပ်ပြီး တို့ကို စွန့်ခွာသွားတာဟာ ဆရာဝန်ကို လက်ထပ်ရင် တစ်သက်လုံး ပိုပြီးချမ်းသာမယ်ဆိုတဲ့ မျှော်မှန်းချက် ဆုံးဖြတ် ချက်ကြောင့်ပါ။ နှောင်းငယ် အစ်ကိုကို စွန့်ခွာပြေးတာကျ တော့၊ အစ်ကို ကြွယ်ဝို့ကြွယ်ဝ ချမ်းသာမှန်းသိလျက်နဲ့ ဇာနီအောင်ကို ချစ်တဲ့စိတ်၊ အချစ်ကို တန်ဖိုးအင်မတန် ထားတဲ့စိတ်နဲ့ စွန့်ခွာခဲ့တာပါ။ ကွာမှ သိပ်ကိုကွာတယ် နှောင်းငယ်"

www.burmeseclassic.com

www.burmeseclassic.com



နှောင်းငယ် ငေးမြိငေးနေပါ၏။

"အခု မြတ်က အစ်ကိုကို ပြန်ချဉ်းကပ်တာဟာ အခု အစ်ကိုဘဝက မိဘလက်ဝေခံ မဟုတ်တော့ပဲ၊ ကိုယ့်လက် ကိုယ့်ခြေနဲ့ ကြွယ်ဝချမ်းသာနေပြီမို့ လက်ရှိဆရာဝန်ထက် ပိုပြီး အစ်ကိုသာနေတာကို အခြေပြုပြီး ပြန်ချဉ်းကပ်တာ။ နှောင်းငယ် ကျတော့ အစ်ကို့ကို ပြန်ချဉ်းကပ်တာ မဟုတ်ဘူး၊ ဓာနီအောင်က စွန့်ပစ်လိုက်မှ ကိုယ့်ဆီပြန်လာရင် တရားရာမရောက်ဘူးဆိုတဲ့ မြင့်မြတ်တဲ့စိတ် ထားတယ်၊ အစ်ကို့ကို ပြန်ချဉ်းကပ်ခြင်းအားဖြင့် မိန်းမသိက္ခာကျတယ် လို့ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးသိပ်ထားတဲ့ နှောင်းငယ်ပါ။ အခု နှောင်းငယ် တောင်ကြီးကိုလာတာတောင် အစ်ကိုနဲ့ ကွာရှင်းဖို့ လာတာပါ။ မြတ်နဲ့နှောင်းငယ်ရဲ့ ကွာခြားချက် တွေကို တို့ အားလုံးသိတယ်၊ မြင်တယ်၊ တကယ့်ဘာဘူ ကြီးနဲ့ ထောင်ကဲကြီး ကွာခြားချက်ပါ"

လမ်းပေါ်မှ လူရွယ်သုံးလေးဦးသည် ဥဩတိုက်အိမ် ဝရန်တာတွင် မျက်နှာချင်းဆိုင် ရပ်နေသော နှောင်းငယ်နှင့် အောင်ကျော်ဟိန်းအား လှမ်းကြည့်နေကြပါ၏။

သူတို့ ကြည့်မည်ဆိုက ကြည့်ချင်စရာ။ မနေ့က ပင် မြတ်ဆိုသည့် မိန်းမချောနှင့် ဥဩတိုက်အိမ်လေးမှာပင် တွဲခဲ့ သည်။ ယခု မြတ်က ငိုယိုကာ အဝတ်သေတ္တာဆွဲ ထွက်သွားသည် ကိုလည်း သူတို့ မြင်ကြပေမည်။



ယခုတစ်ဖန် နောက်ဆပ် မိန်းမချော မိန်းမလှ အသစ်တစ်ယောက်နှင့် ဝရန်တာတွင် ထပ်မံတွဲလျက်သားတွေ့ရ ပြန်တော့ သူတို့ ကြည့်ကြပေမည်သာ။

ရွှေညောင်မြို့လေးသည် ရန်ကုန်မဟုတ်၊ တောင်ကြီး မဟုတ်၊ မန္တလေးမဟုတ်၊ မြို့သေးမြို့ငယ်လေးသာ။

"အစ်ကို နှောင်းငယ်ကို ပြောစရာတွေ ကျန်သေးတယ်၊ ဒါပေမဲ့ ဒီဝရန်တာမှာ ဆက်မပြောရဲတော့ဘူး၊ အစ်ကို တကယ်စောင့်စည်းတတ်တာကို လူမသိဘူး၊ မိန်းမချော လေးတွေ ဟောတစ်ယောက် ဟောတစ်ယောက် တွဲနေတာ ကိုသာ လူတွေက မြင်ကြတာ။ အိမ်ထဲက ဧည့်ခန်းမှာ သွားစကားပြောကြစို့ နှောင်းငယ်။ အစ်ကို ပြောချင်တာ တွေ နှောင်းငယ် အားလုံးနားထောင်ပြီးမှ လက်မခံဘူးဆို လည်း အစ်ကို ကိုယ်တိုင် နှောင်းငယ်ကို ဟဲဟိုးလေဆိပ် ကို လိုက်ပို့ပေးမယ်"

နှောင်းငယ် မငြင်းသာ။ နောက်ပြီး လမ်းပေါ်မှ လူရွယ်တွေ စူးစိုက်ကြည့်နေခြင်းကို နှောင်းငယ် ခံနိုင်ရည်စွမ်း မရှိ၊ ထို့ကြောင့် နှောင်းငယ်ကပင် ဧည့်ခန်းသို့ ရှေ့မှဆွက်လာ ခဲ့သည်။ ဆိုဖာပေါ် ထိုင်ချလိုက်သည်။

အစ်ကိုအောင်ကျော်ဟိန်း ဧည့်ခန်းထဲ လိုက်လာ သည်။ သို့သော် ဆိုဖာလွတ်တွင် မထိုင်ပဲ နှောင်းငယ် ထိုင် နေသည့်ဘေးတွင်ရပ်ကာ သူ့စကားကို ဆက်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"နောက် အဓိက အကျဆုံးကတော့၊ နှောင်းငယ်ဟာ တောင်ကြီးကို ကိုယ်နဲ့ကွာရှင်းဖို့ ရောက်ပေမဲ့ အစ်ကိုနဲ့ ပြန်တွေ့ ပြန်ဆက်ဆံရင်း နှောင်းငယ်ရဲ့ အပြောင်းအလဲ တစ်ခုကို အစ်ကို သိသိသာသာ အကဲခတ်မိတယ်။ အဲဒီ နှောင်းငယ်ရဲ့ အပြောင်းအလွဲကို နှောင်းငယ် ကိုယ်တိုင် သိရဲ့လား"

နှောင်းငယ်က မျက်ဝန်းစုံပင့်ပြီး မျက်နှာချင်းဆိုင် ပြန်ကြည့်လိုက်သည်။ သို့သော် ... စကားတစ်ခွန်းမျှ မဖြေပေ။

"ပြောစမ်းပါ နှောင်းငယ်၊ နှောင်းငယ်ရဲ့ အပြောင်းအလဲကို နှောင်းငယ် ကိုယ်တိုင် သိရဲ့လားဆိုတာ ..."

"အစ်ကိုနဲ့ ပတ်သက်လာရင် ဘယ်သူက ဘာမေးမေး၊ နှောင်းငယ် ပြန်ဖြေဖို့ အဖြေဟာ ရင်ထဲမှာပဲ ပျောက်ပျောက် နေတယ် အစ်ကို၊ ဒါကြောင့် အခု အစ်ကိုမေးတာကို လည်း နှောင်းငယ် ဘာဖြေရမှန်း မသိဘူး"

"ဒါဆိုလည်း အစ်ကိုကပဲ အစ်ကို့မေးခွန်းကို ပြန်ဖြေမြ မယ်။ အခုတစ်ခေါက် နှောင်းငယ် တောင်ကြီးကို လာတာ ဟာ ကိုဝဏ္ဏနဲ့ လက်ထပ်ဖို့အတွက် အစ်ကို့ဆီက ကွာရှင်း ခွင့်ရယူဖို့ မဟုတ်လား"

ဒါကိုတော့ နှောင်းငယ် ခေါင်းညိတ်ပြသည်။

"အစ်ကိုနဲ့ နှောင်းငယ် ကွာရှင်းဖို့ ပထမအကြိမ်၊ ဒုတိယ အကြိမ် ပြောရင်းပဲ အစ်ကို့ရဲ့ နှောင်းငယ် အပေါ်ထားရှိတဲ့ ကြီးမားလှတဲ့ အရောင်ဟာ နှောင်းငယ်ရဲ့ အသည်းနှလုံးကို



ရောင်ပြန်ဟပ်ရာက တစ်စထက်တစ်စ နှောင်းငယ်ဟာ အစ်ကို့ကို ပြန်ချစ်လာတယ် မဟုတ်လား၊ အဲဒါဟာ အဓိက အချက်ပဲ"

နှောင်းငယ်မဖြေ၊ သူမ၏မျက်နှာ တခြားသို့ လွှဲထား ပါ၏။

"ဟိုတစ်နေ့ညက ငြိမ်း တည်းခိုရိပ်သာမှာ နှောင်းငယ်နဲ့ အစ်ကို ဖြစ်သွားတာတွေဟာ၊ နှောင်းငယ်ရဲ့ နှလုံးသား ချစ်ချင်းမေတ္တာ အစ်ကို့အပေါ်မှာ အစွမ်းကုန် တုံ့ပြန်ပေး အပ်လိုက်တာမှန်း အစ်ကို သိပ်သိ၊ အရမ်းသိပါ။ နှောင်းငယ် ဟာ လောကကြီးမှာ အချစ်ကိုသာ တန်ဖိုးအထားဆုံးမို့ အစ်ကို့ကို အချစ်ဆုံးဖြစ်သွားပြီး တုံ့ပြန်မေတ္တာ ပေးလိုက် မှန်း အစ်ကို သိပ်သိတယ် နှောင်းငယ်။ အဲဒီကတည်းက အစ်ကို ဆုံးဖြတ်ပြီးသားပါ။ အစ်ကို့တစ်သက်လုံးဘဝမှာ နှောင်းငယ် တစ်ယောက်တည်းရယ်လို့သာလေ ...

"မြတ်ဟာ ကိုယ့်ရင်ထဲ သိပ်နာကြည်းစေခဲ့တာမို့ ကြွက်မနိုင် ကျီမနိုင်ရှိသဘောနဲ့ သူ့ပန်းချီပုံတူကို ဓားနဲ့ ပေါက်ပြီး အစ်ကို စိတ်ဖြေသိမ့်ခဲ့တာ။ အခု လက်တွေ့ပြ နိုင်တဲ့ ပြရုပ်ပေါ်လာတာမို့ နှောင်းငယ်ကို ဘာမှအသိမပေး ပဲ နှောင်းငယ် အိပ်ရာကမနိုးခင် အစ်ကို ထပြေးခဲ့ပြီး ဒီနေ့ မြတ်နဲ့အစ်ကို့ရဲ့ တကယ့်အစစ်အမှန် ပြရုပ်လေးကို ဖန်တီးတာပါ၊ ဒီလို ဖန်တီးပြချင်လို့ နှောင်းငယ်ဆီ အစ်ကို တမင်မလာတာပါ။ နှောင်းငယ်ကို ဘယ်လောက်

www.burmeseclassic.com

www.burmeseclassic.com



ချစ်တယ်ဆိုတာ ပိုပြီးလေးနက်စေချင်လို့ ပိုပြီး မျက်ဝါး ထင်ထင် မြင်စေချင်လို့ပါ နှောင်းငယ်"

ဒီလောက် အစအဆုံး သိလာရပြီဆိုတော့လည်း အစ်ကိုအောင်ကျော်ဟိန်း၏ စကားတွေ ရှေ့နောက်ညီနေမှန်း နှောင်းငယ် သဘောပေါက်လာရသည်။

ဒီတော့လည်း "အစ်ကို့ကို နှောင်းငယ် သိပ်ချစ်ပါတယ်"ဟု နှုတ်မှဖွင့်ဟဖို့ ဝန်လေးချင်သာ ဝန်လေးမည်။ အစ်ကိုအောင်ကျော်ဟိန်းကို မိမိရင်ထဲက တအားချစ်မိသည်တော့ အမှန်။

အောင်ကျော်ဟိန်းသည် ဘာမပြော ညာမပြောပဲ နှောင်းငယ်၏ ပေါင်ပေါ်၌ တင်ထားသော ပိုက်ဆံအိတ်ကို ကောက်ယူဖွင့်ကာ အထဲမှ လေယာဉ်လက်မှတ်ကို ဆွဲထုတ်ပြီး ဖြဲခနဲ ဖြဲခနဲ ဆွဲဆုတ်ပစ်လိုက်သည်။

"ဟင်"

နှောင်းငယ် မျက်ဝန်းစုံဖြင့် မော့ကြည့်ရင်း လေယာဉ်လက်မှတ် ဆွဲဆုတ်ပစ်ခြင်းကို "ဟင်"ဟု အာမေဍိတ်သံလေး ပြုမိသည်။

"တကယ့်ကို ချစ်တာပါ နှောင်းငယ်၊ အစ်ကို့ဆီကနေပြီး နှောင်းငယ် ဘယ်ဆိုဘယ်ကိုမှ မသွားပါနဲ့တော့။ နှောင်းငယ်နဲ့ ပတ်သက်လို့ အစ်ကို့မှာ ကြွေးဟောင်း မရှိပါဘူး၊ အခုလာမဲ့အပတ်ထဲမှာပဲ အစ်ကိုနဲ့ နှောင်းငယ်ရဲ့ မင်္ဂလာဧည့်ခံပွဲကြီး အကြီးအကျယ် ထင်းရှူးမြိုင်မှာ လုပ်ပါရစေတော့ နှောင်းငယ်"



စကားအဆုံးတွင် အောင်ကျော်ဟိန်းက နှောင်းငယ်၏ လက်မောင်းနှစ်ဖက်ကို ကိုင်ကာ မတ်မတ်ရပ်ရန် ဆွဲထူလိုက်သည်။

အင်သလိုလို မအင်သလိုလိုနှင့်ပင် နှောင်းငယ်သည် အစ်ကိုအောင်ကျော်ဟိန်း ဆွဲထူရာသို့ မတ်မတ်လေး ပါသွားသည်။

အောင်ကျော်ဟိန်းက ရင်ဘတ်ချင်းအပ်ကာ နှောင်းငယ့် ကျောပြင်တစ်ပြင်လုံးကို လက်နှစ်ဖက်ဖြင့် ရစ်ပတ်ပြီး ပါးချင်းကပ်ထားသည်။

"နှောင်းငယ်ကို အစ်ကို လက်ထပ်တုန်းက အစ်ကို့ဘက်က တစ်ဖက်သတ် ချစ်ခဲ့ရတာပါ။ အဲဒီကတည်းကပဲ အစ်ကို မျှော်လင့်ထားခဲ့တယ်လေ။ တစ်နေ့နေ့ကျရင် နှောင်းငယ်က အစ်ကို့ကို ပြန်ချစ်လာလိမ့်မယ်လို့။ အခုဆို နှောင်းငယ်က အစ်ကို့ကို ပြန်ချစ်ပါပြီနော်"

နှောင်းငယ် မဖြေ။ အစ်ကို့ ရင်ခွင်ကျယ်ကြီးထဲမှာဝင် မျက်နှာကို ဝှက်ထားမိသည်။

"ဖြေစမ်းပါ နှောင်းငယ်ရယ်၊ နှောင်းငယ်ရဲ့ ရင်ထဲနှလုံးထဲက အစ်ကို့ကို ပြန်ချစ်နေမှန်းတော့ အစ်ကို သိပါတယ်။ ဒါပေမဲ့ အစ်ကို အတွက်အထိပ်ထိ ဝမ်းသာသွားရအောင် နှောင်းငယ်ရဲ့ နှုတ်ဖျားက အစ်ကို့ကို သိပ်ချစ်ပါတယ်လို့ အသံလေးထွက်ပြီး ဖြေစမ်းပါ နှောင်းငယ်"

နှောင်းငယ် အသံထွက်ပြီး ဘယ်လိုဖြေရပါ့။

www.burmeseclassic.com

www.burmeseclassic.com



စာစောတည်းက သိပ်မတင်းမိခဲ့လျှင် အကောင်းသား။ ယခုတော့ တင်းလာခဲ့ပြီးမှ ချက်ချင်းကြီး နှုတ်မှအသံထွက် အဖြေပေးရမည်ကို ဝန်လေးလှမှန်း အစ်ကိုအောင်ကျော်ဟိန်း မသိလေရောသလား။

မသကာ နက်ဖြန်ကာ သန့်ဘက်ခါလောက်ဆိုလျှင်တော့ နှောင်းငယ်က အသံထွက်ပြီး အစ်ကို့ကို သိပ်ချစ်တယ်ဟု ဖြေမိလေမလား မသိ။

နားကြားပါဦးရီ

တက္ကသိုလ်ထင်မြင့်

www.burmeseclassic.com